# မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(a) officer assigned duty by the Myanmar Port Authority means any officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(က) နှင့် ပုဒ်မ ၁၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့်စကားရပ်ကို "Ministry of Transport" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၁ ဘေးခေါင်းစဉ်၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Myanmar Port Authority" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(၁) နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော "President of the Union may" ဆိုသည့်စကားရပ်ကို "Ministry of Transport may, with the approval of the Government of the Union" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Appointment of the officer of lighthouse**

4. The Myanmar Port Authority may, with the approval of the Ministry of Transport, by notification, appoint an officer of lighthouse. In addition, in order to cooperate and coordinate together with the other marine related organizations internal or external for the purposes of channel safety, consistency with the

international navigation standard, and implementation national maritime policy, lays the Lighthouse Division under the supervision of Master Attendant.”

၇။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“Superintendence and Management**

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanmar Port Authority.”

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့တွင် ပါရှိသော “Customs-Collector” ဆိုသည့်စကားရပ်ကို “officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.”

၁၀။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)၏နောက်တွင် ပုဒ်မခွဲ(၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(4) The person who dissatisfies with the order passed by the Master Attendant or any officer under sub-section (3) may appeal to the Ministry of Transport within 60 days from the date of such order.”

၁၁။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Determination of disputes as to liability for payment**

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanmar Port Authority with the approval of the Chief Executive Officer of the Myanmar Port Authority, and such decision shall be final."

၁၂ ။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Penalty for evading payment of Light-dues**

15.(1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to an Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

(2) The person who dissatisfies with such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the date of such order."

၁၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) The Master Attendant, at any time, and any officer of Lighthouse Division, if authorized in this behalf by a general or special order in writing of the Myanmar Port Authority may enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit."

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၂ ၏ ခေါင်းစဉ်၊ ဘေးခေါင်းစဉ် နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "Government" ဆိုသည့်စကားရပ်ကို "Myanmar Port Authority" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"Limitation of Lighthouse Area**

23.(1) The Myanmar Port Authority has, with the approval of the Ministry of Transport, within port limit area or not, the power to issue order and notification any land or reef or sea within the 100 meters from the centre of light beacon or light tower as the lighthouse area.

(2) The person who dissatisfies with such order passed by sub-section (1) may appeal to the Ministry of Transport with credible document of ownership within 60 days from the date of such order and the decision of the Ministry of Transport shall be final.

24. The Myanmar Port Authority has the power to make Prohibition to erecting the buildings or growing the trees, not to become obstacle to high and luminous range of lighthouse within 1 kilometer from lighthouse. Moreover, the trees ordinarily grown which is likely to be obstacle to such high and luminous range of the lighthouse shall be cut and cleaned by the power given to the Myanmar Port Authority.

25. Any person who takes any material of the lighthouse without permission or destroys it or makes anything to disturb the lighthouse services shall be punished under the existing law."

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည်-

"SCHEDULE

(1) Lighthouse:-

(a) Kyauk Phyu Kyun Island.

(b) Meepya Kyun (Dawei) Island.

(c) Malisoon Island.

(d) Kalwin.

(e) Myeik Seik Kan Thar.

(f) Palaw Palin.

(g) Kyaik Kha Mi Island.

(h) Kyun Nyi Naung Island.

(i) May Yu Island.

(j) Sittwe.

(k) Myae Pon Island.

(l) Thantar Island.

(m) Paung Net Gyi Island.

(n) Man Aung Island.

(o) Man Aung Chaung Wa.

(p) Kyauk Ne Maw.

(q) Sin Gaung Island.

(r) Ohn Ta Bin Island.

(s) Lone Thar.

(t) Nan Thar Kyun Island.

(u) Thante.

(v) Minglar Island.

(w) Pathein Reef.

(x) Thamee Hla Island.

(y) Chaung Gyi.

(z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **ဗဟိုအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို ဆိုသည်။

(ဆ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(ဇ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင် စ၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။

(ဈ) **တစ်ခုတည်းသော ငွေတိုက်စာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းနှင့်တစ်ခုတည်းသော ငွေတိုက်စာရင်းနှင့်ဆက်စပ်သော အခြားငွေစာရင်းများပါဝင်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ဆိုသည်။

(ည) **အစိုးရငွေချေးသက်သေခံလက်မှတ်များ**ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ ပြည်ပသို့ထုတ်ဝေရောင်းချသည့် ငွေတိုက်စာချုပ်နှင့် ငွေပေးကတိစာချုပ်တို့ကို ဆိုသည်။

(ဋ) **အစိုးရကြွေးမြီ** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော်လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏ အာမခံထားသည့် ကြွေးမြီကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။ အဆိုပါငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များတွင် ဤဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ပိုင် ဘဏ်များထံမှ ငွေချေးယူခြင်းများမပါဝင်။

(ဌ) **ပြည်သူ့ကြွေးမြီ** ဆိုသည်မှာ အစိုးရကြွေးမြီအရ ပေးရန်တာဝန်များနှင့် နိုင်ငံတော်က အာမခံထားသည့် ကြွေးမြီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူခြင်းကြောင့်ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များကို ဆိုသည်။

(ဍ) **နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီ** ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်ကချေးငွေအတွက် အာမခံချက်များနှင့် အခြားသောအာမခံသဘောသက်ရောက်သော အခြားပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။

(ဎ) **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု** ဆိုသည်မှာ ဤဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကို ဆိုသည်။

(ဏ) **ငွေချေးယူခြင်း** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ဖြစ်စေ ငွေချေးယူခြင်းနှင့် အစိုးရအာမခံချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်များကို ဆိုသည်။

(တ) **ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသော လုပ်ငန်းများကို ဝန်ကြီးဌာန ကိုယ်စားတာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပြည်တွင်း သို့မဟုတ် ပြည်ပငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုသည်။

(ထ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများဟု သတ်မှတ်ဖော်ပြသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဒ) **တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသူများ** ဆိုသည်မှာ ငွေရေးကြေးရေး ဈေးကွက်များတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့်ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်အစိုးရငွေချေး သက်သေခံ လက်မှတ်များ ရောင်းဝယ်ရေး ကုမ္ပဏီများကို ဆိုသည်။

(ဓ) **ကြွေးမြီပေးဆပ်ခြင်း** ဆိုသည်မှာ ကြွေးမြီအပေါ်ပေးချေရန် စေ့ရောက်သည့်အတိုးနှင့် အရင်းအပါအဝင် ကြွေးမြီဆိုင်ရာ စည်းကမ်းချက်များအရ ကျခံရမည့် စရိတ်များအတွက် ပေးချေမှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(ပ) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

## အခန်း(၂)

## ငွေချေးယူခြင်းအတွက် အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းရန်၊

(ခ) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းရန်၊

(ဂ) တစ်ခုတည်းသော ငွေတိုက်စာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance) ကို ဝန်ကြီးက သတ်မှတ်ထားသော ပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊

(ဃ) ကြွေးမြီများကို ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် သို့မဟုတ် ပေးချေရမည့်ရက် မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊

(င) ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေကို လိုအပ်သည့်အခါ ဖြည့်တင်းရန်၊

(စ) အစိုးရ၏အာမခံထားရှိမှုအောက်မှ ကျန်ရှိသည့် ပေးရန်တာဝန်များကိုပေးချေရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်သို့ အစိုးရချေးငွေ သို့မဟုတ် အကြွေးအဖြစ် ထုတ်ချေးရန်၊

(ဇ) သဘာဝဘေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများကို ဆောလျင်စွာအကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(ဈ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် ဘဏ္ဍာငွေဖြည့်ဆည်းရန်။

၄။ ဤအခန်းပါ ကိစ္စရပ်များအတွက် ချေးယူခဲ့သည့် ငွေများကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေချေးယူသည့် ကိစ္စရပ်များအတွက်သာ ကျခံသုံးစွဲရမည်။

၅။ ဝန်ကြီးသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချေးငွေစာချုပ်များ ချုပ်ဆိုခြင်း၊ အစိုးရချေးငွေ သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသောချေးငွေဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်တွင်းငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့်ကန့်သတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၆။ အစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။ ဝန်ကြီးသည် ဤအခန်းပါကိစ္စရပ်များ အားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၇။ ဝန်ကြီးသည် ဤဥပဒေပါ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ နှစ်ဘက်သဘောတူစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၈။ ဤဥပဒေပါငွေချေးယူခြင်းအတွက် ပေးရန်တာဝန်ကျရောက်လာမှုကို အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေး ပေးရန်တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါငွေတောင်းခံမှုများကို ချုပ်ဆိုပြီးစာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေ ဖြည့်ဆည်းခြင်း

ဆိုင်ရာ ကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့် တာဝန်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း (၃)

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များမှာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ၎င်း၏ ရေတိုရေရှည် ငွေပေးချေရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသော ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန်တို့ ဖြစ်သည်။

၁၀။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီတစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်သည်။

## အခန်း (၄)

## အစိုးရကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာ ချမှတ်ခြင်း

၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

၁၂။ အစိုးရကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရာတွင် ပုဒ်မ ၃ တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ်အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်-

(က) မက်ခရို စီးပွားရေးမူဘောင်၊

(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှု လိုအပ်ချက်၊

(ဂ) ဈေးကွက် အခြေအနေများ၊

(ဃ) မဟာဗျူဟာ ဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၃။ အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အမျိုးအစားနှင့် ကြွေးမြီသစ်များရယူခြင်းတို့အတွက် လမ်းညွှန်မှု တင်ပြချက်နှင့် ရည်ရွယ်ချက် သတ်မှတ်ခြင်းများ၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများ၊

(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာသည်-

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေ ရှိရမည်။

(ခ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာပြီး ဖြစ်ရမည်။

(ဂ) အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အစိုးရအဖွဲ့မှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၁၅။ အစိုးရအဖွဲ့မှ ငွေချေးယူခြင်းတွင် ပြည်တွင်းဈေးကွက်၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊ ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ငွေချေးစာချုပ်များ ချုပ်ဆို၍ ငွေချေးယူခြင်းတို့ ပါဝင်သည်။ အစိုးရအဖွဲ့က ငွေချေးယူခြင်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတွင် သတ်မှတ်ဖော်ပြသည့် ပမာဏအတွင်း ဖြစ်ရမည်။

၁၆။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဝန်ကြီးမှ ကြိုတင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် နိုင်ငံတော်၏ကိုယ်စား ဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစားနှင့် အင်္ဂါရပ်များကို ဆုံးဖြတ်ပြီး အစိုးရငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေရောင်းချခြင်း၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်ဝယ်ယူရန် ဖွဲ့စည်းထားသည့် စုပေါင်းအဖွဲ့အစည်းသို့ ရောင်းချခြင်းသို့မဟုတ် ဝန်ကြီးကအတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချခြင်း၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားနှင့်အညီ ပြုလုပ်ခြင်း၊

(ဃ) ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ရာတွင် ထုတ်ဝေရောင်းချမည့် နေ့ရက်၊ အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားနှင့်သက်တမ်း၊ ထုတ်ဝေရောင်းချမည့်အများဆုံး ပမာဏတို့ကို ထည့်သွင်း ဖော်ပြခြင်း၊

(င) ဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေး သက်သေခံလက်မှတ်များကို လေလံတင်ရန်နှင့် လေလံတင်သွင်းလာသော ကမ်းလှမ်းမှုများကို အစိုးရကိုယ်စားလက်ခံရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ခြင်း၊

(စ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်းမဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ရောင်းချမည့်နည်းလမ်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ အတွက်ဝန်ကြီး၏ အတည်ပြုချက်ကိုကြိုတင်ရယူခြင်း။

၁၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင်ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရအဖွဲ့သည် ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးသည် ထုတ်ဝေမည့် အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစား၊ သက်တမ်း၊ ပမာဏ၊ ကုန်ကျနိုင်သည့်စရိတ်၊ တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိ ရောင်းချသူများခန့်အပ်ခြင်းနှင့် ဈေးကွက်အခြေအနေများ အပါအဝင် ထုတ်ဝေရောင်းချမှု၏ အခြေအနေအရပ်ရပ်ကို အတည်ပြုခြင်း၊

(ဂ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သော ဘဏ္ဍာရေးနှင့်ငွေပေးချေရေးကိုယ်စားလှယ်များ၊ ဥပဒေဆိုင်ရာကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊

(ဃ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် စပ်လျဉ်းသော စာချုပ်များကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ခြင်း။

၁၈။ (က) မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များ ချုပ်ဆို၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အစိုးရအဖွဲ့သည် ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

(၂) ဝန်ကြီးသည် အစိုးရအဖွဲ့ကိုယ်စား ချေးငွေစာချုပ် ဆွေးနွေးညှိနှိုင်းခြင်းနှင့် အပြီးသတ်သဘောတူခြင်းတို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များသို့ တာဝန်ပေးအပ်ခြင်း၊

(၃) ဝန်ကြီးသည် အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပြည်ပ အစိုးရ သို့မဟုတ် အခြားမြီရှင်တို့အကြား ချေးငွေစာချုပ်များ ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်ရာတွင် ၎င်းချေးငွေ စာချုပ်၏ စည်းကမ်းနှင့် သတ်မှတ်ချက်များကို အစိုးရအဖွဲ့က အတည်ပြုပြီးမှသာ ချေးငွေစာချုပ် ချုပ်ဆိုခြင်း၊

(၄) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်း။

(ခ) ဝန်ကြီးသည် ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းနှင့်သတ်မှတ်ချက်များအပေါ် သဘောတူညီခဲ့ပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(၁) ချေးငွေကိုပေးဆပ်ရမည့် ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(၂) ချေးငွေစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(၃) ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ် ချေးငွေနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ချေးငွေများကို ချေးငွေတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်း။

၁၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်နှင့် အတည်ပြုထားသော မဟာဗျူဟာနှင့်အညီ ဝန်ကြီးသည် ချေးငွေဖွဲ့စည်းမှု စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ် ဆောင်ရွက်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်သည် စည်းမျဉ်းစည်းကမ်းများအရ ဝန်ကြီးက အတည်ပြုထားသည့် လုပ်ငန်းဖြစ်ရမည်။

## အခန်း (၆)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မ ၁၈ နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် သက်ဆိုင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ ငွေချေးယူမှုများအတွက် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စု လွှတ်တော်၏အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ကြွေးမြီလက်ကျန် အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသား တောင်းခံနိုင်သည်။

## အခန်း (၇)

## စည်ပင်သာယာရေးအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၂။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြားဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ငွေချေးယူနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေချေးယူမှု အားလုံးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၃။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ် ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့တင်ပြရမည်။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

## အခန်း (၈)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၄။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းများကို ကိုယ်ပိုင် ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ပိုင် ဘဏ်များထံမှ ငွေချေးယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငွေချေးယူသည့်ကိစ္စကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းသို့ချေးယူလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံပိုင်ဘဏ်များထံမှ ချေးယူထားသည့် ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံပိုင်ဘဏ်များထံမှချေးယူသည့် မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

## အခန်း (၉)

## ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၆။ ဝန်ကြီးသည် ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုထားသော ချေးငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသို့ ထုတ်ချေးခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ငွေထုတ်ချေးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ထုတ်ချေးရာတွင် -

(က) ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ချေးငွေနှင့်သက်ဆိုင်သော စာချုပ်ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချေးငွေဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၂၈။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ -

(က) ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ နိုင်ငံတော်ကိုယ်စား ပြည်ပမှ ချေးယူရရှိသည့်ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ ထပ်ဆင့်ထုတ်ချေးနိုင်သည်။

(ခ) ယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များကို ဝန်ကြီးက သတ်မှတ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူရမည်။

(ဂ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ ဝန်ကြီးသည် ထပ်ဆင့်ထုတ်ချေးခြင်းနှင့်စပ်လျဉ်းသော စာချုပ်များ၊ စာရွက်စာတမ်းများကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ် ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၉။ ဤအခန်းပါ ချေးငွေ သို့မဟုတ် ထပ်ဆင့်ချေးငွေတစ်ရပ်ရပ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း မပြုမီ ဤသို့ချေးငွေသက်တမ်းတိုးမြှင့်ပေးခြင်းကြောင့် ပေါ်ပေါက်မည့် ချေးငွေလက်ကျန်အပေါ် ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက ဆန်းစစ် သုံးသပ်ရမည်။

## အခန်း (၁၀)

## နိုင်ငံတော်၏ အာမခံချက်များ

၃၀။ ဝန်ကြီးသည် -

(က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက် သို့မဟုတ် အာမခံသဘောသက်ရောက်သော အခြားပုံစံများကို အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်ကို ကိုယ်တိုင်လက်မှတ် ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၁။ ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံသက်တမ်း တစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက သုံးသပ် ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ထုတ်ပေးရန် ကိစ္စရပ်များတွင် လိုအပ်ပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်းမှုပြုနိုင်သည်။

၃၂။ နိုင်ငံတော်၏အာမခံချက်ဖြင့် ငွေချေးယူသူသည် ပြည်ထောင်စုလွှတ်တော်က သီးခြား သတ်မှတ်ချက်မရှိလျှင် အဆိုပါအာမခံအတွက် ဝန်ကြီးက သတ်မှတ်သော အာမခံကြေးကို အစိုးရထံ ပေးသွင်းရမည်။

၃၃။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်အတွက် စိုက်ထုတ်ကုန်ကျငွေကို နိုင်ငံတော်၏ အာမခံချက်ဖြင့် ငွေချေးယူသူထံမှ ပြန်လည်ဖြည့်တင်းစေခြင်း သို့မဟုတ် ထုတ်ပေးစေခြင်းပြုရန် တောင်းခံနိုင်ခွင့် ရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရကထုတ်ပေးရသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့် ဆက်စပ်၍ အစိုးရက ကျခံခဲ့သော အသုံးစရိတ်များအားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးရန် အစိုးရက ထုတ်ပေးရသည့် ငွေကြေးအားလုံးအပေါ် အတိုး။

## အခန်း (၁၁)

## စာရင်းပြုစုခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၃၄။ ဝန်ကြီးဌာနသည်-

(က) ပြည်သူ့ကြွေးမြီများ၊ ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်း၊ အာမခံချက်များ နှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ငွေရေးကြေးရေး ဆောင်ရွက်ချက်များ

အားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်းခေါင်းစဉ် အမျိုးအစားများ၊ စာရင်းအမျိုးအစားများနှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့် သက်ဆိုင်သော ငွေရေးကြေးရေး ဆောင်ရွက်ချက်အားလုံးအတွက် စာရင်းမှတ်တမ်းများအား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများနှင့်အညီ ထားရှိရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများထိန်းသိမ်းရာတွင် မြန်မာနိုင်ငံ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရမည်။

၃၅။ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲပြုစုရာတွင် ၎င်းတို့၏ ချေးငွေထုတ်ယူသုံးစွဲခြင်းနှင့် ကြွေးမြီပေးဆပ်ခြင်းများ နှင့်စပ်လျဉ်း၍ နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးအတွက် ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ခန့်မှန်းတွက်ချက်ပြီး ၎င်းတို့၏ ရသုံးမှန်းခြေငွေစာရင်းများတွင် ထည့်သွင်းလျာထားကာ သက်ဆိုင်ရာ လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် အစိုးရကြွေးမြီပေးဆပ်မှု အသုံးစရိတ် ခန့်မှန်းခြေများကို သက်ဆိုင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများတွင် ထည့်သွင်းလျာထားမှုမပြုနိုင်ခဲ့ခြင်း သို့မဟုတ် လျာထားချက် လုံလောက်မှုမရှိခြင်းစသည့် ကိစ္စရပ်များတွင် ယင်းချေးယူငွေများအပေါ် အရင်း၊ အတိုးနှင့်ငွေချေးယူမှုနှင့်အခြားကုန်ကျစရိတ်များကို အပြည့်အဝအချိန်မီပေးဆပ်နိုင်ရေးအတွက် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်ရမည်။

၃၇။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက် နောက်မကျသည့် ကာလအတွင်း ဝန်ကြီးသည် အစိုးရကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အစိုးရ၏ အာမခံချက်များနှင့် အစိုးရမှ ငွေထုတ်ချေးခြင်းများနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဝန်ကြီး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြရမည်-

(က) ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများ၊

(ခ) ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များ အောင်မြင်စေရန် အထောက်အကူပြုခဲ့သည့် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ သတင်းအချက်အလက်များနှင့် ယင်းသတင်း အချက်အလက်များကို အသုံးပြု၍ ဘဏ္ဍာရေးနှစ်အတွင်း ကြွေးမြီစီမံဆောင်ရွက်မှု အခြေအနေများ၊

(ဂ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ချုပ်ဆိုသည့်ငွေချေးစာချုပ်အသစ်များ၏ စည်းကမ်း သတ်မှတ်ချက်များ၊

(ဃ) ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ချေးယူထားသော ကြွေးမြီ လက်ကျန်စုစုပေါင်း၊

(င) ပေးချေရန် ပျက်ကွက်နိုင်ဖွယ်ရှိသည့် အခြေအနေများကို ချေးငွေအမျိုးအစားအလိုက် သတ်မှတ်ဖော်ပြမှုပါဝင်သည့် ထုတ်ချေးငွေနှင့် ထပ်ဆင့်ချေးငွေများ အားလုံး၏ စာရင်း၊

(စ) နိုင်ငံတော်က အာမခံပေးထားသော အာမခံချက်များအားလုံး၏စာရင်း။

၃၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ အစိုးရ၏ ကြွေးမြီနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များကို ထိရောက်စွာ ဆောင်ရွက်မှု ရှိ မရှိနှင့် ကြပ်မတ်ကွပ်ကဲမှု ရှိ မရှိကို နှစ်စဉ်စစ်ဆေး ဆောင်ရွက်ရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြရမည်။

## အခန်း (၁၂)

## ဝန်ကြီးဌာန၏ တာဝန်များ

၃၉။ ဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ကြွေးမြီစာရင်း မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ငွေချေးယူရေး အစီအစဉ်တို့ကို ပြုစု၍ ဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ခ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များ၊ ထုတ်ချေးငွေများနှင့်သက်ဆိုင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ဂ) နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များ၊ စာအုပ် စာတမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရန်၊

(ဃ) ဤဥပဒေနှင့်အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတို့နှင့် အညီ ကြွေးမြီကို စီမံခန့်ခွဲရန်၊

(င) မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချမည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအတွက် ထုတ်ဝေရောင်းချမည့် အချိန်ဇယားကို ရေးဆွဲပြင်ဆင်ရန်၊

(စ) လေလံရလဒ်များ အတည်ပြုခြင်းအပါအဝင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေ ရောင်းချခြင်းကို စီမံခန့်ခွဲရန်၊

(ဆ) မြီရှင်များနှင့်ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အစိုးရငွေချေးယူမှုများ အားလုံးအတွက် ဝန်ကြီးအား အကြံပြုရန်၊

(ဇ) နိုင်ငံတော်၏အာမခံချက်များ ထုတ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာ ပြုစုတင်ပြရန်၊

(ဈ) နိုင်ငံတော်၏ အာမခံချက်များကို ဖြည့်ဆည်းရန် အစိုးရက ကျခံသုံးစွဲခဲ့သော အတိုးငွေ နှင့် အခြားအသုံးစရိတ်များအပါအဝင် ငွေပေးချေမှုများ အားလုံးကို အရကောက်ခံရန်၊

(ည) ထုတ်ချေးငွေများအတွက် ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာ တင်ပြရန်၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ နှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာ အခြေအနေများကို အစီရင်ခံတင်ပြရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်၊

(ဌ) အစိုးရကြွေးမြီလက်ကျန်များ၊ နိုင်ငံတော်၏ အာမခံချက်များနှင့်အစိုးရ၏ ထုတ်ချေး ငွေများကို လျော်ကန်သောကြွေးမြီမှတ်တမ်းနှင့် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြင့် ပြည့်စုံပြီး မှန်ကန်သည့် မှတ်တမ်းများကို အချိန်အခါအလိုက်ထားရှိရန်၊

(ဍ) အစိုးရကြွေးမြီပေးဆပ်ရန် တာဝန်များနှင့်စပ်လျဉ်း၍ အကြံပြုရန်၊

(ဎ) သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် သက်ဆိုင်သည့် ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေ ထုတ်ယူသုံးစွဲမှုများကို လျာထားမှုပြုစုရန်၊

(ဏ) ချေးငွေစာချုပ်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုမှတ်တမ်းများကို လုံခြုံစိတ်ချသောနေရာတွင် စနစ်တကျ သိမ်းဆည်းထားရှိရန်၊

(တ) အစိုးရအဖွဲ့က စာချုပ်ချုပ်ဆို ချေးယူထားသော ချေးငွေများကို မှတ်တမ်းတင်ထားရှိရန်၊

(ထ) နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများထံ ထည့်ဝင်ရမည့် အစုရှယ်ယာအတွက် ပေးချေခြင်းနှင့် စုစုပေါင်းထည့်ဝင်ပြီး ငွေများကို မှတ်တမ်းထားရှိရန်၊

(ဒ) အစိုးရအဖွဲ့၏ ချေးငွေရယူသုံးစွဲမှုများကို နှစ်ဘက်သဘောတူထားသော ချေးငွေ ရယူသုံးစွဲရေး အချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်၊

(ဓ) ကြွေးမြီပျက်ကွက်မှုများနှင့် အခြားပေးရန်တာဝန်များကို ငွေရေးကြေးရေး ပိုင်ဆိုင်ခွင့်များ အစားထိုးထုတ်ပေးခြင်းဖြင့် ရှင်းလင်းဆောင်ရွက်သည့်ကိစ္စရပ်များတွင် လျော်ကန်သည်ဟု ယူဆသည့် ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ ထုတ်ပေးရန်အတွက် ပြင်ဆင်ရန်၊

(န) ဝန်ကြီးက ဆုံးဖြတ်သည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

## အခန်း (၁၃)

## တားမြစ်ချက်များ

၄၁။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ ငွေချေးယူခြင်း၊ ငွေချေးယူရန်အလို့ငှာ ညှိနှိုင်းခြင်း၊

(ခ) ပုဒ်မ ၃ တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်မှအပ အခြားကိစ္စရပ်အတွက် ငွေချေးယူခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ငွေချေးယူခြင်းအတွက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ တို့နှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည့် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်ခြင်း။

၄၂။ ပုဒ်မ ၄၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၃။ ပုဒ်မ ၁၆ နှင့်အညီ မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချသော အစိုးရငွေချေးသက်သေခံလက်မှတ်များ အားလုံးအပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များ အတိုင်း အခွန်ကျသင့်စေရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနက လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ အစိုးရငွေချေးသက်သေခံလက်မှတ်များ အားလုံးကို အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ မှတ်တမ်းတင်ခြင်း (Scripless) ဖြင့် ထုတ်ဝေရောင်းချသည့်အခါ The Government Securities Act (INDIA ACT X, 1920, Vol III) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေးအလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက်ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူပို့ဆောင်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သော လုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်** ဆိုသည်မှာ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့် လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ မောင်းနှင်သော မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ဆွဲငင်သောမော်တော်ယာဉ်၊ ဝန်ဆွဲမော်တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

( င ) **ဒေသဆိုင်ရာသဘောတူစာချုပ်** ဆိုသည်မှာ နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအတွင်းခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် ပရိုတိုကောလ်များ ပါဝင်သည်။

( စ ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဆ) **အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်** ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

( ဇ ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကြိုတင်၍သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှု မရှိသည့်အပြင် ဖြစ်ပေါ်လာသော အကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှု မပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

( ဈ ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ည) **ခွင့်ပြုချက်** ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာဉ်ဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

( ဋ ) **အခကြေးငွေ** ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက်ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

( ဌ ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျှင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို ဆိုသည်။

( ဍ ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

( ၀ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန** ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

( ဒ ) **မြို့နယ်ဦးစီးဌာန** ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

( ဓ ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက် စေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

( ခ ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက် စေရန်အတွက် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

( ဂ ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများစနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဥပဒေနှင့်အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေ နိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

( င ) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ | အဖွဲ့ဝင် |

(၁၂) သက်ဆိုင်ရာကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့ဝင်
အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ

(၁၃) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်
ကျွမ်းကျင်သူပညာရှင်များ

(၁၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်လွယ်ကူချောမွေ့ အဆင်ပြေရေး တို့အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေရေး၊ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန် အလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်း ကော်မတီ၊ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့်ခရီးသည်များအား လိုအပ်သောနေရာဒေသသို့ လိုအပ်သော အချိန်ကာလအတွင်း လိုအပ်သော အရေအတွက်ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင် အသုံးပြုရန် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များ နှင့်အညီ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့်ခရီးစဉ်အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချပြုလုပ်ရန် နေရာများနှင့် ဒေသများ၊ ခရီးသည်နှင့် ကုန်စည်သယ်ဆောင်ခနှုန်းထားများ သတ်မှတ်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အခြားစာချုပ်ဝင်နိုင်ငံများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှု ပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

## အခန်း (၄)

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကိုဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌ နှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ် ထားရမည်။

## အခန်း (၅)

## ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ

၁၁။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ဆောင်ရွက်ချက်များကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်။

## အခန်း (၆)

## လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များ

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် -

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာ ပေးလျော်နိုင်စွမ်းရှိသူဖြစ်ရမည်။

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ နှင့်စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက် စာရင်းထည့်သွင်း ခံထားရသူ မဖြစ်စေရ။

(ဃ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ။

(င) သက်ဆိုင်ရာ တရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူမဖြစ်စေရ။

## အခန်း (၇)

## ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက လုပ်ငန်း လိုင်စင်နှင့် စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အခြေအနေနှင့်လိုအပ်ပါက သင့်လျော်သော ခရိုင်နှင့်မြို့နယ်ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင်ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်း လိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ဖြစ်စေ သတ်မှတ်ချက်များ နှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ၎င်း၏ ဆန္ဒအရ လုပ်ငန်းလိုင်စင်သက်တမ်းကို တစ်နှစ်မှ သုံးနှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်း လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သယ်ယူပို့ဆောင်မည့်ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို လည်းကောင်း၊ ကုန်စည်အတွက် ကုန်းလမ်းကုန်ပစ္စည်းအာမခံကိုလည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထားရှိပြီးဖြစ်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကို သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရအသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန် ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူ ပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်း တိုးမြှင့်ခကိုပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည် ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည် အကြောင်းကြားရမည်။

၂၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူ ပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်

သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကိုပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၃။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ မိမိ၏သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ -

(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက် မပိုသောကာလအတွက် အများဆုံး သုံးကြိမ်အထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် အကြောင်းဖြစ်သည်ဟု မမှတ်ယူရ၊

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျ တင်သွင်းသည့် လျှောက်လွှာကို စိစစ်ရာ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ရပ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင် ရပ်စဲစေရမည်-

(က) လုပ်ငန်းလိုင်စင်ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုမှု မရှိတော့ကြောင်း လျှောက်ထားခြင်း၊

(ခ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

## အခန်း (၈)

## နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၂၆။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် -

(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

( ခ ) နိုင်ငံခြားသားနှင့်ဖက်စပ်လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသားသည် မတည်ငွေရင်း၏ ထက်ဝက်ကျော်ကို ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

( ဂ ) နိုင်ငံတော်၏ နယ်စပ်ကို ဖြတ်ကျော်၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူ နှင့်လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

(ဃ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို လိုက်နာရမည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၂၆ ပါသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်း လိုင်စင်ထုတ်ပေးရမည်။

၂၉။ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကို ဖြစ်စေ ယာဉ်စီးဝင်ရောက်ရန် ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍

သယ်ယူပို့ဆောင်ရန်ရှိလျှင်သော်လည်းကောင်း အောက်ပါကိစ္စများမှအပ ခွင့်ပြုချက်ရရှိရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ကိုယ်ပိုင်ကိစ္စအတွက် သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း မိခင်စာချုပ်ဝင်နိုင်ငံက သက်သေခံလက်မှတ်ထုတ်ပေးထားခြင်း၊

(ခ) စီးပွားရေးကိစ္စအတွက် ပြေးဆွဲခြင်း မဟုတ်သည့် မော်တော်ယာဉ်၊

(ဂ) အသုဘ ပို့ဆောင်ခြင်း၊

(ဃ) လူနာတင်မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှလည်းကောင်း အရေးပေါ်အကူအညီပေးခြင်းလုပ်ငန်းများ။

၃၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် -

(က) ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ဆောလျင်စွာ စိစစ်၍ မိမိနိုင်ငံအတွင်းရှိ နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးခြင်းများပြုလုပ်ပြီး စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခွင့်ပြုချက် ထုတ်ပေးနိုင်သည့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်သော ခွဲတမ်းခေါက်ရေ (Quota) မကျော်လွန်ပါက သတ်မှတ်ထားသည့်ပုံစံဖြင့် တစ်နှစ်ထက်မပိုသော ကာလအထိ စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးနိုင်ရန် မိမိနိုင်ငံအတွင်း၌ နယ်စပ်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိရမည်။ ထိုသို့ ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးရေးအဖွဲ့ တာဝန်ကျသူများက နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသည့်လူများ၊ ကုန်စည်များနှင့်သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ကို တစ်ပြိုင်နက်တည်း တစ်ချိန်တည်း စစ်ဆေးစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် နယ်နိမိတ်ချင်း ဆက်စပ်နေသော စာချုပ်ဝင် နိုင်ငံနှစ်နိုင်ငံ စစ်ဆေးရေးအဖွဲ့များက ပူးတွဲ၍ စစ်ဆေးစေရမည်။ ထိုသို့ စစ်ဆေးရာတွင် မိမိနိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို အခြားစာချုပ်ဝင်နိုင်ငံသို့ ထွက်ခွာခွင့်နှင့်အခြားစာချုပ်ဝင်နိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို ပြည်တွင်းသို့ ဝင်ခွင့် ပြုနိုင်သည်။

(ဃ) ခွင့်ပြုချက်ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် စစ်ဆေးရာတွင် လွယ်ကူချောမွေ့အဆင်ပြေရေးနှင့် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ၊ အဟန့်အတားများ မရှိစေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရမည်။

(င) နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိ မရှိ၊ ခရီးသည်နှင့် ကုန်စည်အတင်အချပြုလုပ်ခြင်း ရှိ မရှိ၊ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း သွားလာခြင်း ပြန်လည်ထွက်ခွာခြင်း ရှိ မရှိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းပြုရမည်။

(စ) အခြားစာချုပ်ဝင် နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား တရားဝင် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုပြီး ပြည်တွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုရမည်။

(ဆ) ပြည်ပမှ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ အခြားစာချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်သည့် ကုန်စည်များအတွက် အခြားအခွန်အခ များမှအပ အကောက်ခွန် ကင်းလွတ်ခွင့် ပြုရမည်။

(ဇ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် ကုန်စည်များအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို သတ်မှတ်ချက်များ နှင့်အညီ ကောက်ခံရမည်။

၃၁။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်မောင်းနှင့်ယာဉ်အကူများသည် ၎င်းတို့၏ သက်တမ်းရှိနိုင်ငံကူးလက်မှတ် သို့မဟုတ် အပြည်ပြည် ဆိုင်ရာခရီးသွားလက်မှတ်ကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ဒေသဆိုင်ရာသဘောတူစာချုပ်အရ ဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြု မထားလျှင် ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ် ဝင်ထွက်ခွင့် ဗီဇာထုတ်ပေးရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၂။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်း ကော်မတီသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာသဘောတူစာချုပ်အရ ဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့် ပြုမထားလျှင် သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်းပြီး လျှောက်ထားသူအား ဗီဇာ သို့မဟုတ် အနည်းဆုံး တစ်နှစ်အတွင်း အကြိမ်ကြိမ် ဝင်ထွက်ခွင့် ဗီဇာထုတ်ပေးနိုင်သည်။

၃၃။ ပြည်ပမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍ -

(က) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ကို မော်တော်ယာဉ်နှင့်အတူ သယ်ဆောင်ထားရှိရမည်။

ထို့ပြင် မှတ်ပုံတင်နံပါတ်ပြားကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ထားပြီး မှတ်ပုံတင်ထားသည့်နိုင်ငံ၏ အမှတ်အသားကို သိသာထင်ရှားအောင် ပြသထားရမည်။

(ခ) သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်သည် နိုင်ငံတော်က သတ်မှတ်ထားသော မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မီးခိုးထုတ်လွှင့်မှုနှင့် လေထုညစ်ညမ်းမှု စံချိန်စံညွှန်းများနှင့် မော်တော်ယာဉ် ဝန်တင်ခံနိုင်ရည် အလေးချိန် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဂ) အခြားစာချုပ်ဝင်နိုင်ငံက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှာ ကြံ့ခိုင်ကောင်းမွန်ကြောင်း စစ်ဆေးထားသည့် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါရှိရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့သည် ထိုမော်တော်ယာဉ် စစ်ဆေးခြင်း လက်မှတ်ကို အသိအမှတ်ပြုရမည်။

(ဃ) ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ပိုင်ရှင်သည် ထိုမော်တော်ယာဉ်အတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ သူတစ်ပါး ထိခိုက်မှု အာမခံထားရှိရမည်။

(င) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်မှာ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ထိုမော်တော်ယာဉ်အတွက် ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၄။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့သည် ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြု လိုက်နာဆောင်ရွက်ရမည်။

၃၅။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ယာဉ်မောင်းနှင့်ယာဉ်အကူတို့သည် -

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်မောင်း လိုင်စင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ယာဉ်မောင်းနှင့် အတူ တစ်ပါတည်း ပါရှိရမည်။

(ခ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်အကူလက်မှတ်ကို ယာဉ်အကူနှင့်အတူ တစ်ပါတည်းပါရှိရမည်။

(ဂ) မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ပြဋ္ဌာန်း ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

၃၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်ထားသည့် ယာဉ်မောင်း လိုင်စင်နှင့် ယာဉ်အကူလက်မှတ်တို့ကို စိစစ်ပြီး ယာယီအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၃၇။ ဒေသဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နိုင်ငံတော်၏ နယ်စပ်ကိုဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် -

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်များသယ်ယူပို့ဆောင်ခြင်း၊

(ခ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊

(ဂ) ပုပ်သိုး ပျက်စီးလွယ်သော ကုန်စည်များသယ်ယူပို့ဆောင်ခြင်း၊

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်း၊

(င) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်းအကောက်ခွန် ရှင်းလင်းခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် အချက်ပြစနစ်များ၊

(ဇ) သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ယာယီတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဈ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊

(ည) ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) လမ်း၊ တံတားဒီဇိုင်းနှင့်ဆောက်လုပ်ရေးစံချိန်စံညွှန်းများ၊ အဆင့်အတန်းအသေးစိတ်ဖော်ပြချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

(ဌ) နယ်စပ်ဖြတ်ကျော်ခြင်းနှင့် စာချုပ်ဝင်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းရာတွင် လွယ်ကူအဆင်ပြေစေခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(ဍ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထက်ပို၍ သယ်ယူပို့ဆောင်ရာတွင် လျော်ကြေးပေးလျော်ရန် တာဝန်၊

(ဎ) ကွန်တိန်နာအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဏ) ကုန်စည်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းစနစ်၊

(တ) ယာဉ်မောင်းလိုင်စင်အတွက် လိုအပ်ချက်များ၊

(ထ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ အဝင်အထွက်ဂိတ် သတ်မှတ်ခြင်းနှင့် လမ်းကြောင်းသတ်မှတ်ခြင်း၊

(ဒ) နိုင်ငံဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် ကောက်ခံမည့် အခကြေးငွေများ၊

(ဓ) နိုင်ငံဖြတ်ကျော်၍ မော်တော်ယာဉ်ဝင်ထွက်နိုင်သည့် ဓါက်ရေအကြိမ်၊ စီးရေ၊ ဝန်ဆောင်မှု ပေးနိုင်သည့် စွမ်းအား၊ ခွင့်ပြုချက်ပေးနိုင်သည့် ခွဲတမ်းအရေအတွက်။

## အခန်း (၉)

## သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ

၃၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို တာဝန်ယူ၍ ပို့ဆောင်ရန် လက်ခံသည့် အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ပြီးသည့် အချိန်အထိ ထိုကုန်စည် အတွက် တာဝန်ရှိသည်။

၃၉။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက် နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့်ပျက်ကွက်မှုများအတွက် သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့်ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင် ပြုလုပ်မှုနှင့် ပျက်ကွက်မှု ဖြစ်ဘိသကဲ့သို့ တာဝန်ရှိစေရမည်။

၄၀။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ကုန်စည်ကိုလက်ခံသည့်အခါ အရေအတွက်၊ အလေးချိန်နှင့်မြင်သာသည့် ကုန်စည် အခြေအနေတို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ကုန်ပို့လွှာတွင် ရေးမှတ်ရမည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက်ကို ရေးမှတ်ခြင်းမပြုပါက ကုန်စည်မှာ ကောင်းမွန်သည့် အခြေအနေတွင် ရှိသည်ဟု မှတ်ယူရမည်။

(ခ) ကုန်ပို့လွှာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အသေးစိတ် အချက်များပါရှိစေရမည်။

(ဂ) ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာသုံးစောင်ပြုစုရမည်။ ပထမမူရင်း ကုန်ပို့လွှာ တစ်စောင်ကို ကုန်စည်အပ်နှံသူသို့လည်းကောင်း၊ မူရင်းခွဲကုန်ပို့လွှာတစ်စောင်ကို ကုန်စည်များနှင့်အတူ တစ်ပါတည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့ လည်းကောင်း၊ ဒုတိယမူရင်းခွဲ ကုန်ပို့လွှာတစ်စောင်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသို့လည်းကောင်း ပေးရမည်။

(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက် မပါရှိလျှင် ကုန်စည်အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့် သို့မဟုတ် အခြားကုန်စည်လက်ခံသူသို့ ပြောင်းလဲပေးပို့ခွင့်ကို အသိအမှတ်ပြုရမည်။

(င) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်ပါရှိပါက မူလကုန်စည်တင်ပို့ရာ နေရာသို့ပြန်ပို့ခွင့် သို့မဟုတ် အခြားခရီးစဉ်သို့ ပြောင်းလဲခွင့်နှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၁။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့်အချိန်မှစ၍ မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရာတွင် ဖြစ်စေ၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်က ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များ ပျက်စီးမှု၊ဆုံးရှုံးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးမှု၊ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင် သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်း သို့မဟုတ်ကိုယ်စားလှယ်တွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေအထောက်အထားမတင်ပြနိုင်လျှင် ယင်းပျက်စီးဆုံးရှုံးမှုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပို့ရမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုဘဲ ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်း ပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုအတွက် တာဝန်မရှိစေရ။

၄၂။ ကုန်စည်ကို လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့တွင်သော်လည်းကောင်း၊ ထိုသို့သဘောတူထားခြင်း မရှိခဲ့လျှင် ကုန်စည်ကို စတင်လက်ခံသည့်နေ့မှရက်ပေါင်း ၆၀ အတွင်း သော်လည်းကောင်း လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်ဘဲနှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်လျှင် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေအထောက်အထားမရှိပါကကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူသည် ယင်းကုန်စည်ကို ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ဆောင်ရွက်နိုင်သည်။

၄၃။ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါကအဆိုပါ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည် အပ်နှံသူ၊ ကုန်စည် လက်ခံသူ သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်သူသို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ် ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်း ချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ပေါ့ဆစွာကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင် ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု၊ ကုန်စည်၏ ပင်ကိုယ်သဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုအပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ ပေါ်ပေါက်မှု။

၄၄။ ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေးသတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့် နေရာနှင့်အချိန်ကာလတို့တွင်တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာနှင့် အချိန်ကာလတို့တွင်တည်ရှိသော ကုန်စည်၏ ကာလတန်ဖိုးကို သော်လည်းကောင်း အခြေခံရမည်။

၄၅။ ကုန်စည်ကိုလျော့၍ ပေးအပ်မှု သို့မဟုတ် ကုန်စည်ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ -

(က) ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပေးလျော်ရမည့် လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

(ခ) သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ပေးလျော်ရမည့် လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အများဆုံးပေးလျော်ရမည့် အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက် ပို၍ပေးလျော်ရန် တာဝန်မရှိစေရ။

၄၆။ ကုန်စည်လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ ပျောက်ဆုံးမှုဖြစ်လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ကုန်စည်တန်ဖိုးကြေညာလွှာပါ တန်ဖိုးငွေကိုဖြစ်စေ၊ ထိုသို့ကြေညာထားခြင်းမရှိလျှင် ကုန်စည်လက်ခံရာနေရာရှိ ကာလတန်ဖိုးကို ဖြစ်စေ ပေးလျော်ရမည်။

(ခ) သယ်ယူပို့ဆောင်ခ၊ အကောက်ခွန်နှင့် အခြားကုန်ကျစရိတ်များအားလုံးကို ပြန်လည်ပေးလျော်ရမည်။

၄၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်လွှဲပြောင်းပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှုရှိလျှင် ပေးလျော်ရမည့် ပမာဏမှာ သယ်ယူပို့ဆောင်ခထက် မပိုစေရ။

၄၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူတို့ လိုက်နာရမည့် တာဝန်များကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

## အခန်း (၁၀)

## အခကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း

၄၉။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ရမည် -

(က) လုပ်ငန်းလိုင်စင်ခနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခများ၊

(ခ) ခွင့်ပြုချက်အတွက် ဝန်ဆောင်မှုအခကြေးငွေများ၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ။

၅၀။ ဦးစီးဌာနက ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနကလွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ် ဦးစီးဌာနကဖြစ်စေ ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံနိုင်သည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်း

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါတားမြစ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကာလသတ်မှတ်၍ လုပ်ငန်း လိုင်စင်ကို ယာယီ ရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် ရရှိသူကဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကဖြစ်စေ လုပ်ငန်းလိုင်စင်

သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါတားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၃။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေးပြစ်ဒဏ်များအနက် ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

## အခန်း (၁၂)

## အယူခံခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သော အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ဦးစီးဌာနက လွှဲအပ်တာဝန် ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ဦးစီးဌာနက ပုဒ်မ ၅၂ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက ပုဒ်မ ၅၆ အရ အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၁။ အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း(၁၃)

## တားမြစ်ချက်များ

၆၂။ မည်သူမျှ -

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ခ) အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ခရီးသည်များကို ဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ဖြစ်စေ ယာယီဝင်ရောက်ခွင့် အတွက် သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့် အတွက် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ ခွင့်ပြုချက်ကိုဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် စာတမ်း အမှတ်အသားများကိုဖြစ်စေ -

(က) ပြောင်းလဲခြင်း ၊ ပြင်ဆင်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်း မပြုရ။

(ခ) သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှအပ အခြားနေရာများတွင် အသုံးမပြုရ။

၆၄။ မည်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမျှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ခိုင်လုံသော အကြောင်းမရှိဘဲ -

(က) ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့်ခရီးစဉ်အတိုင်း မဟုတ်ဘဲ ပြောင်းလဲ၍ ပြေးဆွဲခြင်း မပြုရ။

(ခ) သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် နောက်ကျ၍ ထွက်ခွာခြင်း မပြုရ။

၆၅။ မည်သူမျှ လုပ်ငန်းလိုင်စင် မရှိဘဲ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၆၆။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများမှတစ်ပါး လုပ်ငန်းလိုင်စင်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်း မပြုရ။

၆၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ဖျားနာသူများ၊ ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ဖြင့် အရေးပေါ်သယ်ယူပို့ဆောင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သူများအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ရေးအတွက် အစားအစာများ၊ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ကူညီခြင်းတို့ နှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း(၁၄)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ် သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ် သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်း မှ အများဆုံး ကျပ်သိန်း ၂၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၅)

## စီရင်ပိုင်ခွင့်အာဏာ

၇၄။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီး ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆိုခြင်း နှင့်စပ်လျဉ်း၍ တရားလို၏ ဆန္ဒအရစာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ၏ အောက်ဖော်ပြပါ နေရာဒေသ တစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆို ပိုင်ခွင့်ရှိသည်-

(က) ကုန်စည်စတင်သယ်ဆောင်သည့် နေရာဒေသ သို့မဟုတ် သွားရောက်သည့် ခရီးစဉ်အဆုံး နေရာဒေသ၊

(ခ) ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့သိရှိသည့်နေရာဒေသ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ အဓိကပင်မစီးပွားရေးလုပ်ငန်း တည်ရှိရာ နေရာဒေသ၊

(ဃ) လျော်ကြေးတောင်းဆိုသည့် တရားလို အမြဲတမ်းနေထိုင်သည့် နေရာဒေသ၊

(င) ပုဒ်မခွဲ (က) မှ (ဃ) အထိ ပါရှိသော နေရာဒေသတစ်ခုခုအနက် တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦးသဘောတူသည့် နေရာဒေသ။

၇၅။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကုန်စည် ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆို ရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦးသဘောတူလျှင် ပုဒ်မ ၇၄ ပါ နေရာဒေသတစ်ခုခုတွင် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းနိုင်သည်။

## အခန်း(၁၆)

## အထွေထွေ

၇၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာ ပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတခုံသမာဓိ ရုံးတို့တွင်တရား စွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ် တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်။ ထိုသို့ သတ်မှတ်ထားခြင်း မရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးထားသည့်ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့ကဖြစ်စေ ကောက်ခံသောအခကြေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၇၈။ ဤဥပဒေပါလုပ်ငန်းလိုင်စင်ရယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ပြည်ထောင်စုဝန်ကြီးဌာနများက အများပြည်သူအကျိုးငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် မသက်ဆိုင်စေရ။

၇၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနကပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၀။ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးလုပ်ငန်းကော်မတီတို့၏ ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှကျခံရမည်။

၈၁။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သောချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၂။ ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကုန်ကျစရိတ်အဝဝကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရမည်။

၈၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့်ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၄။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်သည် ယင်းသက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၈၇။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရထားပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ ဒေသအားလုံးသို့ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသသို့ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ဖြစ်စေ ရထားကို အသုံးပြု၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေး အလို့ငှာ သယ်ယူပို့ဆောင်သည့်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း တို့ကိုဆိုသည်။

(ခ) **ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများ** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် တည်ထောင်ထားသည့် ရထား သို့မဟုတ် ရထား၏ တစ်စိတ်တစ်ဒေသကို ဆိုသည်။ ယင်းစကားရပ်တွင် ရထားလုပ်ငန်းဆိုင်ရာ အောက်ပါပစ္စည်းများလည်း ပါဝင်သည်-

(၁) ရထားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝင်းခြံအကာအရံအတွင်းရှိ မြေအားလုံး သို့မဟုတ် ရထားနယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားသည့် အထက်၊ အောက် နယ်မြေအားလုံး၊

(၂) ရထားပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှင့် ဆက်စပ်အသုံးပြုသည့် ရထားလမ်းများ၊ မြေအောက်ဥမင်လိုဏ်ခေါင်း ရထားလမ်းများ၊ မြေပြင်အထက် မြှင့်တင်ထားသော ရထားလမ်းများ၊ ရထားလမ်းခွဲများ၊ ရထားလမ်းမွှာနှင့် ရထား လမ်းမြှောင်များအားလုံး၊

(၃) ရထားနှင့်သက်ဆိုင်သည့် သို့မဟုတ် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် တည်ဆောက်ထားသည့် ဘူတာရုံများ၊ ရုံးများ၊ သိုလှောင်ရုံများ၊ ဆိပ်ခံဘောတံတားများ၊ စက်ရုံ အလုပ်ရုံများ၊ စက်ခေါင်းရုံများ၊ တွဲပြင်ရုံများ၊ ရထားလမ်း ယာဉ်များ၊ တွဲရပ်နားစကြံများ၊

ရထားဆေးရုံများ၊ ဆေးပေးခန်းများ၊ သင်တန်းကျောင်းများ၊ ရထားဝန်ထမ်းနေအိမ်များ၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများနှင့် အခြားတည်ဆောက်မှုများအားလုံး၊

(၄) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် အသုံးပြုလျက်ရှိသော ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းယူထားသည့် သို့မဟုတ် စီမံပြုလုပ်ထားသည့် သင်္ဘောများ၊ လှေများ၊ ဖောင်များနှင့် ကူးတို့များအားလုံး။

(ဂ) **မြန်မာ့မီးရထား** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် ရထားကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင်အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ရထားကုမ္ပဏီ** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ တည်ထောင်သည့် ကုမ္ပဏီကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့မီးရထား မပါဝင်။

(င) **ရထားအဖွဲ့အစည်း**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းလိုင်စင်ရရှိထားသည့် ရထားကုမ္ပဏီနှင့် မြန်မာ့မီးရထားတို့ကို ဆိုသည်။

(စ) **ရထားနယ်နိမိတ်** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့်ဘူတာဧရိယာ၊ ရထားလမ်း အထက်၊ အောက်၊ ဝဲ၊ ယာ လွတ်ကင်းဧရိယာ၊ ရထားလုပ်ငန်းဆိုင်ရာ စက်ရုံဧရိယာ၊ ရထားနှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက် လိုအပ်သည့် မြေဧရိယာများကို ဆိုသည်။

(ဆ) **ရထား** ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်း မရှိသော စက်ခေါင်း သို့မဟုတ် နောက်တွဲယာဉ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ မယူ ဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကို ဆိုသည်။

(ဇ) **ရထားလမ်းယာဉ်** ဆိုသည်မှာ စက်ခေါင်း၊ စက်ခေါင်းနောက်မြီးတွဲ၊ သံလမ်းပြေးယာဉ် အမျိုးမျိုး၊ လူစီးတွဲ၊ ကုန်တွဲများ၊ အပေါ့စားရထားနှင့် လက်တွန်းယာဉ် အမျိုးမျိုးကို ဆိုသည်။

(ဈ) **ရထားလက်မှတ်** ဆိုသည်မှာ ခရီးလမ်းကြောင်းတစ်ခုအတွက်ဖြစ်စေ၊ အသွားအပြန် ခရီးအတွက်ဖြစ်စေ၊ ကာလအပိုင်းအခြားဖြင့် အသုံးပြုရန် အခကြေးငွေဖြင့် ထုတ်ပေးထားသော လက်မှတ်ကိုသော်လည်းကောင်း၊ ရထားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူတစ်ဦးဦးက ရထားစီးရန်အတွက် အခမဲ့ထုတ်ပေးထားသည့် လက်မှတ်ကို သော်လည်းကောင်း ဆိုသည်။

(ည) **ကုန်စည်** ဆိုရာတွင် ကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဋ) **တိရစ္ဆာန်** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းကျောင်းထားသော ဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်နှင့် ရထားကို အန္တရာယ်ဖြစ်စေနိုင်သည့် အခြား တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဌ) **ပို့ဆောင်ရေး** ဆိုရာတွင် ခရီးသည်နှင့် ကုန်စည်တို့ကို ရထားလမ်းယာဉ် တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်မှုကို ဆိုသည်။

(ဍ) **ချိတ်ဆက်ပို့ဆောင်မှု** ဆိုသည်မှာ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ရထားအဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သည့် ပို့ဆောင်မှုကို ဆိုသည်။

(ဎ) **အခနှုန်းထား** ဆိုသည်မှာ ခရီးသည်နှင့် ကုန်စည်များ သယ်ဆောင်ရန်အတွက် သတ်မှတ်ထားသည့် အခကြေးငွေများအပြင် ဆက်စပ်သည့် အခြားအခကြေးငွေစံနှုန်းတစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **ဝန်ဆောင်ခ** ဆိုသည်မှာ ရထားဘူတာရုံ၊ ဘူတာလမ်းမြောင်လမ်းခွဲ၊ ကုန်သိုလှောင်ရုံ၊ ဝန်ချီစက်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အခြားဝန်ဆောင်မှုတစ်ခုခုအတွက် ပေးဆောင်ရသည့် အခကြေးငွေကို ဆိုသည်။

(တ) **ကူးတို့** ဆိုရာတွင် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လှေများကို တွဲ၍ ခင်းထားသည့်တံတား၊ ရေဆိပ်တံတား၊ ဖောင်၊ ပေါင်းကူးတံတား၊ ခေတ္တခင်းထားသည့် တံတား၊ ကူးတို့ဆိပ်များနှင့် ယင်းကူးတို့ဆိပ် ချဉ်းကပ်လမ်းများပါဝင်သည်။

(ထ) **ရပ်နားစခန်းလုပ်ငန်း** ဆိုသည်မှာ ရထားပို့ဆောင်ရေး လုပ်ငန်းအတွက်ဖြစ်စေ၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပို့ဆောင်ရေး လုပ်ငန်းများအတွက် ဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးအတွက်ဖြစ်စေ လမ်းဆုံနေရာ သို့မဟုတ် အချက်အခြာကျသော နေရာတွင် ခေတ္တရပ်နားခြင်း၊ စားသောက်ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ခြင်း၊ ရထားပြင်ဆင်ခြင်း သို့မဟုတ် အဆိုပါ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်သည့် အခြားလုပ်ငန်း တစ်ခုခု ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းအတွက်ဖြစ်စေ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဓ) **ကူးပြောင်းဘူတာ** ဆိုသည်မှာ နယ်စပ်ရထားလမ်းများနှင့် ကူးပြောင်းဘူတာများဆိုင်ရာ သဘောတူစာချုပ်အရ ဒေသအတွင်း စာချုပ်ဝင်နိုင်ငံများရှိ ရထားလမ်းများနှင့် ချိတ်ဆက်ပြီး နိုင်ငံတော်အတွင်း ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် နယ်စပ်တွင် တည်ထောင်သတ်မှတ်ထားသည့် ရထားအချင်းချင်းကူးပြောင်းသည့်ဘူတာကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဖ) **စီမံရေးအဖွဲ့** ဆိုသည်မှာ ဗဟိုကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စီမံရေးအဖွဲ့ကို ဆိုသည်။

(ဗ) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ရထားအဖွဲ့အစည်းက ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(မ) **ရထားဝန်ထမ်း** ဆိုသည်မှာ ရထားအဖွဲ့အစည်းတွင် ရထားနှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)

## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သော ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပြုရမည်။

(ခ) ရထားအဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အတိုင်ပင်ခံကျွမ်းကျင်ပညာရှင် ပုဂ္ဂိုလ်များ အကြားတွင်လည်းကောင်း၊ ရထားအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များကို စိစစ်ပြီး အတည်ပြုရမည်။

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားဆက်စပ်သည့် ကိစ္စများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဃ) စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ဈေးငွေဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်းနှင့် ကူညီခြင်းများဆောင်ရွက်ရမည်။

(င) ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ထားသည့် ရထားလမ်းကို ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းထားသည့်ရထားလမ်းကို ပြန်လည်ဖွင့်လှစ်ခြင်းကိစ္စရပ်များတွင် ကြီးကြပ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် အမိန့်ထုတ်ပြန်ခြင်းများပြုလုပ်ရမည်။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ရထားအဖွဲ့အစည်းက တိကျစွာ လိုက်နာဆောင်ရွက်ရေး အတွက် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ဆ) ရထားအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရမည်။

(ဇ) ရထားအဖွဲ့အစည်း၏ ရထားနယ်နိမိတ်အတွင်းရှိ ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရထားအဖွဲ့အစည်းများအား ရထားနယ်နိမိတ်တွင် ကျူးကျော်သည့်အဆောက်အအုံများကို ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း၊ ကျူးကျော်ဝင်ရောက်သူကို တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်စေရမည်။

(ဈ) နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် လက်ခံထားသည့် နိုင်ငံတကာ အာရှအဝေးပြေး ရထားလမ်းများဆိုင်ရာ သဘောတူစာချုပ်၊ ဒေသအတွင်းရှိနိုင်ငံများ၏ နယ်စပ်ရထားလမ်း များနှင့် ကူးပြောင်းဘူတာဆိုင်ရာ သဘောတူစာချုပ်များအရ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၃)
## စီမံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရေးအတွက် စီမံရေးအဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ယင်းအဖွဲ့၏ သက်တမ်းနှင့် လုပ်ပိုင်ခွင့်တို့ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် စီမံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရုံးအဖွဲ့ကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်း၍ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၆။ စီမံရေးအဖွဲ့သည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်-

(က) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုဆိုင်ရာ ကိစ္စများကို စစ်ဆေးခြင်း၊

(ခ) ရထားလမ်းများ၊ ရထားလမ်းယာဉ်များနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကို အချိန် သတ်မှတ်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုများအား စုံစမ်းစစ်ဆေးခြင်း၊

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရထားလုပ်ငန်း စီမံချက်ကိုစိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ စိစစ်ချက်အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ဘေးအန္တရာယ် ကင်းရှင်းမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ကို ရထားကုမ္ပဏီအား ထုတ်ပေးခြင်း၊

(င) စက်ခေါင်းမောင်း၊ ရထားထိန်း၊ သက်ဆိုင်ရာ အင်ဂျင်နီယာများနှင့် ရထားပြေးဆွဲခြင်း လုပ်ငန်းနှင့်သက်ဆိုင်သည့် ရထားဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ၎င်းတို့အား စစ်ဆေးပြီး ကျွမ်းကျင်မှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် လုပ်ငန်း တာဝန်ထမ်းဆောင်ရာတွင် ကျေနပ်ဖွယ်ရာမတွေ့ရှိပါက ထိုအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆ ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) စိစစ်မှု၊ စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ရထားဝန်ထမ်းတစ်ဦးဦးကို လာရောက်ရှင်းလင်းပြောကြားရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းမှတစ်ဆင့် စာဖြင့်ဆင့်ခေါ်နိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားဝန်ထမ်းနှင့် သက်သေများကို ဆင့်ခေါ်၍ စစ်ဆေးမေးမြန်းခြင်း၊ စာရင်းဇယားနှင့် အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်။

(ဂ) ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်း၊ စာရွက်စာတမ်းနှင့် အထောက်အထားများကို ကြည့်ရှုစစ်ဆေးသင့်သည်ဟု ထင်မြင်ယူဆလျှင် စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့က လုပ်ငန်းအလိုက် ပေးအပ်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

၈။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြသော စိစစ်ချက်အစီရင်ခံစာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) အဆိုပြုသည့် ရထားလမ်းကြောင်း၊ ရထားအမျိုးအစားနှင့် ကျင့်သုံးလိုသည့်စနစ်၊ အဆိုပြု ရထားလက်မှတ်ခနှင့် ကောက်ခံမည့်စနစ်၊

(ခ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ရပ်နားစခန်း လုပ်ငန်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ၊

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အကဲဖြတ်ဆန်းစစ်ရာတွင် အထောက်အကူပြုမည့် ဆက်စပ်အကြောင်းအရာများ၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် အခြားလိုအပ်သော အချက်များ။

၉။ စီမံရေးအဖွဲ့သည် ရထားလမ်း၊ မြေအောက်ရထားလမ်း၊ မြေပေါ်ရထားလမ်း၊ လျှပ်စစ်ရထားကောင်းကင်ကြိုးနှင့် ရထားလမ်းယာဉ်ကိုပြေးဆွဲခြင်း၊ မပြေးဆွဲဘဲ ရပ်ဆိုင်းထားခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် စီမံရေးအဖွဲ့၏ စိစစ်ချက်အစီရင်ခံစာအရ ရထားလမ်းဖောက်လုပ်လျှင်ဖြစ်ပေါ်လာနိုင်သော ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းများ ပြောင်းလွဲမည့်ကိစ္စ၊ ရထားလမ်းနှင့် ကားလမ်းဆုံမည့်နေရာတွင် အန္တရာယ်ကင်းရှင်းစေရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်း ရှိ မရှိ ကိစ္စနှင့် မြို့ရွာများ အကျိုးသက်ရောက်မှု ရှိ မရှိ ကိစ္စများနှင့်စပ်လျဉ်း၍ ရထားလမ်းတစ်လျှောက်ရှိ နယ်မြေခံလူထုနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ သဘောထားများကို ထည့်သွင်းစဉ်းစားလျက် ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည်။

## အခန်း(၄)
## မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့

၁၁။ ဝန်ကြီးဌာနသည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူးကို ဥက္ကဋ္ဌအဖြစ် ပါဝင်စေပြီး မြန်မာ့မီးရထားမှ သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၂။ မြန်မာ့မီးရထားစီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ခွင့်ရှိသည်-

(က) မြန်မာ့မီးရထား ဝန်ထမ်းအဆင့်ဆင့်၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ နေထိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

(ခ) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်စေရေး ဝင်ငွေတိုးမြှင့်ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်သည့် ရထားရဲတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများကို ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) မြန်မာ့မီးရထား၏ ရထားနယ်နိမိတ်၊ အဆောက်အအုံနှင့် ပရဝုဏ်အပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းစီမံခြင်းနှင့် မြန်မာ့မီးရထားပိုင် ရထားနယ်နိမိတ်များတွင် ကျူးကျော်ဆောက်လုပ်သော အဆောက်အအုံများကို ဥပဒေနှင့်အညီ ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်းနှင့် ကျူးကျော်သူများကို တရားစွဲဆိုအရေးယူခြင်း၊

(င) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လုပ်ငန်းလိုင်စင်

၁၃။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ ရထားကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိပြီး ဖြစ်ရမည့်အပြင် သက်တမ်းရှိသည့် မှတ်ပုံတင်လက်မှတ် ရှိရမည်။

(ခ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ မဖြစ်စေရ။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ရထားလုပ်ငန်းစီမံချက်ဆိုင်ရာ အတည်ပြုချက် လက်မှတ်ရရှိပြီး ဖြစ်ရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များ၊ အခြားလိုအပ်ချက်များနှင့် ပြည့်စုံရမည်။

၁၄။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီတစ်ခုခုသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားရာတွင်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် စီမံချက်ကို အောက်ပါအချက်များ ဖော်ပြ၍ သတ်မှတ်ချက်များနှင့်အညီရေးဆွဲပြီး ခွင့်ပြုချက်ရရှိရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ကြိုတင်၍ တင်ပြရမည်-

(၁) အဆိုပြု ရထားလမ်းအမျိုးအစားနှင့် ရထားပြေးဆွဲပုံစနစ်၊

(၂) အဆိုပြု ရထားပြေးဆွဲပုံစနစ်တွင် ယေဘုယျလမ်းကြောင်းနှင့် ခရီးလမ်းဆုံးနေရာ၊

(၃) အဆိုပြု ရထားပြေးဆွဲပုံ စနစ်တွင် ဘေးကင်းလုံခြုံမှု အနေအထား၊

(၄) အဆိုပြု ရထားခနှင့် ကုန်စည်သယ်ဆောင်ခများ၊

(၅) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် အခြား လိုအပ်ချက်များ။

(ခ) ပုဒ်မခွဲ (က) အရတင်ပြသည့် ရထားလုပ်ငန်း စီမံချက်ပါ ရထားလမ်းအတွက် မြေကို သိမ်းယူရန်လိုအပ်ပါက တည်ဆဲမြေသိမ်းခြင်းဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ သိမ်းယူရန်ရှိသည့် မြေနှင့်သက်ဆိုင်သော အချက်အလက်များကို ပူးတွဲတင်ပြ ရမည်။

၁၅။ စီမံရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြသော ရထားလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို ပြည့်စုံစွာစိစစ်ပြီး စုံစမ်းစိစစ်ချက် အစီရင်ခံစာကို သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ တင်ပြချက်နှင့် စုံစမ်းစစ်ဆေးချက် အစီရင်ခံစာတို့ကို စိစစ်ပြီး ရထားလုပ်ငန်းစီမံချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်၍ တင်ပြစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အတည်ပြုပါက တင်ပြသည့်ကုမ္ပဏီအား စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုချက် လက်မှတ်ထုတ်ပေးရမည်။

(ခ) အတည်ပြုထားသည့် ရထားလုပ်ငန်းစီမံချက်ပါ ရထားလမ်းအတွက် ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါက ရထားလမ်းအတွက် လိုအပ်သောမြေ၏ ပိုင်ရှင်နှင့် ညှိနှိုင်း ဆောင်ရွက်ရန် ရထားလုပ်ငန်းစီမံချက် တင်ပြသည့် ကုမ္ပဏီအား တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တာဝန်ပေးခြင်းခံရသည့် ကုမ္ပဏီက ညှိနှိုင်းဆောင်ရွက်သော်လည်း မြေအသုံးပြုခွင့်ရသူက ငြင်းဆိုသည့်အခါ ရထားလမ်းအတွက် လိုအပ်သည့် မြေကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သိမ်းယူရေးအတွက် တည်ဆဲမြေသိမ်းခြင်း ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းယူနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုသို့ မြေကိုသိမ်းယူသည့်အခါ ပေးလျော် ရမည့် လျော်ကြေးကို ရထားလုပ်ငန်းစီမံချက် တင်ပြသည့် ကုမ္ပဏီက မြေအသုံးပြုခွင့် ရသူအား ပေးစေရမည်။

၁၇။ (က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ရထားကုမ္ပဏီသည် ပုဒ်မ ၁၃ ပါ အချက်အလက်များ ပြည့်စုံပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ပြည့်စုံမှု ရှိ မရှိ၊ ရထားလုပ်ငန်းစီမံချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိနှင့် လုပ်ငန်း လိုင်စင်ထုတ်ပေးရန် သင့်မသင့် သဘောထားမှတ်ချက် တင်ပြစေရန် စီမံရေးအဖွဲ့အား တာဝန်ပေးအပ်ရမည်။

၁၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားချက်နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ စီမံရေးအဖွဲ့က တင်ပြသည့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် လိုအပ်ချက်များ ပြန်လည်ပြုလုပ်၍ တင်ပြစေခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၉။ (က) ရပ်နားစခန်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

( ခ ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၂၀။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

( ခ ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၂၁။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း မပြုရ။

( ဂ ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ လိုက်နာရမည့်တာဝန် တစ်ရပ်ရပ်ကိုသော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

( ခ ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

( ဂ ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၆)
## ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ခွင့်

၂၃။ မြန်မာ့မီးရထားသည် အများပြည်သူသွားလာရေး ပိုမိုလွယ်ကူ ချောမွေ့အဆင်ပြေစေရန်နှင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရထားကုမ္ပဏီများနှင့် ပူးပေါင်း၍ တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOT=Build-Operate-Transfer) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT=Build-Own-Operate-Transfer) ဖြင့်ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO=Build-Own-Operate)ဖြင့် ဖြစ်စေ၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် (BLT=Build-Lease-Transfer)ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO=Design-Build-Finance-Operate) ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF=Design-Construct-Manage-Finance) ဖြင့်ဖြစ်စေ၊ အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်ဖြင့်ဖြစ်စေ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြနိုင်သည်။

၂၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၃ အရ မြန်မာ့မီးရထား၏ တင်ပြချက်ကိုစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မြန်မာ့မီးရထား၏ တင်ပြချက်ကို ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရထားအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲပိုင်ခွင့်ရှိသော သို့မဟုတ် ပိုင်ဆိုင်သောမြေ၊ အဆောက်အအုံနှင့် ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အောက်ပါ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်-

(က) မြေငှားရမ်းခြင်း၊

(ခ) အဆောက်အအုံတည်ဆောက်ခြင်း၊ ငှားရမ်းခြင်း၊

(ဂ) ရထားတွဲ၊ တွဲဆိုင်း၊ စက်ခေါင်း၊ သံလမ်းယာဉ်၊ ဆက်သွယ်ရေး လိုင်းကြိုးများ၊ စက်ရုံ အလုပ်ရုံ၊ စက်ကိရိယာ၊ ယာဉ်ယန္တရားနှင့် ပစ္စည်းများ ငှားရမ်းခြင်း၊

(ဃ) မိမိတို့ တည်ဆောက်သော တံတားဖြတ်သန်းခများ ကောက်ခံခြင်း၊

(င) ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ငွေလဲလှယ်ခြင်းလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ ကွန်တိန်နာစခန်းနှင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အငှားယာဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကူးတို့လုပ်ငန်း၊ ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ရထားတွဲ၊ စက်ခေါင်း၊ တံတားဘောင်နှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊

(ဆ) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းကို အသုံးချ၍ အခြားစီးပွားရေး လုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ လုပ်ကိုင်ခြင်း။

## အခန်း(၇)

## ရထားပို့ဆောင်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း

၂၆။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်း လုံခြုံချောမွေ့စေရေးအတွက် စစ်ဆေးရေး အရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများကို ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများဖြင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေနိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများနှင့် ဖွဲ့စည်း ထားသည့် စစ်ဆေးရေးအဖွဲ့များသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရထား၊ ရထားလမ်းနယ်မြေနှင့် ရထားလမ်းယာဉ်များအပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများပေါ်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် လိုအပ်သည့် အထောက် အထားစာရွက်စာတမ်းများအား လိုအပ်သည့် အချိန်အခါများတွင် တင်ပြစေခြင်း၊

(ခ) ရထားလမ်းများ သို့မဟုတ် ရထားလမ်းယာဉ်များ စံချိန်စံညွှန်း ညီညွတ်ခြင်း ရှိ မရှိ အချိန် ကာလသတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊

(ဂ) ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုအား ဆောလျင်စွာ စုံစမ်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာတင်ပြခြင်း၊

(ဃ) ရထား၊ ရထားလမ်း၊ ရထားလမ်းယာဉ်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတို့ကို ရှောင်တခင် စစ်ဆေးခြင်းနှင့် အစီရင်ခံစာ တင်ပြခြင်း၊

(င) ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်ခြင်း။

## အခန်း(၈)

## ရထားလုပ်ငန်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၂၈။ ရထားအဖွဲ့အစည်းသည် အများပြည်သူအကျိုးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) မြေပေါ်၊ မြေအောက်၊ရေပေါ်၊ ရေအောက်မည်သည့်နေရာတွင်မဆို ဆင်ခြေလျှော၊ ပေါင်းကူး၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ တာပေါင်၊ ရေသွယ်တံတား၊ တောင်ကူးတံတား၊ လမ်းတံတား၊ ရထားလမ်း၊ လူသွားလမ်း၊ ပြွန်၊ မြောင်း၊ တံတားတိုင်၊ တူးပေါင်နှင့် ခြံစည်းရိုးများကို ယာယီ သို့မဟုတ် အမြဲတမ်းအဖြစ် တည်ဆောက်ခြင်း၊

(ခ) ဥမင်လိုဏ်ခေါင်းများ၊ တံတားများ၊ လူသွားလမ်းများနှင့် အခြားလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ထိန်းသိမ်းရန်အတွက်သော်လည်းကောင်း၊ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာကို ပြောင်းလဲပစ်ခြင်းအပြင် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟုယူဆပါက ရထားလမ်း အထက်၊ အောက်၊ ဝဲ၊ ယာတို့မှ လွယ်လင့်တကူ စီးဆင်းသွားနိုင်ရန်အလို့ငှာ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာတို့ကို ပြောင်းလဲပစ်ခြင်းနှင့် လမ်းအမျိုးအစား အမျိုးမျိုးတို့၏ မျက်နှာပြင်အနေအထားကို မြှင့်တင်ခြင်း၊ နှိမ့်ချခြင်း၊

(ဂ) ရထားလမ်းမှ သို့မဟုတ် ရထားလမ်းသို့ ရေသွယ်ထုတ်ယူနိုင်ရန်အတွက် ရထားမြေနှင့် ဆက်စပ်လျက်ရှိသော အခြားမြေ၏ အတွင်းသို့ဖြစ်စေ၊ အောက်မှဖြစ်စေ၊ ဖြတ်၍ဖြစ်စေ ရေမြောင်း၊ ရေပိုက်များသွယ်တန်းခြင်း၊

(ဃ) သိုလှောင်ရုံများ၊ ရုံးခန်းများ၊ လူနေအိမ်များနှင့် အခြားအဆောက်အဦများ၊ တွဲစီဝင်းများ၊ ဘူတာများ၊ စက်ရုံများ၊ ဆိပ်ခံတံတားများ၊ ရထားများ၊ ရထားလမ်းယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟု ယူဆသော အခြားလုပ်ငန်းများကို တပ်ဆင်တည်ဆောက်ခြင်း၊

(င) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊

(စ) ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေများဖြန့်ဖြူးသည့် ပိုက်လိုင်း၊ လျှပ်စစ်ကြိုးနှင့် ဆက်သွယ်ရေးကြိုးတို့၏ အနေအထား၊ ပင်မမြောင်း မဟုတ်သည့် ရေမြောင်း အနေအထားတို့ကို ရွှေ့ပြောင်းခြင်း။

၂၉။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၂၈ နှင့်အညီ ဆောင်ရွက်ခြင်းမပြုမီ ဆောင်ရွက်မည့် ရည်ရွယ်ချက်နှင့် အကြောင်းကိစ္စကို ဖော်ပြ၍ ကန့်ကွက်ရန်ရှိပါက တင်ပြနိုင်ရန် မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူထံသို့ အကြောင်းကြားစာ ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းသဘာဝနှင့် အတိုင်းအတာကို အတတ်နိုင်ဆုံး တိကျပြည့်စုံစွာ ဖော်ပြပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပေးသော အကြောင်းကြားစာ၏ မိတ္တူကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ပေးရမည်။

၃၀။ (က) ပုဒ်မ ၂၉ အရ ရထားအဖွဲ့အစည်းကပေးပို့သော ကြိုတင်အကြောင်းကြားစာ ရရှိသောအခါ ကြိုတင်အကြောင်းကြားစာ ရရှိသော အစိုးရဌာန၊ အဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ရထားကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကတို့သည် ထိုလုပ်ငန်းဆောင်ရွက်မှုတွင် ကန့်ကွက်ချက် တင်ပြရန်၊ ညှိနှိုင်းဖြေရှင်းရန် သို့မဟုတ် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ရန် မိမိဌာန၊ အဖွဲ့အစည်း၏ ကိုယ်စားလှယ်ကို စေလွှတ်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ရထားအဖွဲ့အစည်းသည် ပုဒ်မခွဲ (က) အရ စေလွှတ်သော ကိုယ်စားလှယ်၏ တင်ပြချက်ကို အလေးထားပြီးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည့်အပြင် လုပ်ငန်းဆောင်ရွက်ချိန်တစ်လျှောက်လုံးတွင်လည်း ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေ ပေးပို့သည့် ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးစနစ် အဆက်မပြတ် ရရှိစေရန်နှင့် ရေစီးမြောင်း ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် အစီအစဉ်များ ပြုလုပ်ထားရှိရမည်။

၃၁။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးလိုင်းကြိုး သို့မဟုတ် ကြိုးမဲ့စက်ကိရိယာများနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများကို အသုံးပြုရာတွင်-

(က) ကြိုးမဲ့ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးစက်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာအသုံးပြုရမည်။

(ခ) ရထားပို့ဆောင်ရေးလုပ်ငန်း အကျိုးငှာ ရထားနယ်နိမိတ်တွင် ဆက်သွယ်ရေး လိုင်းကြိုးများဖြစ်သည့် ကြေးနန်းကြိုး၊ သွပ်ရည်သုတ်သံနန်းကြိုး၊ ဖန်ချည်မျှင် ဆက်သွယ်ရေးကြိုးများအား မြေပေါ်မှလည်းကောင်း၊ မြေအောက်မှလည်းကောင်း သွယ်တန်းအသုံးပြုရာ၌ ရထားအဖွဲ့အစည်း အစီအစဉ်ဖြင့် ဆက်သွယ်ရေး လိုင်းကြိုးအသစ်များ သွယ်တန်းတည်ဆောက်ခြင်း၊ အသုံးပြုဆဲ လိုင်းကြိုးများကို ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃၂။ ရထားအဖွဲ့အစည်းသည်-

(က) မြေပြိုခြင်းနှင့် အခြားမတော်တဆမှုများ ဖြစ်ပွားသည့်အခါတွင်ဖြစ်စေ၊ မိမိကြီးကြပ်မှုအောက်တွင်ရှိသော မြေတူးမြေဖို့ပြုလုပ်ထားသော ရထားလမ်းနှင့် အခြားလုပ်ငန်းများ၌ မတော်တဆမှု ဖြစ်နိုင်ကြောင်း ကြိုတင်သိရှိသည့်အခါတွင်ဖြစ်စေ မတော်တဆမှုကို

ကြိုတင်ကာကွယ်ရန်နှင့် ပြုပြင်နိုင်ရန်အတွက် ရထားနယ်နိမိတ်နှင့် ဆက်စပ်နေသည့် မြေနေရာတစ်ခုခုအတွင်းသို့ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်၍ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို အရေးပေါ်ပြုပြင်ရန်လိုအပ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လိုအပ်သည့်လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ခွင့်ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် ဖြစ်ပွားမှု သို့မဟုတ် ဖြစ်ပေါ်လာနိုင်သော မတော်တဆမှု အခြေအနေသဘာဝနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ဖော်ပြ၍ စတင်ဝင်ရောက် ဆောင်ရွက်ချိန်မှ ၂၄ နာရီ အတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၃၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ရထားအဖွဲ့အစည်း၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီး ယင်းတို့၏အရေးပေါ်လုပ်ငန်းသည် အများပြည်သူအတွက် အန္တရာယ်ဖြစ်ရန် အကြောင်းမရှိပါက ယင်းသို့ဆောင်ရွက်မှုကို ရပ်ဆိုင်းစေနိုင်သည်။

၃၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၃၂ ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်-

(က) အပျက်အစီး နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

(ခ) ရထားလမ်း ဖောက်လုပ်ရေးအတွက် တာဘောင်တိုင်းတာခြင်း သို့မဟုတ် မြေဖို့ခြင်း ပြုနေစဉ်ဖြစ်စေ၊ ပြုလုပ်ပြီးချိန်၌ဖြစ်စေ ရထားလမ်း ဖြတ်သန်းဖောက်လုပ်သည့် မြေနေရာရှိ သက်ဆိုင်သူများ ထိခိုက်နစ်နာမှုနှင့် အဆင်မပြေမှု အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်ပေးရမည်။

(ဂ) အပျက်အစီးများရှိပါက နစ်နာသူကို လျော်ကြေးပေးရမည်။

(ဃ) လျော်ကြေးငွေပမာဏနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက လျော်ကြေးရခွင့်ရှိသူက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အငြင်းပွားမှုကိုစိစစ်ပြီး တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျော်ကြေးငွေပမာဏကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်းက နစ်နာသူ မြေအသုံးပြုခွင့်ရသူအား ပေးလျော်စေရမည်။

၃၆။ ရထားအဖွဲ့အစည်းသည် ရထားလမ်းဖောက်လုပ်ခြင်းကြောင့် မြေအနေအထား ပြောင်းလဲခြင်း၊ ရေစီးရေလာပြောင်းလဲခြင်းတို့ကြောင့် ယင်းမြေနှင့်စပ်ဆိုင်သော မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများအတွက် အန္တရာယ် သို့မဟုတ် အဆင်မပြေမှု ကြုံတွေ့ရခြင်း၊ မြေအသုံးပြုခွင့်ရသူနှင့်

ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အဆင်မပြေမှုများကို လျော့ပါးသက်သာစေရန်နှင့် ပပျောက်စေရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာတို့တွင် ခုံးကျော်များ၊ တံတားများ၊ ပေါင်းကူးတံတားများ၊ ရေပြွန်များနှင့် လူသွားလမ်း တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ခ) ရထားလမ်းမဖောက်လုပ်မီက ရှိခဲ့သည့် အခြေအနေအတိုင်း ရေများ အနီးစပ်ဆုံး စီးဆင်းသွားနိုင်ရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာ သင့်ရာနေရာများတွင် လိုအပ်သည့် အရွယ်အစားရှိ ပေါင်းကူး တံတား၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ မြောင်းများ၊ ရေမြောင်းများနှင့် အခြားလမ်းများ တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ရထားသွားလာပြေးဆွဲရေးကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူရန် သဘောတူ၍ လျော်ကြေးကို လက်ခံရယူပြီးဖြစ်လျှင်လည်းကောင်း ထိုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် တာဝန်မရှိစေရ။

၃၇။ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သော အချိန်ကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ရထားလမ်း သို့မဟုတ် ရထားလမ်းအစိတ်အပိုင်းတစ်ခုခု၌ သော်လည်းကောင်း၊ ဆက်စပ်နေသောလမ်းများကိုသော်လည်းကောင်း နယ်ခြားအမှတ်အသားများ သို့မဟုတ် ခြံစည်းရိုးများကို ပြုလုပ်စေခြင်း၊ ပြင်ဆင်စေခြင်း၊

(ခ) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖြတ်သန်းဖောက်လုပ်ရလျှင် သင့်လျော်သော တံတားများ၊ သံကြိုးများ၊ ဆုံလည်အတားအဆီးများ၊ တန်းများ သို့မဟုတ် လက်ရမ်းများတပ်ဆင်ခြင်း၊ အသစ်လဲလှယ်ခြင်းနှင့် တပ်ဆင်ထားသော ကိရိယာများကို ဖွင့်ပိတ်ခြင်း ဆောင်ရွက်ရေးအတွက် အမြဲတမ်းဝန်ထမ်းများခန့်အပ်ရန် ဆောင်ရွက်ခြင်း။

၃၈။ ရထားအဖွဲ့အစည်းသည်-

(က) ရထားလမ်းအနီး ရထားလမ်းမြေပြင်ပတွင် ပေါက်ရောက်နေသည့် သစ်ပင်က ရထားလမ်းပေါ်သို့ လဲကျပိတ်ဆို့သွားမည့် အန္တရာယ်ရှိလျှင်ဖြစ်စေ၊ မြေစိုက်အချက်ပြ၏ မြင်ကွင်းကို ပိတ်ဆို့နေလျှင်ဖြစ်စေ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများသို့ အကြောင်းကြား၍ မိမိအစီအစဉ်ဖြင့် ထိုသစ်ပင်ကို ခုတ်လှဲဖယ်ရှားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ခုတ်လှဲဖယ်ရှားလိုက်ရသည့်အပင်မှာ ရထားလမ်းမဖောက်လုပ်မီက ဖြစ်စေ၊ မြေစိုက် အချက်ပြမစိုက်ထူမီကဖြစ်စေ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ဖြစ်ပြီး ပိုင်ရှင်ကလျှောက်ထားလျှင် သင့်လျော်သည့်လျော်ကြေးကို ဆုံးဖြတ်၍ပေးပိုင်ခွင့်ရှိသည်။

၃၉။ ရထားလမ်း ဖြတ်သန်းတည်ဆောက်ထားသော မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူများကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူကဖြစ်စေ ရထားအဖွဲ့အစည်း၏ ဆောင်ရွက်ပေးမှုများသည် လုံလောက်မှုမရှိဟုယူဆလျှင်သော်လည်းကောင်း၊ အခြားဝန်ကြီးဌာန သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူက အဆိုပါရထားလမ်းက ဖြတ်၍ဖြစ်စေ၊ အပေါ်မှ ဖြစ်စေ၊ အောက်မှဖြစ်စေအများပြည်သူ သုံးလမ်း သို့မဟုတ် အခြားလုပ်ငန်းများကို လုပ်ကိုင်ပေးစေ လိုလျှင်သော်လည်းကောင်း ရထားလမ်းဖောက်လုပ်ပြီးစီးချိန်မှစ၍ ခြောက်နှစ်အတွင်း ရထားအဖွဲ့ အစည်းထံ တောင်းဆိုနိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ တောင်းဆိုချက်များအနက် ရထားအဖွဲ့အစည်းက သဘောတူသည့် လုပ်ငန်းအတွက် ကုန်ကျစရိတ်ကို လုပ်ငန်းတောင်းဆိုသူ သို့မဟုတ် ရထားအဖွဲ့အစည်းက ကျခံရမည်ဖြစ်ရာ ညှိနှိုင်းမှုတွင် သဘောတူညီမှုမရပါက ဝန်ကြီးဌာန၏စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖောက်လုပ်ရသည့်အခါ ပြည်သူတို့ ကူးဖြတ်ရာ၌ ဘေးအန္တရာယ်မဖြစ်စေရန် ရထားလမ်းအောက် သို့မဟုတ် အထက်မှ တံတားဖြစ်စေ၊ ပေါင်းကူးဖြစ်စေ သင့်တော်ရာကို စီစဉ်ဆောင်ရွက်ရန် ရထားအဖွဲ့အစည်းအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရထားအဖွဲ့အစည်းက စီစဉ်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ရထားအဖွဲ့အစည်းသို့ ပေးဆောင်စေရန် ထိုလမ်းကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူသို့ အကြောင်းကြားနိုင်သည်။

## အခန်း(၉)

## ရထားလမ်းများ အသစ်ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ပြောင်းလဲပြေးဆွဲခြင်းနှင့် တိုးချဲ့ခြင်း

၄၂။ ရထားအဖွဲ့အစည်းသည်-

(က) အများပြည်သူဆိုင်ရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရန် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ပြည့်စုံပြီး ရထားလမ်းသစ် ဖွင့်လှစ်လိုသည့်အခါ ဖွင့်လှစ်မည့်ရက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံးတစ်လကြိုတင်၍ ခွင့်ပြုချက် တောင်းခံရမည်။

( ခ ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းမှာ အများပြည်သူနှင့် ကုန်စည်များကို သားအန္တရာယ်ကျရောက်စေနိုင်သည့် အခြေအနေဖြစ်ပေါ်ပါက ထိုသို့ဖြစ်ပေါ်သည့်နေ့မှစ၍ ခိုင်လုံသော အထောက်အထားဖြင့် ရထားလမ်းကို ပိတ်ခွင့်ပြုရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ ခွင့်ပြုချက်တောင်းခံရမည်။

( ဂ ) မတော်တဆမှုကြောင့်ဖြစ်စေ၊ ရာသီဥတုဆိုးရွားခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ရထားပြေးဆွဲ၍ မရသည့်အခါ ရထားပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်း၍ အမြန်ပြုပြင်ရမည်။ ထိုသို့ ရပ်ဆိုင်းထားကြောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ အကြောင်းကြားပြီး ရထားလမ်း ခေတ္တပိတ်ခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံရမည့်အပြင် ပြုပြင်ပြီးပြန်လည်ပြေးဆွဲနိုင်မည့် အခြေအနေကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းကို တိုးချဲ့ရန်ရှိသည့်အခါတွင်ဖြစ်စေ၊ လမ်းကြောင်းပြောင်းလဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားအချိန်စာရင်း ပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားခရီးစဉ် ပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ စနစ်မတူသော ရထားလမ်းယာဉ်များကို ပြောင်းလဲ၍ ပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ ထိုသို့မပြုလုပ်မီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံရမည်။

၄၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၄၂ ပါ အကြောင်းတစ်ရပ်ရပ်အရ ခွင့်ပြုချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာ တင်ပြရန် စီမံရေးအဖွဲ့၊ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိ၊ စစ်ဆေးရေးမှူးနှင့် ကျွမ်းကျင်သည့် အင်ဂျင်နီယာတို့ကို တာဝန်ပေးအပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ တင်ပြသည့် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ရထားလမ်း ခေတ္တပိတ်ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြောင်းလဲ၍ ပြေးဆွဲခြင်း သို့မဟုတ် ပြုပြင်တိုးချဲ့ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၄၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ဖြင့် ရထားလမ်းနှင့် ရထားလမ်းယာဉ်များကို ပြန်လည်အသုံးပြုပြေးဆွဲရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း(၁၀)
## ပို့ဆောင်ရေး လွယ်ကူချောမွေ့ အဆင်ပြေစေရေး

၄၅။ ရထားအဖွဲ့အစည်းသည်-

(က) ခရီးသည်နှင့် ကုန်စည်များကို လက်ခံခြင်း၊ ဆက်လက်ပို့ဆောင်ပေးခြင်း ပြုနိုင်ရေးအတွက် ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကုန်စည်အမျိုးအစားကိုဖြစ်စေ မမျှမတ သို့မဟုတ် မလျော်မကန် ဦးစားပေးခြင်း သော်လည်းကောင်း၊ အခွင့်အရေးပေးခြင်း သို့မဟုတ် ဘက်လိုက်ခြင်း သော်လည်းကောင်း၊ အကျိုးယုတ်စေခြင်း သော်လည်းကောင်း ဖြစ်ပေါ်နိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာမပြုလုပ်ရ။

(ဂ) ရထားအဖွဲ့အစည်းအချင်းချင်း ရထားလမ်း ဆက်စပ်လျက်ရှိလျှင် သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခု၏ လမ်းဆုံးဘူတာသည် အခြားရထားအဖွဲ့အစည်းတစ်ခု၏ ဘူတာနှင့်နှစ်ကီလိုမီတာခန့် ကွာဝေးလျှင် ရထားအဖွဲ့အစည်းတို့သည် ပုဒ်မခွဲ (က)နှင့် (ခ) တို့နှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာ ပို့ဆောင်ပေးရမည်။

(ဃ) တစ်ဘက် ရထားအဖွဲ့အစည်းက ယင်းတို့၏ ကုန်စည်များကို တောက်လျှောက် သယ်ပို့ခနှုန်းဖြင့် တစ်ဘက်နှင့်တစ်ဘက် ကူးပြောင်းသယ်ယူ ပို့ဆောင်ပေးရန် ရှိသည့်အခါ ယင်းကုန်စည်များကို လက်ခံခြင်း၊ ပို့ဆောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင်ပြေချောမောစွာပြုလုပ်နိုင်ရန် ရထားအဖွဲ့အစည်း အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

(င) ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ အဆင်မပြေပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည်။

၄၆။ ရထားအဖွဲ့အစည်းသည် ကုန်စည်များထားသိုရန် ဝန်ဆောင်ခကောက်ခံရာတွင် ဆောက်လုပ်ပေးရသည့် အဆောက်အအုံများအတွက် အမှန်တကယ် ကုန်ကျခဲ့သည့် ကုန်ကျငွေအပေါ်တွင် အခြေမခံဘဲ လက်ရှိလက်ခံထားသည့် ကုန်စည်များအတွက် ကုန်ကျနိုင်သည့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်ငွေကို အခြေခံ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဝန်ဆောင်ခကို ကောက်ခံနိုင်သည်။

## အခန်း(၁၁)
## ရထားဝန်ထမ်းများဆိုင်ရာ အလုပ်ချိန်သတ်မှတ်ချက်များ

၄၇။ ရထားအဖွဲ့အစည်းတွင် လုပ်ငန်းသဘာဝအရ ရထားဝန်ထမ်းများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည်-

(က) ရုံးချိန်အတွင်း တာဝန်ထမ်းဆောင်ရသော ရုံးဝန်ထမ်းများ၊

(ခ) စက်ရုံနှင့် အလုပ်ရုံဝန်ထမ်းများ၊

(ဂ) ရထားခရီးစဉ်ဇယားအလိုက် တာဝန်ထမ်းဆောင်ရသူများ၊

(ဃ) လုပ်ငန်းသဘာဝအရ တာဝန်ထမ်းဆောင်သူများ။

၄၈။ (က) ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) ပါ ဝန်ထမ်းများသည် အလုပ်ရုံများဥပဒေနှင့် ထိုဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရမည်။

(ခ) ပုဒ်မ ၄၇ ၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများကို-

(၁) မည်သည့်လတွင်မဆို တစ်ပတ်လျှင် အလုပ်လုပ်ချိန် နာရီ ၆၀ ထက် ကျော်လွန်ခြင်း မရှိစေရ။

(၂) ရက်သတ္တပတ်တိုင်း တစ်ဆက်တည်း နှစ်ဆယ့်လေးနာရီထက်မနည်း နားချိန် ပေးရမည်။

၄၉။ အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ရစေကာမူ ဝန်ထမ်းတာဝန်ထမ်းဆောင်ရသော အချိန်ကာလတွင် ကိုယ်ကာယအားထုတ်ရမှုနှင့် ဉာဏအားစိုက်ထုတ် ဆောင်ရွက်ရမှုမရှိသော ကာလများ ပါဝင်မှုကြောင့် လုပ်ငန်းသဘာဝအရ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခြင်း မပြုရသူဟု အခွင့်အာဏာပိုင်က သတ်မှတ်သောဝန်ထမ်းများအတွက် အလုပ်လုပ်ချိန်နှင့် အနားယူချိန်ကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) မည်သည့်သီတင်းပတ်တွင်မဆို အလုပ်ချိန် စုစုပေါင်း ၈၄ နာရီထက် ကျော်လွန်ခြင်း မရှိစေရ။

(ခ) တစ်ပတ်အတွင်း တစ်ဆက်တည်း အနားယူခွင့်ကာလကို ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးနိုင်သည်။

၅၀။ ရထားမတော်တဆမှုဖြစ်ပွားခြင်း၊ စက်ခေါင်း၊ တွဲ၊ ယာဉ်နှင့် စက်ကိရိယာများ အရေးတကြီးပြုပြင်မွမ်းမံရခြင်း၊ မမျှော်လင့်သော အရေးပေါ် အခြေအနေဖြစ်ပွားခြင်းတို့ရှိပါက ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့် အလုပ်လုပ်ချိန်ထက် ကျော်လွန်နိုင်သကဲ့သို့ ခွင့်ပြုသည့် အနားယူချိန်ကိုလည်း လျှော့ချနိုင်သည်။

၅၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများအတွက် သင့်တင့်မျှတသော အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ ခံစားနိုင်စေရန် ရထားစင်းရေနှင့် လုပ်ငန်းပမာဏ များပြားမှုကို စစ်ဆေးရေးအဖွဲ့ဖြင့် အခါအားလျော်စွာစိစစ်၍ အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ကို ပြင်ဆင်နိုင်ရန်လည်းကောင်း၊ လိုအပ်ပါက ဝန်ထမ်းဦးရေ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်လည်းကောင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၁၂)

## ရထားအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၂။ ရထားအဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်စည်လက်ခံ သိုလှောင်သိမ်းဆည်းထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ ခရီးသည်ဆိုင်ရာကိစ္စရပ်များ၊ အမြန်နှုန်းသတ်မှတ်ခြင်းနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များအတွက် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

( ခ ) ဤဥပဒေပါ စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ခြင်း။

၅၃။ ရထားအဖွဲ့အစည်းများသည် ရထားပြေးဆွဲရေးအတွက် အသုံးပြုမည့် စက်ခေါင်း၊ တွဲ၊ စက်ရုံ၊ စက်ပစ္စည်း တည်ဆောက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်း တစ်ခုခုနှင့် သဘောတူစာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ရှိသည်။

၅၄။ ရထားအဖွဲ့အစည်းများသည် ရထားလမ်းတစ်ခုခုကို စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်း တစ်ခုခုနှင့် သဘောတူ စာချုပ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၅၅။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်ကို ရေးဆွဲပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထိုသို့ရေးဆွဲရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ညီညွတ်စေရမည်။

၅၆။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ၊ ဝင်ငွေနှင့် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

## အခန်း(၁၃)
## ကုန်စည် သယ်ယူပို့ဆောင်ခြင်း

၅၇။ ကုန်စည်အပ်နှံသူသည်-

(က) မိမိ၏ကုန်စည်အမျိုးအမည်စာရင်းကို စာဖြင့်ရေးသား၍ မိမိအပ်နှံမည့်ဘူတာရှိ သက်ဆိုင်ရာ ဝန်ထမ်းသို့ ပေးအပ်သည့် ကုန်စည်စာရင်းမိတ္တူကို လက်ဝယ်တွင်ထားရှိရမည်။

( ခ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကုန်စည်များ၊ သတ်မှတ်ချက်များနှင့် မညီသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်များ၊ အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာ ကုန်စည်များနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက ဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းကဖြစ်စေ တားမြစ်ထားသည့် ကုန်စည်များကို အပ်နှံခြင်းမပြုရ။

၅၈။ သက်ဆိုင်ရာ ရထားဝန်ထမ်းသည်-

(က) ကုန်စည်လက်ခံခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းများကို ကုန်စည်သယ်ယူပို့ဆောင်မှုဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) ရထားပေါ်ရှိ ပိုင်ရှင်မဲ့ ကုန်စည်များကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်။

၅၉။ ရထားအဖွဲ့အစည်းများသည် ကုန်စည်သယ်ဆောင်ရသည့်အတွက် ရထားတန်ဆာခ၊ ကုန်လှောင်ရုံခ၊ ဝန်ဆောင်ခ၊ ကြန့်ကြာကြေးအတွက် ကုန်ဒဏ်၊ တွဲဒဏ်နှင့် အခြားကုန်ကျ စရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိသည်။

## အခန်း(၁၄)
## ခရီးသည် သယ်ယူပို့ဆောင်ခြင်း

၆၀။ ရထားအဖွဲ့အစည်းများသည်-

(က) ပြေးဆွဲမည့် ရထားအဆင့်အတန်းနှင့် ညီညွတ်သည့်တွဲများ၊ ဝန်ဆောင်မှုများဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရမည်။

( ခ ) ဘူတာများတွင် ခရီးသည်များသိရှိစေရန် ရထားအချိန်စာရင်းများ၊ လက်မှတ်ခနှုန်းထားများ၊ အသိပေးဆိုင်းဘုတ်များ ထားရှိခြင်းနှင့် ကြေညာခြင်းများ ဆောင်ရွက်ရမည်။

( ဂ ) ဘူတာများတွင် ရထားစီးခရီးသည်ပမာဏနှင့် သင့်တင့်လျောက်ပတ်သည့် အများသုံး သန့်ရှင်းသော ရေအိမ်သာများ ထားရှိရမည်။

(ဃ) ကူးစက်တတ်သည့် ရောဂါရှိသော ခရီးသည်ကို အထူးခွင့်ပြုချက်ဖြင့် တာဝန်ရှိ ရထားဝန်ထမ်းက သီးသန့်တွဲတွင် သီးခြားနေရာ ခွဲခြားစီစဉ်ပေးနိုင်သည်။

(င) ရထားခရီးစဉ်အတွင်း ခရီးသည်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

(စ) ရထားစီးခရီးသည် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို လည်းကောင်း ဆောင်ရွက်ရမည်။

၆၁။ ရထားစီးခရီးသည်များသည် ရထားလက်မှတ်နှင့်စပ်လျဉ်း၍ တားမြစ်ချက်များ၊ စည်းကမ်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း(၁၅)
## ရထားအဖွဲ့အစည်းများ၏ ပို့ဆောင်ရေးဆိုင်ရာ တာဝန်များ

၆၂။ ရထားဖြင့် ပို့ဆောင်ပေးရန် ရထားအဖွဲ့အစည်းအား အပ်နှံထားသော ကုန်စည်များ ပျောက်ဆုံးခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ တိရစ္ဆာန်များပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေကြေခြင်းများရှိခဲ့လျှင် ရထားအဖွဲ့အစည်းသည် ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ တည်ဆဲပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၅၁ ၊ ၁၅၂ နှင့် ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ခေတ္တအပ်နှံခြင်းခံရသူ၏ တာဝန်များအတိုင်း ဆောင်ရွက်ရမည်။

၆၃။ ရထားအဖွဲ့အစည်းအား ရထားဖြင့်ပို့ဆောင်ပေးရန် အပ်နှံသောကုန်စည်များ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ နှောင့်နှေးကြန့်ကြာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းတို့အတွက် အထောက်အထားခိုင်လုံစွာဖြင့် လျော်ကြေးတောင်းခံနိုင်သည်။

၆၄။ လက်ဆွဲတန်ဆာ ပြုလုပ်ထားခြင်းမရှိသော ခရီးသည်နှင့်အတူ သယ်ဆောင်လာသည့်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းရှိခဲ့လျှင် ရထားအဖွဲ့အစည်းက ပေးလျော်ရန် တာဝန်မရှိစေရ။

၆၅။ အဖိုးတန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ နှုန်းထားကောက်ခံခြင်း၊ ပျက်စီးမှု၊ ပျောက်ဆုံးမှုအတွက် လျော်ကြေးတောင်းခံခြင်းဆိုင်ရာ ကိစ္စများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၆၆။ ကုန်စည်များကို ရထားဖြင့် ပို့ဆောင်ရာတွင် ကျသင့်သည့် တန်ဆာခထက် ပိုမိုကောက်ခံခဲ့သည့် ငွေကိုလည်းကောင်း၊ ပို့ဆောင်ရန်အပ်နှံသည့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်းနှင့် ယိုယွင်းပျက်စီးခြင်းတို့အတွက် လျော်ကြေးငွေကိုလည်းကောင်း တောင်းခံလိုသူသည် အပ်နှံသည့်နေ့မှ ခြောက်လအတွင်း ရထားအဖွဲ့အစည်းထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှ တစ်ဆင့်ဖြစ်စေ စာဖြင့် တရားဝင်ရေးသားတောင်းဆိုမှသာ ပြန်အမ်းငွေ သို့မဟုတ် လျော်ကြေးငွေကို ရထိုက်ခွင့်ရှိသည်။

၆၇။ ကုန်စည် အမျိုးအမည်စာရင်းများကို တမင်မမှန်မကန် ဖော်ပြပေးအပ်ခဲ့လျှင် ထိုကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းတို့အတွက် ရထားအဖွဲ့အစည်း၌ လျော်ကြေး ပေးရန် တာဝန်မရှိစေရ။

၆၈။ ရထားအဖွဲ့အစည်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများအကြား ခရီးသည်နှင့် ကုန်စည်များကို ခရီးစဉ်အစမှအဆုံးထိ ပို့ဆောင်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ခရီးသည်များ သေဆုံးဒဏ်ရာရမှု၊ ကုန်စည်များ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှု၊ ယိုယွင်းပျက်စီးမှုများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအပေါ်တွင် နည်းလမ်းတကျ တောင်းခံနိုင်ခွင့်ရှိသည်။

၆၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရထားအဖွဲ့အစည်း တစ်ခုခုသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတောအတွင်း အောက်ပါ အခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှား ပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့က မလျော်မကန်ပေါ့ဆစွာ ကုန်စည် ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည် တင်မှု၊ ကုန်စည်ချမှု၊ သိုလှောင် ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုး ပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု သို့မဟုတ် ကုန်စည်၏ ပင်ကိုယ် သဘာဝ ချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နား ထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ ပေါ်ပေါက်မှု။

## အခန်း(၁၆)
## မတော်တဆ ဖြစ်ပွားမှုများ

၇၀။ (က) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် မတော်တဆမှုအဖြစ် သတ်မှတ်ထားသော ဖြစ်ရပ် တစ်ခုခုဖြစ်ပွားလျှင် ရထားမှတာဝန်ရှိသူသည် အနီးဆုံးဘူတာရုံပိုင်ထံသို့ ချက်ချင်း သတင်းပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် မတော်တဆမှု သတင်းရရှိသည့်အခါ ရထား မတော်တဆဖြစ်ပွားမှု အခြေအနေများကို ဝန်ကြီးဌာနနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း သတင်းပေးပို့ အစီရင်ခံရမည်။

၇၁။ မတော်တဆမှုနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားတွင် မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးက ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအတွက် လျော်ကြေးပေးရန်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရမည်။

(ခ) ရထားအဖွဲ့အစည်းတစ်ခုခု၏ မတော်တဆမှုကြောင့် အခြားရထားအဖွဲ့အစည်းပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးလျှင် ယင်းပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသော သက်ဆိုင်ရာ ရထားအဖွဲ့အစည်းကို သတ်မှတ်ချက်နှင့်အညီ ဆုံးဖြတ်သည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအတိုင်း ပေးလျော်စေရမည်။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်

၇၃။ မည်သူမျှ-

(က) လူစီးရထားတွဲ ပေါ်တွင် တန်ဆာမဲ့ကုန်စည်များ တင်ဆောင်ခြင်းမပြုရ။

(ခ) လူစီးရထားတွဲပေါ်တွင် ကုန်စည်များကို တန်ဆာမဲ့တင်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လူစီးရထားတွဲအနီး၌ဖြစ်စေ၊ ဘူတာရုံ၊ ဘူတာဥပစာနှင့် ဘူတာရပ်ဝန်းအတွင်း၌ဖြစ်စေ ကုန်စည်များ စုပုံထားရှိခြင်းမပြုရ။

(ဂ) အမှန်ကျသင့်သည့် တန်ဆာခထက် လျော့နည်းပေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်ကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

(ဃ) သီးသန့်တွဲ သို့မဟုတ် ခရီးသည် အပြည့်ရှိနေသည့် လူစီးတွဲအတွင်းသို့ ဝင်ရောက်ခြင်း မပြုရ သို့မဟုတ် ထိုသို့ ဝင်ရောက်သည့်အတွက် ထွက်သွားခိုင်းသည်ကို ငြင်းဆန်ခြင်း မပြုရ။

(င) ဘူတာရုံ၊ ဘူတာဥပစာ၊ ဘူတာရပ်ဝန်း၊ ရထား၊ ရထားလမ်းယာဉ်တို့တွင်လည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အများပြည်သူသိရှိရန်အတွက် လည်းကောင်း၊ ရေးသားထားခြင်း၊ ကပ်ထားခြင်း၊ စိုက်ထူထားခြင်းများ ပြုလုပ်ထားသည့်

အရာများအား တမင်ပျက်ယွင်းစေခြင်း၊ ရေးသားချက်များကို ဖျက်ခြင်း၊ ပြင်ခြင်း သို့မဟုတ် ဆွဲဖြုတ်ဖယ်ရှားခြင်းမပြုရ။

(စ) တာဝန်ရှိရထားဝန်ထမ်းက ကူးစက်ရောဂါရှိသူများအတွက် သီးခြားနေရာချထားပေးခြင်းကို လိုက်နာမှုမရှိဘဲ ရထားစီးနင်းခြင်းမပြုရ။

(ဆ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းခြင်း၊ နေထိုင်ခြင်းမပြုရ။

(ဇ) ရထားလက်မှတ်မပါဘဲသော်လည်းကောင်း၊ ရထားလက်မှတ်ပါ ခရီးစဉ်ထက် ကျော်လွန်စီးနင်းခြင်း သော်လည်းကောင်း၊ ရထားလက်မှတ်ပါ အတန်းအစား သတ်မှတ်ချက်ထက်မြင့်သော အတန်းအစားတွင် သွားရောက်စီးနင်းခြင်းသော်လည်းကောင်းမပြုရ။

(ဈ) ရထားလက်မှတ်ပေါ်တွင် ဖော်ပြထားသည့် သုံးစွဲခွင့်ရှိသည့်ကာလ၊ ရက်စွဲ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဘူတာဖော်ပြချက်၊ လူဦးရေနှင့် စာသားတို့ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ပစ်ခြင်းမပြုရ။

(ည) ခရီးတစ်ခုအတွက် ရောင်းချထားသော ရထားလက်မှတ်ကိုဖြစ်စေ၊ အသွားအပြန်ရထားလက်မှတ်ကိုဖြစ်စေ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ ယင်းသို့ဆောင်ရွက်ရန် အားထုတ်ခြင်းမပြုရ။

(ဋ) တာဝန်ရှိ ရထားဝန်ထမ်းက ရထားစီး ခရီးသည်အား ရထားလက်မှတ်ပြသရန် တောင်းခံသည့်အခါ ပြသရန် ပျက်ကွက်ခြင်း မရှိစေရ။

၇၄။ မည်သည့် တိရစ္ဆာန်များ၏ ပိုင်ရှင် သို့မဟုတ် ကြီးကြပ်သူမျှ တိရစ္ဆာန်များမဝင်ရန် သင့်လျော်သောအကာအရံ သို့မဟုတ် ခြံစည်းရိုးကာရံထားသော ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကိုမောင်းနှင်ခြင်း၊ ကျော်နင်းဝင်ရောက်စေခြင်း သို့မဟုတ် လွှတ်ကျောင်းခြင်းမပြုရ။

၇၅။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၃ နှင့် ၇၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) မှ (ဂ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက ထိုသူကို ကုန်တင်တန်ဆာခ၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဃ) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ ထိ ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဓ) မှ (ဋ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်သောဒဏ်ငွေ တပ်ရိုက်ခြင်း၊

(ဃ) ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်သူအား တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထို့ပြင် ရထားမောင်းနှင်လာစဉ် ဘေးအန္တရာယ်ဖြစ်စေရန် ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကို တမင်မောင်းသွင်းလျှင် သို့မဟုတ် ထိုသို့ဝင်ရောက်ရန် သိလျက်နှင့် ခွင့်ပြုလျှင် ထိုသူကို တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်း။

၇၆။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၇၅ အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်အဖြစ် ဒဏ်ငွေချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ သတ်မှတ်ထားသော ပုံစံနှင့်အတူ ဆောလျင်စွာ အစီရင်ခံရမည်။

(ခ) ချမှတ်ထားသော ဒဏ်ငွေများကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ ငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ဆောလျင်စွာ ပေးသွင်းရမည်။

၇၇။ (က) ပုဒ်မ ၇၅ အရ တပ်ရိုက်သော စီမံခန့်ခွဲရေးဒဏ်ငွေကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၇၈။ (က) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၁၈)
## တားမြစ်ချက်များ

၇၉။ မည်သူမျှ ရထား၊ ရထားစီး ခရီးသည် သို့မဟုတ် ရထားပေါ်ရှိ တာဝန်ရှိသူတစ်ဦးဦးနှင့် ရထားပေါ်ရှိ ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ရထားလမ်းပေါ်သို့ သစ်တုံး၊ ကျောက်ခဲ သို့မဟုတ် အခြားပစ္စည်း တစ်စုံတစ်ရာကို တင်ထားခြင်း၊ ပစ်ချထားခြင်း၊

(ခ) ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် အခြားတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ဂ) ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းလွှဲများနှင့် ရထားစက်ကိရိယာများကို လှည့်ခြင်း၊ ရွှေ့လျားစေခြင်း၊ ထိန်းချုပ်မှု ပျက်စီးစေခြင်း၊ လွှဲပြောင်းခြင်း၊

(င) ရထားလမ်း အချက်ပြများကို မမှန်မကန် ပြုလုပ်ခြင်း၊ ဖုံးကွယ်ထားခြင်း၊ ဖယ်ရှား ပစ်ခြင်းနှင့် မမှန်မကန် အချက်ပြခြင်း၊

(စ) ရထားလမ်းကို ချို့ယွင်းပျက်စီးစေသော အခြားမည်သည့် ပြုလုပ်မှုကိုမဆို ပြုလုပ်ခြင်း၊ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊

၈၀။ မည်သူမျှ-

(က) ရထားမောင်းနှင်နေစဉ်တွင် သော်လည်းကောင်း၊ ရပ်နေစဉ်တွင် သော်လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ် ခြင်း၊ မဆင်မခြင် သို့မဟုတ် ပေါ့ဆစွာပြုလုပ်ခြင်းတို့ အပါအဝင် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ရ။

(ခ) ရထားပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်ကို ခွင့်ပြုချက်မရှိဘဲ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်းမပြုရ။

၈၁။ မည်သူမျှ-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းကိုဖြစ်စေ ဗဟိုကြီးကြပ်ရေး အဖွဲ့က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင် ရရှိသော်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရထား လမ်းကို ဖွင့်လှစ်ခြင်းမပြုရ။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် ပိတ်ထားသောရထားလမ်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ဖွင့်လှစ်ခြင်းမပြုရ။

၈၂။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ-

(က) တာဝန်ချိန်အတွင်း အရက်သေစာ သောက်စားခြင်း၊ ရထားစီးခရီးသည်ကို စိတ်ပြိုငြင်စေရန် သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေရန် မဆင်မခြင် သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

(ခ) ကုန်တွဲတွင် သတ်မှတ်ထားသည့် ဝန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(ဂ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားဖြတ်သန်းချိန် မတိုင်မီဂိတ်ကို ကောင်းမွန်စွာပိတ်ခြင်းနှင့် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ရထား မတော်တဆဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၀ အရ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ချက်ချင်းသတင်းပေးပို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(င) ရထားပေါ်တွင် အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာဖြစ်သော ကုန်စည်များကို သယ်ဆောင်ခြင်း မပြုရ။

(စ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရထားပေါ်နှင့် ဘူတာရုံများတွင် လိုအပ်သည့် ရထားခန္မန်းကြော်ငြာ၊ နှုန်းထားကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်နှင့် စာအုပ်စာတမ်းများထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဆ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဇ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို မမှန်မကန် ပြုစုပြီး တင်ပြခြင်း မပြုရ။

၈၃။ မည်သူမျှ-

(က) ရထားပေါ်တွင် ပါရှိသော အရေးပေါ်ကိရိယာကို ခိုင်လုံသောအကြောင်းမရှိဘဲ အသုံး မပြုရ။

(ခ) ရထားရှိ ဆက်သွယ်ရေးစနစ်နှင့် ပစ္စည်းကိရိယာကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

(ဂ) ရထား စတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း သို့မဟုတ် ရထားမရပ်မီ ခုန်ဆင်းခြင်း မပြုရ။

(ဃ) ရထား အမိုး၊ အကာ၊ ခြေနင်း၊ တွဲများအကြားနှင့် သတ်မှတ်ခွင့်ပြုချက်မရှိသော နေရာများပေါ်တွင် စီးနင်းလိုက်ပါခြင်းမပြုရ။

(င) ရထားပေါ်တွင် အခြားသူကိုစိတ်ပြိုငြင်စေရန် ပြုမူပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုရ။

(စ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းစားသူ၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းသူ သို့မဟုတ် နေထိုင်သူအားထွက်ခွာသွားရန် တာဝန်ရှိရထားဝန်ထမ်းက ညွှန်ကြားသည်ကို ငြင်းဆန်ခြင်းမပြုရ။

(ဆ) တာဝန်ရှိ ရထားဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

(ဇ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားလာသည့်အခါ ဂိတ်ပိတ်ထားသည်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်ခြင်း၊ ဖြတ်သန်းခြင်း၊ ရထားဖြတ်သန်းပြီးသည့်အခါ ဂိတ်ဖွင့်ထားသည်ကို ပိတ်ခြင်းမပြုရ။

(ဈ) ဆေးလိပ်သောက်ခွင့်မရှိသော ဘူတာနေရာများ၊ တွဲများပေါ်တွင် ဆေးလိပ်သောက်ခြင်း မပြုရ။

## အခန်း (၁၉)
## ပြစ်ဒဏ်များ

၈၄။ မည်သူမဆို ပုဒ်မ ၇၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၈၆။ မည်သူမဆို-

(က) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို-

(က) ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၂ ၊ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို-

(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) မှ (ဇ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဈ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

## **အခန်း(၂၀)**

## **အထွေထွေ**

၈၉။ ရထားလမ်းတစ်လျှောက် ရထားလမ်းနယ် သတ်မှတ်ချက်မှာ-

(က) ရထားလမ်းဖို့ မြေတာဘောင်၏ ဝဲ၊ ယာ အစွန်ဆုံးအခြေမှ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ခ) တူးမြေဖြစ်ပါက တူးမြေထိပ်မှ တစ်ဘက်တစ်ချက်သို့ အနည်းဆုံးအကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ဂ) သီးခြားသတ်မှတ်ထားသော ရထားလမ်းတစ်လျှောက်တွင် ဝဲ၊ ယာ အစွန်ဆုံး ရထားသံလမ်းမှ အနည်းဆုံးအကွာအဝေးသည် ၅၀ ပေ ဖြစ်သည်။

၉၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် စီမံရေးအဖွဲ့ကဖြစ်စေ၊ ရဟန်းအဖွဲ့အစည်းကဖြစ်စေ၊ ဤဥပဒေအရ ရရန်ရှိသော လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဝန်ဆောင်ခ၊ ဒဏ်ငွေနှင့် အခြား အခကြေးငွေတို့ကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက် နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၉၁။ လက်မှတ်ခဲ့၊ တန်ဆာခဲ့ ဒဏ်ကြေးများ အပေါ်တွင် ဆုကြေးများနှင့်စပ်လျဉ်း၍-

(က) မြန်မာ့မီးရထားတွင် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

(ခ) ရထားကုမ္ပဏီတွင် ရထားကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

၉၂။ (က) မြန်မာ့မီးရထား ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သေဆုံးခြင်း သို့မဟုတ် အငြိမ်းစား ယူခြင်းတို့ ဖြစ်ပေါ်သည့်အခါ ထိုရထားဝန်ထမ်းအား တရားဝင် နေထိုင်ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းကိုလည်းကောင်း၊ ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကိုလည်းကောင်း ခွင့်ပြုထုတ်ပေးသည့် ဌာနသို့ သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံရမည်။

(ခ) မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အပြင် နေထိုင် ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းမှ ဖယ်ရှားထွက်ခွာရန် ငြင်းဆန်သော မြန်မာ့မီးရထားဝန်ထမ်းနှင့် ယင်း၏ မိသားစုအား မြန်မာ့မီးရထား အိမ်ရာစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖယ်ရှားနှင်ထုတ်ပိုင်ခွင့်ရှိသည်။

၉၃။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၄။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စီမံရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သောချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကိုခံစားခွင့်ရှိသည်။

၉၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

၉၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စီမံရေးအဖွဲ့ဝင်များနှင့် ရထားအဖွဲ့အစည်းများ၏ ရထားဝန်ထမ်းများသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၉၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိက ရထားကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်၍ ရထားပို့ဆောင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်း မပြုသေးမီကာလတွင် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့အား တာဝန်ပေးနိုင်သည်။

၉၈။ The Railways Act, (India Act IX of 1890) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၉၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ့မီးရထားတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၀။ The Railways Act, (India Act IX of 1890) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

**အမည်**

၁။ ဤဥပဒေကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

**သက်ဆိုင်ခြင်း**

၂။ (က) ပုဒ်မခွဲ (ခ) ကို အထောက်အထားပြု၍ အနုညာတသဘောတူညီချက်တစ်ရပ်ကို နိုင်ငံတော်တွင် ပြုလုပ်သည်ဖြစ်စေ၊ အခြားနိုင်ငံတွင် ပြုလုပ်သည်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို တရားဝင်ဆောင်ရွက်သည့်နေရာသည် နိုင်ငံတော်တွင်ဖြစ်သည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

( ခ ) အနုညာတစီရင်ဆုံးဖြတ်သည့်နေရာသည် နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်ခုခုတွင် ဖြစ်ပါက သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာကို သတ်မှတ်ထားခြင်း သို့မဟုတ် ဆုံးဖြတ်ထားခြင်းမရှိပါက ပုဒ်မ ၁၀၊ ၁၁၊ ၃၀၊ ၃၁ နှင့် အခန်း (၁၀) တို့နှင့် သက်ဆိုင်စေရမည်။

( ဂ ) နိုင်ငံတော်၏ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း ကန့်သတ်ထားပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ ဥပဒေအပေါ် သက်ရောက်မှုမရှိစေရ။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အနုညာတသဘောတူညီချက်** ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရ မဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှု အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများကစာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်။

(ဂ) **အနုညာတစီရင်ဆုံးဖြတ်ခြင်း** ဆိုသည်မှာ အငြင်းပွားမှုကို ခုံသမာဓိတစ်ဦးတည်းဖြင့် ဖြစ်စေ၊ ခုံသမာဓိအဖွဲ့ဖြင့်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် စီရင်ဆုံးဖြတ်ခြင်း ကိုဆိုသည်။

(ဃ) **ခုံသမာဓိ** ဆိုသည်မှာ အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဆုံးဖြတ်ရန် အငြင်းပွားသူများက သဘောတူရွေးချယ်ခန့်အပ်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကို ဆိုသည်။

(င) **အနုညာတဆုံးဖြတ်ချက်** ဆိုသည်မှာ အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ်ဆုံးဖြတ်ချက်လည်း ပါဝင်သည်။

(စ) **အနုညာတခုံရုံး** ဆိုသည်မှာ တစ်ဦးတည်းသော ခုံသမာဓိ သို့မဟုတ် ခုံသမာဓိအဖွဲ့ကို ဆိုသည်။

(ဆ) **တရားရုံး** ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်း နှင့်စပ်လျဉ်းသည့် အငြင်းပွားပြဿနာကို တရားမမှု၏ အမှုဖြစ်အကြောင်းခြင်းရာများကဲ့သို့ ဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်ရှိသည့် တရားမ မူလစီရင်ပိုင်ခွင့်အာဏာရခရိုင်တရားရုံး သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကိုဆိုသည်။

(ဇ) **ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်း** ဆိုသည်မှာ နိုင်ငံတကာ အနုညာတစီရင် ဆုံးဖြတ်ခြင်း မဟုတ်သည့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းကိုဆိုသည်။

(ဈ) **နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်း** ဆိုသည်မှာ -

(၁) အနုညာတသဘောတူညီချက်ကို ပြုလုပ်စဉ်အခါက ထိုသဘောတူညီချက်တွင် ပါဝင်သူ တစ်ဦးဦး၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းသည် မြန်မာနိုင်ငံမှ တစ်ပါး အခြားနိုင်ငံတစ်ခုခု၌ တည်ရှိပါက

သို့မဟုတ်

(၂) အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသောနေရာ သို့မဟုတ် အနုညာတသဘောတူညီချက်နှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ခြင်း ပြုလုပ်မည့် နေရာသည် သဘောတူညီချက်တွင် ပါဝင်သူတို့၏ စီးပွားရေးလုပ်ငန်း တည်ရှိရာ နိုင်ငံ၏ပြင်ပတွင် တည်ရှိပါက

သို့မဟုတ်

(၃) ကူးသန်းရောင်းဝယ် ဆက်ဆံမှုပြုသည့် လုပ်ငန်းတာဝန်များအနက် အဓိကတာဝန် တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်နေရာ သို့မဟုတ် အငြင်းပွားသည့် အကြောင်းခြင်းရာနှင့် အနီးကပ်ဆုံး ဆက်စပ်နေသည့်နေရာသည် သဘောတူညီချက်တွင် ပါဝင်သူတို့၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနိုင်ငံ၏ပြင်ပတွင် တည်ရှိပါက

သို့မဟုတ်

(၄) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာသည် တစ်နိုင်ငံထက်ပိုသော နိုင်ငံများနှင့်ဆက်စပ်နေကြောင်း အနုညာတ သဘောတူညီချက်တွင် ပါဝင်သူများက အတိအလင်းသဘောတူညီကြခြင်းဖြစ်ပါက- အဆိုပါအနုညာတစီရင်ဆုံးဖြတ်ခြင်းသည် နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုဆိုသည်။

**ရှင်းလင်းချက်။**

(၁) အငြင်းပွားသူတစ်ဦး၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာသည် တစ်ခုထက် ပို၍ရှိနေလျှင် အနုညာတသဘောတူညီချက် ပြုလုပ်သည့်နေရာနှင့် အနီးကပ်ဆုံး ဆက်စပ်သည့်နေရာသည် အငြင်းပွားသူ၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာ ဖြစ်သည်။

(၂) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာ မရှိပါက ၎င်းအမြဲ နေထိုင်ရာနေရာသည် အငြင်းပွားသူ၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာဖြစ်သည်။

(ည) **နယူးယောက်ကွန်ဗင်းရှင်း** ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ သံတမန်ညီလာခံက ၁၀-၆-၁၉၅၈ ရက်နေ့တွင် နယူးယောက်မြို့၌ ချမှတ်ခဲ့သော နိုင်ငံခြားအနုညာတဆုံးဖြတ်ချက် များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကိုဆိုသည်။

(ဋ) **နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်** ဆိုသည်မှာ နိုင်ငံတော်မှအပ နယူးယောက် ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေဒေသအတွင်း အနုညာတသဘောတူညီချက် အရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်ကိုဆိုသည်။

(ဌ) **အနုညာတစီရင်ဆုံးဖြတ်သည့်နေရာ** ဆိုသည်မှာ အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများကဖြစ်စေ၊ အငြင်းပွားသူများက အာဏာအပ်နှင်းထားသည့် ပုဂ္ဂိုလ်က ဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ သို့မဟုတ် အနုညာတအဖွဲ့အစည်းကဖြစ်စေ သတ်မှတ် ထားသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များကို တရားဝင်ဆောင်ရွက်သည့် နေရာကိုဆိုသည်။

(ဍ) **အငြင်းပွားသူ** ဆိုသည်မှာ အနုညာတသဘောတူညီချက်တွင် ပါဝင်ချုပ်ဆိုထားသည့် စာချုပ်ဝင်ကို ဆိုသည်။

(ဎ) **တရားဝင်ကိုယ်စားလှယ်** ဆိုသည်မှာ ကွယ်လွန်သူ၏ပစ္စည်းများအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကိုဆိုသည်။ ယင်းစကားရပ်တွင် ကွယ်လွန်သူ၏ ပစ္စည်းတွင်ကြားဝင် ဆောင်ရွက်သူ ပါဝင်သည့်အပြင် အငြင်းပွားသူတစ်ဦးက

ကိုယ်စားပြုဆောင်ရွက်သည့်အခါ ယင်းအငြင်းပွားသူ ကွယ်လွန်လျှင် ပစ္စည်းကိုဆက်ခံရရှိမည့်သူလည်း ပါဝင်သည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် နိုင်ငံတကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုတို့ကို မျှတစွာနှင့်ထိရောက်စွာ ဖြေရှင်းနိုင်ရန်၊

(ခ) အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန်၊

(ဂ) အငြင်းပွားမှု ပြဿနာများကို အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန်။

## အခန်း (၃)

## ယေဘုယျပြဋ္ဌာန်းချက်များ

**စာဖြင့်အကြောင်းကြားမှုကို လက်ခံခြင်း**

၅။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် -

(၁) လိပ်စာရှင်ကိုယ်တိုင်ထံဖြစ်စေ၊ လိပ်စာရှင်၏ လုပ်ငန်းတည်ရှိသည့်နေရာသို့ ဖြစ်စေ၊ အမြဲနေထိုင်သည့်နေရာ သို့မဟုတ် စာတိုက်လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာ ပေးပို့လျှင် ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) သင့်လျော်သောစုံစမ်းမှု ပြုလုပ်ပြီးနောက် ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် နေရာများထဲမှ မည်သည့်နေရာတစ်ခုကိုမျှ ရှာဖွေမတွေ့ရှိနိုင်လျှင် မှတ်ပုံတင်စာဖြင့် သို့မဟုတ် ပေးပို့ကြောင်း အထောက်အထားမှတ်တမ်းဖြစ်စေမည့် အခြားနည်းလမ်းဖြင့် နောက်ဆုံးသိရှိရသော လိပ်စာရှင်၏ လုပ်ငန်းတည်ရှိသည့် နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်သည့် နေရာသို့ဖြစ်စေ၊ စာတိုက်လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာပေးပို့လျှင် ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) သည် တရားရုံးရှိ မှုခင်းဆောင်ရွက်ချက်နှင့်စပ်လျဉ်းသည့် စာဖြင့်အကြောင်းကြားမှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ကန့်ကွက်ခြင်းနှင့်ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခြင်း**

၆။ (က) အငြင်းပွားသူတစ်ဦးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်ဆောင်ရွက်နေစဉ် သို့မဟုတ် ဆက်လက်ဆောင်ရွက်နေစဉ် အောက်ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ ချက်ချင်းကန့်ကွက်ရမည် သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရဖြစ်စေ၊ အနုညာတသဘောတူညီချက်အရဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ ကန့်ကွက်ရန် စည်းကမ်းသတ်ကာလကို သတ်မှတ်ထားလျှင် ထိုကာလအတွင်း ကန့်ကွက်ရမည်-

(၁) အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိခြင်း၊

(၂) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို နည်းလမ်းတကျ ဆောင်ရွက်ခဲ့မှုမရှိခြင်း၊

(၃) အနုညာတသဘောတူညီချက် သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၄) နည်းလမ်းတကျ ဆောင်ရွက်မှုမရှိခြင်းကြောင့် အနုညာတခုံရုံး သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ထိခိုက်စေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ကန့်ကွက်ခြင်းမပြုဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင် ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တရားရုံးကကြားဝင်ဆောင်ရွက်ခြင်းကိုကန့်သတ်ခြင်း**

၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ဆောင်ရွက်ရမည့်အကြောင်းကိစ္စများ၌ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ ကြားဝင်ဆောင်ရွက်ခြင်း မရှိစေရ။

**စီမံခန့်ခွဲရေးဆိုင်ရာအကူအညီရယူခြင်း**

၈။ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင်လွယ်ကူစေရန် အငြင်းပွားသူများသည် သို့မဟုတ် အငြင်းပွားသူများ၏ သဘောတူညီချက်အရ အနုညာတခုံရုံးသည် သင့်လျော်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှ စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီရရှိစေရန် စီစဉ်ဆောင်ရွက်နိုင်သည်။

## အခန်း (၄)

## အနုညာတသဘောတူညီချက်

၉။ (က) အနုညာတသဘောတူညီချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် စာဖြင့်ရေးသားထားသော သဘောတူညီချက်ဆိုရာတွင် -

(၁) အနုညာတသဘောတူညီချက်တစ်ရပ်တွင် အငြင်းပွားသူများက လက်မှတ်ရေးထိုးထားလျှင် ထိုသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ချက်ပါ သတင်းအချက်အလက်ကို နောက်ဆက်တွဲ အကိုးအကားအဖြစ်အသုံးပြုနိုင်လျှင် အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်သော အနုညာတသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(၃) တောင်းဆိုလွှာတွင် အငြင်းပွားသူတစ်ဦးက အနုညာတသဘောတူညီချက်ရှိကြောင်း အဆိုပြု၍ ချေပလွှာတွင် တစ်ဘက်အငြင်းပွားသူကငြင်းဆိုခြင်းမရှိသော ဖော်ပြချက်များ ပါရှိလျှင် ထိုအနုညာတသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အနုညာတသဘောတူညီချက်ကို ပဋိညာဉ်တွင်ပါရှိသည့် အနုညာတသဘောတူညီချက် စာပိုဒ်ပုံစံနှင့်ဖြစ်စေ၊ သီးခြားသဘောတူညီချက်ပုံစံနှင့်ဖြစ်စေ ဖော်ပြနိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်အတွက် လွှဲအပ်ခြင်းနှင့်တရားရုံးရှိအမှုကို ဆိုင်းငံ့ခြင်း**

၁၀။ (က) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက် တစ်စုံတစ်ရာ စတင်တင်သွင်းသည့် အချိန်ထက် နောက်မကျစေဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် တရားရုံးသည် အနုညာတသဘောတူညီချက် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူများအား အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲအပ်ပြီးနောက် တရားရုံးတွင် အငြင်းပွားပြဿနာသည် မပြီးမပြတ် ရှိစေကာမူ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စတင်ဆောင်ရွက်နိုင်သည် သို့မဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခြင်းကိုငြင်းပယ်ပါက တရားစွဲဆိုဆောင်ရွက်မှုမပြုလုပ်မီက အနုညာတသဘောတူညီချက်ပါ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ ချမှတ်သည့် မည်သည့်ဆုံးဖြတ်ချက်ကမျှ တရားစွဲဆိုဆောင်ရွက်မှု၌ အကျိုးသက်ရောက်မှုမရှိစေရ။

(ဃ) တရားရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခဲ့ပါက တရားရုံးရှိ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ရမည်။

( င) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်သည့် တရားရုံး၏ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခွင့် မရှိစေရ။

(စ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခြင်းကို ငြင်းဆိုသည့် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင်တရားရုံး၏ပါဝင်ဆောင်ရွက်ခွင့်အာဏာများ**

၁၁။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါကိစ္စရပ်များကို အငြင်းပွားသူတစ်ဦးသည် တရားရုံးသို့ လျှောက်ထားလာပါက တရားရုံးသည် မိမိရုံးရှိအမှုကဲ့သို့ အမိန့်ချမှတ်ခွင့်အာဏာ ရှိစေရမည် -

(၁) သက်သေခံချက်များကိုရယူခြင်း၊

(၂) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားမှုတစ်ရပ်ရပ် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုတစ်ရပ်ရပ်နှင့် ဆက်နွယ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း၊

(၄) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို စစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းရယူခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်သိမ်းဆည်းခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ရန် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်သည့် အငြင်းပွားသူတစ်ဦးဦး ပိုင်ဆိုင်သော သို့မဟုတ် ထိုသူ၏ ထိန်းသိမ်းမှုအောက်၌ ရှိသော ဥပစာတစ်ခုခုအတွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်း၊

(၇) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါအဓိကကျသည့်အငြင်းပွားပစ္စည်း တစ်ခုခုကိုရောင်းချခြင်း၊

(၈) ယာယီတားဝရမ်း ထုတ်ဆင့်ခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်ထားခြင်း။

(ခ) အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ကြားဖြတ်ဆောင်ရွက်ရန်ကိစ္စသည် အဆောတလျင် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အငြင်းပွားသူတစ်ဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သက်သေခံချက်များ သို့မဟုတ် စပ်ဆိုင်သည့်ပစ္စည်းများကို ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ယူဆသည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ကြားဖြတ်ဆောင်ရွက်ရန်ကိစ္စသည် အဆောတလျင် ဆောင်ရွက်ရမည့်ကိစ္စ မဟုတ်ပါက တစ်ဘက်အငြင်းပွားသူများနှင့် အနုညာတခုံရုံးတို့ထံ အကြောင်းကြားစာပေးပို့ပြီး အနုညာတခုံရုံး၏ ခွင့်ပြုချက်အရဖြစ်စေ၊ တစ်ဘက်အငြင်းပွား

သူများ၏ စာဖြင့်ရေးသား သဘောတူညီချက်အရဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်သည့် အငြင်းပွားသူတစ်ဦး၏ လျှောက်ထားချက်အရ တရားရုံးသည် အဆိုပါ ကိစ္စကို ဆောင်ရွက်ရမည်။

(ဃ) အငြင်းပွားသူများက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတအဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ လုပ်ပိုင်ခွင့်မရှိသော ကိစ္စရပ်များ သို့မဟုတ် ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စရပ်များကိုသာ တရားရုံးကဆောင်ရွက်ရမည်။

(င) ဤပုဒ်မအရချမှတ်သော တရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နိုင်သည်။

(စ) အငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်အာဏာရှိသော အနုညာတ ခုံရုံးသည် ပုဒ်မခွဲ (က) အရ တရားရုံးက ချမှတ်ထားသော အမိန့်နှင့်ဆက်စပ်နေသည့် အမိန့်ကို ချမှတ်သည့်အခါ တရားရုံး၏ အမိန့်တစ်ရပ်လုံး သို့မဟုတ် အမိန့်၏ တစ်စိတ် တစ်ပိုင်းသည် ရပ်စဲစေရမည်။

## အခန်း (၅)

## အနုညာတခုံရုံး ဖွဲ့စည်းခြင်း

**ခုံသမာဓိဦးရေ**

၁၂။ (က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကို လွတ်လပ်စွာသတ်မှတ်နိုင်သည်။ သို့ရာတွင် ခုံသမာဓိဦးရေမှာ တစ်ဦးထက်ပိုလျှင် စုံဂဏန်းမဖြစ်စေရ။

(ခ) ပုဒ်မခွဲ(က) တွင် ဖော်ပြသည့်အတိုင်း ခုံသမာဓိဦးရေကို သတ်မှတ်နိုင်ခြင်းမရှိလျှင် တစ်ဦး တည်းသော ခုံသမာဓိဖြင့် ဆောင်ရွက်ရမည်။

**ခုံသမာဓိများ ခန့်ထားခြင်း**

၁၃။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် မည်သည့် နိုင်ငံသား မဆို ခုံသမာဓိအဖြစ် ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိ တစ်ဦး သို့မဟုတ် ခုံသမာဓိများကိုခန့်ထားရန် နည်းလမ်းအား လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

(ဂ) အငြင်းပွားသူများက ခုံသမာဓိခန့်ထားရန် နည်းလမ်းကို သဘောတူသတ်မှတ်ထားလျှင် အဆိုပါ နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။ အငြင်းပွားသူတစ်ဦးဦးက ပျက်ကွက်လျှင် ဖြစ်စေ၊ အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသောခုံသမာဓိနှစ်ဦးက တတိယခုံသမာဓိ ခန့်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယုံမှတ်အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ရန်ပျက်ကွက်ပြီး အနုညာတသဘောတူညီချက်တွင် ခုံသမာဓိ ခန့်ထားရန် အခြားနည်းလမ်းကိုလည်း ဖော်ပြထားခြင်းမရှိလျှင်ဖြစ်စေ အငြင်းပွားသူ

တစ်ဦးသည် ခုံသမာဓိခန့်ထားပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ် သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း ခုံသမာဓိကို နှစ်ဘက်သဘောတူ သတ်မှတ်နိုင်ခြင်း မရှိလျှင်-

(၁) ခုံသမာဓိ သုံးဦးပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူတစ်ဦးစီက ခုံသမာဓိတစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ ခန့်ထားခံရသော ခုံသမာဓိ နှစ်ဦးသည် တတိယခုံသမာဓိ တစ်ဦးကိုခန့်ထားရမည်။ တတိယ ခုံသမာဓိသည် ခုံသမာဓိ နာယက အဖြစ်ဆောင်ရွက်ရမည်။ အငြင်းပွားသူတစ်ဦးသည် တစ်ဘက် အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိ နှစ်ဦးသည် ၎င်းတို့ ခန့်ထားခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိ နာယကကို ခန့်ထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးက လျှောက်ထား တောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ခုံသမာဓိခန့်ထားခြင်းကို ဆောင်ရွက် ရမည်။

(၂) တစ်ဦးတည်းသော ခုံသမာဓိဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ တစ်ဘက် အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အငြင်းပွားသူများက တစ်ဦးတည်းသော ခုံသမာဓိကို ခန့်ထားနိုင်ခြင်းမရှိ၍ အငြင်းပွားသူတစ်ဦးဦးက လျှောက်ထားပါက တရားသူကြီးချုပ်က ဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ တစ်ဦးတည်းသော ခုံသမာဓိခန့်ထားခြင်းကို ဆောင်ရွက်ရမည်။

(င) တရားသူကြီးချုပ် သို့မဟုတ် ၎င်းကရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိခန့်ထားရာ၌ အငြင်းပွားသူများ၏ သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ခုံသမာဓိတစ်ဦးတွင်ရှိရမည့် အရည်အချင်းများနှင့် လွတ်လပ်၍ ဘက်လိုက်မှု မရှိသော ခုံသမာဓိတစ်ဦးဖြစ်ကြောင်း သေချာစေရန်လိုအပ်သည့်အချက်များကို အလေးထား စဉ်းစားရမည်။

(စ) တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် စီမံခန့်ခွဲမှုကို ပြုလုပ်နိုင်သည်။

(ဆ) တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တစ်ဦးတည်းသော

ခုံသမာဓိ သို့မဟုတ် တတိယခုံသမာဓိတစ်ဦး ခန့်ထားရာတွင် အငြင်းပွားသူများမှာ မတူညီသောနိုင်ငံများမှ နိုင်ငံသားများဖြစ်နေလျှင် အငြင်းပွားသူများ၏ နိုင်ငံသားမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်ထားနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) အရ အပ်နှင်းထားသော ကိစ္စရပ်များအပေါ် တရားသူကြီးချုပ်က သော်လည်းကောင်း၊ ယင်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက သော်လည်းကောင်း ချမှတ်သည့်ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခွင့် မရှိစေရ။

**ရှင်းလင်းချက်။** ဤပုဒ်မတွင် ဖော်ပြထားသော တရားသူကြီးချုပ်ဆိုရာတွင် ပြည်တွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြစ်ပါက စီရင်ပိုင်ခွင့်ဒေသရှိ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကို ရည်ညွှန်းပြီး နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြစ်ပါက ပြည်ထောင်စု တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

**ခုံသမာဓိကို ကန့်ကွက်ရန် အကြောင်းပြချက်များ**

၁၄။ (က) ခုံသမာဓိအဖြစ်ခန့်ထားရန် ဆက်သွယ်ခံရသည့်ပုဂ္ဂိုလ်သည် မိမိ၏လွတ်လပ်မှု၊ ဘက်မလိုက်မှု တို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သည့် သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို စာဖြင့်ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို အငြင်းပွားသူများအား အသိပေးအကြောင်းမကြားခဲ့လျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ဖော်ပြောဆိုရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦးကို ကန့်ကွက်နိုင်သည် -

(၁) ခုံသမာဓိ၏ လွတ်လပ်မှု သို့မဟုတ် ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သည့် သံသယဖြစ်စေနိုင်သော အကြောင်းတစ်ရပ်ရပ်ရှိခြင်း၊

(၂) ခုံသမာဓိ၌ အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် အရည်အချင်းများ မရှိခြင်း။

(ဃ) အငြင်းပွားသူတစ်ဦးသည် မိမိခန့်ထားသည့် ခုံသမာဓိ သို့မဟုတ် ခန့်ထားရာတွင် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ခုံသမာဓိကို ထိုသို့ခန့်ထားပြီးနောက်မှ သိရှိလာသော အကြောင်းပြချက်များအတွက်သာ ကန့်ကွက်နိုင်သည်။

**ကန့်ကွက်ရန်နည်းလမ်း**

၁၅။ (က) အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန် နည်းလမ်းကို လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော အခြေအနေများကိုသိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ ပေးပို့၍ ကန့်ကွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကန့်ကွက်ခံရသော ခုံသမာဓိက ရာထူးမှနုတ်ထွက်ခြင်းမရှိလျှင် သို့မဟုတ် တစ်ဘက်အငြင်းပွားသူက ကန့်ကွက်ချက်ကို သဘောတူညီခြင်းမရှိလျှင် အနုညာတခုံရုံးသည် ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ရမည်။

(ဃ) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသော နည်းလမ်းအရ ကန့်ကွက်ခြင်း မအောင်မြင်လျှင် သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအရ ကန့်ကွက်ခြင်းအပေါ် အနုညာတခုံရုံးက ပုဒ်မခွဲ (ဂ) အရ ကန့်ကွက်ရန် အကြောင်းမရှိကြောင်း ဆုံးဖြတ်လျှင် ကန့်ကွက်လိုသည့် အငြင်းပွားသူက ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ တရားရုံး၌ လျှောက်ထားမှုသည် မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် စီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ လျှောက်ထားရာတွင် တရားရုံးက အနုညာတခုံရုံး၏ ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကိုပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိအနေဖြင့် အခကြေးငွေတစ်စုံတစ်ရာ ရထိုက်ခွင့်ရှိမရှိကို တရားရုံးက ဆုံးဖြတ်ပေးနိုင်သည်။

**ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ရပ်စဲခြင်းနှင့်အစားထိုးခန့်ထားခြင်း**

၁၆။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦး၏ လုပ်ပိုင်ခွင့်သည် ရပ်စဲစေရမည် -

(၁) ခုံသမာဓိတစ်ဦးသည် လုပ်ငန်းတာဝန်များကို တရားဝင် သို့မဟုတ် အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ၎င်း၏ လုပ်ငန်းတာဝန်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(၂) ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် အငြင်းပွားသူများက ခုံသမာဓိ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲရန်သဘောတူညီကြခြင်း။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေလျှင် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူတစ်ဦးက စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်ထားနိုင်သည်။ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရပ်စဲရန် ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့်ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကိုရပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူလျှင် ထိုသို့နုတ်ထွက်သည် သို့မဟုတ် ရပ်စဲသည်ဆိုသည့် အချက်ကြောင့် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသော အကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာရောက်သည်ဟု မမှတ်ယူရ။

၁၇။ (က) ပုဒ်မ ၁၅ နှင့် ၁၆ တို့တွင် ဖော်ပြထားသော အကြောင်းများအရဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် ခုံသမာဓိက ရာထူးမှနုတ်ထွက်သောကြောင့်ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်အရ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကိုရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ရပ်စဲစေသည့် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲသွားလျှင် ထိုခုံသမာဓိကိုခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိ အသစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားသည့်အခါ အငြင်းပွားသူများက အခြားနည်း သဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိ၏ဆင်ခြင် ဆုံးဖြတ်ချက်အရ ယခင်စစ်ဆေးကြားနာမှုကို ပြန်လည်စစ်ဆေးကြားနာလိုက ပြန်လည် စစ်ဆေးကြားနာနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိပါက ဤပုဒ်မအရ ခုံသမာဓိ အသစ်တစ်ဦး အစားထိုးခန့်ထားခြင်းမပြုမီက ချမှတ်ခဲ့သော အနုညာတခုံရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်သည် အနုညာတခုံရုံးကို ပြောင်းလဲဖွဲ့စည်းသည်ဆိုသည့် အကြောင်းကြောင့် တရားမဝင်မဖြစ်စေရ။

## အခန်း (၆)

## အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

### အနုညာတခုံရုံး၌စီရင်ပိုင်ခွင့် ရှိ မရှိ အနုညာတခုံရုံးကဆုံးဖြတ်ပိုင်ခွင့်

၁၈။ (က) အငြင်းပွားသူတို့က အခြားနည်း သဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အနုညာတသဘောတူညီချက်တစ်ရပ် တည်ရှိမှုနှင့် တရားဝင်မှုအပေါ် ကန့်ကွက်ချက်များ အပါအဝင် အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့် ရှိ မရှိကို ဆုံးဖြတ်နိုင်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် -

(၁) ပဋိပက္ခဖြေရှင်းရေး အနညာတသဘောတူညီမှုစာပိုဒ်ကို အခြားစည်းကမ်းချက်များမှ သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် ယူဆရမည်။

(၂) အနညာတခုံရုံးက ပဋိပက္ခဖြေရှင်းရေးသည် ပျက်ပြယ်ကြောင်းဆုံးဖြတ်လိုက်သည့် အတွက်ကြောင့် ထိုပဋိပက္ခဖြေရှင်းရေးပါ အနညာတသဘောတူညီမှုစာပိုဒ်သည် ပျက်ပြယ်ခြင်းမရှိစေရ။

(ခ) အငြင်းပွားသူတစ်ဦးသည် အနညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားမှုကို ချေပလွှာတင်သွင်းသည့်နေ့ထက် နောက်မကျစေဘဲတင်ပြရမည်။ သို့ရာတွင် ထိုအငြင်းပွားသူက ခုံသမာဓိကို ခန့်ထားခဲ့သည် သို့မဟုတ် ခုံသမာဓိခန့်ထားရာတွင် သဘောတူခဲ့သည် ဟူသည့် အကြောင်းကြောင့် ထိုသူ၏လျှောက်ထားမှုကို ငြင်းပယ်ခြင်းမပြုရ။

(ဂ) အနညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်နေစဉ်အတွင်း အနညာတခုံရုံးသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း စွပ်စွဲသည့်အကြောင်းအရာများ ပေါ်ပေါက်လျှင် အငြင်းပွားသူတစ်ဦးဦးက ချက်ချင်းလျှောက်ထားရမည်။

(ဃ) အနညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားမှုများတွင် နောက်ကျမှ တင်သွင်းသော လျှောက်ထားချက်ကို လျော်ကန်သင့်မြတ်သော အကြောင်းများရှိပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ပဏာမငြင်းချက်ကဲ့သို့ဖြစ်စေ၊ အနညာတဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ဖြစ်စေ ဆုံးဖြတ်နိုင်သည်။ အကယ်၍ အနညာတခုံရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ၊ မရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် အဆိုပါ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တို့အရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(စ) တရားရုံးသို့ လျှောက်ထားချက်မှာ မပြီးမပြတ်ရှိစေကာမူ အနညာတခုံရုံးသည် အနညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနညာတ ဆုံးဖြတ်ချက်ကိုလည်း ချမှတ်ရမည်။

**ကြားဖြတ်အမိန့်များချမှတ်ရန် အနညာတခုံရုံး၏စီရင်ပိုင်ခွင့်**

၁၉။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ ချမှတ်ခွင့်ရှိသည် -

(၁) ကုန်ကျစရိတ်အတွက် အာမခံငွေတောင်းခံခြင်း၊

(၂) စာရွက်စာတမ်းများကို ထုတ်ဖော်ပြသစေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း၊

(၃) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၄) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၇) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၈) ယာယီတားဝရမ်းထုတ်ဆင့်ခြင်း သို့မဟုတ် အခြားကြားဖြတ်ဆောင်ရွက်မှုများပြုခြင်း။

( ခ ) အနုညာတခုံရုံးသည် အငြင်းပွားသူများနှင့် သက်သေများအား ကျမ်းသစ္စာကျိန်ဆိုစေနိုင်သည်။

( ဂ ) အနုညာတခုံရုံးက သင့်သည်ဟု ထင်မြင်သည့်အတိုင်း သက်သေစစ်မေးခြင်း အစီအစဉ်ကို သတ်မှတ်နိုင်သည်။

(ဃ) အနုညာတခုံရုံးသည် အောက်ဖော်ပြပါအကြောင်းဖြင့် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ကုန်ကျစရိတ်အတွက် အာမခံငွေကို လျှောက်ထားသူက ပေးစေရန် အမိန့်ချမှတ်ခြင်း မပြုရ -

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြင်ပတွင် နေထိုင်သူ ဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း။

( င ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ချမှတ်သော အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များကို ပုဒ်မ ၃၁ အရ တရားရုံးက အတည်ပြု ဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

**ခုံသမာဓိ၏ကင်းလွတ်ခွင့်များ**

၂၀။ ခုံသမာဓိတစ်ဦးသည် ခုံသမာဓိအဖြစ် တာဝန်ဝတ္တရားများကိုဆောင်ရွက်စဉ် ၎င်း၏ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုသည် ထိုက်သင့်သောသတိပြုခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ထိုသို့ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုအပေါ် တာဝန်မရှိစေရ။

## အခန်း (၇)

## အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ခြင်း

**အငြင်းပွားသူများအား ညီတူညီမျှဆက်ဆံခြင်း**

၂၁။ အနုညာတခုံရုံးသည် အငြင်းပွားသူများကို ညီတူညီမျှ ဆက်ဆံရမည့်အပြင် အမှုနှင့်စပ်လျဉ်း၍ တင်ပြရန် အခွင့်အရေး အပြည့်အဝပေးရမည်။

**ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကိုဆုံးဖြတ်ခြင်း**

၂၂။ (က) အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် သက်သေခံချက်တစ်ရပ်၏ သက်သေခံဝင်မှု၊ စပ်ဆိုင်မှု၊ အရေးပါမှုနှင့် အလေးသာမှုတို့ကို ဆုံးဖြတ်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ရာနေရာ**

၂၃။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှုအပါအဝင် အမှု၏အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် အနုညာတ စီရင်ဆုံးဖြတ်ရန်နေရာကို သတ်မှတ်ထားစေကာမူ အနုညာတခုံရုံးသည် ခုံသမာဓိများအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန် သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းစတင်ဆောင်ရွက်ခြင်း**

၂၄။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသည် တောင်းဆိုခြင်းခံရသူက ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ စတင်သည်။

**ဘာသာစကား**

၂၅။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း အငြင်းပွားသူများက သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် အသုံးပြုရမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သတ်မှတ်ချက်တွင် အခြားနည်း သီးခြားဖော်ပြထားခြင်းမရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ်ချက်သည် အငြင်းပွားသူတစ်ဦးဦး၏ စာဖြင့်ရေးသားဖော်ပြချက်၊ အနုညာတခုံရုံး၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြားဆက်သွယ်ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အနုညာတခုံရုံးသည် စာတမ်းအမှတ်အသား သက်သေခံချက်တစ်ရပ်အား အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး၍ ပူးတွဲတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့်အချက်များ**

၂၆။ (က) အငြင်းပွားသူများသည် တောင်းဆိုလွှာနှင့် ချေပလွှာတို့တွင် ဖော်ပြရန် လိုအပ်သည့်အချက်များကို သဘောတူသတ်မှတ်နိုင်သည်။ ထိုသို့ သဘောတူသတ်မှတ်ထားခြင်း မရှိပါက တောင်းဆိုသူသည် အငြင်းပွားသည့်အချက်၊ တောင်းဆိုမှုကို ထောက်ခံသည့်အချက်နှင့် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ကုစားခွင့်တို့ကို တောင်းဆိုလွှာတွင် ဖော်ပြရမည့်အပြင် တောင်းဆိုခြင်းခံရသူကလည်း အဆိုပါအချက်များနှင့်စပ်လျဉ်း၍ ခုခံချေပချက်တို့ကို ချေပလွှာတွင်ဖော်ပြရမည်။ အဆိုပါ တောင်းဆိုလွှာနှင့် ချေပလွှာကို အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် ကာလအတွင်း သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးသည့် ကာလအတွင်း အနုညာတခုံရုံးသို့ တင်သွင်းရမည်။

(ခ) အငြင်းပွားသူများသည် ၎င်းတို့၏ တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟု ယူဆသော စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအားလုံးကို တင်သွင်းနိုင်သည် သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်းဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိသည့်အပြင် အနုညာတခုံရုံးကလည်း အငြင်းပွားသူတို့၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နှောင့်နှေးကြန့်ကြာမှုကို စဉ်းစားဆင်ခြင်ပြီး ပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်ကို ခွင့်ပြုရန်မသင့်ဟု ယူဆခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးသည် ၎င်း၏တောင်းဆိုလွှာ

သို့မဟုတ် ချေပလွှာကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ပြင်ဆင်နိုင်သည် သို့မဟုတ် ဖြည့်စွက်နိုင်သည်။

**ကြားနာခြင်းနှင့်စီရင်ဆုံးဖြတ်ဆောင်ရွက်ခြင်း**

၂၇။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် နှုတ်ဖြင့်သက်သေခံချက် တင်ပြခြင်းနှင့် နှုတ်ဖြင့်လျှောက်လဲတင်ပြခြင်း၊ ကြားနာခြင်းဖြင့်လည်းကောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအပေါ် အခြေပြု၍ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆုံးဖြတ်ရမည်။ သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့်စစ်ဆေးကြားနာမှုမပြုလုပ်ရန် သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ သင့်လျော်သည့်အဆင့်တွင် နှုတ်ဖြင့်စစ်ဆေးကြားနာမှုကို ဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် စစ်ဆေးကြားနာမည့်ကိစ္စနှင့် စာတမ်းအမှတ်အသားများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် အနုညာတခုံရုံးက တွေ့ဆုံဆောင်ရွက်မည့်ကိစ္စတို့ကို အငြင်းပွားသူများအား လုံလောက်သော အချိန်ပေး၍ ကြိုတင်အကြောင်းကြားရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တင်သွင်းသော စာဖြင့်ရေးသားတင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသတင်းအချက်အလက်များ သို့မဟုတ် လျှောက်ထားချက်များအားလုံးကို တစ်ဘက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။ ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသောကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသား မိတ္တူများကို အငြင်းပွားသူများထံ ပေးပို့အကြောင်းကြားရမည်။

**အငြင်းပွားသူတစ်ဦး၏ပျက်ကွက်ခြင်း**

၂၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိသည့်အပြင် လုံလောက်သော အကြောင်းပြသနိုင်ခြင်းမရှိပါက -

(က) တောင်းဆိုသူက ၎င်း၏တောင်းဆိုလွှာကို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့်အညီပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်မှုကို ရပ်စဲရမည်။

(ခ) တောင်းဆိုခံရသူက ၎င်း၏ခုခံချေပလွှာကို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုပျက်ကွက်မှုသည် တောင်းဆိုသူ၏ စွပ်စွဲချက်ကိုဝန်ခံရာရောက်သည်ဟု မှတ်ယူခြင်းမပြုရ။

(ဂ) အငြင်းပွားသူတစ်ဦးဦးသည် နှုတ်ဖြင့်စစ်ဆေးရာသို့ရောက်ရှိရန် ပျက်ကွက်လျှင် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်ကိုတင်သွင်းရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတခုံရုံးရှေ့မှောက်ရှိ သက်သေခံချက်များအရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

**အနုညာတခုံရုံးကကျွမ်းကျင်သူခန့်ထားခြင်း**

၂၉။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် -

(က) ဆုံးဖြတ်ရန်ရှိသည့် သီးခြားအငြင်းပွား အကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတခုံရုံးသို့ အစီရင်ခံတင်ပြစေရန် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်။

(ခ) စပ်ဆိုင်သောသတင်းအချက်အလက်ကို ကျွမ်းကျင်သူအား ပေးစေရန် သို့မဟုတ် စပ်ဆိုင်သော စာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကိုကျွမ်းကျင်သူက စစ်ဆေးနိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူတစ်ဦးဦးထံမှတောင်းဆိုနိုင်သည်။

(ဂ) ကျွမ်းကျင်သူ၏ နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံတင်ပြပြီးနောက် အငြင်းပွားသူတစ်ဦးကတောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့်စစ်ဆေးကြားနာမှုတွင် ကျွမ်းကျင်သူကို ခေါ်ယူစစ်ဆေးကြားနာနိုင်သည်။ ထိုသို့ စစ်ဆေးကြားနာရာတွင် အငြင်းပွားသည့် အချက်များအပေါ် သက်သေခံရန်အတွက် အငြင်းပွားသူများသည် ကျွမ်းကျင်သူကိုမေးခွန်းများ မေးမြန်းခွင့်ရှိစေရမည့်အပြင် အငြင်းပွားသည့်အချက်များနှင့် စပ်လျဉ်း၍ သက်သေတင်ပြခွင့်ရှိစေရမည်။

**သက်သေခံချက်ရယူရာတွင် တရားရုံး၏ အကူအညီတောင်းခံခြင်း**

၃၀။ (က) အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတခုံရုံး၏ သဘောတူညီချက်ဖြင့် အငြင်းပွားသူတစ်ဦးဦးကဖြစ်စေ တရားရုံးကသက်သေခံချက် ရယူပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) လျှောက်လွှာတွင် အောက်ပါအချက်များကို အတိအကျဖော်ပြရမည် -

(၁) အငြင်းပွားသူများနှင့် ခုံသမာဓိများ၏ အမည်များ၊ နေရပ်လိပ်စာများ၊

(၂) တောင်းဆိုချက်နှင့်တောင်းဆိုသော သက်သာခွင့်၏ ယေဘုယျသဘောသဘာဝ၊

(၃) သက်သေအဖြစ် သို့မဟုတ် ကျွမ်းကျင်သူသက်သေအဖြစ် ကြားနာရမည့်သူ၏ အမည်၊ နေရပ်လိပ်စာနှင့် ရယူလိုသောသက်သေခံချက်၏ အဓိကအကြောင်းခြင်းရာ ဖော်ပြချက်၊

(၄) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်နှင့် အမျိုးအစား။

(ဂ) တရားရုံးသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအရ သက်သေခံချက်ရယူသည့် နည်းလမ်းနှင့်အညီ သက်သေခံချက်ကို ရယူပြီးနောက် ယင်းသက်သေခံချက်ကို အနုညာတခုံရုံးသို့ တိုက်ရိုက်ပေးပို့ကာ လျှောက်ထားချက်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို အတည်ပြုဆောင်ရွက်နိုင်ကြောင်း တရားရုံးက အမိန့်ချမှတ်သည့်အခါ သက်သေများထံ အမိန့်ဆင့်စာထုတ်ဆင့်ခြင်းကို တရားရုံး၌ စစ်ဆေးသည့် တရားမမှုများတွင် အမိန့်ဆင့်စာထုတ်ဆင့်သည့် နည်းလမ်းအတိုင်းဆောင်ရွက်နိုင်သည်။

**အနုညာတခုံရုံး၏ ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံးကအတည်ပြုဆောင်ရွက်ခြင်း**

၃၁။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ သို့မဟုတ် နိုင်ငံတော်ပြင်ပ၌ဖြစ်စေ အနုညာတခုံရုံးကချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံး၏ အမိန့်နှင့်ဆုံးဖြတ်ချက်ကဲ့သို့ တရားရုံးကအတည်ပြုဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်ပြင်ပ၌ပြုလုပ်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း နှင့်စပ်လျဉ်း၍ ချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်ကို အတည်ပြုရန် လျှောက်ထားသူသည် အဆိုပါဆုံးဖြတ်ချက်မှာ နိုင်ငံတော်အတွင်း၌ပြုလုပ်သည့် ဆုံးဖြတ်ချက် အမျိုးအစားအတိုင်းဖြစ်ကြောင်း သက်သေထင်ရှားမပြနိုင်ပါက တရားရုံးသည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုရန် ခွင့်ပြုခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိပါက တရားရုံးသည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ တရားရုံးကအတည်ပြုဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအတွက် တရားရုံး၏ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

**ရှင်းလင်းချက်။** ဤပုဒ်မတွင် ရည်ညွှန်းသည့် ကြားဖြတ်ဆုံးဖြတ်ချက်ဆိုရာတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်လည်းပါဝင်သည်။

## အခန်း (၈)

## အနုညာတဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးခြင်း

### အငြင်းပွားပြဿနာအတွက်လိုက်နာရမည့်ဥပဒေ

၃၂။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာနေရာသည် နိုင်ငံတော်အတွင်း၌ ဖြစ်သည့်အခါ-

(၁) ပြည်တွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသောအငြင်းပွားမှုကို နိုင်ငံတော်၏သက်ဆိုင်ရာ တည်ဆဲပြဋ္ဌာန်းဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် -

(ကက) အနုညာတခုံရုံးသည် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် အငြင်းပွားသူများက သဘောတူရွေးချယ်သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(ခခ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် ရွေးချယ်သတ်မှတ်ထားသော နိုင်ငံတစ်နိုင်ငံ၏ဥပဒေ သို့မဟုတ် ဥပဒေစနစ်သည် ထိုနိုင်ငံ၏ သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေကို တိုက်ရိုက်ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနိုင်ငံ၏ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာနည်းဥပဒေများကို ရည်ညွှန်းခြင်းဖြစ်သည် ဟု မှတ်ယူခြင်းမပြုရ။

(ဂဂ) အငြင်းပွားသူများက ပုဒ်မခွဲငယ်စိတ်(ကက) အရ ဥပဒေကိုရွေးချယ်သတ်မှတ်ထားခြင်းမရှိလျှင်အနုညာတခုံရုံးသည် မိမိခုံရုံးက လိုက်နာသင့်သည်ဟု ယူဆသောဥပဒေကို လက်ခံကျင့်သုံးနိုင်သည်။

(ခ) အငြင်းပွားသူများက အနုညာတခုံရုံးအား အတိအလင်းအခွင့်အာဏာပေးအပ်ခြင်းခံရပါက အနုညာတခုံရုံးသည် တရားမျှတမှု၊ သာတူညီမျှမှု၊ စိတ်ရင်းကောင်းထားမှုတို့ဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားမှုအားလုံးကို ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ဆုံးဖြတ်ပေးရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စများ၌ လိုက်နာရသော ကုန်သွယ်မှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားရမည်။

### အနုညာတခုံရုံးကဆုံးဖြတ်ချက်ချမှတ်ခြင်း

၃၃။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် ခုံသမာဓိတစ်ဦးထက်ပို၍ ပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် ခုံသမာဓိအဖွဲ့ဝင်အများစုဆန္ဒအရဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ဖော်ပြပါရှိစေကာမူ အငြင်းပွားသူများက သို့မဟုတ် အနုညာတခုံရုံး၏ ခုံသမာဓိအဖွဲ့ဝင်အားလုံးက အခွင့်အာဏာအပ်နှင်းလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ထုံးလုပ်နည်းကို ခုံသမာဓိနာယကက အဆုံးအဖြတ်ပေးနိုင်သည်။

**သဘောတူပြေငြိမ်းခြင်း**

၃၄။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူများက အငြင်းပွားမှုကို သဘောတူပြေငြိမ်းကြလျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုပြီးဆုံးစေရမည်။ ထို့အပြင် အငြင်းပွားသူများက တောင်းဆိုလျှင် သို့မဟုတ် အနုညာတခုံရုံးက ကန့်ကွက်ခြင်းမပြုလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း သဘောတူပြေငြိမ်းခြင်းကို အနုညာတဆုံးဖြတ်ချက်ပုံစံဖြင့် ရေးသားမှတ်တမ်းတင်ရမည်။

( ခ ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်းပြုလုပ်သည့် အနုညာတဆုံးဖြတ်ချက်ကို ပုဒ်မ ၃၅ နှင့် အညီပြုလုပ်ရမည်။ ယင်းကို အနုညာတဆုံးဖြတ်ချက်ဟု ဖော်ပြရမည်။

( ဂ ) အငြင်းပွားသူများက သဘောတူညီသည့် စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်သည် အဓိကအငြင်းပွား အကြောင်းခြင်းရာအပေါ် ဆုံးဖြတ်သော အခြားအနုညာတဆုံးဖြတ်ချက်ကဲ့သို့ တူညီသောအဆင့်အတန်းနှင့် တူညီသောအကျိုးသက်ရောက်မှုရှိစေရမည်။

**အနုညာတဆုံးဖြတ်ချက်ပုံစံနှင့် ပါဝင်ရမည့်အချက်များ**

၃၅။ (က) အနုညာတဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားရမည့်အပြင် ခုံသမာဓိ သို့မဟုတ် ခုံသမာဓိများက လက်မှတ်ရေးထိုးရမည်။

( ခ ) ပုဒ်မခွဲ (က) ပါရည်ရွယ်ချက်အလို့ငှာ ခုံသမာဓိတစ်ဦးထက်ပို၍ပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ခုံသမာဓိများထဲမှ အများစုကလက်မှတ်ရေးထိုးပါက ပြည့်စုံသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ခုံသမာဓိတစ်ဦးဦးက လက်မှတ်မရေးထိုးဘဲ ကျန်ရှိနေခြင်းနှင့် စပ်လျဉ်း၍ အကြောင်းပြချက် ရေးသားဖော်ပြရမည်။

( ဂ ) အငြင်းပွားသူများက ဆုံးဖြတ်ချက်တွင် အကြောင်းပြချက်များ ဖော်ပြရန်မလိုဟု သဘောတူညီထားခြင်းမရှိလျှင် သို့မဟုတ် ဆုံးဖြတ်ချက်သည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်မဟုတ်လျှင် အနုညာတဆုံးဖြတ်ချက်တွင် ကျိုးကြောင်းဖော်ပြချက်များပါရှိရမည်။

(ဃ) အနုညာတဆုံးဖြတ်ချက်တွင် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့စွဲနှင့် ပုဒ်မ ၂၃ နှင့်အညီ သတ်မှတ်ထားသည့် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို ဖော်ပြရမည်။ အနုညာတဆုံးဖြတ်ချက်ကို ထိုနေရာတွင် ဆုံးဖြတ်သည်ဟု မှတ်ယူရမည်။

(င) အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် လက်မှတ်ရေးထိုးထားသော ဆုံးဖြတ်ချက်မိတ္တူမှန်တစ်စောင်စီကို အငြင်းပွားသူအသီးသီးထံ ပေးပို့ရမည်။

(စ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် -

(၁) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်ကို အနုညာတခုံရုံးကသတ်မှတ်ပေးရမည်။

(၂) အနုညာတခုံရုံးသည် ကုန်ကျစရိတ်ကို ရထိုက်ခွင့်ရှိသည့်အငြင်းပွားသူနှင့် ကုန်ကျစရိတ်ကိုပေးဆောင်ရမည့် အငြင်းပွားသူတို့၏ ကုန်ကျစရိတ်ပမာဏ၊ တွက်ချက်သည့်နည်းလမ်းနှင့် ပေးဆောင်ရမည့်နည်းလမ်း စသည်တို့ကို သတ်မှတ်ပေးရမည်။

**ရှင်းလင်းချက်။** ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော ကုန်ကျစရိတ်ဆိုသည်တွင် အောက်ပါကိစ္စများနှင့် ပတ်သက်၍ သင့်လျော်သည့် ကုန်ကျစရိတ်ငွေကိုဆိုလိုသည် -

(၁) ခုံသမာဓိနှင့် သက်သေများအတွက် အခကြေးငွေများနှင့်စရိတ်၊

(၂) ရှေ့နေအတွက် အခကြေးငွေများနှင့် စရိတ်၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်သော အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအတွက်အခကြေးငွေများ၊

(၄) အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ အနုညာတဆုံးဖြတ်ချက်တို့နှင့် ဆက်စပ်ကုန်ကျသည့် အခြားစရိတ်ငွေများ။

## အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးခြင်း

၃၆။ (က) အနုညာတခုံရုံးက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ အမိန့်ချမှတ်လျှင်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးသည်။

(ခ) အနုညာတခုံရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည် -

(၁) တောင်းဆိုသူက ၎င်း၏တောင်းဆိုချက်ကို ရုပ်သိမ်းရာတွင် တောင်းဆိုခံရသူက ထိုသို့ရုပ်သိမ်းခြင်းကို ကန့်ကွက်ခွင့် မရှိသည့်အပြင် အငြင်းပွားမှုကို နောက်ဆုံးပြေငြိမ်းပြီးပြတ်ရာတွင် တောင်းဆိုခံရသူ၏ ဥပဒေအရ ရရှိနိုင်သောအကျိုးခံစားခွင့်ကို အနုညာတခုံရုံးက အသိအမှတ်ပြုထားမှုမရှိခြင်း၊

(၂) အငြင်းပွားသူများက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြီးဆုံးရန် သဘောတူညီကြခြင်း၊

(၃) အခြားအကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အနုညာတခုံရုံးကတွေ့ရှိခြင်း။

(ဂ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) နှင့် ဤပုဒ်မတို့အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးလျှင် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြု၍ အနုညာတခုံရုံး၏စီရင်ပိုင်ခွင့် ပြီးဆုံးသည်။

**အနုညာတဆုံးဖြတ်ချက်ကို အမှားပြင်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နောက်ဆက်တွဲဆုံးဖြတ်ချက်ချခြင်း**

၃၇။ (က) အငြင်းပွားသူများက အချိန်ကာလကိုသဘောတူသတ်မှတ်ထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း၃၀အတွင်း တစ်ဘက်အငြင်းပွားသူတစ်ဦးအား အကြောင်းကြားစာပေးပို့၍ တွက်ချက်မှု၊ စာအရေးအသား သို့မဟုတ် စာပုံနှိပ်မှုစသည့် အမှားအယွင်းတစ်ခုခု သို့မဟုတ် အလားတူ သဘောသဘာဝရှိသော အမှားအယွင်းတစ်ခုခုကို ပြင်ဆင်ပေးရန် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ခ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (က) ပါ လျှောက်ထားတောင်းဆိုချက်အရဖြစ်စေ၊ မိမိ၏ စိစစ်တွေ့ရှိချက်အရဖြစ်စေ၊ ပုဒ်မခွဲ (က) ပါအမှားအယွင်းတစ်ခုခုကိုတွေ့ရှိပါက အဆိုပါ အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးနိုင်သည်။ အဆိုပါပြင်ဆင်ချက်ကို အငြင်းပွားသူများထံပေးပို့ရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီကြလျှင် အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း တစ်ဘက်အငြင်းပွားသူ တစ်ဦးအား အကြောင်းကြားစာပေးပို့၍ အနုညာတဆုံးဖြတ်ချက်ပါ အရေးပါသည့်အချက်တစ်ရပ် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းတစ်ရပ်အတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် လျှောက်ထားချက်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အနုညာတခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရမည်။ ထိုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(င) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဘက်အငြင်းပွားသူတစ်ဦးထံ အကြောင်းကြားစာပေးပို့၍ အနုညာတ စီရင်ဆုံးဖြတ်ရန် တင်ပြတောင်းဆိုချက်ကို အနုညာတဆုံးဖြတ်ချက်၌ ချန်လှပ်ခဲ့သဖြင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်ချမှတ်ပေးရန် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် အနုညာတခုံရုံးသည် အဆိုပါလျှောက်ထားမှုကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း နောက်ဆက်တွဲအနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးရမည်။

(ဆ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (စ) အရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ပြုလုပ်ရန် လိုအပ်ပါက အချိန်ကာလသတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

(ဇ) ပုဒ်မ ၃၃ သည် ဤပုဒ်မအရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် သက်ဆိုင်စေရမည်။

**အနုညာတဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု**

၃၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးက အနုညာတ သဘောတူညီချက်အရ ချမှတ်သည့် အနုညာတဆုံးဖြတ်ချက်သည် အပြီးသတ် ဖြစ်စေရမည့်အပြင် နှစ်ဘက် အငြင်းပွားသူများနှင့် ၎င်းတို့ကို ဆက်ခံအရေးဆိုသူတို့အပေါ် စည်းနှောင်မှုရှိစေရမည်။

## အခန်း (၉)

## ပြည်တွင်းအနုညာတဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် တရားရုံး စီရင်ပိုင်ခွင့်အာဏာများ

**တရားရုံးက ဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ခြင်း**

၃၉။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားသူတစ်ဦးသည် အနုညာတခုံရုံးနှင့် အခြားအငြင်းပွားသူများထံသို့ အကြောင်းကြားစာပေးပို့၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းမှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာကို တရားရုံးကဆုံးဖြတ်ပေးရန် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် အငြင်းပွားသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိကအားဖြင့် ထိခိုက်စေကြောင်း တရားရုံးက ကျေနပ်ဖွယ်တွေ့ရှိပါက အဆိုပါဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အငြင်းပွားသူများ၏ သဘောတူညီချက်အရ လျှောက်ထားခြင်းမဟုတ်လျှင် သို့မဟုတ် အနုညာတခုံရုံး၏ခွင့်ပြုချက်အရလျှောက်ထားခြင်း မဟုတ်သည့်အပြင် ဥပဒေပြဿနာကိုဆုံးဖြတ်ခြင်းသည် ကုန်ကျစရိတ်ပိုမိုကျသင့်စေပြီး အမှုကို နှောင့်နှေးကြန့်ကြာစေမည်ဟု တရားရုံးကတွေ့ရှိပါက တရားရုံးသည်အဆိုပါ လျှောက်ထားမှုကို လက်ခံစဉ်းစားခြင်းမပြုရ။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားသူများက သဘောတူညီချက်အရ ဆောင်ရွက်ခြင်း မှတစ်ပါး ပုဒ်မခွဲ (က) ပါ လျှောက်လွှာတွင် ဆုံးဖြတ်ချက်ချမှတ်ရမည့် ဥပဒေပြဿနာကို

ဖော်ပြရမည့်အပြင် တရားရုံးက ဆုံးဖြတ်ပေးစေလိုသည့် အကြောင်းပြချက်ကိုလည်း ဖော်ပြရမည်။

(ဃ) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် ဤပုဒ်မအရ တရားရုံးသို့ လျှောက်ထားမှုသည် မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် အနုညာတစီရင် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည့်အပြင် ဆုံးဖြတ်ချက်ကိုလည်း ချမှတ် နိုင်သည်။

**ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကိုအတည်ပြုဆောင်ရွက်ခြင်း**

၄၀။ (က) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ အရ ဒီကရီကိုအတည်ပြုဆောင်ရွက်သည့် နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသူက အနုညာတခုံရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ချမှတ်ရန် အခွင့်အာဏာ မရှိကြောင်း သက်သေထင်ရှားပြသပါက တရားရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်မပြုရ။

(ဂ) ဤပုဒ်မသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုဆောင်ရွက်ခြင်းနှင့် သက်ဆိုင်စေရမည်။

**ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ငြင်းပယ်နိုင်သည့်အချက်များ**

၄၁။ (က) တရားရုံးသည် အငြင်းပွားသူတစ်ဦးက ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်အခါ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်မှသာ ပြည်တွင်း အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည် -

(၁) အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူတစ်ဦးသည် ဥပဒေအရ ဆောင်ရွက် နိုင်စွမ်းမရှိသော အခြေအနေသို့ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်တွင် အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသည့် ဥပဒေအရဖြစ်စေ၊ အနုညာတသဘောတူညီချက်တွင် ထိုသို့ဥပဒေကို ရွေးချယ်သတ်မှတ် ထားခြင်းမရှိပါက နိုင်ငံတော်၏တည်ဆဲဥပဒေအရဖြစ်စေ အဆိုပါ အနုညာတ သဘောတူညီချက်သည် တရားမဝင်ခြင်း၊

(၃) ခုံသမာဓိခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြုရာတွင် လျှောက်ထားသူအား နည်းလမ်းတကျ အကြောင်းကြားမှုမပြုလုပ်ခဲ့ခြင်း သို့မဟုတ် လျှောက်ထားသူက အခြားတစ်နည်းနည်းကြောင့်အငြင်းပွားမှုကို တင်ပြဖြေရှင်းခွင့်မရခဲ့ခြင်း၊

(၄) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်းပွားမှု နှင့်စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသည့်

စည်းကမ်းချက်များနှင့်အညီ ဆင်ခြင်သုံးသပ်မှုမပြုဘဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်း မရှိသော ဆုံးဖြတ်ချက် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါဝင်နေခြင်း၊

**ခြွင်းချက်။** အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များထဲမှ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်သည့်ဆုံးဖြတ်ချက်များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။

(၅) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းသည် အငြင်းပွားသူများ၏ သဘောတူညီချက်နှင့်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း ကိုက်ညီမှုမရှိခြင်း၊

**ခြွင်းချက်**။ အဆိုပါသဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့် မရရှိသော ဤဥပဒေပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရ။

(၆) အငြင်းပွားမှု၏ အဓိကအကြောင်းခြင်းရာသည် တည်ဆဲဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းရန်မဖြစ်နိုင်ခြင်း၊

(၇) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့်ဆန့်ကျင်နေခြင်း။

(ခ) လျှောက်ထားမှုပြုသော အငြင်းပွားသူက အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက် သို့မဟုတ် ပုဒ်မ ၃၇ အရ အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် လျှောက်ထားမှုကို အနုညာတခုံရုံးက ဆောင်ရွက်ပြီးသည့်နေ့မှ သုံးလ ကုန်ဆုံးပြီးနောက် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုကို လက်ခံရရှိလျှင် တရားရုံးသည် အငြင်းပွားသူ တစ်ဦး၏ တောင်းဆိုမှုသည် သင့်လျော်သည်ဟုယူဆပါက တရားရုံး၏စီရင်ဆုံးဖြတ်မှုကို သတ်မှတ်ပေးသည့်ကာလထိ ရွှေ့ဆိုင်းရမည်။ ထိုသို့ရွှေ့ဆိုင်းခြင်းမှာ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြန်လည်ဆောင်ရွက်နိုင်ရန် သို့မဟုတ် အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေမည့် အကြောင်းပြချက်များကို ဖယ်ရှားနိုင်မည်ဟု အနုညာတခုံရုံးက ယူဆသည့် အခြားဆောင်ရွက်မှုကို ပြုလုပ်နိုင်ရန်အတွက် ရွှေ့ဆိုင်းခြင်း ဖြစ်ရမည်။

**ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အပေါ်အယူခံဝင်ရောက်ခွင့်**

၄၂။ (က) အငြင်းပွားသူ တစ်ဦးဦးသည် အနုညာတခုံရုံးနှင့် တစ်ဘက်အငြင်းပွားသူများထံ အကြောင်းကြားစာပေးပို့ပြီး စစ်ဆေးသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတ

ခုံရုံး၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာအပေါ် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ အနုညာတ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခွင့်ရှိသည်။ သို့ရာတွင် အငြင်းပွားသူများက အယူခံဝင်ရောက်ခြင်းမပြုရန် စာဖြင့်ရေးသားထားသော သဘောတူညီချက်ရှိပါက ဤပုဒ်မအရ တရားရုံးသို့ အယူခံဝင်ရောက်ခွင့် မရှိစေရ။

( ဂ ) အနုညာတ ဆုံးဖြတ်ချက်တွင် ကျိုးကြောင်းဖော်ပြချက် ရေးသားရန်မလိုကြောင်း အငြင်းပွားသူများက စာဖြင့်ရေးသားသဘောတူပါက ထိုသို့သော အကြောင်းကြောင့် ဤပုဒ်မအရ အယူခံဝင်ခွင့်မရှိစေရ။

(ဃ) ဤပုဒ်မအရ အယူခံဝင်ရောက်ခြင်းသည် ပုဒ်မ ၄၄ ပါ အချက်များနှင့် စပ်လျဉ်းသည့် အကျိုးသက်ရောက်မှုရှိစေရမည်။

( င ) ဤပုဒ်မအရ အယူခံဝင်ခွင့် လျှောက်ထားရာတွင် အယူခံလွှာ၌ ဆုံးဖြတ်ရမည့် အငြင်းပွားပြဿနာနှင့်အယူခံဝင်ခွင့်ပြုရန် အကြောင်းပြချက်များကို ဖော်ပြရမည်။

( စ ) ဤပုဒ်မအရ အယူခံဝင်ခွင့်ကို တရားရုံးက ငြင်းပယ်သည်ဖြစ်စေ၊ ခွင့်ပြုသည်ဖြစ်စေ ဒုတိယ အယူခံဝင်ခွင့် မရှိစေရ။

၄၃။ (က) တရားရုံးသည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ကျေနပ်လက်ခံပါက အယူခံမှုကို ခွင့်ပြုရမည် -

(၁) အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်သည် အငြင်းပွားသူတစ်ဦးသို့မဟုတ် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိကထိခိုက်နစ်နာမှုရှိခြင်း၊

(၂) ဆုံးဖြတ်ပေးရန် တင်ပြထားသည့် အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်မှာ သိသာထင်ရှားစွာ မှားယွင်းနေခြင်း။

( ခ ) ဤပုဒ်မအရ အယူခံဝင်ရောက်ရာတွင် တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊

(၃) အနုညာတဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အနုညာတခုံရုံးက ပြန်လည်စိစစ်သုံးသပ်ရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့ခြင်း၊

(၄) ဆုံးဖြတ်ချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပယ်ဖျက်ခြင်း။

( ဂ ) အောက်ဖော်ပြပါ တရားရုံးအမိန့်များအပေါ် စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ) အရ အနုညာတဆုံးဖြတ်မှုခံယူရေး လွှဲအပ်ရန် ငြင်းပယ်သော အမိန့်၊

(၂) ပုဒ်မ ၁၁ ပါ ကြားဖြတ်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ခွင့်ပြုသောအမိန့် သို့မဟုတ် ငြင်းပယ်သောအမိန့်၊

(၃) ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ ဥပဒေပြဿနာကို ဆုံးဖြတ်သည့် တရားရုံး၏အမိန့်၊

(၄) ပုဒ်မ ၄၁ အရ ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ဃ) အောက်ဖော်ပြပါ အနုညာတခုံရုံးအမိန့်များကို စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို လက်ခံသောအမိန့်၊

(၂) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊

(၃) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသော အမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သော အမိန့်။

( င ) ဤပုဒ်မအရ တင်သွင်းသည့်အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယ အယူခံဝင်ခွင့်မရှိစေရ။

**ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အပေါ် အယူခံတရားရုံးအမိန့်၏အကျိုးသက်ရောက်မှု**

၄၄။ အယူခံတရားရုံးသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင် -

(က) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်၍ ဆုံးဖြတ်ပါက အဆိုပါပြင်ဆင်ဆုံးဖြတ်ချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းအဖြစ် အကျိုးသက်ရောက်စေရမည်။

( ခ ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်စိစစ်သုံးသပ်ရန်အတွက် တရားရုံးကလွှဲအပ်သော အမိန့်ချမှတ်သည့်အခါ အနုညာတခုံရုံးသည် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ်သုံးသပ်၍ ဆုံးဖြတ်ရမည်။

( ဂ ) အနုညာတခုံရုံးက ထိုသို့ ပြန်လည်စိစစ်ဆုံးဖြတ်ချက်ကိုချမှတ်ရန် သင့်လျော်သည့် အချိန်ကာလကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၁၀)

## နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

**နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ရာတွင် တင်ပြရမည့်အချက်များ**

၄၅။ (က) နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်တစ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် အောက်ပါ စာတမ်းအမှတ်အသားများကို တရားရုံးသို့ တင်ပြရမည်-

(၁) ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်းအတိုင်း စစ်မှန်ကြောင်း နည်းလမ်းတကျ လက်မှတ်ရေးထိုးထားသည့် အနုညာတ ဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူတစ်စောင်၊

(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတစ်စောင်၊

(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေထင်ရှားပြသရန် လိုအပ်သည့် သက်သေခံချက်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ သဘောတူညီချက်ကို နိုင်ငံခြားဘာသာဖြင့် ရေးသားထားလျှင် အနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သောနိုင်ငံ၏ သံအရာရှိ သို့မဟုတ် ကောင်စစ်အရာရှိ သို့မဟုတ် တရားဝင်ဘာသာပြန်ဆိုသူ သို့မဟုတ် ကျမ်းသစ္စာပြု၍ ဘာသာပြန်ဆိုသူက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ် ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည် သို့မဟုတ် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံမှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။

**နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း**

၄၆။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းပယ်ခြင်းမှတစ်ပါး တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်သည်ဟု မှတ်ယူ၍ အတည်ပြုဆောင်ရွက်ခြင်းပြုရမည်။

(ခ) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက်တစ်ရပ်ရပ်ကို သက်သေပြနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည်-

(၁) အနုညာတသဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့ လိုက်နာရမည့် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းမရှိသော အခြေအနေသို့ ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ တရားမဝင်ခြင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်တွင် ၎င်းတို့လိုက်နာရမည့် ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်းမရှိသည့်အတွက် အနုညာတဆုံးဖြတ်ချက်ချမှတ်ရာ နိုင်ငံ၏ဥပဒေအရ တရားမဝင်ခြင်း၊

(၃) ခုံသမာဓိခန့်ထားမှုတွင် နည်းလမ်းတကျ အကြောင်းကြားမှုမရှိခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို နည်းလမ်းတကျ ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားခြင်းခံရသူသည် တစ်နည်းနည်းကြောင့် အမှုတွင်တင်ပြဖြေရှင်းခွင့် မရခြင်း၊

(၄) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ချင့်ချိန်သုံးသပ်မှုမပြုလုပ်ဘဲ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသည့် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ခြင်း သို့မဟုတ် အနုညာတခုံရုံးသည် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်ထက်ကျော်လွန်၍ ဆုံးဖြတ်ခဲ့ခြင်း၊

(၅) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူတို့၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ထိုသဘောတူညီချက်တွင် အဆိုပါအချက်များနှင့် စပ်လျဉ်းသည့် မည်သို့မျှ ဖော်ပြထားခြင်းမရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာနိုင်ငံ၏ ဥပဒေနှင့်ကိုက်ညီမှု မရှိခြင်း၊

(၆) အနုညာတစီရင်ဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှု မရှိသေးခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏အခွင့်ရအာဏာပိုင်ကဖြစ်စေ၊ ထိုနိုင်ငံ၏ ဥပဒေအရ အခွင့်ရအာဏာပိုင်ကဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း။

(ဂ) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် နိုင်ငံတော်၏ဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့် မရှိခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်း။

(ဃ) အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်ငံ့ပေးရန် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) တွင် ရည်ညွှန်းသော အခွင့်ရအာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည်သင့်လျော်သည် ဟု ယူဆပါက အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းကိုရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဘက်အငြင်းပွားသူအား သင့်လျော်သည့်အာမခံငွေကို တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**အယူခံဝင်ခွင့်**

၄၇။ အငြင်းပွားသူတစ်ဦးဦးသည် -

(က) စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သည့် အောက်ဖော်ပြပါ အမိန့်များအပေါ် အယူခံဝင်ခွင့်ရှိသည် -

(၁) ပုဒ်မ ၁၀ အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ခြင်းကို ငြင်းပယ်သော အမိန့်၊

(၂) ပုဒ်မ ၁၁ ပါ အမိန့်တစ်ရပ်ရပ် ၊

(၃) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ခ) အောက်ဖော်ပြပါ အနုညာတခုံရုံး၏အမိန့်များကို စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊

(၂) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့် ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

၄၈။ ဤအခန်းပါမည်သည့်ပြဋ္ဌာန်းချက်ကမျှ ဤဥပဒေမပြဋ္ဌာန်းမီက နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ကိုရရှိပြီး မြန်မာနိုင်ငံတွင် အတည်ပြုဆောင်ရွက်ခွင့်ရှိမည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ဖြစ်စေ၊ ၎င်းအပေါ် အတည်ပြုဆောင်ရွက်ခွင့် ပျက်ပြယ်ပြီးဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

**The Arbitration (Protocol and Convention) Act နှင့်သက်ဆိုင်မှုမရှိခြင်း**

၄၉။ ဤအခန်းပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းသည် The Arbitration (Protocol and Convention) Act, 1937 ပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၁)

## အထွေထွေ

၅၀။ (က) နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန်အလို့ငှာ အနုညာတသဘောတူညီချက် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်သည် စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူတစ်ဦးဦးကိုဖြစ်စေ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသူသည် -

(၁) ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(၂) အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များအပါအဝင် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်ဖော်ခြင်းမပြုရ။

၅၁။ အနုညာတဆုံးဖြတ်ချက်တွင် ပေးချေရမည့်ငွေပမာဏကို ဖော်ပြထားသော်လည်း အခြားနည်းညွှန်ပြထားခြင်းမရှိလျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေပါ ငွေ ဒီကရီအတွက် သတ်မှတ်သော အတိုးနှုန်းထားအတိုင်း အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အတိုးပေးစေရမည်။

၅၂။ (က) အနုညာတခုံရုံးသည် အနုညာတခုံရုံးသို့ တင်သွင်းသော တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (စ) တွင် ရည်ညွှန်းထားသော ကုန်ကျစရိတ်များအတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်းအာမခံငွေ ပမာဏကို သတ်မှတ်နိုင်သည်။ သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန်တောင်းဆိုမှုကို အနုညာတခုံရုံးသို့ တင်သွင်းတောင်းဆိုထားလျှင် ထိုသို့တောင်းဆိုမှုနှင့် အပြန်အလှန် တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အာမခံငွေအတွက် အငြင်းပွားသူများက အညီအမျှ ပေးဆောင်ရမည်။ သို့ရာတွင် အငြင်းပွားသူတစ်ဦးက အာမခံငွေအတွက် ၎င်းပေးဆောင်ရမည့် အချိုးကျငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဘက်အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။ ထို့အပြင် တစ်ဘက်အငြင်းပွားသူကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုအတွက် အထက်ဖော်ပြပါ အချိုးကျငွေကိုပေးဆောင်ခြင်း မရှိပါက အနုညာတခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုနှင့် စပ်လျဉ်းသော အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

( ဂ ) အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသောအာမခံငွေနှင့် ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် ခုံရုံးကုန်ကျစရိတ်နုတ်ပြီး မသုံးစွဲရသေးသော လက်ကျန်ငွေကို ပြန်အမ်းရမည်။

၅၃။ (က) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် မရရှိသေးသော စရိတ်များအတွက် ရထိုက်ခွင့်ရှိစေရမည်။

( ခ ) အနုညာတခုံရုံးသို့ ပေးရန်ရှိသည့်စရိတ်ကို အငြင်းပွားသူတစ်ဦးဦးက ပေးရန်ငြင်းဆိုသဖြင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက် ချမှတ်ပေးခြင်းမပြုသည့်အတွက် တစ်ဘက်အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားရာတွင် တရားရုံးသည် လိုအပ်သလို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သင့်လျော်သည်ဟု ယူဆသောစရိတ်ငွေကို အနုညာတခုံရုံးသို့ ပေးရန်တာဝန်ရှိသူက ပေးသွင်းစေရန်နှင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

( ဂ ) တောင်းဆိုသော ကုန်ကျစရိတ်ငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတခုံရုံးအကြား စာဖြင့်ရေးသားထားသည့် သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ) အရ လျှောက်ထားမှုကို အငြင်းပွားသူတစ်ဦးဦးက ပြုလုပ်နိုင်သည်။

(ဃ) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် လုံလောက်သော ဖော်ပြချက်မပါရှိလျှင် အဆိုပါကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည်ဟု ထင်မြင်သောအမိန့်ကို ချမှတ်နိုင်သည်။

၅၄။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့်ပတ်သက်၍ သော်လည်းကောင်း၊ အခြားအငြင်းပွားသူတစ်ဦးနှင့် ပတ်သက်၍ သော်လည်းကောင်း အနုညာတသဘောတူညီချက်သည် ရပ်စဲခြင်းမရှိစေရ။ သို့ရာတွင် အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်အပေါ်ဖြစ်စေ အနုညာတသဘောတူညီချက်ကို အတည်ပြုဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) ခုံသမာဓိတစ်ဦးကိုခန့်ထားသော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် အဆိုပါ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်သည် ရပ်စဲခြင်းမရှိစေရ။

၅၅။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင် ပြဋ္ဌာန်းထားရှိစေကာမူ အနုညာတသဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရ လျှောက်ထားပြီး ဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်။ အနုညာတ သဘောတူညီချက်နှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲ လျှောက်ထားမှုများကို ထိုတရားရုံး၌သာလျှင်လျှောက်ထားရမည်။ အခြားမည်သည့် တရားရုံးတွင်မျှ လျှောက်ထားခွင့်မရှိစေရ။

၅၆။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေကို ရည်ညွှန်းထားသော အပိုဒ်များသည် ဤဥပဒေကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

၅၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်လျှင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်လက်စွဲများကို ဤဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၅၈။ (က) အငြင်းပွားသူများက အနုညာတသဘောတူညီချက်တွင်ဖြစ်စေ၊ အခြားစာတမ်းအမှတ်အသား များတွင်ဖြစ်စေ အခြားနည်း သဘောတူထားခြင်းမရှိလျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မတိုင်မီက စတင်ဆောင်ရွက်ခဲ့သော အနုညာတသဘောတူညီချက် အရ ဆောင်ရွက်နေသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို အထောက်ထားပြု၍ ဤဥပဒေမပြဋ္ဌာန်းမီက အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို စတင်ဆောင်ရွက်ခဲ့လျှင် ဆောင်ရွက်ဆဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသော ဥပဒေ အရသာ ဆက်လက်ဆောင်ရွက်ရမည်။

၅၉။ The Arbitration Act, 1944 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၅ တွင် ပါရှိသော "officers, soldiers, sailors or airmen in the service of the Government" ဆိုသည့် စကားရပ်ကို "Defence Services Personnel" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၉ ၏ ဥပမာ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၁၈ ၏ ဥပမာ၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၆၁ ၏ ဥပမာ(က)၊ ပုဒ်မ ၁၆၅ ၏ ဥပမာ (ဂ)၊ ပုဒ်မ ၁၇၇ ၏ ဥပမာ၊ ပုဒ်မ ၁၈၂ ၏ ဥပမာ(က)၊ ပုဒ်မ ၁၉၃ ရှင်းလင်းချက် ၂ ၏ ဥပမာ၊ ပုဒ်မ ၂၂၇၊ ပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ပုဒ်မ ၄၉၉ အဋ္ဌမကင်းလွတ်ချက်၏ ဥပမာနှင့် နဝမကင်းလွတ်ချက်၏ ဥပမာ (ခ) တို့တွင်ပါရှိသော "Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ -

(က) ဒုတိယ၌ပါရှိသော"Military, Naval or Air Forces of the State" ဆိုသည့် စကားရပ်ကို "Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပဉ္စမ၌ပါရှိသော "member of a village committee" ဆိုသည့် စကားရပ်ကို "administrator of ward or village-tract" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ဧကာဒသမ၊ ဥပမာ၌ပါရှိသော "A Municipal Commissioner" ဆိုသည့်စကားရပ်ကို "A member of Development Committee or Body"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ဧကာဒသမ၊ ရှင်းလင်းချက် ၃ ၌ ပါရှိသော"Union Parliament" ဆိုသည့် စကားရပ်ကို "the respective Hluttaw"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "any municipal" ဆိုသည့် စကားရပ်ကို "any Development Committee or Body" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၅။ ရာဇသတ်ကြီးပုဒ်မ ၄၉ တွင် ပါရှိသော "British calendar"ဆိုသည့်စကားရပ်ကို" Gregorian calendar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရာဇသတ်ကြီးပုဒ်မ ၅၃ ၏ ဒုတိယနှင့် ပုဒ်မ ၁၂၀-ခ၊ ပုဒ်မခွဲ (၁) တို့တွင် ပါရှိသော "transportation" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၅၀၆ ဒုတိယအပိုဒ် နှင့် ပုဒ်မ ၅၁၁ တို့တွင်ပါရှိသော "transportation or" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း ပယ်ဖျက်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၅၊ ၇၅၊ ပုဒ်မ ၁၁၅ ပထမအပိုဒ်၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၈ ပထမအပိုဒ်၊ ပုဒ်မ ၁၁၉ စတုတ္ထအပိုဒ်၊ ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ပုဒ်မ ၁၉၄ ပထမအပိုဒ်၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ ဥပမာ၊ ပုဒ်မ ၂၀၁ တတိယအပိုဒ်၊ ပုဒ်မ ၂၁၁ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၁၂ တတိယအပိုဒ်နှင့် ဥပမာ၊ ပုဒ်မ ၂၁၃ တတိယအပိုဒ်၊ ပုဒ်မ ၂၁၄ တတိယအပိုဒ်၊ ပုဒ်မ ၂၁၆၊ ပုဒ်မ ၂၂၁ တတိယအပိုဒ်၊ ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၅ ဒုတိယအပိုဒ်နှင့် ပဥ္စမအပိုဒ်၊ ပုဒ်မ ၂၃၂၊ ၂၃၈၊ ၂၅၅၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၀၄၊ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်၊ ပုဒ်မ ၃၁၁၊ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၆၊ ၃၂၉၊ ၃၆၄၊ ၃၇၁၊ ၃၇၆၊ ၃၇၇၊ ၃၈၈ ၊ ၃၈၉ ၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၄၀၀၊ ၄၀၉၊ ၄၁၂၊ ၄၁၃၊ ၄၃၆၊ ၄၃၈၊ ၄၄၉၊ ၄၅၀၊ ၄၅၉၊ ၄၆၀၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၅၊ ၄၇၇၊ ပုဒ်မ ၄၈၉-က၊ ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃ တို့တွင်ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ရာဇသတ်ကြီးပုဒ်မ ၅၇၊ ၅၈၊ ၅၉၊ ၂၂၆ နှင့် ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ (၄)တို့ကို ပယ်ဖျက်ရမည်။

၉။ ရာဇသတ်ကြီးပုဒ်မ ၆၇၊ ၆၉ ၏ ဥပမာ၊ ၄၂၇ နှင့် ၄၂၉ တို့တွင်ပါရှိသော "fifty kyats"ဆိုသည့် စကားရပ်ကို "five thousand kyats"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၀။ ရာဇသတ်ကြီး ပုဒ်မ ၆၇၊ ပုဒ်မ ၆၉ ၏ ဥပမာ၊ ပုဒ်မ ၁၆၀ နှင့် ၄၃၅ တို့တွင် ပါရှိသော "one hundred kyats"ဆိုသည့် စကားရပ်ကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၆၉ ၏ ဥပမာတွင် ပါရှိသော "seventy- five kyats"ဆိုသည့် စကားရပ်ကို "seven thousand and five hundred kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တွင် ပါရှိသော "with transportation for life or any shorter term, to which fine may be added, or with imprisonment which may extend to three years, to which fine may be added, or with fine" ဆိုသည့် စကားရပ်ကို "with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to seven years, to which fine may be added, or with fine" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရာဇသတ်ကြီးအခန်း ၆-က ခေါင်းစဉ်တွင် ပါရှိသော "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND ACTS OF THE PARLIAMENT" ဆိုသည့် စကားရပ်ကို "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION OF THE REPUBLIC OF THE UNION OF MYANMAR AND THE EXISTING LAWS" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က တွင် ပါရှိသော "in sections 15,17,19,20, or sub-sections (2) and (3) of section 23 of the Constitution of the Union of Myanmar or in any Act enacted by the Parliament of the Union of Myanmar"ဆိုသည့်စကားရပ်ကို "in sub-section (b) of section 36, sections 348, 349, 350, 351, 352, 353, 354, 355, 356, 357, 358, 359, 360, 368, 369, 370, 371, 372, 376, 380 and 381 of the Constitution of the Republic of the Union of Myanmar or in any existing laws"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ရာဇသတ်ကြီး အခန်း ၇ ခေါင်းစဉ်တွင် ပါရှိသော "OF OFFENCES RELATING TO THE ARMY, NAVY AND AIR FORCE" ဆိုသည့်စကားရပ်ကို "OF OFFENCES RELATING TO THE DEFENCE SERVICES" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရာဇသတ်ကြီးပုဒ်မ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၈ နှင့် ပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(က) တို့တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force" ဆိုသည့် စကားရပ်ကို "a member of the Defence Services"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၇။ ရာဇသတ်ကြီးပုဒ်မ ၁၃၁ နှင့် ၁၃၆ တို့တွင် ပါရှိသော "any such officer, soldier, sailor or airman" ဆိုသည့်စကားရပ်ကို "any such member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ ရာဇသတ်ကြီးပုဒ်မ ၁၃၇ တွင် ပါရှိသော "the Army, Navy or Air Force"ဆိုသည့် စကားရပ်ကို "the Defence Services" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၃၉ တွင်ပါရှိသော "the Myanmar Army Act, the Myanmar Naval Volunteer Reserve (Discipline) Act or the Myanmar Air Force (Discipline) Act, 1947," ဆိုသည့်စကားရပ်တို့ကို "the Defence Services Act,1959" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၉။ ရာဇသတ်ကြီးပုဒ်မ ၁၃၇၊ ၁၄၀၊ ၁၇၁-ဇ၊ ၁၇၁-ဈ၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ၁၈၇၊ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့တွင်ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၀။ ရာဇသတ်ကြီးပုဒ်မ ၁၄၀ တွင် ပါရှိသော “a soldier, sailor or airman, in the Military, Naval or Air force”ဆိုသည့်စကားရပ်နှင့် “a soldier, sailor or airman” ဆိုသည့်စကားရပ်တို့ကို “a member of the Defence Services”ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၁။ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ ပထမနှင့် ပုဒ်မ ၁၆၁ တို့တွင်ပါရှိသော “Union Parliament” ဆိုသည့်စကားရပ်ကို “the respective Hluttaw” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ရာဇသတ်ကြီးပုဒ်မ ၁၅၄၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ၁၈၈၊ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယ အပိုဒ်နှင့် တတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇ နှင့် ၄၄၈ တို့တွင်ပါရှိသော “one thousand kyats” ဆိုသည့် စကားရပ်တို့ကို “one hundred thousand kyats” ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၃။ ရာဇသတ်ကြီးပုဒ်မ ၁၇၁၊ ၁၈၅၊ ၁၈၇၊ ၁၈၈၊ ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂဂ)၊ ပုဒ်မ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင်ပါရှိသော “two hundred kyats” ဆိုသည့်စကားရပ်ကို “twenty thousand kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၄။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-စ ၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၂၅။ ရာဇသတ်ကြီးပုဒ်မ ၂၁၆ ပဥ္စမအပိုဒ်၌ပါရှိသော “extradition”ဆိုသည့်စကားရပ်ကို “extradition or the Mutual Assistance in Criminal Matters Law”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ရာဇသတ်ကြီးပုဒ်မ ၂၂၂ တတိယအပိုဒ်နှင့် ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ် တို့တွင်ပါရှိသော “transportation for life or to transportation or imprisonment for a term of ten years or upwards;” ဆိုသည့် စကားရပ်ကို “imprisonment for a term of twenty years or imprisonment for a term of ten years which may extend to twenty years ” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၇။ ရာဇသတ်ကြီးပုဒ်မ ၃၃၅ တွင်ပါရှိသော “two thousand kyats” ဆိုသည့်စကားရပ်ကို “two hundred thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ရာဇသတ်ကြီး ပုဒ်မ ၃၆၁ တွင်ပါရှိသော “under sixteen years of age if a female” ဆိုသည့်စကားရပ်ကို “under eighteen years of age if a female”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၃၇၅ ၏ ပဥ္စမ၌ပါရှိသော “fourteen years of age”ဆိုသည့်စကားရပ်ကို “sixteen years of age”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ပါရှိသော “thirteen years of age” ဆိုသည့်စကားရပ်ကို “fifteen years of age” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇသတ်ကြီးပုဒ်မ ၄၁၇ တွင်ပါရှိသော “one year” ဆိုသည့်စကားရပ်ကို “three years” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-ဇ ၏ ခြွင်းချက်၊ ပုဒ်မ ၄၂၈၊ ၄၃၅ နှင့် ၅၁၀ တို့တွင်ပါရှိသော “ten kyats” ဆိုသည့်စကားရပ်တို့ကို “one thousand kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့်နောက်လာမည့် လွှတ်တော် သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရပြီးနောက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်း မကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။ )

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ် ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းနှင့်နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်း အတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ကိုဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ် ရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသောမည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း က မဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထား နိုင်သည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲ နှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထား နိုင်သည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့် နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုးရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေဆိုင်ရာအထောက်အကူ** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

(ခ) **ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါ ခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကိုလည်းကောင်း ဆိုသည်။

(ဂ) **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(င) **ရှေ့နေ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေကို ဆိုသည်။

(စ) **ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူကို ဆိုသည်။

(ဆ) **ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ** ဆိုသည်မှာ ဥပဒေဆိုင်ရာအကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့် ရှေ့နေကို ဆိုသည်။

(ဇ) **ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ဥပဒေ အကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဈ) **ဆင်းရဲနွမ်းပါးသူ** ဆိုသည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရန် ငွေကြေးမပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကိုဆိုသည်။

(ည) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဋ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံ ခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။

(ဌ) **အသိအမှတ်ပြုအဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့်အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(စ) အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဇ) ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး နှင့်စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)

## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာအထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊

(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး၊

(ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှု နှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာ ရရှိစေရေး၊

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။

## အခန်း(၄)

## ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ် တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး
ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်း တင်သွင်းပြီး အတွင်းရေးမှူး
ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်
ရှေ့နေအဖြစ် ၁၅ နှစ် အောက်မနည်း အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့်
ရှေ့နေတစ်ဦး။

၆။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်း နှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့် ညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့ အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများကို ကူညီနိုင်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းလမ်းများ သတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို အများပြည်သူသိရှိနိုင်ရန် အသိပညာပေးခြင်း၊

(ဆ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များကို သတ်မှတ်ခြင်း၊

(ဇ) ပြစ်မှုများနှင့်သက်ဆိုင်သည့် ပြင်ဆင်မှု၊ အယူခံမှုနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထား လာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဠ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဣ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အကူအညီ များပေးခြင်း၊

(ဍ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို ပြည်ထောင်စုတရားသူကြီးချုပ်သို့ အခါအားလျော်စွာ တင်ပြခြင်း။

၇။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့် ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ။

## အခန်း (၅)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင် တစ်ဦး၊ ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ် တစ်ဦး၊ အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ် တစ်ဦး၊ အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(င) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ နှင့်စပ်ဆိုင်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊

(စ) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး တစ်ဦး၊ အဖွဲ့ဝင်

(ဆ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်း တင်သွင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၀ နှစ်အောက်မနည်း အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ အတွင်းရေးမှူး

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့ အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထား လာပါက အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(စ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၆)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က ပုဒ်မ ၁၂ အရ ဖွဲ့စည်းပေးသော မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များအနက် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။

(ခ) အုပ်ချုပ်ရေးဆိုင်ရာ ခရိုင်ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းကို အများပြည်သူ ယုံကြည်နားလည် လက်ခံလာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၇)

## မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်အတွင်း အများကယုံကြည်လေးစားပြီး ဂုဏ်သတင်းရှိသော ဥပဒေပညာ တတ်ကျွမ်းနားလည်သူတစ်ဦး၊ ဥက္ကဋ္ဌ

(ခ) မြို့နယ်အတွင်း ဥပဒေဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံရှိပြီး အများက ယုံကြည်လေးစားသည့် ဒေသခံနှစ်ဦး၊ အဖွဲ့ဝင်များ

(ဂ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်မှ အမည်စာရင်း တင်သွင်းပြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က အတည်ပြုသော ၃ နှစ်အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ အတွင်းရေးမှူး

၁၃။ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ ယုံကြည်နားလည်လက်ခံလာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့၏ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအလိုက် ပါဝင်ဆောင်ရွက်မည့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ လစဉ် တင်ပြခြင်း၊

## အခန်း (၈)

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင်တို့၏ သက်တမ်းနှင့် အစားထိုးခန့်ထားခြင်း

၁၄။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ် ဖြစ်သည်။

(ခ) ရာထူးအလျောက် တာဝန်ပေးအပ်ထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့ဝင်အဖြစ် တစ်ဆက်တည်း နှစ်ကြိမ် ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ ။

၁၅။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တွင် အဖွဲ့ဝင်နေရာ လစ်လပ်ပါက လစ်လပ်သည့်နေရာအလိုက် အစားထိုး ခန့်အပ်နိုင်သည်။

(ခ) ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသောအဖွဲ့ဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ ဖြစ်သည်။

၁၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအခြေအနေများ ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ မိမိဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်ကြောင်း တင်ပြခြင်း၊

(ဂ) အဖွဲ့ဝင်များထဲမှ အနည်းဆုံး သုံးပုံနှစ်ပုံက အဖွဲ့ဝင်တစ်ဦးကို ဆက်လက်တာဝန် ပေးအပ်ရန် မသင့်လျော်ကြောင်း အကြောင်းပြချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် တင်ပြလာပါက-

(၁) ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ဝင်ဖြစ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင် အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက လိုအပ်သော စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(ဃ) လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သော ဆေးဘုတ်အဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချွတ်ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင် နိုင်စွမ်းမရှိခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၉)

## ဥပဒေဆိုင်ရာအထောက်အကူရရှိရန် တောင်းခံခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း

၁၇။ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာအထောက်အကူ ရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များ နှင့်အညီ တင်ပြတောင်းခံနိုင်သည်။

၁၈။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြ တောင်းခံချက်ကို လက်ခံရရှိသည့်အခါ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူ ပေးရန် ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၀)

## ဥပဒေဆိုင်ရာ အထောက်အကူပေးသူ သို့မဟုတ် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်းနှင့်တာဝန်ပေးအပ်ခြင်း

၂၀။ ရှေ့နေများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည်။

၂၁။ အောက်ပါပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည် -

(က) အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုတွင် ဥပဒေပညာ သင်ယူနေသူနှင့် ယင်းတက္ကသိုလ် တစ်ခုခုမှ ဥပဒေဘွဲ့ရရှိပြီးသူ၊

(ခ) ဥပဒေဘွဲ့ မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်း သို့မဟုတ် ရုံးဌာနများတွင် အတွေ့အကြုံရှိသူ။

၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၃။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

၂၄။ ဥပဒေဆိုင်ရာအထောက်အကူပေးသူနှင့် အသိအမှတ်ပြု အဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဥပဒေဆိုင်ရာအထောက်အကူပြုရေးအဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## အခန်း(၁၁)

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ

၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူနှင့် ပတ်သက်၍ -

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း ခံရသူ၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် ချုပ်မိန့် တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့်အခါတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

(ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲ ကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

၂၆။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့်ပတ်သက်၍ -

(က) အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

(ခ) အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့်သက်မွေးပညာသင် စခန်းများသို့ အပို့ခံရသူများရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသူနှင့်ပတ်သက်၍ -

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသားဖြစ်လျှင် ဥပဒေဆိုင်ရာအထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်။

(ဂ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို မထိခိုက်စေရန်လည်းကောင်း၊ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်လည်းကောင်း အလေးထား ဆောင်ရွက်ရမည်။

၂၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီ တောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေကို ဥပဒေဆိုင်ရာအထောက်အကူ ပေးရမည်။

၃၀။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိဆောင်ရွက်သော ဥပဒေဆိုင်ရာ အထောက်အကူပြုခြင်း ကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၃၁။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများထဲမှ ကလေးသူငယ်၊ မသန်စွမ်းသူ၊ အမျိုးသမီး၊ ခုခံအားကျဆင်းမှုရောဂါနှင့်အခြားကူးစက်မြန် ရောဂါခံစားနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူရရှိရန် ဦးစားပေးဆောင်ရွက်ရမည်။

၃၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီနှင့်တရားစွဲတင်ပြီးနောက် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင် ဖြစ်စေ စွပ်စွဲခံရသူ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူနှင့် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေများ အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးသူတစ်ဦးဦးအား တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူတစ်ဦးထက်ပိုပါက လိုအပ်လျှင် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

## အခန်း (၁၂)

## ဘဏ္ဍာရေး

၃၃။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သော ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြရမည်။

၃၄။ (က) ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ပမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကိုလည်းကောင်း၊

ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ပြည်တွင်းမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို လည်းကောင်း စိစစ်လက်ခံနိုင်သည်။

(ခ) လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများအား အဆင့်ဆင့်တင်ပြပြီး အဖွဲ့ပိုင်စာရင်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းဖော်ပြရမည်။

၃၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်း ဇယားမှတ်တမ်းများကို စေတနာရှင်နှင့်အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ စာရင်းရုံး၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၃၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များ၊ ယင်းအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေဆိုင်ရာအထောက်အကူ ပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၁၃)
## ဥပဒေအထောက်အကူပေးသူများအား ကြီးကြပ်ခြင်း

၃၇။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးသူများနှင့်စပ်လျဉ်း၍ ဥပဒေအထောက်အကူ ပေးသူများအား အသိအမှတ်ပြုလွှာ ပေးအပ်ရာတွင် လိုအပ်သော စည်းကမ်းချက်များ သတ်မှတ် ထားရှိရမည်။

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ဥပဒေအထောက်အကူ တောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာ တောင်းခံခြင်းမရှိစေရန် ကြီးကြပ်ရမည်။

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအနေဖြင့် အဂတိလိုက်စားမှုမရှိစေရန် ကြီးကြပ်ရမည်။

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ အချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည်ဟု သတင်းရရှိလျှင် ထိုသူအား ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်မှ ပုဂ္ဂိုလ်သုံးဦး ပါဝင်သည့်အဖွဲ့ဖြင့် စုံစမ်းစစ်ဆေး တင်ပြစေရမည်။

(င) ပုဒ်မခွဲ (ဃ) ပါစုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ ယင်းဥပဒေဆိုင်ရာအထောက်အကူ ပေးသူအား အရေးယူနိုင်ရန်ဆောင်ရွက်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၃၈။ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာအထောက်အကူရရှိရန် သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၃၉။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မဆောင်ရွက်ခြင်းများ ပေါ်ပေါက်လျှင် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူခြင်းခံရမည်။

၄၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့် အတွက်လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၄၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးလုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်က ဤဥပဒေအရ လိုအပ်သောအကူအညီများ တောင်းခံလာလျှင် အကူအညီ ပေးရမည်။

၄၃။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စာချွန်တော်အမိန့် လျှောက်ထားရာ၌ အကူအညီပေးရမည်။

၄၄။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းများကို စိစစ်သုံးသပ်နိုင်ရန် ယင်းတို့ထံမှ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို တောင်းယူနိုင်သည်။

၄၅။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့တို့ထံ ခြောက်လတစ်ကြိမ် တင်ပြရမည်။

၄၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၇။ မိမိတို့ အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၄၈။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အထူးကုန်စည်ခွန်ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။ )

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု** ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ဖြစ်စေ ထုတ်လုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့် နည်းဖြင့်ဖြစ်စေ ကုန်စည်များထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) အရက်၊ ဘီယာ၊ ဝိုင်အပါအဝင် အဖျော်ယမကာထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက် လိုအပ်သည့် ပစ္စည်းများ ဖြည့်စွက်ခြင်းနှင့် အခြားနည်း ပြုပြင်ခြင်း၊

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီးအရွက် သို့မဟုတ် ဆေးရွက်ကြီးကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန် သင့်လျော်သည် အထိ ပြုပြင်ပြောင်းလဲသည့်ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း၊

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့် ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်း တစ်ခု သို့မဟုတ် အစိတ်အပိုင်းများ စုစည်းခြင်း။

(င) **ထုတ်လုပ်သူ** ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ် ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကိုဆိုသည်။

(စ) **တင်သွင်းသူ** ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှ တင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း** ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့် ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်** ဆိုသည်မှာ အထူးကုန်စည်ကို ပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်ကို စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ** ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှု အထောက်အထားများ ကိုင်ဆောင်ထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက် ခရီးသွားလက်မှတ် ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ် ရောက်ရှိပြီး အခြားနိုင်ငံ တစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သော ငွေကိုဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်** ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်း ဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး** ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကိုဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီရောင်းဈေး သတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီ တွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကိုဆိုသည်။

(ဎ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသော ပုံစံကိုဆိုသည်။

(ဏ) **စည်းကြပ်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက် အခွန်ပေးဆောင်ပြီး ကြေညာလွှာတင်သွင်း စည်းကြပ်မှုခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်းပါဝင်သည်။

## အခန်း(၂)

## အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိစေခြင်း

၄။ (က) မည်သူမဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန် ကျသင့်စေရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထား ရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ် ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍-

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန် ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေး ဆောင်ရမည်။

(ဂ) ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန် အကောက်ဥပဒေဖြင့်-

(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(၂) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ အခွန်ကျသင့်သော အထူးကုန်စည် များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့်အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) အခွန်ပေးဆောင်ခြင်း မရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုး သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အခွန်ထမ်းက လိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်ပမှ တင်သွင်းခြင်း ဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုး တွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။

(၂) ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်းပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းခြင်း ဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်း မပြုမီ ပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက် အတွင်း ပေးဆောင်ရမည်။

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၃)
## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ-

(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊

(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊

(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊

(၅) ပြည်တွင်း ပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်ရှင်းများအရ ကင်းလွတ်ခွင့် ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(၇) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်-

(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ် ပေးအပ်သော အထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊

(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊

(၃) ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ၊ အချောထည်များနှင့် လက်ဝတ်ရတနာများမှအပ ပြည်ထောင်စုအစိုးရက နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန်တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။ အောက်ဖော်ပြပါ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ပြန်လည်တင်ပို့ခြင်း အစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့်တင်သွင်းလာသည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊

(ခ) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည် ရောင်းချမှုအပေါ် ကျသင့်သည့် အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စ ကုန်စည်များ တင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာန ဝန်ထမ်းများအား တာဝန်ခွဲဝေ ပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-

(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက် ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေး သတ်မှတ်ခြင်း၊

(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက်တိုးမြှင့်သတ်မှတ်ခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊

(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊

(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊

(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

၁၃။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို လွှဲအပ် တာဝန်ပေးခြင်းခံရသူသည်-

(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အအုံများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာ အပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည်-

(၁) အဆိုပါ စာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများကို ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊

(၂) ဥပစာအတွင်း၌ရှိသော ကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(၃) ထို့သို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်။

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံ တစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့်အမှုကိစ္စတစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးထံ အမြန်ဆုံး အစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦး ရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့်အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၁၄။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာ အတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင် လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်း ခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်း မပြုနိုင်လျှင် အဆိုပါ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာ တစ်စုံတစ်ရာသို့ ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

## အခန်း(၅)
## မှတ်ပုံတင်ခြင်း

၁၅။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာပေးပို့ အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## ကြေညာလွှာ တင်သွင်းခြင်း

၁၆။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်

ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်း ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည် ထုတ်လုပ်သူ မည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန်အကြောင်း ရှိလျှင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန် ပေးဆောင်စေရန်နှင့် ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းသူသည် အကောက်ခွန် ဦးစီးဌာနမှ ထုတ်ယူခြင်း မပြုမီ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

## အခန်း (၇)
## စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှန်ကန် ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှု ပမာဏကို မှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ် နိုင်သည်။

(ဂ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အထူးကုန်စည်ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ် လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်း မပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက် တောင်းခံခြင်း ပြုနိုင်သည်။

၁၈။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်

သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ် နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

## အခန်း (၈)

## ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်-

(၁) အခွန် ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန် လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၂၀။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့် စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက် တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့် ချမှတ်သည့်နေ့မှ သုံး နှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးသည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့်မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူက တင်ပြလျှင်ဖြစ်စေ အယူခံအမိန့်ချမှတ်သည့်နေ့မှ သုံး နှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက် ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့် ပေးရမည်။

## အခန်း(၉)
## အယူခံခြင်း

၂၁။ (က) အခွန်ထမ်းက မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် အောက်ပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည်-

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် ၁၀ သိန်း ထက်ပိုလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန် ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန် ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက် ဖြစ်ပြီး အခွန်ကျပ်သိန်း ၁၀၀ ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာ နှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည်-

(၁) မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မဆိုမကျေနပ် လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီး များဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် ယင်းမကျေနပ်သည့် အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါ ကာလများကို နုတ်ပယ်ရမည်-

(၁) အယူခံဝင်လိုသည့်အမိန့် မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့် တောင်းခံရယူသည့်ကာလ။

(င) ပုဒ်မခွဲ(ခ)နှင့်(ဂ)ပါကာလစည်းကမ်းသတ်ကို လုံလောက်သောအကြောင်း ရှိလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အခွန်အယူခံခုံအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံးဌာနမှူးက လျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့် ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်း ပေးသွင်းလျက် အယူခံခွင့်ပြုရန် လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့် ပေးပြီးနောက် သင့်လျော်သောအမိန့်ကို ချမှတ်နိုင်သည်။

(ဇ) အခွန်သည် ကျပ် ၁၀ သိန်းထက်မပိုလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက် သည်လည်းကောင်း၊ အခွန်သည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်း များဆိုင်ရာအခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ် သိန်း ၁၀၀ အထက်ဖြစ်ပြီး ဥပဒေရေးရာပြဿနာ မပေါ်ပေါက်လျှင် အခွန်အယူခံ ခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက် တစ်ခုခုပေါ်ပေါက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ(ဈ)အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်း ခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

## အခန်း(၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာပျက်ကွက်မှု တစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုရမည်-

(က) သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၃။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ထိန်ချန်ကြောင်း တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ် ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင် ထိမ်ချန်ခဲ့သည့် အထူးကုန်စည် ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျှော့နည်း ထုတ်ဖော်လျှင် ပုဒ်မခွဲ(ခ)ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

၂၄။ ပုဒ်မ ၂၃(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိန်ချန်ခဲ့သည့် အထူးကုန်စည် ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျှော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံး နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ (က) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည် ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့် မမှန်သောကြေညာလွှာကို တမင်သက်သက် ပေးပို့ကြောင်း၊ မမှန်သော သို့မဟုတ် မမှန်ဟု မိမိသိရှိယုံကြည်သော အထောက်အထားများကို တင်ပြကြောင်းတွေ့ရှိလျှင် ကျသင့်အခွန်၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုကို ကျူးလွန်ကြောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ် နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်-

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစား ပြုလုပ်ခြင်း၊

(ခ) လုံလောက်သော အကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဟန့်တားခြင်း။

၂၇။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရမည်။

၂၈။ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဃ) အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ် နှစ်မှ အများဆုံး ထောင်ဒဏ် သုံး နှစ်အထိ ချမှတ်ရမည်။

## အခန်း(၁၁)
## အရကောက်ခံခြင်း

၂၉။ ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်းမပြုလျှင်-

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း၊ ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

## အခန်း(၁၂)
## အထွေထွေ

၃၀။ အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သောသတင်းအချက်အလက် ရှိသူတိုင်းကို ယင်းသတင်းအချက်အလက်တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ သတင်းအချက်အလက်များ တင်ပြရန် တောင်းဆိုခြင်းခံရသူသည် သတင်းအချက်အလက်ပေးပို့ရန် ပျက်ကွက်လျှင်-

(က) ထိုသူကို ၁၅ ရက်အထိ အချိန်ထပ်မံ တိုးမြှင့်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန်ဆက်လက် ပျက်ကွက်ပါက ထိုသူအား အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက တရားမကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက် မည့်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် သတင်းအချက်အလက်များပေးရန် ပျက်ကွက်ရခြင်းသည် ထိုသူ၏ပယောဂမပါဘဲ သက်ဆိုင်ရာစာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့် ဖြစ်လျှင် ၎င်းအားမှတ်မိသမျှ ကတိသစ္စာပြုလုပ်စေပြီး သတင်းအချက်အလက်များ တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်အရ လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်ကြောင်း အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးကတွေ့ရှိလျှင် ထိုသူအား တရားစွဲဆိုနိုင်သည်။

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ချွင်းချက်ပြုနိုင်သည်။

၃၃။ (က) အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပ ဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

(ခ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့်ဒဏ်ငွေ ကောက်ခံရငွေအပေါ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း ဆုကြေးငွေချီးမြှင့်နိုင်သည်။

၃၄။ ဝန်ကြီးဌာနသည်-

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်း ကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်း ကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဇယား**

## အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များ

အောက်ဖော်ပြပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီအဖွဲ့က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်။ ယင်းအထူးကုန်စည်များအတွက် တန်ဖိုးအဆင့်နှင့်အခွန်နှုန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြဋ္ဌာန်းဆောင်ရွက်သည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်အညီ သတ်မှတ်ရမည်-

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေးကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါတစ်ဘူး ရောင်းဈေး ကျပ်မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် မှ ကျပ် အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် မှ ကျပ် အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် နှင့်အထက်ဖြစ်လျှင် | တန်ဖိုး၏ % |
| | (ဆ) စီးကရက်အမျိုးမျိုး(ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၂။ | ဆေးရွက်ကြီး။ | | % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | % |
| ၄။ | ဆေးပေါ့လိပ်။ | | % |
| ၅။ | ဆေးပြင်းလိပ်။ | | % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | % |

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ဋ) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၉။ | ဘီယာအမျိုးမျိုး | | % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် မှ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ဋ) ဝိုင်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲ သားများ။ | | % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ။ | | % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာအချောထည်များနှင့်လက်ဝတ်ရတနာများ။ | | % |
| ၁၄။ | Double Cab 4 Door Pick Up မှအပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | % |

# ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)

( ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် )

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်ပါရှိသော-

(က) "အင်စပက်တော်ချုပ်" ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ခ) "အင်စပက်တော်"ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးအရာရှိ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ဂ) "အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်" ဆိုသည့်စကားရပ်နှင့် "တာဝန်ခံလက်မှတ်" ဆိုသည့်စကားရပ်တို့ကို " အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) "မှတ်ပုံဝင်ဆရာဝန်" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(င) "မြန်မာနိုင်ငံဘာယဆေးဆိုင်ရာ အက်ဥပဒေ" ဆိုသည့်စကားရပ်ကို "တိုင်းရင်းဆေးကောင်စီဥပဒေ "ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(စ) "အဆက်ဆာလူကြီး" ဆိုသည့်စကားရပ်ကို "အကဲဖြတ်ပုဂ္ဂိုလ်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ဆ) "မြူနီစီပါယ်" ဆိုသည့်စကားရပ်ကို "စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "အသက်တဆယ့်ငါးနှစ် မပြည့်သေးသူ" ဆိုသည့်စကားရပ်ကို "အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ဆရာဝန်ကခွင့်ပြုသည့် အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး အသက်တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသူ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "အသက်တဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်လျက်၊ အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသူ" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသူ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဠ)၊ ပုဒ်မခွဲငယ် (ဃဃ) တွင်ပါရှိသော "အက္ခရာပုံနှိပ်မှု" ဆိုသည့်စကားရပ်ကို "စာပုံနှိပ်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်း၏နောက်တွင် "မိတ္တူကူးယူလုပ်ကိုင်မှု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဠ)၊ ပုဒ်မခွဲငယ် (ငင) တွင်ပါရှိသော "ရေယာဉ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်၏ နောက်၌ "အခြားယာဉ်တစ်မျိုးမျိုးကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(င) ပုဒ်မခွဲ (ဠ)၊ ပုဒ်မခွဲငယ် (ငင) ၏ နောက်တွင် ပုဒ်မခွဲငယ် (စစ) နှင့် ပုဒ်မခွဲငယ် (ဆဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စစ) လျှပ်စစ်နှင့် အီလက်ထရောနစ် နည်းပညာဆိုင်ရာပစ္စည်းများ တည်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်ထုတ်လုပ်မှု သို့မဟုတ် ပြန်လည်အသုံးပြုနိုင်ရန်စီမံမှု၊

(ဆဆ) ဓာတုပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်း။"

(စ) ပုဒ်မခွဲ (ဋ) တွင်ပါရှိသော "သို့ရာတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း မလုပ်သည့်အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင်၊ စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ။" ဆိုသည့် စကားရပ်ကို "ယင်းစကားရပ်တွင် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့်နေရာ သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်သော နေရာတစ်ခုခုတွင် ကြီးကြပ်သူ၊ လုံခြုံရေး၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သား စသည်တို့လည်းပါဝင်သည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) **အလုပ်ရုံ** ဆိုသည်မှာ အလုပ်သမား ၅ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်းတစ်ခုခုတွင်၊ အားအကူအညီဖြင့် လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ တစ်ခုခုနှင့်တကွ ဥပစာကိုပါဆိုလိုပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့်

၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်းတစ်ခုခုတွင်၊ အားအကူအညီမရှိဘဲ လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့ လုပ်ကိုင်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာလည်း ပါဝင်သည်။ ထို့ပြင် အလုပ်သမားတစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သည့် မော်တော်ယာဉ်ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ် ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများ ပါဝင်သည့် အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်း ဥပဒေနှင့်သက်ဆိုင်သည့် သတ္တုတွင်းမပါဝင်။”

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၅)နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၈)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄) နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၅ တို့တွင် ပါရှိသော “နိုင်ငံတော်သမတ”ဆိုသည့် စကားရပ်ကို “အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၀ တို့ကို ပယ်ဖျက်ရမည်။

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော “အင်စပက်တော်ချုပ် ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ပေးပို့သည့်နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကိုပေးပြီး ဖြစ်သည်ဟု မှတ်ယူရမည်” ဆိုသည့် စကားရပ်ကို “အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်တော်သော နည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊

ညွှန်ကြားရေးမှူးချုပ်သည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "အစိုးရ" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈-

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂ) တွင်ပါရှိသော "နေရပ်အပြည့်အစုံ" ဆိုသည့် စကားရပ်၏ နောက်တွင် "ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ အီးမေးလ်လိပ်စာ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)တွင်ပါရှိသော "အသုံးပြုရမည့် အားအမျိုးအစားနှင့်ပမာဏ" ဆိုသည့်စကားရပ်ကို "လုပ်ငန်းအမျိုးအစား၊ အသုံးပြုရမည့်လျှပ်စစ်ဝန်အားနှင့်စက်စွမ်းအား" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၆) တွင်ပါရှိသော "ပိတ်ရသည့် အလုပ်ရုံမှာ တဆယ့်ငါးယောက် ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ ယင်းသို့ပိတ်သည့် အချိန်မှခုနစ်ရက် အတွင်း အင်စပက်တော်ချုပ်ထံ အကြောင်းကြားရမည်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၇)တွင်ပါရှိသော "သို့ရာတွင် တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ အလုပ်ကို ပြန်လည်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ ပြန်လည်လုပ်ကြောင်း နို့တစ်စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၂ တို့တွင်ပါရှိသော "အစိုးရ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြည်သူ့ အာဏာပိုင်" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၀၂ တို့တွင်ပါရှိသော "အခြားဒေသန္တရအာဏာပိုင်" ဆိုသည့် စကားရပ်တို့ကို "သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရ၊ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်တို့ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(၁) ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ထားသည့် မှတ်ပုံတင်ဆရာဝန်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ တာဝန်ထမ်းဆောင် နေသော ဆရာဝန်များကို ဤအက်ဥပဒေကိစ္စအလို့ငှာ အလုပ်လုပ်ရန် သင့်လျော်ကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးသည့် ဆရာဝန်များအဖြစ် မှတ်ယူရမည်။"

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ(၂) တို့တွင်ပါရှိသော "နိုင်ငံတော်သမတ" ဆိုသည့် စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င) တွင်ပါရှိသော "ပြဋ္ဌာန်းထားသည့်" ဆိုသည့် စကားရပ်ကို "သတ်မှတ်ထားသည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ (၂) တို့တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "သတ်မှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြဋ္ဌာန်း နိုင်သည့်အပြင်" ဆိုသည့်စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "နည်းဥပဒေများပြုနိုင်သည်" ဆိုသည့် စကားရပ် တို့ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပြဋ္ဌာန်းသည့်" ဆိုသည့်စကားရပ်ကို "သတ်မှတ်သည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ် (က) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

(ဇ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၄-

(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော "ပြုလုပ်မှုလုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစီးသည့် အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များပြုရမည်" ဆိုသည့်စကားရပ်ကို "ပြုလုပ်မှုလုပ်ငန်းစဉ်အရ စွန့်ပစ်သည့်ပစ္စည်းများ၊ ယိုစီးသည့် အရာများနှင့် အခိုးအငွေ့များ၊ အမှုန်အမွှားများ၊ အနံ့အသက်များကို ရှင်းလင်းသန့်စင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) တွင်ပါရှိသော "သတ်မှတ်သည့် အာဏာပိုင်၏ သဘောတူညီချက်ကို ရရှိရမည်ဟု" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက်ရယူရ မည်ဟု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပြဒါးတိုင်တခု" ဆိုသည့်စကားရပ်ကို "အပူချိန်တိုင်းကိရိယာနှင့် အခြားလိုအပ်သည့်ကိရိယာများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "အင်တာနယ် ကွန်ဘတ်ရှင်း" ဆိုသည့် စကားရပ်နှင့် ပုဒ်မ၂၀၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ပြည်သူ့ကျန်းမာရေးအာဏာပိုင် များက စစ်ဆေးရန် နည်းလမ်းများကိုငင်း" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) တို့တွင်ပါရှိသော "ထွေးခံ" ဆိုသည့်စကားရပ်ကို "တံတွေးထွေးရန်ခွက်နှင့်အမှိုက်ပုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (၂) ၏ နောက်တွင် ပုဒ်မခွဲ (၃) နှင့် ပုဒ်မခွဲ (၄) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) အမျိုးသမီးအလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာစဉ် အချိန်မျိုးတွင် လုပ်ငန်းခွင်၌ ကျန်းမာရေးအရ လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း မှတ်ပုံတင်ဆရာဝန်၏

ဆေးထောက်ခံချက်နှင့်တကွ တင်ပြလာပါက လုပ်ငန်းပိုင်ရှင်က သတ်မှတ်ချက်များနှင့် အညီ စီစဉ်ဆောင်ရွက်ပေးရမည်။

(၄) ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများအား ညအချိန်တွင် စေခိုင်းခြင်းမပြုရ။ ထို့ပြင် မူလလုပ်ခလစာနှင့် ခံစားခွင့်များကို မထိခိုက်စေဘဲ ပေါ့ပါးသော တာဝန်များကိုသာ စေခိုင်းရမည်။"

၁၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော "နိုင်ငံတော်သမတက နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်"ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အရ ပြုလုပ်ရာမှထွက်ရှိသော ဆူညံသံပမာဏကြောင့် အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ထိခိုက်မှုမဖြစ် စေရန်နှင့် မတော်တဆထိခိုက်မှုမဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။"

၂၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၆) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(၆) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အနည်းဆုံး အကျယ်အဝန်း သတ်မှတ်ချက်ကို အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင် မိမိသင့်တော် သည်ဟုထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတစ်ခုခုကိုဖြစ်စေ၊ အလုပ်ရုံ အမျိုးအစားတစ်ခုခုကိုဖြစ်စေ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၂၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံအက်ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုနိုင်သည်" ဆိုသည့်စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၄၃-က။ အလုပ်ရုံများတွင် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများကို လျော့နည်းပပျောက်စေရန်အလို့ငှာ လုပ်ငန်းပိုင်ရှင်သည် လုပ်ငန်းခွင်

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများအား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းများကို လိုအပ်သလို တက်ရောက်စေရမည်။"

၂၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(၃) တွင်ပါရှိသော "သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံ" ဆိုသည့် စကားရပ်ကို "ဆေးခန်း"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၉ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၄၉ တို့တွင်ပါရှိသော "အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ" ဆိုသည့်စကားရပ်ကို "နားနေခန်းများ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အစာစားခန်း" ဆိုသည့်စကားရပ်ကို "စားသောက်ခန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) မိခင်အလုပ်သမား ၁၀၀ ဦးနှင့်အထက်ရှိသော အလုပ်ရုံတွင် လုပ်ငန်းပိုင်ရှင်သည် ထိုမိခင်အလုပ်သမားများ၏ ငါးနှစ်အောက်ကလေးများအတွက် ကလေးထိန်းဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကူအညီ ရယူဆောင်ရွက်ရမည်။ မိခင်အလုပ်သမား ၁၀၀ ဦး မပြည့်သည့် အလုပ်ရုံတွင် ယင်းတို့၏ ငါးနှစ်အောက်ကလေးများအတွက် လုပ်ငန်းပိုင်ရှင်က ကလေးထိန်းခန်းကို သင့်တော်သလို စီမံထားရှိရမည်။"

၂၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "လူပေါင်းတရာအောက်မနည်းခိုင်းစေသော" ဆိုသည့်စကားရပ်ကို "လူနှစ်ဆယ်အောက်မနည်း အလုပ်လုပ်နေသော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ကက) ရက်သတ္တပတ် အလုပ်ပိတ်ရက်များ၌ လုပ်ငန်းလိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာသည် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေးအရာရှိထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံးသုံးရက် ကြိုတင်၍ တင်ပြပြီး ခွင့်ပြုချက် ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင်"

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော “ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိ ခြွင်းချက်မှလွဲ၍၊” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) ၏နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(၄) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ၆၂ တို့အရ အလုပ်သမားအားပေးရန် ပျက်ကွက်ခဲ့သည့် ပုဒ်မခွဲ (၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကို ပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက ရထိုက်သော အချိန်ပိုလုပ်ခကိုပေးရန် တာဝန်ရှိသူက ထိုအလုပ်သမားအား ထုတ်ပေးရန် အမိန့်ချမှတ်ရမည်။”

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ တွင်ပါရှိသော “အသက်တဆယ့်သုံးနှစ် မပြည့်သေးသည့်” ဆိုသည့်စကားရပ်ကို “အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၇၅-က။ မည်သည့်လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေသော၊ ကျန်းမာရေးထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့်အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေသော၊ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေသော နည်းလမ်းများဖြင့် အလုပ်ခိုင်းစေခြင်းမပြုရ။”

၃၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၆ တွင်ပါရှိသော “အသက်ဆယ့်သုံးနှစ်ပြည့်ပြီး” ဆိုသည့်စကားရပ်ကို “အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) တွင်ပါရှိသော “အသက်ဆယ့်သုံးနှစ်ပြည့်ပြီး” ဆိုသည့်စကားရပ်ကို “အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲငယ်(ခ) တွင်ပါရှိသော “အသက်ဆယ့်ငါးနှစ်ပြည့်ပြီး” ဆိုသည့် စကားရပ်ကို “အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (၂) ၏နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(၃) အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်မရရှိသော မည်သည့်လူရွယ်ကိုမျှ အလုပ်ရုံ၌ ညနေခြောက်နာရီမှ နံနက်ခြောက်နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။”

၃၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၂ တွင်ပါရှိသော "တရားရုံးက ထင်မြင်လျှင်" ဆိုသည့်စကားရပ်ကို "တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပဥ္စမတန်းရာဇဝတ်တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ" ဆိုသည့်စကားရပ်ကို "စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စစ်ဆေးစီရင်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ငါးကျပ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ထောင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ၂၈၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (၆) တို့တွင်ပါရှိသော "ငါးရာထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်းအောက်မနည်းသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ငွေငါးဆယ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၈၅ တွင်ပါရှိသော "ငါးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသောငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ခုနှစ်ဆယ့်ငါးကျပ်ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၅၊ ခြွင်းချက် (၁) တွင်ပါရှိသော "ကျပ်ငါးရာတိတိငွေဒဏ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(င) ပုဒ်မ ၈၆ တွင်ပါရှိသော "အနည်းဆုံးနှစ်ရာမှ အများဆုံးတထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးကျပ်သိန်းသုံးဆယ်မှ အများဆုံးကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၈၇၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၈၈ တွင်ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၁၀၇၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "တထောင်ထက်မပိုသည့် ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်ဆယ်သိန်းထက်မပိုသည့်ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မ ၈၉၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "တနေ့လျှင် တရာထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "တစ်နေ့လျှင် ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မ ၉၁ တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဋ) ပုဒ်မ ၉၂ တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် နှစ်ကြိမ်ထက်မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပိုးသတ်ဆေးဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပိုးသတ်ဆေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသော ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် အပင်များကို နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင် စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ဖျက်ပိုးကို အဝေးသို့ပြေးစေရန်လည်းကောင်း၊ ဖျက်ဆီးရန် လည်းကောင်း၊ ကာကွယ်နှိမ်နင်းရန်လည်းကောင်း သို့မဟုတ် ဖျက်ပိုးကြီးထွားမှုနှင့် အကျိုးတစ်စုံတစ်ရာအတွက် အပင်ကြီးထွားမှုကို ထိန်းချုပ်ရန်လည်းကောင်း ရည်ရွယ်ထားသော ဓာတုပစ္စည်း သို့မဟုတ် တစ်မျိုးထက်ပိုသော ဓာတုပစ္စည်းအရော သို့မဟုတ် အဏုဇီဝပစ္စည်းအရောကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေး ဖော်စပ်ရာတွင် အသုံးပြုနိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့်အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့် သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ် ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သော ပိုးများကျရောက်ခြင်းမှ ကာကွယ်ရန် သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို တစ်နှစ် ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှု မှန် မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိ မရှိ နှင့်

ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီခြင်း ရှိ မရှိ တို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကို ဆိုသည်။

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကိုသုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ထို့ပြင် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောမှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

## အခန်း(၃)

## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီစွာ ပါဝင်ခြင်း ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပိုးကို နှိမ်နှင်းရာတွင် ထိရောက်မှု ရှိ မရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏ လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ အရည်အသွေး ရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကိုပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေးပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီကဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျဖျက်ဆီးရေးအတွက် လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေး ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေး ဌာနခွဲ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေး နည်းပညာ ကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

## အခန်း(၄)

## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်။

၁၄။ ပုဒ်မ ၁၃ ပါမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲ စစ်ဆေးသည့် နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှု ထောက်ခံချက်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) ဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင် ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်းအတွက် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသောလျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီးမှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသူသည် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ အချက်များ ပူးတွဲ၍ တင်ပို့ခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာကို ခွင့်ပြုပါက ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်သည်။

## အခန်း(၅)

## လိုင်စင်လျှောက်ထားခြင်းနှင့်အခွန်အခ ပေးဆောင်ခြင်း

၁၇။ လိုင်စင်လျှောက်ထားသူသည်-

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုး ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်လိုအပ်သည့် ပြည်ပပို့ကုန်များ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်းလုပ်ငန်း၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ သယ်ဆောင်ယာဉ်နှင့် ကုန်တင်သေတ္တာများတွင် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားရာ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားသောလျှောက်လွှာများနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ ချမှတ်နိုင်သည်။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးစမ်းသပ်သုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေး ရောင်းချသည့်ကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သော အရာရှိများကိုလွှဲအပ်၍ ဆောင်ရွက်ခွင့်ပြု နိုင်သည်။

## အခန်း(၆)

## ဦးစီးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည်-

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့်မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားသော လျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ ချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်းရှိ မရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့် အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ဦးစီးမှူးသည်-

(က) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်း ပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန် ညွှန်ကြားသည့် လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

## အခန်း(၇)

## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကိုဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်၊ ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

(င) ပိုးသတ်ဆေးများ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊

(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊

(ဇ) ပိုးသတ်ဆေးများကို စစ်ဆေးရန်အတွက် နမူနာယူခြင်း၊

(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံ တင်ပြပြီး ယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၈)

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီး ဖြစ်ရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

( င ) ပြည်ပမှတင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ထောက်ခံချက် ရယူပြီးနောက် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

( စ ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၉)

## ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်နှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

( ဂ ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်း ပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့် ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။

(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။

(စ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၊ ပြန်လည်ထုပ်ပိုး ရောင်းချခွင့် လိုင်စင်ရရှိသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင် ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်စေနိုင်ခြင်း ရှိ မရှိတို့အား စစ်ဆေးခြင်း ခံယူရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၁၀)

## ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်ကို ဆိုင်တွင် မြင်သာအောင်ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ပြောင်းလဲစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာ ရောနှောခြင်း၊ ပြုပြင်ခြင်းနှင့် မမှန်မကန်ကြော်ငြာ ရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင် ဖော်ပြပါရှိသောစည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(စ) ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက အခါအားလျော်စွာစစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေး နမူနာများကို ပေးအပ်ရမည်။

(ဇ) ပိုးသတ်ဆေး ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

## အခန်း(၁၁)

## ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

(ခ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေး အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများအတိုင်း လိုက်နာသုံးစွဲရမည်။

(ဂ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသောနေရာတွင် ထားရှိခြင်း မပြုလုပ်ရ။

(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ဖျက်ဆီးခြင်း နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း(၁၂)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

၂၈။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၅ ပါ လိုင်စင်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

## အခန်း(၁၃)

## အယူခံခြင်း

၂၉။ ပုဒ်မ ၂၈ အရ ခရိုင်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၃၀။ (က) ပုဒ်မ ၂၇ အရလည်းကောင်း၊ ပုဒ်မ ၂၉ အရလည်းကောင်း ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၄)

## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လုပ်ငန်းများကို မပြုလုပ်ရ။

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့်သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် မည်သည့် သတ္တဝါကိုမျှ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင် လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၃၅။ ပိုးသတ်ဆေး သုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ပတ်ဝန်းကျင်ကိုဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာခြင်း မရှိစေရ။

၃၆။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက်သောသူအား အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါက ရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့် စေရမည်။

၃၇။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

## အခန်း(၁၅)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင်ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိ ဖြစ်စေ ကျခံစေရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၂။ သက်ဆိုင်ရာ တရားရုံးသည် သိမ်းယူထားသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း(၁၆)

## အထွေထွေ

၄၃။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော အမှုအဖြစ် သတ်မှတ်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

၄၆။ ဤဥပဒေမပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ပိုးသတ်ဆေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အပင်** ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့် အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး** ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင် ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်** ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူလုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(င) **အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး** ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရန် ကာကွယ်နိုင်သည့်အခွင့်အရေးကို ဆိုသည်။

(စ) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(ဆ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။

(ဇ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ယင်းအပင်မှရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း(၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့်

ဆက်စပ်အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီ ဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)

## ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသည့်အခါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတာရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။

## အခန်း(၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြု လက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်-

(က) အဆိုပါမျိုး၏မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် တစ်နှစ်ထက်စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ခြောက်နှစ် ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများ အတွက် ရောင်းချခြင်း မရှိစေရ။

(ခ) အဆိုပါမျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှု မရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြား မည်သည့် အပင်မျိုးနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့်လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်ကိုအမည်ပေးရာတွင် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးရမည်။

## အခန်း(၆)
## အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း

၁၅။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထား နိုင်သည်-

(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊

(ခ) အပင်မျိုးသစ်မွေးမြူသူ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့်အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် သက်ဆိုင်ရာ အစိုးရဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ၁၄ အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းကို အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေးအခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီ ကာကွယ်ပိုင်ခွင့်ပေးအပ်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည်-

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ် ကာလအတွင်း ယင်းမျိုးသစ်ကို စီးပွားဖြစ်အသုံးချနိုင်ရန် အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းခံရပါ က ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

## အခန်း(၇)
## အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးနှင့် ရပိုင်ခွင့်ကိုကာကွယ်နိုင်သည့် အခြေအနေများ

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် အသုံးချ ဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်-

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပမှ တင်သွင်းခြင်း၊

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ၎င်း၏ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြု စိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များလုပ်ကိုင်ခြင်း အတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ပုဒ်မ ၂၃ ပါကိစ္စရပ်များ လုပ်ကိုင်ခြင်း အတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည်-

(က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်မှတိုက်ရိုက် ထပ်ဆင့်မွေးမြူရရှိသည့်မျိုးများ၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့်သိသာစွာ ကွဲပြားခြားနားခြင်း မရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ် ရရှိလာသည့်မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးသစ် ကာကွယ်နိုင်သည့် အခွင့်အရေး မှ မဖြစ်မနေကင်းလွတ်ခွင့်ပေးရမည်-

(က) စီးပွားဖြစ် မဟုတ်သော စိုက်ပျိုးထုတ်လုပ်ခြင်း၊

(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊

(ဂ) နည်းဥပဒေတွင် ခွင့်ပြုထားသည့် ပမာဏအရ တောင်သူအချင်းချင်းမျိုးဖလှယ်ခြင်း၊

(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးသစ် ကာကွယ်နိုင်သည့် အခွင့်အရေး မရှိစေရ-

(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ် အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့် ရရှိထားသော ယင်းမျိုးသစ်ကို ထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကာကွယ်ခြင်းကို ကန့်သတ်ချက် မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ ကုန်ထုတ်လုပ်မှု စည်းမျဉ်း သတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်း စသည့် အကြောင်းခြင်းရာများနှင့်စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက် တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများသည် မည်သည့်အခြေအနေတွင်မျှ ဤဥပဒေ၏ အကျိုးသက်ရောက်မှုကို ထိခိုက်ခြင်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှ စတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် အနှစ် ၂၀ သတ်မှတ်သည်။

## အခန်း(၈)
## အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ် စေရမည်-

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီး နောက်ပိုင်း အပင်မျိုးမွေးမြူသူ တင်ပြရမည့် မျိုးသစ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့် အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကာကွယ်နိုင်သည့် အခွင့်အရေးကို ရုပ်သိမ်းရမည်-

(က) ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ်ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့်အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့်အခြေအနေများတွင်မျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ရုပ်သိမ်းခြင်းမရှိစေရ။

## အခန်း(၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၁၀ သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၀)
## အထွေထွေ

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့

ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံး၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၂။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများကို လျှောက်ထားသူက ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခွန်အခများကို သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၁၆ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း  ၁၁  ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ  ၂၀  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဗ) ၌ ပါရှိသော "transportation or imprisonment for a term exceeding six months." ဆိုသည့် စကားရပ်ကို "transportation or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term exceeding six months as provided in the relevant Law:" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဗ) ၏ နောက်၌ ပုဒ်မခွဲငယ် (ဘ)၊ (မ) နှင့် (ယ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(x) "transportation for life" means the imprisonment for a term of twenty years:

(y) "Court of Session" in this Code means a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court; and

(z) "Magistrate" means any judge who is empowered by the Code of Criminal Procedure to take evidence and pronounce a judgement in any criminal proceeding."

၃။ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"6. Besides the Supreme Court of the Union and Courts constituted under any law other than this Code for the time being in force, there shall be three classes of criminal Courts in the Republic of the Union of Myanmar, namely:—

I. — High Courts of the Region or High Courts of the State:

II. — Courts of the Self-Administered Division or Courts of the Self-Administered Zone or District Courts:

III. — Township Courts."

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၈ ၏ ဥပမာမှအပ ယင်းပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"28. Subject to the other provisions of this Code, any offence under the Penal Code may be tried -

(a) by the Supreme Court of the Union, or

(b) by a High Court of the Region or a High Court of the State, or

(c) by a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court, or

(d) by any other Court by which such offence is shown in the eighth column of the second schedule to be triable."

၅။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၉၉-ခ၊ ၉၉-ဂ၊ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (၁) နှင့် (၃)၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၈၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၃၉-က၊ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၃၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၄၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၄၈ ၊ ပုဒ်မ ၃၆၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၁၀၊ ပုဒ်မ ၄၆၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၆၉၊ ပုဒ်မ ၄၇၆၊ ပုဒ်မခွဲ (၁) ခြွင်းချက်၊ ပုဒ်မ ၄၇၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၇၉၊ ၄၈၅၊ ၄၈၇၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၉-က၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၄၆-က၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၆၂၊ ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ (၁)နှင့်(၄) တို့၌ ပါရှိသော "the High Court" ဆိုသည့် စကားရပ်နှင့် "High Court" ဆိုသည့် စကားရပ်တို့ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၅၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၂၅၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၂၈၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၃၄၊ ပုဒ်မခွဲ (၁) နှင့် (၂)၊ ပုဒ်မ ၄၃၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၃၆၊ ၄၉၇၊ ပုဒ်မ ၄၉၉၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၅၀၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅၁၂၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၁၆၊ ပုဒ်မ ၅၁၇၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၅) နှင့် (၆-က)၊ ပုဒ်မ ၅၆၁-က တို့၌ ပါရှိသော "the High Court"ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၉-စ၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၇၄၊ ပုဒ်မ ၃၇၅၊ ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃)၊ ပုဒ်မ ၃၇၆၊ ၃၇၇၊ ၃၇၉၊ ၃၈၁၊ ၃၈၂၊ ပုဒ်မ ၄၂၄၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၅၈ တို့၌ပါရှိသော "High Court" ဆိုသည့်စကားရပ်ကို "Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက် ရမည် -

"Provided that, this sub-section shall not apply to such deposition made before the Supreme Court of the Union, or a High Court of the Region or a High Court of the State."

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၁ တွင်-

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may pass any sentence authorized by law."

(ခ) ပုဒ်မခွဲ(၂) ၌ ပါရှိသော"A Sessions Judge or Additional Sessions Judge" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State or a District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "such Judge" ဆိုသည့် စကားရပ်ကို "such Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို"the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (၁) ခြေဆင်း၌ပါရှိသော "Courts of Magistrates" ဆိုသည့် စကားရပ်ကို "Courts of Judges" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "two years" ဆိုသည့် စကားရပ်ကို "three years" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "one thousand kyats"ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "Whipping" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) ၌ ပါရှိသော "six months" ဆိုသည့် စကားရပ်ကို "one year" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂ) ၌ပါရှိသော "one month" ဆိုသည့်စကားရပ်ကို "three months"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော "transportation for a term exceeding seven years of imprisonment"ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၈၃၊ ၃၉၆၊ ၃၉၇၊ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၂၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၈၂ နှင့် ပုဒ်မ ၅၆၂၊ ပုဒ်မခွဲ (၁) တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့၏ နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term of twenty years as provided in the relevant Law" ဆိုသည့် စကားရပ်ကို အသီးသီး ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၄၉၇၊ ပုဒ်မခွဲ (၁) ၌ပါရှိသော "with transportation for life" ဆိုသည့် စကားရပ်၏ နောက်တွင် "or with imprisonment for life or with imprisonment for a term of unlimited period or with imprisonment for a term of twenty years as provided in the relevant Law:" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၂)၊ (၃-က) နှင့် (၃-ခ)၊ ပုဒ်မ ၃၅၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၇၁၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၄၀၆ တတိယအပိုဒ်၊ ပုဒ်မ ၄၁၀ နှင့် ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) တို့တွင် ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge " ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၃-ခ) တွင်ပါရှိသော "Additional Sessions Judge" ဆိုသည့်စကားရပ်ကို "Additional District Judge"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Assistant Sessions Judge" ဆိုသည့်စကားရပ်ကို "Deputy District Judge" ဆိုသည့်

စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၁၀ ၌ ပါရှိသော “Additional Sessions Judge” ဆိုသည့် စကားရပ်ကို “Additional District Judge or Deputy District Judge” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) ၌ပါရှိသော “Additional or Assistant Sessions Judge” ဆိုသည့် စကားရပ်ကို “Additional District Judge or Deputy District Judge”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော “before him,” ဆိုသည့် စကားရပ်၏ နောက်တွင် “or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၈ တွင်ပါရှိသော “sessions division:” ဆိုသည့် စကားရပ်ကို “other local area:” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော “Additional Sessions Judges” ဆိုသည့် စကားရပ်ကို “Additional District Judges” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Assistant Sessions Judges”ဆိုသည့် စကားရပ်ကို “Deputy District Judges” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “Sessions Judge”ဆိုသည့် စကားရပ်ကို “District Judge”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “division”ဆိုသည့်စကားရပ်ကို “district” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ်(ခ)၊ (ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၁၃ တို့တွင်ပါရှိသော “one hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “fifty kyats” ဆိုသည့် စကားရပ်ကို “thirty thousand kyats”ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ (ဃ) နှင့် (င) တို့တွင်ပါရှိသော “fifty kyats” ဆိုသည့်စကားရပ်ကို “thirty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၉၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော “five hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၃ နှင့် ပုဒ်မ ၄၁၄ တွင် ပါရှိသော “two hundred kyats”ဆိုသည့် စကားရပ်ကို “twenty thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၈၀၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၂၊ ပုဒ်မခွဲ (၁) တို့တွင် ပါရှိသော “two hundred kyats”ဆိုသည့်စကားရပ်ကို “twenty thousand kyats”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၈၈၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၉၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော “one hundred kyats”ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၅ တွင် ပါရှိသော “ten kyats” ဆိုသည့် စကားရပ်ကို “one thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅၂၆၊ ပုဒ်မခွဲ (၆-က)

တွင်ပါရှိသော "two hundred and fifty kyats" ဆိုသည့် စကားရပ်ကို "twenty-five thousand kyats"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၆၀ ၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ် (ည) ကို ပယ်ဖျက်ရမည်။

၁၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅၊ ပုဒ်မခွဲ (၅-က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(5A) The Supreme Court of the Union or a High Court of the Region or a High Court of the State or a District Court acting in the exercise of its powers of revision under section 439 may allow any person to compound any offence which he is competent to compound under this section."

၁၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀၊ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) As the evidence of each witness taken under section 356 is completed, it shall be read over to him in the presence of the accused, if in attendance, or of his pleader, if he appears by pleader, and shall, if necessary, be corrected and such evidence taken down shall be signed by the witness on every page."

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၅ တွင် "The High Court"ဆိုသည့် စကားရပ်ကို "The Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၂၀။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၃၉၆ ၌ပါရှိသော "or whipping" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၄၀၆ ဒုတိယအပိုဒ်ကို ပယ်ဖျက်ရမည်။

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"408. Any Person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to a Court of the Self-Administered Divison or a Court of the Self-Administered Zone or a District Court."

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"409. An appeal to a Court of the Self-Administered Divison or the Court of a Self-Administered Zone or a District Court shall be heard by the District Judge or by a Additional District Judge or Deputy District Judge as the District Judge may make over to him."

၂၃။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၄၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"411. Any person convicted on a trial held by a High Court of the Region or a High Court of the State, may appeal to the Supreme Court of the Union."

၂၄။ ပုဒ်မ ၄၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"417.(a) An Advocate General of the Region or an Advocate General of the State may direct the Public Prosecutor to present an appeal to a High Court of the Region or a High Court of the State from an original or appellate order of acquittal, or order of acquittal in revision case passed by any subordinate Court of the said High Court.

(b) The Attorney General of the Union may direct the Public Prosecutor to present an appeal to the Supreme Court of the Union from any of the following orders passed by a High Court of the Region or a High Court of the State : –

(1) order of acquittal in original case or in appeal case;

(2) order of acquittal in revision case;

(3) dismissal order on appeal against acquittal."

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅ တွင်-

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) ၌ ပါရှိသော "or any Sub-divisional Magistrate empowered by the President of the Union in this behalf," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ တွင် ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၇ တွင်ပါရှိသော "the Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "the District Judge" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the Court of Session" ဆိုသည့် စကားရပ်ကို "the District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မ ၄၄၂ တို့တွင် ပါရှိသော "the High Court, the State or Divisional Court " ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State or a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ တွင် -

(က) ပုဒ်မခွဲ (၁) ၌ပါ ရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) ၏ ဒုတိယအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or an Advocate-General of the Region or an Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard."

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၆-က တွင် ပါရှိသော "is produced" ဆိုသည့် စကားရပ်၏ နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ တွင် ပါရှိသော "any property or document produced before it" ဆိုသည့် စကားရပ်ကို "any property or document produced before it or exhibit submitted to it under a report and other relevant documentary evidence, if such exhibit is not physically and easily produceable before it"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁ တွင်ပါရှိသော "sessions division," နှင့် "sub-division" ဆိုသည့် စကားရပ်တို့ကိုပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉ တွင် -

(က) "the High Court"ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) "or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၅၄၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may make rules for the inspection of subordinate Courts."

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ တွင်-

(က) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၁၂၀-ခ နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၂၂ နှင့် ၂၂၅ တို့နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့် စကားရပ်ကိုလည်းကောင်း အသီးသီးပယ်ဖျက်ရမည်။

( ဂ ) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ ပါရှိသော ပုဒ်မ ၅၁၁ နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၂၄-က နှင့်သက်ဆိုင်သည့် "or for any term and fine, or imprisonment of either description for three years and fine," ဆိုသည့် စကားရပ်ကို "and fine or imprisonment of either description for seven years and fine, "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( င ) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၌ပါရှိသည့် "transportation for life, or transportation" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( စ ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ်၌ပါရှိသည့် "transportation for life, or to transportation" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၂ ပထမအပိုဒ်၊ ပုဒ်မ ၁၇၃ ပထမအပိုဒ်၊ ပုဒ်မ ၁၇၄ ပထမအပိုဒ်၊ ပုဒ်မ ၁၇၅ ပထမအပိုဒ်၊ ပုဒ်မ ၁၇၆ ပထမအပိုဒ်၊ ပုဒ်မ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ပုဒ်မ ၁၈၇ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့နှင့်သက်ဆိုင်သည့် "500 kyats" ဆိုသည့်စကားရပ်ကို "50,000 kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဇ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၃ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၅ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၆ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၇ ပထမအပိုဒ်၊ ပုဒ်မ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ပုဒ်မ ၁၈၈ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇ နှင့် ၄၄၈ တို့နှင့်သက်ဆိုင်သည့် "1,000 kyats" ဆိုသည့်စကားရပ်ကို "100,000 kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

(ဈ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၆၀ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို "10,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၇၁၊ ၁၈၅၊ ပုဒ်မ ၁၈၇ ပထမအပိုဒ်၊ ပုဒ်မ ၁၈၈ ပထမအပိုဒ်၊ ပုဒ်မ ၂၆၃-က၊ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင်ပါရှိသည့် "200 kyats" ဆိုသည့် စကားရပ်ကို "20,000 kyats"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဋ) ရာဇသတ်ကြီး ပုဒ်မ ၁၇၁-စ၏ ခြွင်းချက်နှင့်သက်ဆိုင်သည့် စာတိုင် ၁ မှ စာတိုင် ၈ အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဌ) ပုဒ်မ ၂၂၆ နှင့်သက်ဆိုင်သည့် စာတိုင် (၁) မှ စာတိုင် (၈) အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဍ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၃၃၅ နှင့်သက်ဆိုင်သည့် "2,000 kyats" ဆိုသည့် စကားရပ်ကို "200,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဎ) စာတိုင် ၅ ၌ ပါရှိသော ပုဒ်မ ၄၀၆ နှင့်သက်ဆိုင်သည့် "Not bailable" ဆိုသည့် စကားရပ်ကို "Bailable" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဏ) စာတိုင် ၇ ၌ပါရှိသော ပုဒ်မ ၄၁၇ နှင့်သက်ဆိုင်သည့် ထောင်ဒဏ် "1 year"ဆိုသည့် စကားရပ်ကို "3 years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(တ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၂၇ နှင့်သက်ဆိုင်သည့် "50 kyats"ဆိုသည့် စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင်ပါရှိသည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

ပုဒ်မ ၄၂၉ တွင်ပါရှိသည့် "50 kyats" ဆိုသည့်စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့်စကားရပ်ကို "10,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ထ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၇၁ နှင့်သက်ဆိုင်သည့် "the Government of India" ဆိုသည့် စကားရပ်ကို "the Union Government"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဒ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၅၁၀ နှင့် သက်ဆိုင်သည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဓ) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class" ဆိုသည့်စကားရပ်၏ နောက်တွင် "or second class" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(န) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class or second class" ဆိုသည့် စကားရပ်ကို "Any Magistrate" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂ တွင် အခြားဥပဒေများကို ကျူးလွန်သူများခေါင်းစဉ်အောက်ရှိ စာတိုင်၂၊ ပထမအပိုဒ်၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်သမား၏ စွမ်းဆောင်ရည်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တ ကောင်းမွန်သဖြင့် အလုပ်ရှင်က အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့ မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊

(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင်ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ် ကျခံသုံးစွဲငွေများ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့်ထည့်ဝင်ကြေးများ၊

(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊

(၆) ဆေးကုသစရိတ်နှင့်အပန်းဖြေခများ၊

(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၈) ပင်စင်လစာနှင့် အငြိမ်းစား လုပ်သက်ဆုငွေ၊

(၉) ဝန်ကြီးဌာနက ဤဥပဒေပါအခကြေးငွေနှင့်မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကန်ထရိုက်တာသည်လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့်တရားဝင်ကိုယ်စားလှယ်တို့သည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမားခေါင်းမပါဝင်။

(ဂ) **အလုပ်သမား** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့်ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့်အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကိုဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

## အခန်း(၂)

## အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ

၃။ အလုပ်ရှင်သည် -

(က) မိမိ၏ လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်နိုင်ငံခြားသုံး

ငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသောအလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးချေရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ဆန္ဒအရ ငွေသားတစ်ချို့တစ်ဝက်နှင့်ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ပေးချေနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတစ်ချို့တစ်ဝက်နှင့်ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့ တစ်ဝက်တွဲဖက်၍ ပေးချေနိုင်သည်။ ထိုသို့ပေးချေခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးချေသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀) အတွက် အခကြေးငွေ ထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက်သော်လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်တစ်ခုအတွက်သော်လည်းကောင်း အလုပ်ပြီးဆုံးသည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလအပိုင်းအခြားသည် တစ်လထက် မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ ပေးချေရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် နောက်အကျဆုံး ငါးရက်အတွင်း ပေးချေရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှ ရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း ပေးချေရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာ ပေးပို့၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(စ) အလုပ်သမားသေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေ ဆက်ခံသူထံသို့ ပေးချေရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေရမည်။

၅။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေးချေမည် ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်း ပေးချေရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)

## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာဥပဒေအရ အခကြေးငွေ ခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့်အများပြည်သူ အလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူ ဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့်ပို့ကြိုယာဉ် စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အလုပ်သမားက ပေးဆောင် ရမည့်ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက် နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ၊ အလုပ်သမား အတွက် စုငွေ သို့မဟုတ် ဥပဒေအရ ထည့်ဝင်ကြေးငွေတစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူ ဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့် ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည့်သည့်ကိစ္စအတွက် မည်သို့မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါခွင့်ပြုချက်ကို သက်ဆိုင်ရာအလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တန်ဖိုးထက် မပိုစေရ။

(ဃ) ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် -

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာမပေးဘဲ ထိုအခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင် နှင့် အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင် မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၁။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည် -

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်က အလုပ်သမားအား ထိန်းသိမ်း စောင့်ရှောက်ရန် အတိအလင်း အပ်နှံထားသည့် တာဝန်ရှိသော ပစ္စည်းနှင့်ငွေကြေး တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ ပေါ့ဆမှုနှင့်မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ဒဏ်ငွေသတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၂။ အလုပ်သမားသည် -

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် မှတ်ပုံတင် ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေး ကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့တောင်းဆိုနိုင်သည် -

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက် ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ခြောက်လအတွင်း စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြနိုင်သည်။

၁၃။ (က) စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို ကျေနပ်မှုမရှိပါက စစ်ဆေးရေးအရာရှိချုပ်ထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၄)

## အချိန်ပို အခကြေးငွေ

၁၄။ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

## အခန်း (၅)

## စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေးအရာရှိ၏ တာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါအခကြေးငွေပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောစစ်ဆေးမှုများနှင့်ကြီးကြပ်မှုများ ပြုလုပ်နိုင်ရန် အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အကျုံးဝင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသော အချိန်တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့်လိုအပ်သည့် ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းခြင်း ပြုနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့်လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦး နှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)

## တရားစွဲဆိုခြင်း

၁၉။ (က) စစ်ဆေးရေးအရာရှိသည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် ဤဥပဒေအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆို တောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

(ဂ) အလုပ်သမားသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်း ဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့်နစ်နာကြေးငွေများကို ပေးချေရန် သက်ဆိုင်ရာတရားရုံးသို့ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၂၀။ တရားရုံးသည် အခကြေးငွေပေးချေရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်လျှင် အခကြေးငွေပေးချေခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) သဘာဝဘေးအန္တရာယ် အပါအဝင်မမျှော်လင့်သော အရေးပေါ်အခြေအနေပေါ်ပေါက်လာ သဖြင့် အခကြေးငွေကို ပေးချေနိုင်မှုမရှိခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီ မပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက် ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးချေသည့် အခကြေးငွေကို လက်ခံရယူရန် ပျက်ကွက်ခြင်း။

၂၁။ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများ နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တရားစွဲဆိုခြင်းမပြုရ -

(က) စစ်ဆေးရေးအရာရှိထံသို့ လျှောက်ထားသည့်ကိစ္စ မပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့် ငွေဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း(၇)

## တားမြစ်ချက်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ ပုဒ်မ ၄၊ ၅၊ ၈၊ ၉ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း(၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၄ အရ ပြစ်မှုစီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅၀ သိန်း ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)

## အထွေထွေ

၂၈။ ဤဥပဒေ ပြဋ္ဌာန်းချက်ပါ အခွင့်အရေးတစ်ရပ်ရပ်အောက် လျော့နည်း၍ ချုပ်ဆိုသည့် မည်သည့် သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့်စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Payment of Wages Act ,1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၁၈ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်  ၁  ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆိုင်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝတ္ထုပစ္စည်းကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့်အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွဲချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်သုံးပစ္စည်းကိရိယာများ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် နေရာတစ်ခုခုသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှုအလုပ်ဌာနတို့မပါဝင်။

(ခ) **ကုန်သွယ်အလုပ်ဌာန** ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင် လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေးကိုယ်စားလှယ်လုပ်ငန်းများဆောင်ရွက်သည့် အလုပ်ဌာနတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှုအလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိက

ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှုအားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခကောက်ခံသည့် ဂိတ်များသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် ကုန်သွယ်အလုပ်ဌာနဟု သတ်မှတ်သည့်နေရာသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ဆိုင် သို့မဟုတ်အများပျော်ရွှင်ရေးအလုပ်ဌာန မပါဝင်။

(ဂ) **အများပျော်ရွှင်ရေးအလုပ်ဌာန** ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံဖျော်ဖြေပွဲများကျင်းပသည့်ခန်းမ၊ ဗွီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကိုဆိုသည်။

(ဃ) **စက်မှုလက်မှုအလုပ်ဌာန** ဆိုသည်မှာ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့်အကျုံးမဝင်သော စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(င) **အလုပ်ဌာန** ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ စက်မှုလက်မှုအလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့်အလုပ်ဌာနအဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာနများကိုဆိုသည်။

(စ) **အလုပ်ရှင်** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနကို ပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူသို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ်ဌာနကို အရပ်ရပ်စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင်ကွယ်လွန်ပါကယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လွှဲပြောင်းရရှိသူကိုဆိုသည်။

(ဆ) **မန်နေဂျာ** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အလုပ်ရှင်ကိုယ်စား ဤဥပဒေပါကိစ္စအလို့ငှာ ဆုံးဖြတ်ဆောင်ရွက်ရန် အလုပ်ရှင်က တရားဝင်ခန့်ထား၍ စစ်ဆေးရေးအရာရှိထံသို့ နို့တစ်စာ ပေးပို့ထားသူကိုဆိုသည်။

(ဇ) **အလုပ်သမား** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုသည်။ ထို့အပြင်ထိုအလုပ်ဌာနတွင် စာရေး၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက်အဖြစ် အလုပ်လုပ်သူတို့လည်းပါဝင်သည်။သို့ရာတွင် ယင်းစကားရပ်၌ အလုပ်ရှင်သော်လည်းကောင်း အလုပ်ရှင်နှင့်အတူ နေထိုင်၍အလုပ်ရှင်အပေါ်မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကို(အရင်း)သို့မဟုတ် မောင်နှမ (အရင်း)တို့ မပါဝင်ချေ။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံ နှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီး ဌာနမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန်သတ်မှတ်ရန်၊

(ခ) လုပ်ခမှန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်။

## အခန်း (၃)

## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်သည်။

၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော အောက်ပါလုပ်ပိုင်ခွင့်များ အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည် -

(က) စစ်ဆေးရေး အရာရှိများအား နယ်မြေ သတ်မှတ် တာဝန်ပေးနိုင်ခြင်း၊

(ခ) တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများ ပျော်ရွှင်ရေးအလုပ်ဌာနများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆိုတရားစွဲဆိုရန် စစ်ဆေးရေး အရာရှိတစ်ဦးဦးအား တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည်-

(က) မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့်အလုပ်ဌာနဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်နေရာသို့ ဤဥပဒေပါ ကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိ သက်သေခံ

ကတ်ပြားကို ပြသပြီးဝင်ရောက်နိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူဝင်ရောက်ရမည်။ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်းအထောက်အထားများ၊ အီလက်ထရောနစ်စနစ်သုံးမှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများရယူခြင်း၊ ကူးယူခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့် အလုပ်ဌာန၏မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံးအခြား အထောက်အထားများကိုလိုအပ်ပါက သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။

(ဂ) သို့ရာတွင် မည်သူ့ကိုမျှ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည်ဟူ၍လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍လည်းကောင်း ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

## အခန်း (၄)

## အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီ နှင့် နံနက်ငါးနာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလ အပိုင်းအခြားအတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၈။ အလုပ်ရှင်သည် -

(က) အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ ဗလာပွဲများကျင်းပသည့် နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေးအလုပ်ဌာနများကို နံနက်တစ်နာရီမှ နံနက် ငါးနာရီကြား ပိတ်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်ရန်လိုအပ်သည့်ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်မရရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ခြင်းမပြုရ။

၁၀။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနများကို လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြား၍ လုပ်ကိုင်နိုင်သည် -

(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများရှိ ဆိုင်၊ လမ်းတံတားအသုံးပြုခကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့် ကလပ်များ၊

( ခ ) ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊

( ဂ ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသော လုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်း၊ ဆိုင်နှင့် အလုပ်ဌာန။

၁၁။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာန၌ အလုပ်လုပ်သော အလုပ်သမားတစ်ဦးကို တစ်ရက်လျှင် ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီ ထက်ပို၍လည်းကောင်း အလုပ်မလုပ်စေရ။ သို့ရာတွင် တစ်ရက်လျှင် ရှစ်နာရီ ထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။

( ခ ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့် ရက်သတ္တပတ်၌မဆို ၁၂ နာရီထက်မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ ၁၆ နာရီထက် မပိုစေရ။ ထို့ပြင် ညဉ့်သန်းခေါင် ၁၂ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်း မပြုရ။

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် ၃၀ အနားမပေးဘဲ တစ်ဆက်တည်း လေးနာရီထက်ပို၍ အလုပ် မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့် အလုပ်လုပ်ချိန်စုစုပေါင်းသည် ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနအတွက်ဖြစ်ပါက အချိန်ပိုနှင့် နားချိန်တစ်နာရီ အပါအဝင် တစ်ရက်လျှင် ၁၁ နာရီထက် မပိုစေရ။

( ခ ) အစောင့်၊ လုံခြုံရေးအဖြစ်ဖြင့် အလုပ်လုပ်သူတို့အတွက် ပုဒ်မခွဲ (က) ပါ အနားယူရန် အားလပ်ချိန်မပေးဘဲ နေနိုင်သည်။

၁၃။ (က) အသက် ၁၄ နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

( ခ ) ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အသက် ၁၆ နှစ် မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုလုပ်ခွင့် မပြုရ။

၁၄။ (က) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်တော်ကြောင်း လက်မှတ်ထုတ်ပေးခွင့်ရှိသည့် တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက်ရယူ လုပ်ကိုင်စေနိုင်သည်။ သို့ရာတွင် တစ်ရက်လျှင် လေးနာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ။

(ခ) အသက် ၁၄နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ညဥ့်ခြောက်နာရီ မှ နံနက် ခြောက်နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဂ) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုတွင် အလုပ်လုပ်ပြီးသောရက်၌ အခြားဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခု၌ ခိုင်းစေခြင်းမပြုရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ဃ) အသက် ၁၈ နှစ်မပြည့်သေးသော မည်သည့်အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ် မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(င) အသက် ၁၈ နှစ် မပြည့်သေးသော်လည်း အသက် ၁၆ နှစ်ပြည့်ပြီးသူများအနက်မှ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက် အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ညွှန်ကြားချက်များကို နားလည်သိရှိ လိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင်သူ ဖြစ်ခြင်းတို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ဖွံ့ဖြိုး တိုးတက်မှုနှင့် စိတ်ဓာတ်ကိုမထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ရန် သင့်တော်ကြောင်း တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်၏ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့် ပြုနိုင်သည်။

၁၅။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်ရက်ကို အလုပ်သမား နားရက်အဖြစ် သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ နားရက်တစ်ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သောအခကြေးငွေကို ဖြတ်တောက်ခြင်းမပြုရ။

၁၆။ အလုပ်ရှင်သည် ဆိုင် နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ခုနစ်ရက်ထက် နောက်ကျ၍ ထုတ်ပေးခြင်း မပြုရ။

၁၇။ အလုပ်ရှင်သည် -

(က) ဆိုင် နှင့် အလုပ်ဌာန အသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပို လုပ်ရလျှင် အချိန်ပိုနာရီအလိုက် သတ်မှတ်ချက်နှင့်အညီ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေခြင်းမပြုဘဲ အချိန်ပို ခိုင်းစေခြင်း မပြုရ။

## အခန်း (၅)

## အလုပ်သမားများ၏ တာဝန်များ

၁၈။ အလုပ်သမားသည် -

(က) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ချုပ်ဆိုသော အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

၁၉။ အလုပ်သမားသည် -

(က) မိမိလုပ်ကိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို ပြည့်မီစေရန်နှင့် တိုးတက် စေရန် ကာယ၊ ဉာဏစွမ်းအားရှိသမျှ စိုက်ထုတ် လုပ်ကိုင်ဆောင်ရွက်ရမည်။

(ခ) ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအလုပ်ရှင်ထံ ဥပဒေနှင့်အညီ စနစ်တကျ တင်ပြတောင်းဆိုရမည်။

## အခန်း (၆)

## အလုပ်ရှင်၏ တာဝန်များ

၂၀။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့်အပြောင်းအလဲပြုလုပ်ခြင်းတို့ကို ပြုလုပ်သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသောပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီ အသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၂၁။ အလုပ်ရှင်သည် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ -

(က) ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို စစ်ဆေးရေးအရာရှိက ကြည့်ရှုစစ်ဆေးနိုင်ရန်စီစဉ် ထားရှိရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများ နှင့်အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများကို စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၂။ အလုပ်ရှင်သည် လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ အလုပ်လုပ်ရန် ကာလအပိုင်းအခြား နို့တစ်စာကို ချိတ်ဆွဲထားရမည်။

၂၃။ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများကို အသိပေးထားရမည်။

## အခန်း(၇)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး

၂၄။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတိုင်းတွင် အောက်ပါတို့ကို လိုက်နာရမည်-

(က) သန့်ရှင်းရေး၊ အန့်အသက် ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။

(ခ) လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် လုံလောက်သော အလင်းရောင်ရရှိစေရန် စီမံထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် မပိုစေရန် စီမံထားရမည်။

(ဃ) အပူချိန်လွန်ကဲမှုမရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးကို စီမံဆောင်ရွက်ထားရမည်။

(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြု ဆေးသေတ္တာနှင့် ဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ လုံလောက်စွာ စီမံထားရမည်။

## အခန်း (၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၆။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀ နှင့် ပုဒ်မ ၁၂ ၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ တို့ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံးကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သည့် အလုပ်ရှင်နှင့် အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ ကျူးလွန်သည့်ပြစ်မှုအတွက် သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၂။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက်မှ သုံးလအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာ ပေးပို့၍ တိုင်ကြားနိုင်သည်။

(ခ) စစ်ဆေးရေးအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလိုစစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုရမည်။

(ဂ) ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့် အခါမှတစ်ပါး မည်သည့်တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆိုနိုင်သည်။

၃၄။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) လမ်းဘေးပျံကျဆိုင်၊

( ခ ) အခါအားလျော်စွာ ပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသောဆိုင်၊

( ဂ ) ယာယီမျှသာ ကျင်းပသော ပွဲများတွင် တည်ခင်းသည့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ ဆိုင်။

၃၅။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်မည်သူ့ကိုမဆို အလုပ်ရှင်ဟုသတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူ တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ် သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့်အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်လည်းကောင်း ဥပဒေပါ ကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၆။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရသော်လည်းကောင်း၊ ပဋိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း အလုပ်သမားများခံစားခွင့်ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအားပေးအပ်ထားသော အခွင့်အရေးထက် သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၉။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေး မူဝါဒများနှင့် အညီ စနစ်တကျ အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က)ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် ၂၀၁၆ ခုနှစ် ဧပြီလ(၁)ရက်နေ့ မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က)**အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များ နှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသား စီမံကိန်းများ၌ ကဏ္ဍအလိုက် ဖြစ်စေ၊ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာကို အခြေခံသော

စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ)**ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င)**နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီ များကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က)စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( GDP ) ကို ပုံမှန်ဈေးနှုန်းအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ)ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၅.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တော ကဏ္ဍတွင် ၂၃.၀ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၈.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ)တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၁၁.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၃၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော် ကောင်စီနယ်မြေတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ)စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၆.၂ ရာခိုင်နှုန်းမှ ၂၅.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၅.၀ ရာခိုင်နှုန်း မှ

၃၅.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၈.၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊

(င)နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၅၅,၄၂၁.၆ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ)နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၂.၀၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၇.၉၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ ရန်၊

(ဆ)နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၈,၁၅၇.၁ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၂,၁၈၅.၅ ဘီလီယံ တင်သွင်းရန်၊

(ဇ)လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( Per capita GDP ) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၄၁၃,၀၃၁ မှ ကျပ် ၁,၅၈၄,၉၆၁ သို့ ဖြစ်ပေါ်လာရန်၊

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆)နှင့်(၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာန နှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေ ပြီး "ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်" စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော "ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေသော" စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုး ဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော် နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုး

တိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသား စီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများ အတွက် အကျိုး ရှိ မရှိ ၊ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **ဘဏ်** ဆိုသည်မှာ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင် ထုတ်ပေးထားသည့် လုပ်ငန်းအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးသန်း ရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်နှင့်လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲတို့လည်း ပါဝင်သည်။

(ဃ) **ဘဏ်လုပ်ငန်း** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းကိုသော်လည်းကောင်း၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုသော်လည်းကောင်း ဆိုသည်။

(င) **လုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများ နှင့်နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ဆိုသည်။

(စ) **ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) အပ်နှံငွေအမျိုးမျိုးလက်ခံခြင်းလုပ်ငန်း၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများက ထုတ်ပေးသော သို့မဟုတ် ပေးသွင်းသော ချက်လက်မှတ်များကို ငွေထုတ်ပေးသည့်လုပ်ငန်းနှင့် ငွေကောက်ခံပေးသည့်လုပ်ငန်း၊

(၃) ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း၊

(၄) ပုဒ်မ ၅၂ ပါဗဟိုဘဏ်က သတ်မှတ်လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ။

(ဆ) **ကူးသန်းရောင်းဝယ်ရေးဘဏ်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကို ဆိုသည်။

(ဇ) **ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ သက်တမ်းတစ်နှစ်ထက်ကျော်လွန်သော စာရင်းသေအပ်နှံငွေများကိုသာ လက်ခံပြီး ၎င်းအပ်နှံငွေများ၏သက်တမ်း သို့မဟုတ် အစိုးရအဖွဲ့က ဖြည့်ဆည်းပေးသည့် ရန်ပုံငွေများ၏သက်တမ်းနှင့်ကိုက်ညီသော ချေးငွေများဖြင့် အထူးစီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ချေးငွေဖြည့်ဆည်းပေးသည့်လုပ်ငန်းများကို ဆိုသည်။

(ဈ) **ဖွံ့ဖြိုးရေးဘဏ်** ဆိုသည်မှာ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကိုဆိုသည်။

(ည) **ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၂၀ အရ မှတ်ပုံတင်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်-

(၁) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း၊

(၂) အငှားချသည့်လုပ်ငန်း (Leasing)၊

(၃) ကြွေးမြီများဝယ်ယူ ကောက်ခံသည့်လုပ်ငန်း (Factoring)၊

(၄) ချေးငွေတိုကင်လုပ်ငန်း (Credit token)၊

(၅) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(၆) ဗဟိုဘဏ်က သတ်မှတ်သည့် အခြားချေးငွေဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု။

(ဋ) **ဦးပိုင်ကုမ္ပဏီ** ဆိုသည်မှာ ဘဏ်၏အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့်အထက်အား ပိုင်ဆိုင်ပြီး ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်အများစုကို ရွေးကောက်တင်မြှောက်နိုင်ခွင့်ရှိသော သို့မဟုတ် ဘဏ်၏ စီမံခန့်ခွဲမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မူဝါဒများကို သော်လည်းကောင်း သိသာစွာလွှမ်းမိုး ဆောင်ရွက်နိုင်သော ကုမ္ပဏီတစ်ခုကို ဆိုသည်။

(ဌ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခု၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ဍ) **ဘဏ်ရုံးခွဲ** ဆိုသည်မှာ ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့် ပင်မရုံး၊ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးခွဲ၊ ငွေထုတ်ပေးသည့်ရုံး၊ ငွေတစ်ဆင့်ထုတ်ပေးသည့်ရုံး၊ ကိုယ်စားလှယ်ရုံးနှင့် သတ်မှတ်ကာလ တစ်ခုအတွက်သာ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးတို့ကို ဆိုသည်။

(ဎ) **အလုပ်လုပ်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ၊ အများပြည်သူ အလုပ်ပိတ်ရက်နှင့် ဘဏ်ပိတ်ရက်မှအပ ကျန်သည့် ပြက္ခဒိန်နေ့ရက် တစ်ခုခုကို ဆိုသည်။

(ဏ) **မတည်ရင်းနှီးငွေ (Capital funds)** ဆိုသည်မှာ -

(၁) မြန်မာနိုင်ငံတွင် တည်ထောင်သည့် ဘဏ်ဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးလိုအပ်ချက်ကို ပြည့်မီစေရန်ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေ နှင့်ဘဏ်၏အရှုံးဖြစ်ပေါ်မှုများကို နုတ်ပယ်ပြီးနောက် အများပြည်သူသို့ ကြေညာသည့် သီးသန့်ရန်ပုံငွေနှင့်ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းကို ဆိုသည်။

(၂) မြန်မာနိုင်ငံတွင် လိုင်စင်ရရှိသည့် နိုင်ငံခြားဘဏ်ခွဲဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သော ကနဦးမတည်ရင်းနှီးငွေနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် မတည်ငွေရင်း လုံလောက်မှုအချိုးကိုပြည့်မီစေရန် ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေကို ဆိုသည်။

(တ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ထ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူကိုဆိုသည်။ ဤစကားရပ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် တိုက်ရိုက်ခန့်ထားခြင်းခံရသူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ခေတ္တဆောင်ရွက်သူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်သူဖြစ်စေ အကျုံးဝင်သည်။

(ဒ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်းဖြစ်သည်။

(ဓ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(န) **ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူအား ထုတ်ပေးနိုင်သော ရန်ပုံငွေ သို့မဟုတ် ငွေရေးကြေးရေးအာမခံများအရ ချေးငွေထုတ်ပေးခြင်း၊ ကြိုတင်ပေးငွေနှင့်အခြားသော ချေးငွေအမျိုးအစားများ ထုတ်ချေးပေးခြင်း သို့မဟုတ်၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူများ၏ ပေးရန်တာဝန်များကို ၎င်းတို့၏ကိုယ်စား ကျခံပေးခြင်းကိုဆိုသည်။

(ပ) **ငွေစုငွေချေးအသင်းလုပ်ငန်း** ဆိုသည်မှာ အသင်းဝင်များစာရင်းရှိ စုဆောင်းထားသည့် ငွေများကိုအသုံးပြု၍ အသင်းဝင်တစ်ဦးချင်းသို့ စားသုံးမှုအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်မှုအတွက်ဖြစ်စေ၊ ကူးသန်းရောင်းဝယ်မှုအတွက်ဖြစ်စေ ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်သည့် လုပ်ငန်းကိုဆိုသည်။

(ဖ) **ချေးငွေတိုက်ကင်လုပ်ငန်း** ဆိုသည်မှာ အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ပေးကတ် သို့မဟုတ် တန်ဖိုးသိုမှီးထားသောကတ် (stored value card) နှင့် ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသော အခြားကတ် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ချေးငွေတိုက်ကင် ထုတ်ပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဗ) **ချေးငွေသတင်းအချက်အလက်ဌာန** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ ကုမ္ပဏီများအတွက်ဖြစ်စေ ချေးငွေဆိုင်ရာသတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေရယူ၍ အဆိုပါသတင်းအချက်အလက်များ ပံ့ပိုးပေးသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **အပ်နှံငွေ** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ငွေအပ်နှံပြီး အဆိုပါငွေအပ်နှံသူက တောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ ငွေအပ်နှံသူနှင့် ငွေလက်ခံသူတို့ သဘောတူထားသည့် အချိန်ကာလတစ်ခုတွင်ဖြစ်စေ ငွေပမာဏတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ပြန်လည်ပေးရမည့် ငွေတစ်ရပ်ကိုဆိုသည်။

(မ) **စာတမ်းအမှတ်အသား** ဆိုသည်မှာ အောက်ပါတို့ ပါဝင်သည် -

(၁) မည်သည့်ပုံစံဖြင့်မဆို သရုပ်ဖော်ထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာဝတ္ထု တစ်ခုခု၊

(၂) အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်နည်းဖြင့်ဖြစ်စေ၊ စက်မှုပိုင်းဆိုင်ရာ နည်းဖြင့်ဖြစ်စေ ရုပ်သေ သို့မဟုတ် ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ထားသည့် မြင်နိုင်သော အရာတစ်ခုခု၊ အသံသွင်းထားသည့် အရာတစ်ခုခု။

(ယ) **ဝန်ထမ်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းကိုဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် အခြားအလုပ်ရှင်က ခေတ္တလွှဲပြောင်းပေးထားသူများ ပါဝင်သည်။

(ရ) **ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်း (Factoring)** ဆိုသည်မှာ သူတစ်ဦးဦးက ရရန်ရှိသည်များကို ငွေရေးကြေးရေးအဖွဲ့အစည်းက လျော့နှုန်းဖြင့်ဝယ်ယူ၍ ကောက်ခံပြီး ရယူသည့်လုပ်ငန်းကို ဆိုသည်။

(လ) **သင့်လျော်မှန်ကန်ခြင်းရှိမှု (Fit and proper)** ဆိုသည်မှာ ဤဥပဒေအရ အကျုံးဝင်သည့် ပုဂ္ဂိုလ်များအတွက် ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့် စံနှုန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂိုလ်တစ်ဦး၏ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ လုံ့လဝီရိယရှိမှု၊ စွမ်းဆောင်ရည်ရှိမှု၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိမှုတို့ပါဝင်သည်။

(ဝ) **ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း** ဆိုသည်မှာ အများပြည်သူထံမှ အပ်နှံငွေမယူဘဲ အခြားနည်းဖြင့် ရရှိသည့်ငွေကြေးရန်ပုံငွေဖြင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဝယ်ယူခြင်း အတွက် ချေးငွေထုတ်ပေးသည့်လုပ်ငန်းကို အဓိကဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(သ) **နိုင်ငံခြားဘဏ်ခွဲ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲတစ်ခုကိုဆိုသည်။

(ဟ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဠ ) **အငှားချသည့်လုပ်ငန်း (Leasing)** ဆိုသည်မှာ အငှားချထားသူက ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုငှားယူသူအား ဝယ်ယူသည့်နည်းလမ်းဖြင့်ဖြစ်စေ၊ ဝယ်ယူခြင်း မဟုတ်သည့် နည်းလမ်းဖြင့်ဖြစ်စေ ငှားရမ်းခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဆင့်ငှားရမ်းခြင်း လုပ်ငန်းလည်း ပါဝင်သည်။

( အ ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် ဗဟိုဘဏ်က ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ကက)**မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုဘဏ်က ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် ထုတ်ပေးသောခွင့်ပြုချက်ကို ဆိုသည်။

( ခခ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

( ဂဂ ) **ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည် -

( ၁ ) ငွေလွှဲခြင်း၊

( ၂ ) ငွေပေးချေမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊

( ၃ ) ချက်လက်မှတ်များကိုငွေသားဖြင့်လဲလှယ်ပေးခြင်း၊

( ၄ ) ခရီးသွားချက်လက်မှတ် သို့မဟုတ် ငွေပေးအမိန့်လက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်း။

(ဃဃ)**ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ဆက်နွယ်သည့်အရာရှိ** ဆိုသောစကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

( ၁ ) အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒုတိယအမှုဆောင်အရာရှိချုပ်၊

( ၂ ) ငွေရေးကြေးရေးအရာရှိချုပ်၊

( ၃ ) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်သော အခြားဝန်ထမ်းများ။

( ငင ) **ငွေပေးချေမှုစနစ်** ဆိုသည်မှာ အောက်ပါတို့မှအပ ငွေကြေး သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များကို စာရင်းရှင်းလင်းခြင်း သို့မဟုတ် ပေးချေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း စနစ် သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ် ကိုဆိုသည်-

( ၁ ) ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်ပိုင်စီမံခန့်ခွဲမှုကိစ္စရပ်အတွက် ဆောင်ရွက်သည့် ဌာနတွင်း ငွေပေးချေမှုစနစ်၊

( ၂ ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားငွေပေးချေမှုစနစ်များ သို့မဟုတ် အစီအစဉ်များ။

( စစ ) **ငွေပေးချေမှုနည်းလမ်းများ** ဆိုသည်မှာ ငွေ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ရယူရာ၌ သော်လည်းကောင်း၊ ပေးချေရန်အတွက်သော်လည်းကောင်း အသုံးပြုနိုင်သည့် ထိတွေ့နိုင်သော သို့မဟုတ် မထိတွေ့နိုင်သော ငွေပေးချေမှုနည်းလမ်းတစ်ခုခုကိုဆိုသည်။

(ဆဆ)**လုပ်ငန်းတည်နေရာ** ဆိုသည်မှာ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်း၏ရုံး သို့မဟုတ် ရုံးခွဲကို ဆိုသည်။

(ဇဇ) **ဆွေမျိုးသားချင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့်ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဈဈ) **ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့်ဆက်နွှယ်သူများ** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းကို ထိန်းချုပ်နိုင်သောစီးပွားရေး လုပ်ငန်းတစ်ခု၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ လူပုဂ္ဂိုလ် တစ်ဦး၏ဆွေမျိုးသားချင်းတစ်ဦးဦး၊

(၄) ပုဒ်မခွဲငယ် (၁) မှ (၃) ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်း၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်ဆက်နွှယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွှယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူ။

(ညည)**ဖယောဝင်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ မဟုတ်ဘဲ အခြားသီးခြား ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားရှိပြီး သီးသန့်လူအုပ်စု၊ အသိုက်အဝန်းတစ်ခုအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အောက်ပါအဖွဲ့အစည်းများကို ဆိုသည် -

(၁) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊

(၂) စိုက်ပျိုးရေးဘဏ်၊

(၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(၄) ငွေစုငွေချေးအသင်းများ၊

(၅) စာတိုက်ငွေစုဘဏ်။

(ဋဋ) **ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

( ၄၄ ) **အဓိကကျသည့်အကျိုးစီးပွား** ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း ဆိုသည်။

( ၃၃ ) **ဆက်နွယ်နေသည့်ကုမ္ပဏီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းထက်မနည်း ၅၀ ရာခိုင်နှုန်းထက် မပိုသော အစုရှယ်ယာများအား ထိန်းချုပ်ပိုင်ဆိုင်သည့် အခြားကုမ္ပဏီကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊

( ခ ) နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

( ဂ ) နိုင်ငံတော်အတွင်းရှိ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာမှ ကျင့်သုံးနေသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(ဃ) ဗဟိုဘဏ်က ငွေရေးကြေးရေးအဖွဲ့အစည်းများအား နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းပြုနိုင်ရန်၊

( င ) ငွေအပ်နှံသူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးရန်နှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုကို ထိန်းသိမ်းရန်။

## အခန်း (၃)

## ဖွဲ့စည်းတည်ထောင်ခြင်း

၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီအက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်။ နိုင်ငံတော်ပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်လျှင် ဤဥပဒေနှင့်အညီ တည်ထောင်ထားရှိသော ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)

## ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ ယေဘုယျတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးခြင်း၊

(ခ) မှတ်ပုံတင်ပေးခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊

(ဂ) ဘဏ်နှင့်ဘဏ် မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ဤဥပဒေနှင့်အညီ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊စည်းမျဉ်း၊ ညွှန်ကြားချက်နှင့်လမ်းညွှန်ချက်များကို လိုက်နာစေခြင်း၊

(င) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအား သတ်မှတ်ချက်များနှင့်အညီ သတင်းအချက်အလက်များနှင့်ကာလအလိုက် အစီရင်ခံစာများကို ဗဟိုဘဏ်သို့ တင်ပြစေခြင်း၊

(စ) ဘဏ်လုပ်ငန်းစနစ်နှင့်ငွေပေးချေမှုစနစ်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ အကာအကွယ်ပေးမှုကို ဖော်ဆောင်မြှင့်တင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်အရေးယူ ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေနှင့်အညီအပ်နှင်းသည့် အခြားလုပ်ပိုင်ခွင့်များ။

၆။ ဗဟိုဘဏ်သည် ဤဥပဒေပါ မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) မိမိ၏ဝန်ထမ်းတစ်ဦးဦးကို သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) မိမိ၏ ဝန်ထမ်းမဟုတ်သူတစ်ဦးဦးကို ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ လုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးရန်ဖြစ်စေ၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။

၇။ ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ဤဥပဒေနှင့်အကျုံးမဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်နိုင်ငံတကာမှ အခြားငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဘဏ်များ သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖလှယ်နိုင်သည်။

(ခ) ငွေရေးကြေးရေးစနစ်လုံခြုံမှုနှင့် ခိုင်မာမှုရှိစေရန် အခြားငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာနှင့် အခြားသင့်လျော်သည့် စာချုပ်များ ချုပ်ဆိုနိုင်သည်။

(ဂ) နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက အဓိကအကျိုးစီးပွားပိုင်ဆိုင်မှုရှိသည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

ပြုရာတွင် ဗဟိုဘဏ်သည်ပြည်ပမှသက်ဆိုင်ရာ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် လိုအပ်သည့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရေးအတွက် အပြန်အလှန်ဆောင်ရွက်မှုအခြေခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဃ) ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များချုပ်ဆိုနိုင်ပြီး ယင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် နားလည်မှုစာချွန်လွှာနှင့် အခြားအစီအစဉ်များအရ ရရှိသော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရန်အချက်ပါရှိရမည်။

## အခန်း (၅)

## လိုင်စင်

၈။ (က) ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် အောက်ပါစာတမ်းအမှတ်အသားများ ပူးတွဲ၍လျှောက်ထားရမည် -

(၁) နိုင်ငံတော်တွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ကြောင်း စာတမ်းအမှတ်အသား၊

(၂) အဆိုပြုလျှောက်ထားသူ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း မိတ္တူတစ်စောင်နှင့် ယင်း၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားတစ်ခုခု၊

(၃) အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုနေရာနှင့် အဆိုပြုဘဏ်၏ရုံးခွဲများ၊

(၄) လျှောက်ထားသူ၏ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများနှင့် အရှုံးအမြတ်စာရင်းမိတ္တူများ၊

(၅) အဆိုပြုအဖွဲ့အစည်း၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီးမတည်ငွေရင်း၊

(၆) အဆိုပြုအဖွဲ့အစည်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား သတ်မှတ်ဖော်ပြချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဖော်ပြချက်၊

(၇) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူ ပိုင်ရှင်၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုနှင့်ငွေရေးကြေးရေးအခြေအနေ၊

(၈) အဆိုပြုအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊

(၉) လျှောက်ထားသူက မိမိနှင့်ဒါရိုက်တာများ၊ အမှုဆောင်အရာရှိချုပ်၊ လုပ်ငန်းတွဲဖက်သက်ဆိုင်သူများ၏ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၀) အဆိုပြုအဖွဲ့အစည်း၏ ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့်အမှုဆောင်အရာရှိချုပ်တို့က မိမိတို့နှင့်လုပ်ငန်းတွဲဖက် သက်ဆိုင်သူများ၏ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှု နောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၁) ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် အခြားအချက်အလက်များ။

(ခ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဥပဒေတစ်ရပ်ရပ်ဖြင့်တည်ထောင်ခဲ့သော နိုင်ငံတော်ပိုင်ဘဏ်များသည် ဤဥပဒေအရ လိုင်စင်ပြန်လည်လျှောက်ထားခြင်းကို ပုဒ်မ ၁၇၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၉။ နိုင်ငံခြားဘဏ်တစ်ခုခုသည် နိုင်ငံတော်တွင် မိမိ၏လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုခုဖွင့်လှစ်တည်ထောင်၍ ဘဏ်လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုဒ်မ ၈ ပါစာတမ်းအမှတ်အသားများအပြင် အောက်ပါစာတမ်းအမှတ်အသားများကိုပါပူးတွဲတင်ပြရမည် -

(က) အပြည်ပြည်ဆိုင်ရာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီတစ်ခုက မြီရှင်အဆင့်သတ်မှတ်သည့် အစီရင်ခံစာ (Credit rating report)၊

(ခ) မတည်ငွေရင်း အခြေအနေဖော်ပြချက်နှင့်စုစုပေါင်းရရန်ပိုင်ခွင့်နှင့် မတည်ငွေရင်းအရ မိခင်နိုင်ငံ၌လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ၌လည်းကောင်း မိမိဘဏ်၏ အဆင့်သတ်မှတ်ချက်၊

(ဂ) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ မိမိ၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် တာဝန်များအားလုံးကို ကာမိစေမည့် ငွေကြေးရန်ပုံငွေထည့်ဝင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံစာ၊

(ဃ) နိုင်ငံခြားဘဏ်၏ အဓိကလုပ်ငန်းနေရာ တည်ရှိသည့်နိုင်ငံ၏ ဘဏ်လုပ်ငန်း ကြပ်မတ်ကွပ်ကဲသူက အောက်ပါအချက်များအတွက် ထောက်ခံစာ -

(၁) နိုင်ငံခြားဘဏ်သည် ထိုနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် တရားဝင်လိုင်စင်ရရှိထားကြောင်း၊

(၂) နိုင်ငံခြားဘဏ်ကို ထိုနိုင်ငံ၏ဥပဒေအရ နိုင်ငံတော်တွင် လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း၊

(၃) နိုင်ငံခြားဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ထိုရာထူးအတွက် သင့်လျော်မှန်ကန်မှုမရှိသည့်အချက်အလက်များ မတွေ့ရှိရကြောင်း။

၁၀။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၈ နှင့် ၉ တို့အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းတွေ့ရှိရပါက လိုင်စင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ရမည် -

(၁) ဤဥပဒေပါ လိုင်စင်ထုတ်ပေးရန် လိုအပ်ချက်များနှင့် မပြည့်စုံခြင်း၊

(၂) လိုင်စင်လျှောက်လွှာတွင် ပါရှိသည့် သတင်းအချက်အလက်ဖြစ်စေ၊ ယင်းနှင့် ဆက်စပ်၍ ပူးတွဲတင်ပြသည့် သတင်းအချက်အလက်တစ်ရပ်ရပ်တွင်ဖြစ်စေ မှားယွင်းကြောင်း၊ လွဲမှားထင်မှတ်စေကြောင်း သို့မဟုတ် မတိကျကြောင်း တွေ့ရှိခြင်း၊

(၃) လျှောက်ထားသူသည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏အခြား ဥပဒေ တစ်ရပ်ရပ်အရ လိုအပ်ချက်များကို လိုက်နာနိုင်ဖွယ်ရာမရှိကြောင်း ညွှန်ပြချက် ရှိသည်ဟု ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၄) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူတစ်ဦးဦးက လျှောက်ထားသူအပေါ် ဩဇာလွှမ်းမိုးသောကြောင့် လျှောက်ထားသူ၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၅) လျှောက်ထားသူသည် အဖွဲ့အစည်းအုပ်စုတစ်စုနှင့် ဆက်နွှယ်နိုင်ခြေရှိပြီး ထိုအဖွဲ့အစည်းအုပ်စုသည် လျှောက်ထားသူ၏ စီမံခန့်ခွဲမှုကို ထိခိုက်လာနိုင်ကြောင်း သို့မဟုတ် ဗဟိုဘဏ်၏ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း တာဝန် ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၆) နိုင်ငံတော်၏ လက်ရှိစီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေများအရ လျှောက်ထားသူ၏ လိုင်စင်လျှောက်ထားမှုကို ငြင်းပယ်သင့်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း။

၁၁။ ဗဟိုဘဏ်သည်-

(က) ပြည့်စုံသည့် လျှောက်လွှာကိုရရှိပါက သတ်မှတ်ချက်များနှင့်အညီ ထပ်မံစိစစ်ပြီး လက်ခံ ရရှိသည့်နေ့ရက်မှ ခြောက်လထက် နောက်မကျစေဘဲ လျှောက်ထားသူအား လိုင်စင် ထုတ်ပေးမည်ဖြစ်ကြောင်း သို့မဟုတ် ငြင်းပယ်မည်ဖြစ်ကြောင်း စာဖြင့်ပြန်ကြား ရမည်။

(ခ) မပြည့်စုံသည့်လျှောက်လွှာကို လိုအပ်ချက်များ ထပ်မံလုပ်ဆောင်နိုင်ရန် ပြန်ပေးရမည်။ သတ်မှတ်ရက်အတွင်း လိုအပ်ချက်များပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း စာဖြင့် ပြန်ကြားရမည်။

(ဂ) လျှောက်ထားချက်လက်ခံရန် ဆုံးဖြတ်ပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ပြပေးရမည်။ ဗဟိုဘဏ်သည် ဘဏ်၏လုပ်ငန်းခိုင်မာတည်တံ့စွာ

လုပ်ကိုင်ရေးကိုဖြစ်စေ၊ ငွေရေးကြေးရေးစနစ်ကိုဖြစ်စေ၊ ဘဏ်သို့ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နိုင်သည့်ကိစ္စရပ်တစ်ခုခုပေါ်ပေါက်လျှင် စည်းမျဉ်း၊ စည်းကမ်းတစ်ခုခုကို လိုအပ်သလို ပြောင်းလဲပြင်ဆင်နိုင်သည်။

(ဃ) ဗဟိုဘဏ်သည် လိုင်စင်ရဘဏ်များ၏စာရင်းကို နှစ်စဉ်အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၂။ ဘဏ်လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအချက်များနှင့် ညီညွတ်ရမည် -

(က) မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ခ) နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးထားသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ဂ) ပုဒ်မ ၁၉ အရ ကင်းလွတ်ခွင့်ရရှိထားသူဖြစ်ခြင်း။

၁၃။ လိုင်စင်ရရှိထားသော ဘဏ်များသည်-

(က) ဗဟိုဘဏ်က သတ်မှတ်ထားသည့်လိုင်စင်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း လုပ်ငန်းကို စတင်လုပ်ကိုင်ရမည်။

(ဂ) ဤဥပဒေအရခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်း မပြုရ။

(ဃ) မိမိလိုင်စင်မိတ္တူတစ်စောင်ကို မိမိ၏လုပ်ငန်းနေရာတွင်သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းလုပ်ဆောင်ရာနေရာတိုင်းတွင်သော်လည်းကောင်း ထင်ရှားစွာပြသထားရမည်။

၁၄။ (က) ဗဟိုဘဏ်သည် ဘဏ်၏ကွဲပြားသော လုပ်ငန်းအတွက်ဖြစ်စေ၊ မတူညီသောအတန်းအစား၊ အမျိုးအစားများအတွက်ဖြစ်စေ ကွဲပြားသောလိုင်စင်ကြေးများကို သတ်မှတ်ထားရှိရမည်။

(ခ) လိုင်စင်ရရှိသောဘဏ်များသည် လိုင်စင်ထုတ်ပေးသည့်နေ့၏ နှစ်ပတ်လည် နေ့မတိုင်မီ တစ်လထက် နောက်မကျစေဘဲ အောက်ပါတို့ကို ပေးဆောင်ရမည် -

(၁) လိုင်စင်ရရှိသည့်အခါလိုင်စင်ကြေး၊

(၂) အဓိကလုပ်ငန်း လုပ်ဆောင်သည့် နေရာရှိ ရုံးချုပ်အပြင် နိုင်ငံတော်အတွင်းတွင် ရုံးတစ်ခုခုဖွင့်လှစ်ခြင်းအတွက်အခကြေးငွေ၊

(၃) အဓိကလုပ်ငန်း လုပ်ဆောင်ရာနေရာရှိ ရုံးချုပ်အပါအဝင် ရုံးအသီးသီးအတွက် ထုတ်ပေးသောလိုင်စင်အတွက် နှစ်စဉ်ကြေး။

၁၅။ ဗဟိုဘဏ်သည် ဘဏ်တစ်ခုခုကို အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မိမိထုတ်ပေးထားသော လိုင်စင်ကိုရုပ်သိမ်းနိုင်သည်-

(က) ဘဏ်များအတွက် ပြဋ္ဌာန်းသတ်မှတ်သည့် အနည်းဆုံးမတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံးမတည်ငွေရင်း လိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင်ဖြည့်တင်းရန်ပျက်ကွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများကို ဘဏ်အနေဖြင့်ဖောက်ဖျက်ခြင်းနှင့် ဗဟိုဘဏ်၏သတ်မှတ်ချက်များကို သတ်မှတ်ကာလအတွင်းလိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း သို့မဟုတ် လူမွဲအဖြစ်ခံယူခြင်း၊

(င) အခြားအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(စ) လိုင်စင်ကို ရုပ်သိမ်းခြင်းကြောင့် အမျိုးသားအကျိုးစီးပွားနှင့် ယင်းဘဏ်တွင် ငွေအပ်နှံသူများ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းမရှိဟု ဗဟိုဘဏ်က ယုံကြည်ကျေနပ်မှုရှိခြင်း၊

(ဆ) ဘဏ်က လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှားယွင်းသော သို့မဟုတ် အရေးကြီးသော အချက်တွင် လွဲမှားထင်ဟပ်စေသော သတင်းအချက်အလက်များပေးခြင်း၊

(ဇ) ဘဏ်သည် လိုင်စင်ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်း ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဈ) ဘဏ်သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေစဉ်အတွင်း ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ခွင့်ပြုထားသောလုပ်ငန်းများကိုဆောင်ရွက်ရန် တစ်ဆက်တည်း သုံးလ ပျက်ကွက်ခြင်း၊

(ည) ဘဏ်သည် ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို ငွေအပ်နှံသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော နည်းလမ်းဖြင့်ဆောင်ရွက်ခြင်း၊

(ဋ) လိုင်စင်ကို ဆက်လက်ခွင့်ပြုခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း၊

(ဌ) လိုင်စင်ကိုဆက်လက်ခွင့်ပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုကို ထိခိုက်ခြင်း၊

(ဍ) ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဤဥပဒေနှင့် ယင်းတို့အရ ထုတ်ပြန်သော စည်းမျဉ်းကိုဖောက်ဖျက်ခြင်း၊

(ဎ) ဘဏ်သည် ဗဟိုဘဏ်ကထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဏ) ဘဏ်သည် ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်မှုမရှိခြင်း သို့မဟုတ် သင့်လျော်သော အချိန်ကာလအတွင်း ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်ဖွယ်ရာမရှိခြင်း၊

(တ) ဘဏ်သည် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ အခြားဘဏ်တစ်ခုခုနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ထ) ဘဏ်သည် ၎င်း၏ဘဏ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ၍ လိုင်စင်ရုပ်သိမ်းပေးရန် ဗဟိုဘဏ်သို့ လျှောက်ထားခြင်း။

၁၆။ ဗဟိုဘဏ်သည်-

(က) လိုင်စင်ရုပ်သိမ်းခြင်းကို ပုဒ်မ ၁၅ ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း စဉ်းစားဆုံးဖြတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ရသည့် အကြောင်းရင်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာဘဏ်သို့ စာဖြင့်ပြန်ကြားရမည်။

၁၇။ ဗဟိုဘဏ်သည် ပုဒ်မ ၁၅ နှင့် ၁၆ တို့အရ လိုင်စင်ကိုရုပ်သိမ်းရန် ဆုံးဖြတ်သည့်အခါ လိုင်စင်ကိုရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၈။ ဘဏ်သည် မိမိ၏ သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းကို ပြောင်းလဲပြင်ဆင်လိုပါက ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၉။ (က) ဤဥပဒေသည် ဇယားဝင်အဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါအချက်တစ်ရပ်ရပ်အရ ဗဟိုဘဏ်၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနကဆုံးဖြတ်လျှင် ဇယားဝင်အဖွဲ့အစည်းများသည် ဤဥပဒေတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည် -

(၁) ငွေအပ်နှံသူများ သို့မဟုတ် အများပြည်သူ အကျိုးစီးပွား ကာကွယ်ရန်အလို့ငှာ လိုအပ်ခြင်း၊

(၂) ဇယားဝင်အဖွဲ့အစည်းများ၏ စုစုပေါင်းရရန်ပိုင်ခွင့်များသည် ဤပုဒ်မ အလို့ငှာ ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် ပမာဏထက် ကျော်လွန်နေခြင်း၊

(၃) ယင်းအဖွဲ့အစည်းက ဘဏ်လုပ်ငန်းစနစ် သို့မဟုတ် ငွေရေးကြေးရေးစနစ်တစ်ရပ်လုံး၏ တည်ငြိမ်မှုနှင့် ခိုင်မာမှုကို ထိခိုက်နိုင်ဖွယ်ရှိခြင်း၊

(၄) ယင်းအဖွဲ့အစည်းက ဤဥပဒေအရ ဘဏ် သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းအဖြစ် လိုင်စင်ရယူခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းမှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်း။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေရန် အမိန့်တစ်ရပ်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ်သည် သက်ဆိုင်ရာ ဇယားဝင်အဖွဲ့အစည်းအား အမိန့်မထုတ်မီ ကိုယ်စားပြုတင်ပြစေရန်အတွက် အခွင့်အရေးပေးရန် မလိုအပ်ပါ။

(င) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာနကထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်သည် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဤဥပဒေတွင်ပါရှိသကဲ့သို့ မှတ်ယူရမည်။

(စ) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သောစည်းမျဉ်းများကိုလည်းကောင်း၊ ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ဆ) ဖယားဝင်အဖွဲ့အစည်းတည်ထောင်ရန် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း ပြဋ္ဌာန်းချက်တစ်စုံတစ်ရာပါရှိသော်လည်း ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် ဤပုဒ်မအရ ထုတ်ပြန်သော စည်းမျဉ်း သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် အပြည့်အဝအာဏာ သက်ရောက်မှုရှိစေရမည်။

## အခန်း (၆)

## ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများ

၂၀။ (က) ဥပဒေနှင့်အညီတည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လိုသူသည် ဗဟိုဘဏ်၏ မှတ်ပုံတင်လက်မှတ်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း လုပ်ငန်းကိုလုပ်ကိုင်သူများသည် ဆက်လက်လုပ်ကိုင်လိုပါက ဗဟိုဘဏ်၏ မှတ်ပုံတင်လက်မှတ်ရရှိရန် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ ဗဟိုဘဏ်သည် ပုဒ်မ ၂၀ အရ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးရမည်။

၂၂။ ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သောစည်းကမ်းချက်များ သတ်မှတ်နိုင်သည်-

(က) အုပ်ချုပ်မှုအတွက် လိုအပ်ချက်များ၊

(ခ) ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြောဆိုရန် လိုအပ်ချက်များ၊

(ဂ) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ အကာအကွယ်ပေးရေးကိစ္စများ၊

(ဃ) အစီရင်ခံစာများတင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ၊

(င) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ ကိစ္စရပ်များ။

၂၃။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဗဟိုဘဏ်ကချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းများအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်-

(က) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်းများ၊

(ခ) အငှားချထားသည့်လုပ်ငန်းများ၊

(ဂ) ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်းများ၊

(ဃ) အကြွေးဝယ်ကတ်လုပ်ငန်းများ၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊

(စ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြား ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) ဗဟိုဘဏ်က အခါအားလျော်စွာခွင့်ပြုသည့် အခြားလုပ်ငန်းများ။

၂၄။ နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် နိုင်ငံတော်တွင် ဤဥပဒေနှင့်အညီ ကိုယ်စားလှယ်ရုံးဖွင့်လှစ်လိုပါက မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုဘဏ်သည်-

(က) ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ပြုပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၆။ (က) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်ရုံးသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ခွင့်ပြုသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ခ) မည်သည့် နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းမျှ ယင်း၏ကိုယ်စားလှယ်ရုံးမှတစ်ဆင့် နိုင်ငံတော်အတွင်း ဘဏ်လုပ်ငန်း သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းလုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

၂၇။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်း အသီးသီးသည် ဗဟိုဘဏ်က မှတ်ပုံတင်လက်မှတ် ထုတ်ပေးလျှင်-

(က) သတ်မှတ်သည့် အခကြေးငွေများကို ဗဟိုဘဏ်သို့ ပေးသွင်းရမည်။

(ခ) မည်သည့်အချိန်တွင်မဆို ယင်း၏လုပ်ငန်း သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်တောင်းခံသည့် အချိန်ကာလအလိုက် အစီရင်ခံစာများကို တင်ပြရမည်။

၂၈။ (က) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးသည် ယင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းတစ်ခုခုတွင် ပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှုတစ်ခုခုပြုလုပ်လျှင် သုံးလအတွင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ အကြောင်းကြားချက်ကို ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ ဒါရိုက်တာတစ်ဦးက ဥပဒေနှင့်အညီကြေညာ၍ အတည်ပြုရမည်။

၂၉။ (က) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်တစ်ခုခုအတွက် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြန်တမ်းတွင်အမိန့်ထုတ်ပြန်၍ ဤဥပဒေ၏ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် အချို့သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ရုံးတစ်ခုခုနှင့်သော်လည်းကောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုနှင့် သော်လည်းကောင်း ယေဘုယျအားဖြင့် သက်ဆိုင်စေရမည်ဟု ကြေညာနိုင်သည် -

( ၁ ) ငွေကြေးတည်ငြိမ်မှုနှင့် ငွေရေးကြေးရေးစနစ်ခိုင်မာမှုမြှင့်တင်ရေး၊

( ၂ ) နိုင်ငံတော်၏အကျိုးစီးပွားအတွက် ချေးငွေအခြေအနေကို ထိန်းကျောင်းပြုပြင်ရေး၊

( ၃ ) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းကဖြစ်စေ၊ ကိုယ်စားလှယ်ရုံးကဖြစ်စေ လုပ်ကိုင်သောလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး။

( ခ ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်အခါ အဆိုပါဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံး၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား၊ အမျိုးအစားနှင့်သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဘဏ်နှင့်သက်ဆိုင်သကဲ့သို့ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံးနှင့်သော်လည်းကောင်း၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ အတန်းအစား သို့မဟုတ် အမျိုးအစားနှင့်သော်လည်းကောင်း သက်ဆိုင်စေရမည်။

၃၀။ ဗဟိုဘဏ်သည် ပုဒ်မ ၂၉ တွင် ဖော်ပြထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံးစာရင်းအားလုံးကို နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

## အခန်း (၇)

## အပ်နှံငွေလက်ခံခြင်း၊ အပ်နှံငွေခေါ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ

၃၁။ အပ်နှံငွေ လက်ခံသည့်လုပ်ငန်းကို ဗဟိုဘဏ်၏ လိုင်စင်ရရှိသူသာ လုပ်ကိုင်ခွင့်ရှိသည်။

၃၂။ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ပုဂ္ဂိုလ် တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို ဗဟိုဘဏ်၏ စာဖြင့်ကြိုတင် ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေ ရရှိစေရန် ဆွဲဆောင်မှုပြုခြင်း သို့မဟုတ် အပ်နှံငွေ လက်ခံရယူခြင်း၊

(ခ) အပ်နှံငွေ လက်ခံရရှိရေးအတွက် သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် ထိုသို့ ချုပ်ဆိုရန်ကမ်းလှမ်းခြင်း။

၃၃။ (က) ဘဏ်တစ်ခုခုက ပြုလုပ်သောကြော်ငြာတွင် ဖော်ပြချက်တစ်ခုခုမှာ မှားယွင်းကြောင်း၊ လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖျားခြင်းပြုကြောင်း ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ဗဟိုဘဏ်သည် ထိုဘဏ်သို့ အောက်ပါတို့ကို အကြောင်းကြားစာပေးပို့ ညွှန်ကြားနိုင်သည်-

(၁) ကြော်ငြာဆက်လက် ပြုလုပ်ခြင်းကို ရပ်စဲစေခြင်း၊

(၂) ဗဟိုဘဏ်က သတ်မှတ်သည့် နည်းလမ်းအတိုင်းကြော်ငြာကို ပြင်ဆင်စေခြင်း၊

(၃) ကြော်ငြာများ သို့မဟုတ် ပြသချက်များအားလုံးကိုရုပ်သိမ်း၍ ပြန်လည်ပြင်ဆင် ကြော်ငြာစေရန် သို့မဟုတ် ပြန်လည်ရုပ်သိမ်းရန် ဖြစ်နိုင်သမျှ ဆောင်ရွက်ခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော ညွှန်ကြားချက်တစ်ခုခုကိုပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

## အခန်း (၈)

## မတည်ရင်းနှီးငွေ၊ သီးသန့်ရန်ပုံငွေနှင့် အဓိကကျသည့်ပိုင်ဆိုင်မှု

၃၄။ (က) ဘဏ်များသည် ၎င်းတို့၏မတည်ငွေရင်းကို အောက်ပါအတိုင်းထားရှိရမည်-

(၁) နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်ဖြစ်လျှင် ယင်း၏ ထည့်ဝင်ပြီး မတည်ငွေရင်းမှာကျပ်သန်းနှစ်သောင်း (ကျပ် ၂၀ ဘီလီယံ) အောက် မနည်းရှိခြင်း၊

(၂) နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါက အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့်ညီမျှသော ငွေပမာဏအောက်မနည်း မတည်ငွေရင်း ထည့်ဝင်ပြီးဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ မတည်ငွေရင်းကို ဗဟိုဘဏ်ကထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။

(ဂ) ဘဏ်သည် အသားတင် မတည်ရင်းနှီးငွေကို ဆုံးရှုံးမှုများကြောင့် လျော့နည်းမှု မရှိစေဘဲ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အချိုးအစားအတိုင်း အမြဲထိန်းသိမ်း ထားရှိရမည်။

(ဃ) ဤဥပဒေပါ ရည်ရွယ်ချက်များအတွက် ဘဏ်၏ကနဦးမတည်ရင်းနှီးငွေသည် ထည့်ဝင်ပြီး မတည်ငွေရင်း ဖြစ်ရမည်။

(င) ဘဏ်သည် အစုရှယ်ယာ မတည်ငွေရင်းကိုလျှော့ချလိုပါက ဗဟိုဘဏ်၏ စာဖြင့်ကြိုတင် ခွင့်ပြုချက်ရယူရမည်။

(စ) လက်အောက်ခံ အဖွဲ့အစည်းရှိသော ဘဏ်သည် တစ်လုံးတစ်စည်းတည်းသော မတည်ရင်းနှီးငွေထားရှိမှုကို အခြေခံတွက်ချက်၍ လုံလောက်သော အနည်းဆုံးမတည်ရင်းနှီးငွေ အချိုးပြည့်မီစွာ ထားရှိရမည်။

(ဆ) ဤဥပဒေအလို့ငှာ-

(၁) အဓိကမတည်ငွေရင်း သို့မဟုတ် အလွှာ (၁) မတည်ငွေရင်း (Core capital or Tier 1 Capital) ဆိုသည်မှာ အပြည့်အဝထည့်ဝင်သည့် သာမန်အစုရှယ်ယာများနှင့် ထပ်တိုးစုဆောင်းထားခွင့်မရှိသော သက်တမ်းသတ်မှတ်ထားခြင်း မရှိသည့် ဦးစားပေး အစုရှယ်ယာများ (Perpetual non-cumulative preference shares)၊ မတည်ငွေရင်းမှခွင့်ပြုငွေများ (Capital grants) နှင့် ယင်းနှစ်အတွင်း ဆုံးရှုံးငွေများ၊ နာမည်ကောင်းတန်ဖိုး၊ လုပ်ငန်းမလည်ပတ်မီ ကုန်ကျစရိတ်များ၊ ကြိုတင်ထုတ်ပေးသည့်ကုန်ကျစရိတ်များ၊ ရွှေ့ဆိုင်းထားသည့်စရိတ်များ (deferred charges)၊ ငှားရမ်းခွင့်များ (Leasehold rights) နှင့် ထိတွေ့၍မရသော အခြားရရန်ပိုင်ခွင့်များကိုနုတ်ပယ်ပြီး အများပြည်သူသို့ ထုတ်ဖော်ကြေညာသော သီးသန့်ငွေများကိုဆိုသည်။

(၂) ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ (၂) မတည်ငွေရင်း ဆိုသည်မှာ အနာဂတ်ဆုံးရှုံးမှုများအတွက် အထွေထွေလျာထားမှုများ၊ လက်ငင်းမဖော်ပြနိုင်သည့် ဆုံးရှုံးမှုများ၊ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ၊ ရွေးနုတ်နိုင်သော ဦးစားပေးအစုရှယ်ယာများအတွက် လျာထားငွေနှင့်ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်နိုင်သည့် အခြားပုံစံတစ်မျိုးမျိုးဖြင့် မတည်ရင်းနှီးငွေတို့ကိုဆိုသည်။

(၃) စုစုပေါင်းမတည်ငွေရင်း ဆိုသည်မှာ အဓိကမတည်ရင်းနှီးငွေ (Core Capital) နှင့် ဖြည့်စွက်မတည်ငွေရင်း နှစ်ခုပေါင်းကိုဆိုသည်။

(၄) ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်းရရန်ပိုင်ခွင့်များနှင့် လက်ကျန်ရှင်းတမ်း၌ မပါဝင်သည့် ရရန်ရှိကြွေးမြီများ ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ဆုံးရှုံးနိုင်ခြေ ကိုက်ညှိတွက်ချက်ထားသော မတူညီသော ရရန်ပိုင်ခွင့်အမျိုးအစားများနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သည့် ရရန်ရှိကြွေးမြီများကိုဆိုသည်။

၃၅။ (က) ဘဏ်သည် သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိရမည်။ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည်အထိ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် ဘဏ်၏နှစ်စဉ် အသားတင် အမြတ်ငွေမှ ယင်း၏သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရန်မတူညီသော အချိုးတစ်ရပ်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၃၆။ ဘဏ်သည် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ အနည်းဆုံး သို့မဟုတ် ပျမ်းမျှအနည်းဆုံး ပမာဏကို အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ကာလတစ်ရပ်အတွက်ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းအတိုင်း ထားရှိရမည်။

၃၇။ ဘဏ်သည် ဗဟိုဘဏ်ကစည်းမျဉ်းဖြင့် သတ်မှတ်ထားသည့်အတိုင်း ရရန်ပိုင်ခွင့်များ အနည်းဆုံး ပမာဏကို အမြဲထားရှိရမည်။

၃၈။ (က) နိုင်ငံခြားဘဏ်သည် ယင်း၏ဘဏ်ခွဲအတွက် သတ်မှတ်ထားသော အနည်းဆုံးမတည်ရင်းနှီးငွေ ထားရှိရမည်။ ယင်းပမာဏမှာ နိုင်ငံခြားဘဏ်ခွဲကို ပြည်တွင်းဘဏ်တစ်ခုအဖြစ် တည်ထောင်၍ လိုင်စင်ပေးရာတွင် ထားရှိရမည့် အနည်းဆုံးကနဦးမတည်ငွေရင်း ပမာဏအတိုင်း ထားရှိရမည်။

(ခ) နိုင်ငံခြားဘဏ်က မိမိ၏ ဘဏ်ခွဲအတွက် ထိန်းသိမ်းထားရှိရမည့် သတ်မှတ်ထားသော မတည်ငွေရင်းကို ဗဟိုဘဏ်ကသတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းအတိုင်း ထိန်းသိမ်း ထားရှိရမည်။

၃၉။ ဘဏ်သည် -

(က) အမြတ် သို့မဟုတ် အရှုံး တစ်ခုခုကို ကြေညာခြင်းမပြုမီ ထုတ်ချေးငွေများ၊ ကြိုတင် ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ဆုံးရှုံးနိုင်မှုကိုကာမိစေရန် ကြိုတင်လျာထားချက်များ ပြုလုပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သည့်ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြား ရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များကို ဗဟိုဘဏ်က သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ လုံလောက်စွာထားရှိရမည်။

**အမြတ်ဝေစုခွဲဝေခြင်း**

၄၀။ (က) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များသို့ ၎င်းရရှိသော အမြတ်ငွေများမှ အစုပေါ် အမြတ်ငွေပေးခြင်း သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ခွဲဝေခြင်းကိုသာပြုလုပ်ရမည်။

(ခ) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များအား အစုပေါ်အမြတ်ငွေပေးခြင်း သို့မဟုတ် အမြတ်ခွဲဝေမှု နည်းလမ်းတစ်မျိုးမျိုးကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်ခြင်း မပြုရ-

(၁) ရုပ်ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရရန်ပိုင်ခွင့်များ၊ မသက်ဆိုင်သည့် ကြိုတင်အသုံးစရိတ် များနှင့် အခြားအသုံးစရိတ်များ အပါအဝင် ၎င်း၏ငွေလုံးငွေရင်းအသွင်ပြောင်း အသုံးစရိတ်များအားလုံးကို လုံးဝပယ်ဖျက်မှု မရှိသေးခြင်း၊

( ၂ ) ၎င်း၏ ရရန်ပိုင်ခွင့်များ တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန် စုစုပေါင်းတန်ဖိုးနှင့် မတည်ရင်းနှီးငွေစုစုပေါင်းတန်ဖိုးထက် လျော့နည်းနေခြင်း၊

( ၃ ) ဘဏ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ချက်ကိုဖြစ်စေ ချိုးဖောက်ခြင်း။

**ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်နှင့် လျာထားချက်များသတ်မှတ်ခြင်း**

၄၁။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားအလိုက် သို့မဟုတ် အမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် ရရန်ပိုင်ခွင့်ပမာဏအမျိုးမျိုး၊

(ခ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစား သို့မဟုတ် အမျိုးအစားများအလိုက် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၊

(ဂ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားနှင့် အမျိုးအစားများအလိုက် ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထားရှိရမည့် လျာထားချက်များ။

**အကျိုးစီးပွားများရယူပိုင်ဆိုင်ခြင်း**

၄၂။ (က) ဘဏ်တစ်ခုခု၏ အဓိကကျသည့်အကျိုးစီးပွားရယူလိုသူသည် ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း အခြားအထောက်အထား၊ စာတမ်းအမှတ်အသားများပူးတွဲ၍ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) တွင် ပူးတွဲတင်ပြထားသည့် အထောက်အထားများနှင့် လျှောက်ထားသူ၏ နောက်ကြောင်းကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ထပ်မံလိုအပ်သည့် စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုကြောင်း တွေ့ရှိပါက အတည်ပြုချက်ထုတ်ပေးခြင်းမပြုရန် ဆုံးဖြတ်နိုင်သည် -

( ၁ ) လျှောက်ထားသူမှာ ပုဂ္ဂိုလ်ရေးအရ သင့်မြတ်လျော်ကန်သူ မဟုတ်ခြင်း၊

( ၂ ) လျှောက်ထားသူသည် ဥပဒေအရဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါက ယင်း၏ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိများမှာ သင့်မြတ်လျော်ကန်သူများ မဟုတ်ခြင်း၊

( ၃ ) လျှောက်ထားသူသည် ဘဏ်အပေါ် သိသိသာသာဩဇာလွှမ်းမိုး၍ ဆောင်ရွက်ခြင်းကြောင့် ဘဏ်၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က သိရှိထားခြင်း။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုပိုင်ခွင့်ရှိသည်။

၄၃။ ဘဏ်၏ အဓိကအစုရှယ်ယာဝင်ဖြစ်သူ မည်သူမဆို ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရေးအတွက် ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိရန် လျှောက်ထားခြင်းပြုရမည်။ ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက် ရရှိမှသာလျှင် အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရမည်။

၄၄။ ဘဏ်အသီးသီးသည် ဘဏ်တွင်အဓိကကျသည့် အကျိုးစီးပွားရှိသည့် အစုရှယ်ယာဝင်များ၏ အမည်နှင့် နေရပ်လိပ်စာ၊ အဆိုပါအစုရှယ်ယာဝင်များက မဲပေးပိုင်ခွင့်အရေအတွက်တို့ပါဝင်သည့် နှစ်စဉ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၄၅။ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ပူးပေါင်း၍ဖြစ်စေ ဘဏ်တစ်ခုခုမှ အဓိကကျသည့် အကျိုးစီးပွားများရယူရန် သဘောတူစာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်း ပြုလုပ်လိုလျှင် ဗဟိုဘဏ်၏စာဖြင့်ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄၆။ (က) ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ -

(၁) အောက်ပါကိစ္စရပ်များအတွက် ဘဏ်ကပိုင်ဆိုင်ရရှိသည့် မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ -

(ကက) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ၊

(ခခ) တာဝန်ခံ၍ ရောင်းချပေးခြင်းအစီအစဉ်အရ ဘဏ်ကတစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်က ခြွင်းချက်ဖြင့် တစ်နှစ်ထက်ပို၍ ခွင့်ပြုပေးသည့် ကာလအတွင်း ထုတ်ရောင်းမည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ်၊ ယုံမှတ်အပ်နှံသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မဲပေးနိုင်သည့် အစုရှယ်ယာများရယူခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ ဘဏ်တစ်ခု၏ မဲပေးနိုင်သည့် အစုရှယ်ယာများကိုရယူသော အခြားဘဏ်သည် အဆိုပါမဲပေးသည့် အစုရှယ်ယာများကို ရယူကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

၄၇။ (က) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ ၄၂၊ ၄၃၊ ၄၄ နှင့် ၄၅ တို့ပါ ပြဋ္ဌာန်းချက်ကို ဖြစ်စေ၊ ပုဒ်မ ၅၀ အရ ထုတ်ပြန်သည့် သတ်မှတ်ချက်များကိုဖြစ်စေ မလိုက်နာကြောင်း တွေ့ရှိလျှင် အောက်ပါ စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက် နိုင်သည်-

(၁) ဖောက်ဖျက်သူ၏ မဲပေးသည့်အစုရှယ်ယာများနှင့်စပ်လျဉ်း၍ အဆိုပါ အစုရှယ်ယာကို လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာလွှဲပြောင်းရန် သဘောတူညီချက် သို့မဟုတ် အစီအစဉ်ကို လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊

( ၂ ) အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်အား တားမြစ်ခြင်း၊

( ၃ ) အစုရှယ်ယာများ ထပ်မံထုတ်ခြင်းကိုတားမြစ်ခြင်း သို့မဟုတ် ၎င်းအစုရှယ်ယာများ ကိုင်ထားသူအား ရောင်းချရန်ကမ်းလှမ်းခြင်းကို တားမြစ်ခြင်း၊

( ၄ ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အဆိုပါအစုရှယ်ယာအပေါ် ဘဏ်ထံမှ ပေးချေမှုကို တားမြစ်ခြင်း၊

( ၅ ) ဖောက်ဖျက်သူနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကအဆိုပါ အစုရှယ်ယာများကို အများပြည်သူအားလေလံတင်၍ ရောင်းချရန် အဆိုပါပုဂ္ဂိုလ်အား ညွှန်ကြားခြင်း။

( ခ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို ဖောက်ဖျက်သူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့်နည်းလမ်းဖြင့် အများသိစေရန် ကြေညာရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက် ထုတ်ဆင့်ခံရသော ဖောက်ဖျက်သူတစ်ဦးဦးသည် ထိုညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဗဟိုဘဏ်သို့ အဆိုပါ အမိန့်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် စာဖြင့်လျှောက်ထားနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် အဆိုပါ ညွှန်ကြားချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတစ်ခုခုကို ပြုလုပ်နိုင်သည်။

( င ) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများထံသို့ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

**ဘဏ်များပေါင်းစည်းခြင်း**

၄၈။ (က) ဘဏ်သည် ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရရှိမှသာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

( ၁ ) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခု၏လုပ်ငန်းကိုဖြစ်စေ၊ လုပ်ငန်း၏ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရယူခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကို ဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

( ၂ ) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခုနှင့်ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်းခြင်း၊

( ၃ ) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ ဘဏ်၏လုပ်ငန်းကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကို ဖြစ်စေ ရယူခြင်း သို့မဟုတ် နိုင်ငံတော်ရှိ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကို ဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

( ၄ ) ဘဏ်၏ သို့မဟုတ် ၎င်း၏ဦးပိုင်ကုမ္ပဏီ၏ ထိန်းချုပ်ကွပ်ကဲမှုပြောင်းလဲခြင်း။

( ခ )  ပုဒ်မခွဲ (က) ပါ ဗဟိုဘဏ်၏စာဖြင့်ကြိုတင်ခွင့်ပြုချက် ရရှိရန်အတွက် လျှောက်လွှာကို အဆိုပြု သဘောတူစာချုပ်မိတ္တူနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများကို ပူးတွဲ၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

( ဂ )  ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီးနောက် လျှောက်ထားသူထံသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ဖြစ်စေ နောက်ထပ်သတင်းအချက်အလက်နှင့် စာတမ်း အမှတ်အသားများ ထပ်မံလိုအပ်ပါက တောင်းခံနိုင်သည်။

(ဃ)  ဗဟိုဘဏ်သည် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးလျှောက်လွှာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လျှောက်လွှာကို အတည်ပြုရာတွင် လိုအပ်သော ပြင်ဆင်ခြင်းကိုဖြစ်စေ၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းကိုဖြစ်စေ ဆောင်ရွက် နိုင်သည်။

( င )  ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) နှင့်စပ်လျဉ်း၍ ထိန်းချုပ်ကွပ်ကဲခြင်းတွင် အောက်ပါတို့ ပါဝင်သည်-

(၁)  ကုမ္ပဏီ သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့၏ပါဝင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဩဇာလွှမ်းမိုးမှုရှိခြင်း၊

(၂)  ကုမ္ပဏီများ သို့မဟုတ် လက်အောက်ခံကုမ္ပဏီများ သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှ တစ်ဆင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်မှုအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ထားခြင်း။

၄၉။ (က)  ဗဟိုဘဏ်က ပုဒ်မ ၄၈ အရ စာဖြင့်ကြိုတင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ လျှောက်ထားမှုကို အတည်ပြုချက်ထုတ်ပေးသည့်အခါ မိမိ၏လုပ်ငန်းကို အခြားပုဂ္ဂိုလ်သို့ လွှဲပြောင်း ပေးရမည့်အဖွဲ့အစည်းနှင့် လုပ်ငန်းကိုလွှဲပြောင်းရယူမည့်သူတို့သည် သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သည့် အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ ပူးတွဲလျှောက်လွှာကို တင်သွင်း နိုင်သည်။

( ခ )  ပုဒ်မခွဲ(က) အရ လျှောက်လွှာအပေါ် ကြားနာရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ကိစ္စရပ်အခြေအနေအရ သင့်လျော်မျှတမည်ဟု ထင်မြင်သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် စည်းကမ်းချက်ဖြင့် အမိန့်ချမှတ်ပေးခြင်း၊ အဆိုပါအမိန့်ကိုပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုနိုင်သည်။

( ဂ )  ပုဒ်မခွဲ(ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ချမှတ်သည့် အမိန့်ကိုလွှဲပြောင်းပေးခြင်းခံရသူသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) လွှဲပြောင်းပေးသူသည် ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်က အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆိုပါ အမိန့်မှန်ကန်ကြောင်း အတည်ပြုထားသည့် အမိန့်မိတ္တူကို ဗဟိုဘဏ်က မှန်ကန်ကြောင်း အတည်ပြုထားသည့် သဘောတူညီချက် သို့မဟုတ် အစီအစဉ်မိတ္တူပူးတွဲ၍ -

(၁) ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံနှင့်

(၂) ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်ဆက်စပ်ဆောင်ရွက်လျက်ရှိသော သို့မဟုတ် အမိန့်အရ လွှဲပြောင်းပေးသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည့် သက်ဆိုင်ရာ မှတ်ပုံတင် သို့မဟုတ် မှတ်တမ်းအာဏာရှိသူထံ (ရှိလျှင်) တင်သွင်းရမည်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပုဒ်မခွဲ (က) အရ လွှဲပြောင်းရောင်းချနိုင်သော မြေကိုဖြစ်စေ၊ အစုရှယ်ယာတစ်ခုခုကိုဖြစ်စေ၊ လွှဲပြောင်း ရောင်းချနိုင်သောမြေတွင် အကျိုးအမြတ်ကိုဖြစ်စေ လွှဲပြောင်းပေးခြင်းခံရသူသို့ အမိန့်ဖြင့် အပြီးအပိုင်အပ်နှင်းသည့်အခါအဆိုပါအမိန့်ချမှတ်ပြီးနောက် မြေစီမံခန့်ခွဲသူက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ အဆိုပါအမိန့် မိတ္တူကို မြေစီမံခန့်ခွဲသူထံ ချက်ချင်းပေးပို့စေရမည်။

(စ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ အမိန့်သည် နိုင်ငံတော်ပြင်ပ၌ရှိသော လွှဲပြောင်းပေးသူ၏ ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်နိုင်သည်။ ထိုသို့သက်ဆိုင်မှုရှိနေလျှင် အကျိုးသက် ရောက်မှုရှိစေရန် အဆိုပါပစ္စည်း သို့မဟုတ် လုပ်ငန်းတည်ရှိသည့် နိုင်ငံနှင့် နိုင်ငံတော်အကြား တရားရုံးစီရင်ချက်များကို အတည်ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ အပြန်အလှန် အစီအစဉ်များ ရှိလျှင် ထိုအစီအစဉ်အတိုင်း လုပ်ရမည်။ ထိုကဲ့သို့ အစီအစဉ် မရှိလျှင် အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

**အစုရှယ်ယာအများဆုံးပိုင်ဆိုင်မှုကို ကန့်သတ်ခြင်း**

၅၀။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အများဆုံးကိုင်ဆောင်ထားနိုင်သည့် ဘဏ်၏ မဲပေးနိုင်သည့် အစုရှယ်ယာ ရာခိုင်နှုန်းနှင့်၊

(ခ) ကုမ္ပဏီ၊ လုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အတန်းအစားအလိုက် ပုဒ်မခွဲ (က) အရ အများဆုံး ပိုင်ဆိုင်နိုင်သည့် အစုရှယ်ယာရာခိုင်နှုန်း။

## အခန်း (၉)

## လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ

၅၁။ ဘဏ်သည် ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများကို ၎င်း၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၂။ ကူးသန်းရောင်းဝယ်ရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊

(ခ) ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊

(ဂ) အငှားချသည့်လုပ်ငန်း၊

(ဃ) ကြွေးမြီများဝယ်ယူကောက်ခံသည့် လုပ်ငန်း၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(စ) ချေးငွေတိုကင်လုပ်ငန်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊

(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ် (ငွေပေးအမိန့်လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊

(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းအတွက်ဖြစ်စေ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံလက်မှတ်များ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရေး၊ ငွေကြေး ကြိုတင်ရောင်းခြင်းနှင့် လက်ငင်းရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းများ၊ ပေါက်စျေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အစရှိသည့် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊

(ဋ) စီးပွားရေးလုပ်ငန်းကြီးများကိုအကြံဉာဏ်ပေးခြင်းလုပ်ငန်း၊

(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊

(ဏ) ချေးငွေထုတ်ချေးရန် ထိုက်တန်သူ ရည်ညွှန်းပေးသည့် ချေးငွေသတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊

(တ) အီလက်ထရောနစ်နည်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း၊

(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊

( ဒ ) အပ်နှံမှုလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊

( ဓ ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

( န ) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

( ပ ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

၅၃။ ဘဏ်သည် အောက်ပါလုပ်ငန်းတို့ကို သီးခြားဖွဲ့စည်းသည့် လက်အောက်ခံကုမ္ပဏီ ထူထောင်၍ ဆောင်ရွက်နိုင်သည် -

(က) အာမခံလုပ်ငန်း၊

( ခ ) ငွေချေးသက်သေခံလက်မှတ်များ ပွဲစားလုပ်ငန်း၊

( ဂ ) ဗဟိုဘဏ်က ခွင့်ပြုသည့်ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းတစ်ရပ်ရပ်။

၅၄။ ဖွံ့ဖြိုးရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည် -

(က) ကာလရှည် ငွေကြေးဖြည့်ဆည်းသည့်လုပ်ငန်း၊

( ခ ) အာမခံချက်နှင့် ကတိဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

( ဂ ) ဗဟိုဘဏ်က သတ်မှတ်သော အခြားဘဏ်လုပ်ငန်းများ။

၅၅။ ဘဏ်၏ လက်အောက်ခံကုမ္ပဏီများသည် ဘဏ်တစ်ခုအား စစ်ဆေးသည့် နည်းလမ်းနှင့်အညီ ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ဗဟိုဘဏ်သို့ အစီရင်ခံရမည့် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အဆိုပါဘဏ်နှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီအသီးသီး၏ သတင်းအချက်အလက် တစ်ရပ်ရပ်ကို သီးခြားဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ပြရန်တောင်းဆိုနိုင်သည်။

၅၆။ မည်သည့်ဘဏ်မျှ အောက်ပါကိစ္စရပ်များမှအပ ဘဏ်၏ငွေစာရင်းကို အသုံးပြု၍လည်းကောင်း၊ ကော်မရှင်ခယူ၍လည်းကောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများအပါအဝင် လက်ကား သို့မဟုတ် လက်လီ ကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်ရ-

(က) ဘဏ်၏ လက်ဝယ်ရှိအာမခံပစ္စည်းများ ထုခွဲရောင်းချခြင်း၊

( ခ ) ဘဏ်က ရွှေ သို့မဟုတ် နိုင်ငံခြားငွေကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

၅၇။ မည်သည့်ဘဏ်မျှ ဗဟိုဘဏ်ကသတ်မှတ်သည့် ၎င်း၏ မတည်ရင်းနှီးငွေ၏ အချိုးအစား တစ်ရပ်ထက်ပို၍ အောက်ပါကိစ္စရပ်များမှအပ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းဖြင့်ရယူခြင်း မပြုရ-

(က) ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းအတွက် သော်လည်းကောင်း၊ ၎င်း၏ဝန်ထမ်းများအတွက် အိမ်ရာ သို့မဟုတ် အခြားခံစားခွင့်များ ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း ရယူခြင်း၊

( ခ ) ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း။

**ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းနှင့်သက်ဆိုင်သောသတ်မှတ်ချက်များ**

၅၈။ (က) ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ထားရှိရမည်-

(၁) ချေးငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုအား စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၂) ရရန်ပိုင်ခွင့်များ၏ အရည်အသွေးဆန်းစစ်အကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးမှုအတွက် လျာထားခြင်းနှင့် သီးသန့်ငွေ လုံလောက်စွာ ထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော မူဝါဒများ၊ ကျင့်စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း။

(ခ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ဘဏ်နှင့် ချေးငွေရယူသူတို့ ချုပ်ဆိုထားသည့် သဘောတူညီချက် တစ်ရပ်ရပ်နှင့် ချေးငွေရယူသူအပေါ် သတ်မှတ်ထားသည့် ချေးငွေကန့်သတ်ချက် အတွင်းမှသာ ငွေချေးခြင်းပြုရမည်။

(ဂ) ဘဏ်သည် ဗဟိုဘဏ်သို့ အောက်ပါတို့ကို တင်ပြရမည်-

(၁) ချေးငွေပမာဏ တစ်ရပ်ရပ်ထုတ်ပေးရေးအတွက် ၎င်း၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊

(၂) ချေးငွေခွင့်ပြုခြင်း နှင့်စပ်လျဉ်း၍ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိများအတွက် ထားရှိသည့် ပမာဏကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်များဆိုင်ရာ အစီရင်ခံစာ။

(ဃ) ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်က တင်ပြသည့် ချေးငွေမူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုအပ်ပါက ပြင်ဆင်နိုင်သည်။

**ပမာဏကြီးမားသောကြွေးမြီများ**

၅၉။ (က) ဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးလုပ်ငန်း အုပ်စုတစ်ခုခု သို့မဟုတ် ဆက်နွယ်နေသည့် မိတ်ဖက်အဖွဲ့အစည်း အုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏ အဓိက မတည်ငွေရင်း၏ ၂၀ ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်းမပြုရ။ ယင်းကန့်သတ်ချက်သည် နိုင်ငံတော်ပိုင်ဘဏ်များ၏ အစိုးရမူဝါဒဆိုင်ရာ ချေးငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါကန့်သတ်ချက်သည် ဗဟိုဘဏ်က သီးသန့်ဖော်ပြသတ်မှတ်ခြင်းမရှိပါက ဘဏ်များအကြား ဆောင်ရွက်ချက်များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်တစ်ခု၏ အာမခံဖြင့်ချေးသော ချေးငွေ၊ အာမခံမဲ့ချေးငွေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအာမခံဖြင့် ချေးငွေတို့အတွက် ထပ်တိုးကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။

(ဃ) ဘဏ်သည် မိမိ၏ ပမာဏကြီးမားသော ကြွေးမြီတစ်ခုစီ၏ အချက်အလက်များကို ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့တင်ပြရမည်။

( င ) ဗဟိုဘဏ်သည် ဆက်နွယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စု၊ စုစုပေါင်းကြွေးမြီ ပမာဏ၊ ထပ်တိုးကန့်သတ်ချက်နှင့် အခြားလိုအပ်ချက်များကို လိုအပ်သလို သတ်မှတ် ဖော်ပြနိုင်သည်။

( စ ) ဤပုဒ်မပါအလို့ငှာ ကြွေးမြီ ဆိုသည်မှာ ဘဏ်က ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ကိုယ်စားလှယ်သို့ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ချေးငွေ၊ ကြိုတင်ထုတ်ပေးငွေ၊ စာရင်းပိုထုတ်ငွေ၊ ငှားရမ်းမှုအတွက် ချေးငွေ၊ ချေးငွေဆိုင်ရာစာရွက်စာတမ်းများ လက်ခံခြင်း၊ အာမခံချက်ပေးခြင်း၊ ဘဏ်ငွေလွှဲစာတမ်း၊ ဘဏ်အာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေ ဆိုင်ရာသဘောတူစာချုပ်နှင့် ဘဏ်၏ လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော ချေးငွေတစ်ခုခုအပါအဝင် ဆက်သွယ် ဆောင်ရွက်သူက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ်တစ်ခုသို့ ငွေရေးကြေးရေး ပေးရန်တာဝန်များလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ**

၆၀။ (က) ဘဏ်တစ်ခုသည် အောက်ပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအမျိုးအစားတစ်ခုခု၏ အစုရှယ်ယာများကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ-

( ၁ ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့်အပြင် ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၊

( ၂ ) ဗဟိုဘဏ်က လုပ်ကိုင်ခွင့်မရှိဟု ကြေညာထားသော လုပ်ငန်းအမျိုးအစားကို လုပ်ကိုင်နေသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း။

( ခ ) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာ ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုလျှင် မိမိဘဏ်၏ မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်း ထက်မပိုသော ပမာဏကိုသာ ဝယ်ယူနိုင်ခွင့်ရှိသည်။

၆၁။ (က) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင်အောက်ပါအတိုင်း အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်-

( ၁ ) အခြားဘဏ်တစ်ခုတွင် အဆိုပါဘဏ်၏ မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ၊

( ၂ ) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုတွင် အဆိုပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းမတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)ပါ ကန့်သတ်ချက်တွင် အောက်ပါတို့ အကျုံးမဝင်-

(၁) တာဝန်ခံ၍ရောင်းချခြင်း သို့မဟုတ် တစ်ဆင့်တာဝန်ခံ၍ရောင်းချခြင်း စာချုပ်တစ်ရပ်ရပ်အရ အလုပ်လုပ်ရက် ခုနစ်ရက်ထက်မပိုသော ကာလအတွက် သို့မဟုတ် ဗဟိုဘဏ်က အတည်ပြုသည့် အခြားထပ်တိုးကာလတစ်ခုခုအတွက် ဘဏ်က ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ ရှယ်ယာတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၂) ဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ သို့မဟုတ် ဤဥပဒေ အခန်း (၁၄) နှင့် (၁၅) တို့အရ အခြားဘဏ်တွင် ဗဟိုဘဏ်က အတည်ပြုပေးသည့် ရှယ်ယာကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၃) ဘဏ်တစ်ခုသို့ ပေးရန်စေ့ရောက်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် ပေးချေသည့် ရှယ်ယာအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ရပ်ရပ်ရှိပါက အဆိုပါ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို ဗဟိုဘဏ်သို့ စာဖြင့်အကြောင်းကြားရန် ဖြစ်ပြီး အဆိုပါရယူသည့်နေ့မှစ၍ နှစ်နှစ်အတွင်း ရောင်းချရမည်။

(ဂ) ဤပုဒ်မအရ အစုရှယ်ယာများကို ရယူသော သို့မဟုတ် လက်ဝယ်ထားရှိသော ဘဏ်တစ်ခုခုသည် သက်ဆိုင်ရာတို့က အချိန်မရွေး စစ်ဆေးနိုင်ရန် အဆိုပါရယူထားသော သို့မဟုတ် လက်ဝယ်ထားရှိသော ရှယ်ယာများကိုသီးခြားမှတ်တမ်းဖြင့်ထိန်းသိမ်းရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည် -

(၁) ဘဏ်က စီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း၊ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(၂) အဆိုပါဘဏ်တစ်ခုက ရယူထားသော၊ လက်ဝယ်ရှိသော စုစုပေါင်းအစုရှယ်ယာများ၏တန်ဖိုးပမာဏနှင့် ပုဂ္ဂိုလ်တစ်ဦးဦးထံမှရယူပိုင်ဆိုင်နိုင်သော သဘောသဘာဝနှင့် အများဆုံးတန်ဖိုးပမာဏ။

(င) ဤပုဒ်မ၏ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စည်းမျဉ်းများကိုဖြစ်စေ ဘဏ်တစ်ခုခုက ဖောက်ဖျက်လျှင် ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(၁) အဆိုပါ ဘဏ်အား ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ အစုရှယ်ယာများ ပမာဏတိုးမြှင့်မှုကို တားမြစ်ခြင်း၊

(၂) ဘဏ်အား ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုလက်ဝယ်ရှိသည့် အစုရှယ်ယာများ ပမာဏကို သတ်မှတ်ထားသည့် အချိန်အတွင်းလျှော့ချရန် သို့မဟုတ် သတ်မှတ်ထားသည့် ကန့်သတ်ချက်ပမာဏအထိထားရှိရန် ညွှန်ကြားခြင်း။

၆၂။ ပုဒ်မ ၆ဝ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်များ၊ ယင်းတို့၏ နိုင်ငံခြားဘဏ်ခွဲများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၆၃။ (က) မည်သည့်ဘဏ်မျှ မိမိဘဏ်က ပိုင်ဆိုင်သော ရှယ်ယာများရယူခြင်း ဆောင်ရွက်ရန် သို့မဟုတ် စည်းကမ်းချက်သတ်မှတ်မထားသော သို့မဟုတ် အရေးပေါ်ပေးရန်တာဝန် ပေါ်ပေါက်နေသော ဘဏ်ကထုတ်ဝေသည့် ကြွေးမြီဆိုင်ရာသက်သေခံလက်မှတ်များ၊ စာချုပ်များကို ဝယ်ယူခြင်းဆောင်ရွက်ရန် ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်မျှ မိမိပိုင်အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း၊ မိမိဘဏ်တွင် အကျိုးစီးပွားများစွာရှိသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အာမခံထား၍ လည်းကောင်း ချေးငွေထုတ်ချေးခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာ ဘဏ်ဝန်ထမ်းများက ဘဏ်၏ အစုရှယ်ယာများအား ပိုင်ဆိုင်နိုင်သည့်အစီအစဉ်အတွက် ကိုယ်ပိုင်အစု ရှယ်ယာများကို အာမခံထား၍ ချေးငွေပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းသို့ ချေးငွေပေးခြင်းသည် ဘဏ်၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းထက် မပိုရ။

**ဆက်နွယ်နေသူများအား ချေးငွေပေးခြင်း**

၆၄။ (က) မည်သည့်ဘဏ်မျှ ၎င်း၏ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် ဘဏ်၏ ငါးရာခိုင်နှုန်း ထက်ပိုသည့် မဲပေးနိုင်သော အစုရှယ်ယာများကို ကိုင်ဆောင်ထားသူ အစုရှယ်ယာဝင် များအား ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် ဆက်နွယ်နေသူနှင့် ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် လျော့နည်းသော စည်းကမ်းချက်များဖြင့် မည်သည့်လွှဲပြောင်းဆောင်ရွက်ခြင်း ကိုမျှ မပြုလုပ်ရ။

(ဂ) အောက်ပါအခြေအနေများရှိမှသာ ဘဏ်သည် ဆက်နွယ်နေသူများနှင့် ဆောင်ရွက်ချက်များ ပြုလုပ်နိုင်သည် -

(၁) ဘဏ်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အဆိုပါကိစ္စနှင့် ပတ်သက်သည့် ဒါရိုက်တာမှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင် သုံးပုံနှစ်ပုံအောက်မနည်းသည့် ဆန္ဒမဲအရ ဒါရိုက်တာအဖွဲ့ အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ခြင်း၊

(၂) အဆိုပါ ဆောင်ရွက်ချက်အတွက် အာမခံပစ္စည်းတင်သွင်းထားခြင်း။

(ဃ) မည်သည့်ဘဏ်မျှ ဆက်နွယ်နေသူအား ဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်၍ ချေးငွေတစ်ရပ်ရပ်ကို ထုတ်ချေးခြင်းမပြုရ။

(င) ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(၁) ချေးငွေ၏ အရင်းပမာဏ၊

(၂) ချေးငွေအားလုံးအတွက် စုစုပေါင်းအရင်းငွေ ပမာဏလက်ကျန် သို့မဟုတ် ဘဏ်တစ်ခုက ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းအုပ်စုကိုဖြစ်စေ၊ ယင်းအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ထုတ်ချေးသည့် ချေးငွေအမျိုးအစားတစ်ရပ်ရပ်။

(စ) ဆက်နွယ်နေသူနှင့် ပတ်သက်နေသည့် ပေးရန်ရှိသည့် ချေးငွေများအားလုံးကို ချေးငွေအပြည့်အဝပေးပြီးသည့်အချိန်အထိ ဘဏ်၏ လက်ရှိဘဏ္ဍာရေးနှစ်နှင့် လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ရေးဆွဲသော ငွေရေးကြေးရေးစာရင်းများတွင် ဖော်ပြရမည်။

(ဆ) ဘဏ်သည် ၎င်းတို့နှင့်ဆက်နွယ်နေသူများက ဤပုဒ်မတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်းတွေ့ရှိပါက ဗဟိုဘဏ်သို့ ဖောက်ဖျက်သူများကို ဖော်ပြ၍ ချက်ချင်းသတင်းပို့ရမည်။

(ဇ) ဘဏ်သည် ဤပုဒ်မပါစည်းကမ်းချက်များအား ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်းမပြုပါက ဗဟိုဘဏ်သည် ချေးငွေများ ပြန်လည်ရရှိရေးအတွက် ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားချက်ထုတ်ခြင်း သို့မဟုတ် လိုအပ်သလို သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဈ) ဤပုဒ်မပါပြဋ္ဌာန်းသည့် ချေးငွေထုတ်ချေးခြင်းသည် အဆိုပါဘဏ်၏ ဝန်ထမ်းများသို့ ထုတ်ချေးသည့် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါက ဘဏ်၏ဝန်ထမ်းတစ်ဦးဖြစ်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးနှင့် အကျိုးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၆၅။ ဗဟိုဘဏ်သည် ဘဏ်များအတွက် နိုင်ငံခြားငွေဖြင့် ချေးငွေအမြင့်ဆုံး ကန့်သတ်ချက်များကို နိုင်ငံခြားငွေကြေး တစ်မျိုးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေအမျိုးမျိုးဖြင့်ဖြစ်စေ စည်းမျဉ်းထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၆၆။ (က) ဗဟိုဘဏ်သည် ကြပ်မတ်ကွပ်ကဲရေးနှင့်စပ်လျဉ်း၍ ဘဏ်များလိုက်နာရမည့် လိုအပ်ချက်များကို သတ်မှတ်ရန် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းမျဉ်းများကို အသေးစိတ် သတ်မှတ်ထုတ်ပြန်ရမည်။

(ခ) ယင်းသို့ ထုတ်ပြန်ရာတွင် ဘဏ်အားလုံးအတွက်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည့် ဘဏ်များအတွက်ဖြစ်စေ ထုတ်ပြန်သော စည်းမျဉ်းများသည် အဆိုပါဘဏ်၏ မတူညီသော ရည်ရွယ်ချက်၊ သဘောသဘာဝ၊ လုပ်ငန်းပမာဏနှင့် အဆိုပါဘဏ်၏ ငွေကြေးရရှိရာ ရင်းမြစ်တို့အပေါ်တွင်မူတည်၍ သတ်မှတ်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ဤပုဒ်မအရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ဘဏ်တစ်ခုခုသည် ဗဟိုဘဏ်က သတ်မှတ်သည့်အချိန်ကာလအတွင်း ဗဟိုဘဏ်၏ စည်းမျဉ်းတွင် သတ်မှတ်သည့်နှုန်းထားဖြင့် ဗဟိုဘဏ်သို့ ဒဏ်ငွေပေးဆောင်ရမည်။

**လုပ်ငန်းဆောင်ရွက်ချက်နှင့် ကတိကဝတ်များအတွက်မှတ်တမ်းများ**

၆၇။ (က) ဘဏ်သည် ၎င်း၏ ဆက်သွယ်ဆောင်ရွက်ချက်နှင့် ကတိကဝတ်များ အသီးသီးအတွက် သက်ဆိုင်သော စာရွက်စာတမ်းများကို စာတွဲပြုစုထားရှိရမည်။ အဆိုပါစာတွဲသည် တရားရုံးတွင် သက်သေခံဝင်သော စာတမ်းအမှတ်အသားများဖြစ်စေရမည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အပါအဝင် မှတ်တမ်းပြုစုခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်-

(၁) စာတမ်းအမှတ်အသား အမျိုးအစားများ၊

(၂) ထိန်းသိမ်းထားရှိသည့်ပုံစံ၊ နည်းစနစ်၊

(၃) ထိန်းသိမ်းထားရှိရမည့် သက်တမ်းကာလ၊

(၄) ဤပုဒ်မနှင့်သက်ဆိုင်သော အခြားလိုအပ်သည့် စာတမ်းအမှတ်အသားများ။

**ငွေကြေးခဝါချမှုနှင့် သံသယရှိသောငွေလွှဲပြောင်းပေးပို့မှု သတင်းပေးပို့ခြင်းများ**

၆၈။ ဗဟိုဘဏ်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပါကိစ္စရပ်များနှင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရ သက်ဆိုင်ရာသို့ သတင်းပို့ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို သီးခြားသတ်မှတ်ထားရှိရမည်။

**လက်အောက်ခံအဖွဲ့အစည်းများတည်ထောင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်းအားထိန်းချုပ်ကွပ်ကဲခြင်း**

၆၉။ ဘဏ်တစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတွင် လက်အောက်ခံအဖွဲ့အစည်းများဖွဲ့စည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ၎င်း၏ရုံးတစ်ခုခု ဖွင့်လှစ်ခြင်း။

**အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်း**

၇၀။ (က) ဘဏ်သည် ပြည်ပရှိ မည်သည့်ဘဏ်နှင့်မဆို အဆက်အသွယ် ဘဏ်လုပ်ငန်းအား ထူထောင်ခွင့်ရှိသည်။

(ခ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံပြင်ပရှိ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အဆက်အသွယ် ဘဏ်လုပ်ငန်းကို ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ချက်များကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်း**

၇၁။ (က) ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို ကာကွယ်ရေးအတွက် မဟာဗျူဟာ အစီအစဉ်ကို စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊

(၂) အခြားငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များရယူရန်၊

(၄) အခြားသော ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများက ကြီးကြပ်ကွပ်ကဲခြင်းမပြုသည့်ကဏ္ဍများ၊ လစ်လပ်နေသော ကဏ္ဍများအတွက်ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်ဆံသူများအကြားတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းသော စနစ်တစ်ရပ်အား တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက် ဆောင်ရွက်ရန်၊

(၇) အမိကပါဝင်သူများ၏ ငွေရေးကြေးရေး အသိပညာဆိုင်ရာ စာပေကွန်ရက်ကို တည်ထောင်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကိုကာကွယ်ရေးနယ်ပယ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့ သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) အား အကျိုးသက်ရောက်စေရန်အလို့ငှာ လိုအပ်သည့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

**မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများအား တိုက်ဖျက်ရေး**

၇၂။ ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့်အနေအထားကို ရရှိစေမည့် ပဋိညာဉ်စာချုပ်များ သို့မဟုတ် သဘောတူညီချက်များကို ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သောလုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း။

**အခန်း (၁၀)**

**ဘဏ်များ၏ ဒါရိုက်တာအဖွဲ့၊ အမှုဆောင်အရာရှိချုပ်**

၇၃။ (က) ဘဏ်သည် အစုရှယ်ယာရှင်များသင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ရွေးချယ်ခြင်းခံရသူ ဒါရိုက်တာငါးဦးအောက်မနည်းသော ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားရှိရမည်။

(ခ) ဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဒါရိုက်တာဦးရေ ပြည့်မီစွာ တက်ရောက်သော်လည်း အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးတစ်ဦးတက်ရောက်မှသာ ထိုအစည်းအဝေး အထမြောက်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၄။ (က) အစုရှယ်ယာဝင်များ၏ သင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ဆောင်ရွက်ရန် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပြင် ဘဏ်ကဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များအားလုံးကို ဤဥပဒေအရ ဒါရိုက်တာအဖွဲ့သည် ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ရန်အလို့ငှာ ဒါရိုက်တာအဖွဲ့သည် လိုအပ်သောစည်းကမ်းများကို ချမှတ်ထားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ တာဝန်များတွင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အောက်ပါတို့ပါဝင်သည်-

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့်ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့်ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များလိုက်နာမှုကို သေချာစေခြင်း။

၇၅။ (က) ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီများအပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်-

(၁) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ၊

(၂) ချေးငွေကော်မတီ၊

(၃) လစာချီးမြှင့်ရေးကော်မတီ၊

(၄) စာရင်းစစ်ကော်မတီ၊

(၅) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေးကော်မတီ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီနှင့်ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည်လည်းကောင်း၊ ၎င်းတို့ အဖွဲ့ဝင်များကို ပေးရမည့်လစာနှင့်ချီးမြှင့်ငွေများသည်လည်းကောင်း ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၇၆။ (က) ရာထူးတာဝန်ယူရန် သင့်မြတ်လျော်ကန်မှုရှိခြင်းနှင့် ဤဥပဒေအရ ရာထူးတာဝန် ထမ်းဆောင်ရန် တားမြစ်ပိတ်ပင်ခြင်းမရှိပါက မည်သူမဆို ဘဏ်တစ်ခု၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် သို့မဟုတ် အမည်စာရင်း တင်သွင်းခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူ ဟုတ် မဟုတ် ဆုံးဖြတ်ရာတွင် ဗဟိုဘဏ်က သတ်မှတ်နိုင်သည့် အခြားကိစ္စရပ်များအပြင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာ ကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့်အတွေ့အကြုံများ၊

(၂) အဆိုပါ ပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြား မလျော်မကန်ပြုမှုကြောင်း ကြပ်မတ်ကွပ်ကဲသည့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်း ပြည်ပတွင်ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအသင်းအဖွဲ့ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းခြင်းခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်း ခံယူသူအဖြစ် ကြေညာခံရခြင်းရှိ မရှိ၊

(၅) အဆိုပါ ပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ် မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုက သော်လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်းခံရသူ ဟုတ် မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း စည်းမျဉ်းအရ အရေးယူခြင်းကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော် လည်းကောင်း ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ် မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာသည် ယင်းဘဏ်၏ လက်အောက်ခံအခြားအဖွဲ့အစည်း သို့မဟုတ် ဦးပိုင်ကုမ္ပဏီ မှအပ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) မည်သူ့ကိုမျှ ၎င်း၏ ဒါရိုက်တာအဖြစ် ခန့်အပ်ရန် ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်း တင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

(င) အကြောင်းကြားစာကို ဗဟိုဘဏ်၏ သတ်မှတ်သည့် ပုံစံဖြင့်ပေးပို့ရမည်ဖြစ်ပြီး ဗဟိုဘဏ်က တောင်းခံသည့် သက်ဆိုင်သော စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက် များပူးတွဲ ပါရှိရမည်။

(စ) ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ရည်ညွှန်းဖော်ပြသော ကိစ္စတစ်ရပ်ရပ်ကို သေချာစေရန် လိုအပ်သလို စဉ်းစားချင့်ချိန်ပြီး နောက်ကြောင်းစုံစမ်းစစ်ဆေးခြင်းတစ်ရပ်ရပ် ဆောင်ရွက်ရန် ဗဟိုဘဏ်သည် ဤဥပဒေအရ အခွင့်အာဏာရှိသည်။

**အမှုဆောင်အရာရှိချုပ် ခန့်ထားခြင်းနှင့် ဝန်ဆောင်မှုစည်းကမ်းချက်များ**

၇၇။ (က) ဒါရိုက်တာအဖွဲ့သည် ဤဥပဒေနှင့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဘဏ်၏ အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်။

( ခ ) ဘဏ်က ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) ကို လိုက်နာမှုမရှိဘဲ မည်သူ့ကိုမျှ အမှုဆောင်အရာရှိချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းမပြုရ။

( ဂ ) ဗဟိုဘဏ်သည် ဘဏ်ကအမှုဆောင်အရာရှိချုပ်ခန့်အပ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဘဏ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဗဟိုဘဏ်၏ အတည်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားချက်ကို မကျေနပ်သူ တစ်ဦးဦးသည် ထိုအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဗဟိုဘဏ်သို့ အယူခံနိုင်သည်။

( င ) ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို လက်ခံရရှိသည့်အခါ ဗဟိုဘဏ်သည် လက်ခံရရှိသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း သို့မဟုတ် အယူခံကိုပယ်ချခြင်း ပြုနိုင်သည်။

( စ ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

**ဒါရိုက်တာများနှင့် အရာရှိများ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှထုတ်ပယ်ခြင်း**

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ-

(၁) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှု မရှိသူဖြစ်ခြင်း၊

(၂) ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) အရ ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိဘဲ ခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(၃) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်က ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ဂ) အရ အတည်ပြုရန် ငြင်းပယ်ခြင်းခံရသူဖြစ်ခြင်း၊

(၄) ဘဏ်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် အရည်အချင်းမပြည့်သူ၊ အမြဲတမ်းမစွမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(၅) ဘဏ်၏ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် သိသာထင်ရှားစွာ ဆန့်ကျင်မှုများ ပြုလုပ်လာသူဖြစ်ခြင်း။

( ခ ) ဘဏ်သည် ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ရာထူးတာဝန်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် တစ်ဦးဦးက ပုဒ်မခွဲ (က) အရ ရာထူးတာဝန် ဆက်လက်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းကြောင်း တွေ့ရှိသည့်အခါဗဟိုဘဏ်သည်-

(၁) အဆိုပါပုဂ္ဂိုလ်အား သတ်မှတ်ပေးသည့်ရက်အတွင်း ရာထူးမှထုတ်ပယ်ရန်စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင်

(၂) ထိုသို့ညွှန်ကြားချက် မိတ္တူပူးတွဲ၍ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းခံရသူထံစာဖြင့် အကြောင်းကြားရမည်။

(ဃ) ဘဏ်သည် ညွှန်ကြားချက်ပါ သတ်မှတ်ပေးသည့် အချိန်အတွင်း အဆိုပါပုဂ္ဂိုလ်အား ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်းကို အကြောင်းကြားပြီး ဘဏ်၏အစုရှယ်ယာဝင်များထံ လိုအပ်သလို အကြောင်းကြားရမည်။ ထို့ပြင်ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ထုတ်ပယ်ခြင်းကိစ္စကို အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိအားထုတ်ပယ်ခြင်းသည် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊ ဘဏ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ အဆိုပါရာထူးတာဝန်မှ ထုတ်ပယ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(စ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးသည့် ညွှန်ကြားချက်ကို သတ်မှတ်အချိန် ကာလအတွင်း လိုက်နာရန် ပျက်ကွက်သောဘဏ်ဖြစ်ပြီး ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာ ချမှတ်ခြင်းခံရသော ၎င်း၏တာဝန်ဆက်လက် ထမ်းဆောင်သော ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဆ) ဘဏ်တစ်ခုခုက ပုဒ်မခွဲ (ဂ) အရ ထိုဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိရာထူးတာဝန်မှထုတ်ပယ်ခြင်းကို ကျေနပ်မှုမရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်က ဗဟိုဘဏ်သို့ အယူခံနိုင်သည်။ ထိုကိစ္စတွင် ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ ပြဋ္ဌာန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်စေရမည်။

**အကျိုးစီးပွားများ ထုတ်ဖော်အသိပေးခြင်း**

၇၉။ (က) ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ထုတ်ဖော်တင်ပြခြင်းကို ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးသည်နှင့် ပထမဦးစွာပြုလုပ်ရမည် ဖြစ်ပြီး နှစ်စဉ် ထုတ်ဖော်တင်ပြခြင်းကိုလည်း ပြုလုပ်ရမည်။

( ဂ ) ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ယင်းကဲ့သို့ အကျိုးစီးပွားတစ်ရပ် ထပ်မံတိုးပွားရရှိသည့်အခါတွင်လည်း ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ထိုအကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အကြေအလည် ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ တက်ရောက်ခြင်းမပြုရ။

**ဒါရိုက်တာများနှင့် အရာရှိများ၏ ပေးရန်တာဝန်**

၈၀။ (က) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များ အပြင် ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန်ပြုလုပ်မှုကြောင့်ဖြစ်စေ ဘဏ်တွင်သော်လည်းကောင်း၊ ဘဏ်၌ ငွေအပ်နှံသူ အခြားပုဂ္ဂိုလ်တွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပေးလျော်ရန်တာဝန်ရှိသည်။

( ခ ) ဤပုဒ်မပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါ လွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန်တာဝန်ရှိစေရမည်။

( ဂ ) ဤပုဒ်မအရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှု ဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

**လျှို့ဝှက်ချက်များ ထိန်းသိမ်းရန်တာဝန်**

၈၁။ (က) ဘဏ်သည် မိမိအဖွဲ့အစည်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်း၊ မှတ်တမ်းနှင့် လွှဲပြောင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းရမည်။

( ခ ) ဘဏ်တစ်ခုခု၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား မည်သူ့ကိုမျှ ပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် ထုတ်ဖော်ခြင်း မပြုရ။

( ဂ ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သိရှိစေရန်အလို့ငှာ ထုတ်ဖော်သော သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ရရှိသူသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အလားတူထုတ်ဖော်ခြင်းမပြုရ။

**လျှို့ဝှက်ထားရန်တာဝန်အား ခြွင်းချက်ပြုခြင်း**

၈၂။ (က) ပုဒ်မ ၈၁ ပါပြဋ္ဌာန်းချက်သည် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်ကို အောက်ပါကိစ္စများတွင် ထုတ်ဖော်ခြင်းနှင့်မသက်ဆိုင်စေရ-

(၁) ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းသို့ဖြစ်စေ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသူ တစ်ဦးဦးသို့ဖြစ်စေ ထုတ်ဖော်ခြင်း၊

(၂) ဘဏ်ထံမှ သတင်းအချက်အလက်ရရှိရန် ဗဟိုဘဏ်က စာဖြင့်အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့် ဗဟိုဘဏ်တွင် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသူ တစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(၃) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ ထုတ်ဖော်ရန် စာဖြင့်ခွင့်ပြုချက်ပေးထားခြင်း၊

(၄) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူက ဘဏ်လူမွဲဖြစ်ကြောင်း ကြေညာခြင်းခံရသည့်ကိစ္စ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူသည် ကုမ္ပဏီဖြစ်ပြီး နိုင်ငံတော်တွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်ခြင်း၊

(၅) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်အတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ပြီး ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးရန် ထိုက်တန်မှု (Credit worthiness) ကို စိစစ်ရန်အတွက်ဖြစ်ခြင်း၊

(၆) ဘဏ်နှင့် ၎င်း၏ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအကြား သို့မဟုတ် ၎င်းအားအာမခံသူတို့အကြားဖြစ်စေ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းမှငွေကိုထုတ်ယူရန် တောင်းခံသူနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအကြားဖြစ်စေ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုမှုအတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ခြင်း၊

(၇) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(၈) ဘဏ်အတွင်း စာရင်းစစ်ဆေးမှုပြုခြင်းနှင့်သာ သက်ဆိုင်သည့်ကိစ္စ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရသည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၉) ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ချေးငွေသတင်းအချက်အလက် ဌာနသို့ ဖော်ထုတ်ခြင်း၊

(၁၀) ဘဏ်က ၎င်း၏လုပ်ငန်းတာဝန်များကို ပြင်ပအခြားအဖွဲ့အစည်းအား ဆောင်ရွက်စေသည့်အခါထိုပြင်ပအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်သည့် ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၁၁) ဘဏ်က အခြားလိုင်စင်ရ အဖွဲ့အစည်းနှင့် ပူးပေါင်းရန် သို့မဟုတ် ပူးပေါင်းရေးအတွက် အဆိုပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(၁၂) ဘဏ်၏ လုပ်ငန်းများ အခြားဘဏ်သို့ လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန်အဆိုပြုခြင်းအတွက် ထုတ်ဖော်ခြင်း၊

(၁၃) အခန်း (၁၄) နှင့် (၁၅) တို့အရ ဘဏ်၏ ပြန်လည်ဖွဲ့စည်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်သာ သက်ဆိုင်သော ထုတ်ဖော်ခြင်း၊

(၁၄) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ပါ ပြဋ္ဌာန်းချက်အရ ထုတ်ဖော်ခြင်း၊ အချက်အလက်များအသိပေးခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) သို့မဟုတ် ပုဒ်မခွဲငယ် (၇) အရ တရားမမှုခင်းတစ်ခုခုတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ထုတ်ဖော်ရန်ရှိသည့်အခါ အဆိုပါ တရားမမှုခင်းတွင် တရားရုံး၏အမိန့်အရဖြစ်စေ၊ အမှုသည်တစ်ဦး၏ တောင်းဆိုချက်အပေါ် ချမှတ်သည့် အမိန့်အရဖြစ်စေ အဆိုပါအမှုကို တံခါးပိတ်ကြားနာပြီး ထုတ်ဖော်သည့် သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို အမှုသည်များနှင့် တရားရုံးအကြား လျှို့ဝှက်ထားရမည်။ ထို့ပြင် မည်သည့်အမှုသည်မျှ ထိုသတင်းပေးချက် သို့မဟုတ် စာတမ်းအမှတ်အသားကို အခြားသူအားထုတ်ဖော်ခြင်းမပြုရ။

( ဂ ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် မည်သူမျှ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်း ဖော်ပြထားသည့် အဆိုပါတရားမမှုခင်းတွင် ပါဝင်သည့်အမှုသည် တစ်ဦးဦး၏ အမည်၊ နေရပ်လိပ်စာ သို့မဟုတ် ဓာတ်ပုံကိုသော်လည်းကောင်း၊ အမှုသည်များက ထိုအမှုတွင် မည်သူတို့က မည်သို့မည်ပုံ ပါဝင်သည်ကိုသိနိုင်လောက်သည့် သတင်းအချက်အလက် တစ်ခုခုကိုသော်လည်းကောင်း ပုံနှိပ်ဖြန့်ချိခြင်း မပြုရ။

**လျှို့ဝှက်ချက်ထိန်းသိမ်းရန်တာဝန်နှင့်စပ်လျဉ်းသည့် နောက်ထပ်ခြွင်းချက်များ**

၈၃။ အခြား ပုဒ်မတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်သည် -

(က) ဘဏ်များထံမှ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်းပုံစံဖြင့် အများပြည်သူအကျိုးငှာ သင့်လျော်သည် ထင်မြင်လျှင် ပုံနှိပ်ဖြန့်ချိနိုင်သည်။

( ခ ) သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိရောက်စွာကြီးကြပ်စစ်ဆေးခြင်းအတွက်သာ အသုံးပြုရန်ဖြစ်ပါက ပြည်တွင်းပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ဖလှယ်နိုင်သည်။

# အခန်း (၁၁)

## စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးရှင်းတမ်းများ

### ငွေစာရင်းများနှင့် ငွေရေးကြေးရေးရှင်းတမ်း အစီရင်ခံစာများ

၈၄။ (က) ဘဏ်သည် မိမိတို့၏ လုပ်ငန်းများလည်ပတ်မှုနှင့် ငွေရေးကြေးရေး အခြေအနေတို့ကို ထင်ဟပ်စေရန် လုံလောက်သော ငွေစာရင်းများထိန်းသိမ်းခြင်းနှင့် အချိန်ကာလအလိုက် ငွေရေးကြေးရေးရှင်းတမ်းများ ပြုစုခြင်းတို့ကို နိုင်ငံတကာကလက်ခံထားသော စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အဆိုပါ စည်းမျဉ်းများနှင့်လိုက်နာဆောင်ရွက်မှုကို အခြားဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့်စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) ပါယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ခြင်းမပြုဘဲ နိုင်ငံခြားဘဏ်ခွဲ အသီးသီးသည် သီးခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထို့ပြင် အရှုံးအမြတ်စာရင်းများအပါအဝင် ငွေရေးကြေးရေး ရှင်းတမ်းတို့ကို ယင်းနိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံခြား ဘဏ်က ပိုင်ဆိုင်သော အခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ မှတ်တမ်းများနှင့် ငွေရေးကြေးရေးရှင်းတမ်းနှင့်ခွဲခြား၍ ပြုစုရမည်။

### စာရင်းစစ်ကော်မတီ

၈၅။ (က) ဘဏ်တိုင်းသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန် လိုသည်။

(ခ) ဘဏ်၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ် ကော်မတီကို ဖွဲ့စည်းရမည်။ စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ် ဖြစ်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် စာရင်းစစ်ကော်မတီကို ဦးဆောင်ရမည်။ စီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) စာရင်းစစ်ကော်မတီသည်-

(၁) ဘဏ်အတွက် သင့်လျော်သော စာရင်းရေးသွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ နှင့်ထိန်းချုပ်မှုများကို သတ်မှတ်ထားရမည့်ပြင် ယင်းလုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ရမည်။ ထို့ပြင် ဘဏ်၏ငွေစာရင်းနှင့် မှတ်တမ်းများကို စစ်ဆေးရမည်။

(၂) ဘဏ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စောင့်ကြပ်ကွပ်ကဲရမည့်အပြင် ထိုသို့စောင့်ကြပ်ကွပ်ကဲမှုကို ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံရမည်။

(၃) ဒါရိုက်တာအဖွဲ့သို့တင်ပြသည့် ကိစ္စတစ်ရပ်ရပ်အပေါ် အကြံပြုချက်တောင်းခံလျှင် အကြံပြုချက်ပေးရမည်။

( င ) စာရင်းစစ်ကော်မတီသည် အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ်ပုံမှန် ကျင်းပရမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့က အစည်းအဝေးတက်ရောက်ရန် ခေါ်သည့်အခါတိုင်း တက်ရောက်ရမည်။

**လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း**

၈၆။ (က) ဘဏ်သည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အောက်ပါတို့ကို ပြုစုရမည်-

( ၁ ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ နောက်ဆုံးအလုပ်လုပ်ရက်များရှိ လက်ကျန်ရှင်းတမ်း၊

( ၂ ) အဆိုပါဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း၊

( ၃ ) ဗဟိုဘဏ်က လိုအပ်သည့်အခြားငွေရေးကြေးရေးဆိုင်ရာရှင်းတမ်းများ။

( ခ ) ဘဏ်၏ ငွေရေးကြေးရေးရှင်းတမ်းများဖြစ်သည့် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းသည် ၎င်းအဖွဲ့အစည်းနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို သီးခြားစီဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထင်ဟပ်ပေါ်လွင်နေရမည်။

( ဂ ) ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ငွေရေးကြေးရေးရှင်းတမ်းများကို ဗဟိုဘဏ်သို့ ပေးပို့ရမည်။

(ဃ) ဘဏ်သည် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေး ရှင်းတမ်းကို ဗဟိုဘဏ်ကခွင့်ပြုသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အများပြည်သူ သိရှိရန် ထုတ်ပြန်ကြေညာရမည်။

( င ) စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေး ရှင်းတမ်းကို ဘဏ်၏ ဘဏ်ခွဲအသီးသီး၌ မြင်သာသော နေရာတွင် ပြသထားရမည်။

( စ ) ဘဏ်သည် ၎င်း၏လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ကို ဗဟိုဘဏ်က သတ်မှတ်သည့် အချက်အလက်များပါရှိသည့်ပုံစံဖြင့် ပြုစုရမည်။ ထို့အပြင် အတည်ပြုချက်ထုတ်ပေးခြင်း၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ သတ်မှတ်ချက်များအရ ဆောင်ရွက်ရမည်။

(ဆ) ဘဏ်က ပုဒ်မခွဲ (စ) အရ ဘဏ်ရှင်းတမ်းကို ထုတ်ပြန်ရာတွင် ပါရှိရမည့်အချက်များ မပါရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် လှည့်ဖြား၍ဖော်ပြခြင်းပြုလုပ်ကြောင်း

တွေ့ရှိလျှင် ဗဟိုဘဏ်သည် ဘဏ်သို့ အောက်ပါတို့ကို ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့နိုင်သည် -

(၁) ထုတ်ပြန်သည့်ရှင်းတမ်းတွင် ချန်လှပ်ထားသော အချက်များပြန်လည် ထည့်သွင်း ဖော်ပြရန်၊

(၂) မမှန်ကန်သော သို့မဟုတ် လှည့်ဖြားထားသောအချက်များမပါသည့် ရှင်းတမ်းအား ထုတ်ပြန်ရန်၊

(၃) ဗဟိုဘဏ်က အကြောင်းကြားစာတွင် သတ်မှတ်ပေးသည့်အတိုင်း မှားယွင်းချက်များကို ပြင်ဆင်ရန်။

**ဗဟိုဘဏ်သို့ပေးပို့ရသော အချိန်ကာလအလိုက် အစီရင်ခံစာများ**

၈၇။ (က) ဘဏ်အသီးသီးသည် ငွေရေးကြေးရေးအစီရင်ခံစာများကို ကာလအပိုင်းအခြားအလိုက် ပြုစုပြီး ဗဟိုဘဏ်သို့ အစီရင်ခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်သော အစီရင်ခံစာအသီးသီးကို -

(၁) ဗဟိုဘဏ်က သတ်မှတ်သည့်ပုံစံနှင့် သတ်မှတ်သည့်ကာလအတွင်း တင်ပြရမည်။

(၂) ဘဏ်၏ အမှုဆောင်အရာရှိချုပ်နှင့် ဘဏ္ဍာရေးအရာရှိချုပ်တို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရမည်။

(ဂ) လိုင်စင်ရ နိုင်ငံခြားဘဏ်ခွဲများ၏ အစီရင်ခံစာများတွင် ၎င်းတို့၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ ကုန်ကျစရိတ်များ၊ စီမံခန့်ခွဲမှုများနှင့်လုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်စေရမည်။

(ဃ) ဤပုဒ်မအရ တင်ပြရန်လိုအပ်သည့်အစီရင်ခံစာတစ်ခုခုကို တင်သွင်းရန် ပျက်ကွက်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

**ပြင်ပစာရင်းစစ်များ**

၈၈။ (က) ဘဏ်အသီးသီးသည် ၎င်း၏ငွေစာရင်းများကို စစ်ဆေးရန်အတွက် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကျင်းပ၍ သင့်လျော်သော ပြင်ပစာရင်းစစ်ခန့်အပ်ရန် တာဝန် ရှိသည်။

(ခ) ဘဏ်များသည် ၎င်းတို့၏ ပြင်ပစာရင်းစစ်များကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစားထိုးပြောင်းလဲခန့်အပ်တာဝန်ပေးရမည်ဖြစ်ပြီး ၎င်းစာရင်းစစ်ကို သုံးကြိမ် ဆက်တိုက်ထက်ပို၍ ခန့်ထားခြင်းမပြုရ။ သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့် ကာလအတိုင်းဖြစ်သည်။

(ဂ) ဘဏ်အသီးသီးသည် ပြင်ပစာရင်းစစ်များကို ခန့်အပ်ပြီးနောက် ထိုစာရင်းစစ်များ၏ အမည်၊ လုပ်ငန်းတည်နေရာလိပ်စာ၊ အရည်အချင်းနှင့် အတွေ့အကြုံများကို ချက်ချင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

(ဃ) ဘဏ်က ခန့်အပ်တာဝန်ပေးထားသည့် ပြင်ပစာရင်းစစ်မှာ ရာထူးတာဝန်နှင့် မသင့်လျော်ကြောင်း ဗဟိုဘဏ်မှအကြောင်းပြချက်များဖြင့် အကြောင်းကြားစာပေးထားခြင်း မရှိပါက ထိုစာရင်းစစ်မှာ သင့်လျော်သည်ဟု မှတ်ယူရမည်။ ထိုသို့သော အကြောင်းကြားစာ ရရှိပါက ဘဏ်သည် ၎င်း၏ ပြင်ပစာရင်းစစ်ကို ချက်ချင်းအစားထိုး ခန့်အပ်ရမည်။

(င) သင့်မြတ်လျော်ကန်သူကိုသာလျှင် ဘဏ်၏ စာရင်းစစ်များအဖြစ် ခန့်အပ်တာဝန် ပေးရမည်။ ဘဏ်နှင့်ဆက်နွှယ်သူနှင့် ဝန်ထမ်းများကိုဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် မခန့်အပ်ရ။

(စ) ပြင်ပစာရင်းစစ်အဖြစ် ခန့်ထားခြင်းခံရသူသည် ၎င်းအား ခန့်အပ်တာဝန်ပေးပြီးနောက် ဘဏ်နှင့်သက်ဆိုင်သူ သို့မဟုတ် ဝန်ထမ်းဖြစ်ပါက ပြင်ပစာရင်းစစ်အဖြစ်မှ ချက်ချင်း တာဝန်မှ ရပ်စဲရမည်။

(ဆ) ပုဒ်မခွဲ (က) အရ ဘဏ်က ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပျက်ကွက်ပါက ဗဟိုဘဏ်သည် အဆိုပါဘဏ်အတွက် ပုဒ်မ ၈၉ အရ သတ်မှတ်ထားသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန် ပြင်ပစာရင်းစစ်များကို ထိုဘဏ်၏ ကုန်ကျစရိတ်ဖြင့် ခန့်အပ်ပိုင်ခွင့်ရှိသည်။

(ဇ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (င) အရ ဘဏ်က ခန့်အပ်သည့် ပြင်ပစာရင်းစစ်သည် ၎င်း၏ တာဝန်ဆောင်ရွက်ရန် ဘဏ်၏စာအုပ်များ၊ ငွေစာရင်းများ၊ ဘောက်ချာများနှင့် စာတမ်းအမှတ်အသား အားလုံးကို လိုအပ်သည့် အချိန်တိုင်း ရယူစစ်ဆေးခွင့်ရှိသည်။ ထို့ပြင် ပြင်ပစာရင်းစစ်သည် ဘဏ်၏ဒါရိုက်တာများနှင့် အရာရှိများထံမှ ၎င်း၏ စာရင်းစစ်လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လိုအပ်သည်ဟု ထင်မြင်သော သတင်း အချက်အလက်များနှင့် ရှင်းလင်းချက်များကို တောင်းခံရယူ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဈ) ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်များအတွက် စံသတ်မှတ်ချက်များနှင့်အခြား သက်ဆိုင်သည့် ကိစ္စရပ်များအတွက် စည်းမျဉ်းကို ထုတ်ပြန်နိုင်သည်။

၈၉။ (က) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသုံးလအတွင်း စာရင်းစစ်အစီရင်ခံစာတိုင်းကို ပြည့်စုံစွာပြုစုရမည်ဖြစ်ပြီး စာရင်းစစ်က ထိုအစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိစေရမည် -

(၁) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ်က ရေးဆွဲထားသော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ် စာရင်းများသည် ပြည့်စုံ၍ မျှတကျနစွာ ရေးဆွဲထားခြင်း ရှိ မရှိ၊

(၂) ဘဏ်၏ လုပ်ငန်းဆောင်တာများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊

(၃) အဆိုပါဘဏ်၏အရာရှိများ သို့မဟုတ် ကိုယ်စားလှယ်များထံမှရရှိသော သတင်း အချက်အလက်သည် ကျေနပ်ဖွယ်ရာ ရှိ မရှိ၊

(၄) ဗဟိုဘဏ်က သတ်မှတ်နိုင်သော အခြားသက်ဆိုင်သည့် အဆိုပါကိစ္စရပ်များ။

(ခ) ဘဏ်များအတွက် ပုဒ်မခွဲ (က) နှင့်အညီ ပြုစုထားသည့် စာရင်းစစ်အစီရင်ခံစာကို အစုရှယ်ယာဝင်အားလုံး တက်ရောက်သည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်အတူယှဉ်တွဲ၍ ဖတ်ပြရမည်။

(ဂ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလထက်နောက်မကျစေဘဲ စာရင်းစစ်၏ စီမံခန့်ခွဲမှုစာနှင့်အတူ ပုဒ်မခွဲ (က) အရ ပြုစုသည့် အစီရင်ခံစာပြီးဆုံးသည့်အခါ ထိုစာရင်းစစ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ရမည်။

(ဃ) ဗဟိုဘဏ်သည် စာရင်းစစ်ဆေးထားသည့် ဘဏ္ဍာရေးအခြေအနေ ထုတ်ဖော်ချက်များမှာ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက်များစစ်မှန်ပြီး မှန်ကန်စွာ ထုတ်ဖော်ပြသခြင်းမရှိဟုသော်လည်းကောင်း၊ စာရင်းစစ်၏ အစီရင်ခံစာ သို့မဟုတ် စီမံခန့်ခွဲမှုစာမှာ ကျေနပ်ဖွယ်ရာ မရှိဟုသော်လည်းကောင်း ထင်မြင်လျှင် ဘဏ်၏စရိတ်ဖြင့် ပြင်ပစာရင်းစစ်ကို ထပ်မံခန့်ထားရန်နှင့်စာရင်းစစ်အစီရင်ခံစာအသစ်တင်ရန် ထိုဘဏ်သို့ အမိန့်ထုတ်ဆင့်နိုင်သည်။

(င) ဘဏ်၏ စာရင်းစစ်အဖြစ် ၎င်း၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စာရင်းစစ်သည် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်အား စစ်ဆေးတွေ့ရှိပါက ဗဟိုဘဏ်သို့ ထိုကိစ္စကို ချက်ချင်းသတင်းပို့ရမည် -

(၁) ဤဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာမှုမရှိခြင်း သို့မဟုတ် လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်မှုကျူးလွန်ခြင်း၊

(၂) ဘဏ်၏ မတည်ရန်ပုံငွေများ ၅၀ ရာခိုင်နှုန်းမျှ လျော့ကျခြင်းကြောင့် အရှုံးဖြစ်ပေါ်ခြင်း၊

(၃) မြီရှင်များအတွက် အာမခံချက်ကိုထိခိုက်စေသည့် ပုံမမှန်မှု အပါအဝင် စနစ်ကျနမှုမရှိခြင်း၊

(၄) မြီရှင်များ၏ တောင်းဆိုမှုအပေါ် ရရန်ပိုင်ခွင့်များဖြင့် ပေးချေနိုင်မည်ဟု ၎င်းက အတည်ပြုထောက်ခံနိုင်မှုမရှိခြင်း။

၉၀။ (က) ပြင်ပစာရင်းစစ်သည် စာရင်းစစ်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ်နှင့် ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာရင်းစစ်အစီရင်ခံစာကို ဗဟိုဘဏ်သို့တင်ပြသည့်အခါ ပြင်ပစာရင်းစစ်သည် ထိုအစီရင်ခံစာနှင့်အတူ ဘဏ်၏ စာရင်းစစ်ဆေးချက်နှင့် ဆက်စပ်သော အခြားအစီရင်ခံစာများတွင် ဗဟိုဘဏ်က သတ်မှတ်သည့် စာတမ်းအမှတ်အသားများ ပူးတွဲ၍ တင်ပြရမည်။

## အခန်း (၁၂)

## ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

### ဘဏ်သို့သွားရောက်စစ်ဆေးခြင်း

၉၁။ (က) ဗဟိုဘဏ်သည် အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို နှစ် နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စစ်ဆေးရမည်။

(ခ) ဗဟိုဘဏ်သည် -

(၁) အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို အခြားပုဂ္ဂိုလ်များနှင့် ပူးတွဲပြု လုပ်နိုင်သည်။

(၂) ငွေစာရင်းများစစ်ဆေးရန် လက်မှတ်ရပြည်သူ့စာရင်းကိုင် တစ်ဦးဦးကိုဖြစ်စေ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အဖွဲ့တစ်ခုခုကိုဖြစ်စေ ရွေးချယ်ခန့်အပ်ပြီး လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) ကြီးကြပ်စစ်ဆေးသူတစ်ဦးဦးသည် အောက်ပါတို့ကို တရားဝင် ဆောင်ရွက်နိုင်သည် -

(၁) လိုအပ်ပါက ဘဏ်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် အားလုံးကို ဖြည့်ဆည်းပံ့ပိုးပေးရန် အစစ်ဆေးခံ ဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးအား တောင်းဆိုခြင်း၊

(၂) စစ်ဆေးလျက်ရှိသည့် ဘဏ်၏လက်ဝယ်တွင်ရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ၎င်း၏ စာတမ်းအမှတ်အသားများ၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များနှင့်အခြား ရရန်ပိုင်ခွင့်များကို စစ်ဆေးရေးအတွက်တင်ပြရန် အစစ်ဆေးခံဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးကိုတောင်းဆိုနိုင်ခြင်း၊

(၃) အစစ်ဆေးခံဘဏ်က မမှန်မကန်စီမံခန့်ခွဲမှုပြုလုပ်ကြောင်း သက်သေခံချက် အထောက်အထား တွေ့ရှိသည့်ကိစ္စတွင် အောက်ပါတို့ကို တောင်းဆိုနိုင်ခြင်း-

(ကက) ဗဟိုဘဏ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်၏စာရင်းများတင်ပြရန်၊

(ခခ) စစ်ဆေးမေးမြန်းရာတွင် စာရင်းစစ်ကို လိုအပ်သည့်သတင်းအချက်အလက် များအား ဖြည့်ဆည်းပေးရန်၊

(ဂဂ) စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်၏ သို့မဟုတ် ၎င်း၏ လက်ဝယ်တွင် ရှိသော စာတမ်းအမှတ်အသား၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များ နှင့်အခြားရရန်ပိုင်ခွင့်များကို တင်ပြရန်။

(ဃ) အစစ်ဆေးခံ ဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်းနှင့်စာရင်းစစ်များသည် ပုဒ်မ ၉၁ အရ သတ်မှတ်ချက်များကို လိုက်နာရန်နှင့်လိုအပ်ချက်များကို ဆောင်ရွက်ပေးရမည်။

(င) ဗဟိုဘဏ်သည် ဘဏ်တစ်ခုက လက်ရှိကာလတွင်ဖြစ်စေ၊ အနာဂတ်တွင်ဖြစ်စေ ငွေအပ်နှံသူများအား ထိခိုက်နစ်နာစေမည့် နည်းလမ်းတစ်ခုခုဖြင့် လုပ်ငန်းဆောင်ရွက်နေခြင်း ရှိ မရှိ ဆုံးဖြတ်ရန်လိုအပ်သည့်အခါ ဘဏ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက် ရရှိရန် သက်ဆိုင်ရာပုဂ္ဂိုလ် တစ်ဦးဦးကို အကြောင်းကြားစာပေးပို့တောင်းဆိုနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ ဗဟိုဘဏ်သို့ တင်ပြပေးရန် တောင်းဆိုခြင်းခံရသူသည် တရားရုံး အမိန့်ဖြင့် ထိုသို့တင်ပြပေးခြင်းမပြုရန် တားမြစ်ထားခြင်းမရှိလျှင် ဗဟိုဘဏ်ကတောင်းဆိုသည့်အတိုင်း တင်ပြရမည်။

(ဆ) အစစ်ဆေးခံ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက် အခြေအနေမှန်ကို သိရှိရန်အလို့ငှာ ဗဟိုဘဏ်သည် ပုဒ်မ ၉၁ အရ စစ်ဆေးမေးမြန်းမှုအတွက် ၎င်းအဖွဲ့အစည်းနှင့် ဆက်နွယ်ဆက်စပ်လျက်ရှိသည့် အောက်ပါကုမ္ပဏီတစ်ခုခု၏ လုပ်ငန်းကိုလည်း စစ်ဆေးနိုင်သည်-

(၁) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ သို့မဟုတ် လက်အောက်ခံကုမ္ပဏီ၊

(၂) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊

(၃) အစစ်ဆေးခံ ဘဏ်၏ တွဲဖက်ကုမ္ပဏီ။

(ဇ) မည်သူမဆို ပုဒ်မ ၉၁ ပါလိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က ပုဒ်မ ၉၁ အရ ဆောင်ရွက်ရန် ပေးအပ်သော လိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ပျက်ကွက်ခြင်းမရှိစေဘဲ လိုက်နာရမည်။

**နိုင်ငံခြားဘဏ်များက စစ်ဆေးခြင်း**

၉၂။ (က) နိုင်ငံခြားဘဏ်သည် ဗဟိုဘဏ်၏ အတည်ပြုချက်ရယူပြီးနောက် ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ နိုင်ငံတော်၌ တည်ထောင်သော ၎င်း၏ ကုမ္ပဏီရုံးခွဲနှင့် ဘဏ်ရုံးခွဲကို စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာ နိုင်ငံခြားဘဏ်သည် ပုဒ်မခွဲ (က) အရ စစ်ဆေးမှုပြုလုပ်ပြီး စစ်ဆေးချက် အစီရင်ခံစာ မိတ္တူကို ဗဟိုဘဏ်သို့ တင်ပြရမည်။

## အခန်း (၁၃)

## ဘဏ်များ ပြန်လည်တည့်မတ်အောင်ပြုလုပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

**ဘဏ်များလိုက်နာရန်နှင့်စပ်လျဉ်းသည့် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်**

၉၃။ ဘဏ်များအားလုံး လိုက်နာရမည့်သတ်မှတ်ထားသောမူများ၊ စံသတ်မှတ်ချက်များ၊ နည်းဥပဒေများနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို သေချာစွာလိုက်နာဆောင်ရွက်ရေးအတွက် စနစ်တကျ ကြီးကြပ်ထိန်းကျောင်းရန်မှာ ဗဟိုဘဏ်၏ တာဝန်ရှိမှုနှင့်တာဝန်ဝတ္တရားများဖြစ်သည်။

**ဘဏ်များပြန်လည်တည့်မတ်အောင် အရေးယူဆောင်ရွက်ခြင်း**

၉၄။ (က) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် တည့်မတ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်-

(၁) ဗဟိုဘဏ်သို့ ဘဏ်ကကြွေးမြီများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ၎င်း၏ပေးရန်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း သို့မဟုတ် ပေးဆပ်ရန်တာဝန်များအနက်မှ ကြီးမားသော အတိုင်းအတာကို ပြန်လည် ပေးဆပ်နိုင်စွမ်းမရှိတော့ကြောင်း သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း အကြောင်းကြားခြင်း၊

(၂) ပုဒ်မ ၉၁ အရ ကြီးကြပ်စစ်ဆေးပြီးနောက်ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ဗဟိုဘဏ်သည် ဘဏ်တွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိသည့်အခါ သတိပေးအကြောင်းကြားစာပေးပို့မည်-

(ကက) ၎င်း၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ကြောင်း၊

(ခခ) ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးချေမှုမပြုကြောင်း၊

(ဂဂ) ပေးရန်တာဝန် အားလုံးကိုဖြစ်စေ၊ ကြီးမားသော အတိုင်းအတာတစ်ခုအထိဖြစ်စေ ပေးချေမှုမပြုနိုင်ကြောင်း သို့မဟုတ် ငွေပေးချေမှုကိုအတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း၊

(ဃဃ) တရားစွဲဆိုခံရခြင်းမရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း၊

(ငင) လိုင်စင်လျှောက်ထားရာတွင် မမှန်ကန်သော အကြောင်းပြချက် သို့မဟုတ် လိမ်လည်ထိမ်ချန်သော ဖော်ပြချက်ဖြင့် လိုင်စင်လျှောက်ထား ရရှိခဲ့ကြောင်း၊

(စစ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဘဏ်၏အကျိုးစီးပွားကိုဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နစ်နာစေရန် ဆောင်ရွက်ကြောင်း၊

(ဆဆ) ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဘဏ်၏လုပ်ငန်းနှင့် စာအုပ်များ သို့မဟုတ် မှတ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားလုံး သို့မဟုတ် အရေးပါသောအစိတ်အပိုင်းများကို နိုင်ငံတော် ပြင်ပသို့ ထုတ်ဆောင်သွားသဖြင့် ဘဏ်သည် ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးမှုအား နှောင့်နှေးကြန့်ကြာမှု ဖြစ်စေကြောင်း၊

(ဇဇ) ဗဟိုဘဏ်က ပေးပို့သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း၊

(ဈဈ) ဗဟိုဘဏ်က သတ်မှတ်သည့် စံသတ်မှတ်ချက်များဖြစ်သည့် ရရန်ပိုင်ခွင့် အရည်အသွေး စီမံခန့်ခွဲမှု၊ ဝင်ငွေရရှိမှု၊ ငွေကြေးလွယ်ကူမှု သို့မဟုတ် ဈေးကွက်ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုစသည်တို့ကို ပြည့်မီအောင် လိုက်နာရန် ပျက်ကွက်ကြောင်း၊

(ညည) ဤဥပဒေပါ သို့မဟုတ် ဗဟိုဘဏ်၏ စည်းမျဉ်းတစ်ရပ်ရပ်ပါ မတည် ရင်းနှီးငွေ လိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပျက်ကွက်မည့် အခြေအနေဖြစ်ပေါ်နေကြောင်း၊

(ဋဋ) ဘဏ်လုပ်ငန်းစနစ် တစ်ရပ်လုံး၏ သို့မဟုတ် တစ်စိတ်တစ်ပိုင်းရှိ ငွေအပ်နှံသူများအတွက် ဆုံးရှုံးနိုင်ခြေရှိသည့် လုပ်ငန်းများနှင့် လုပ်ထုံး လုပ်နည်းများ ဆောင်ရွက်လျက်ရှိကြောင်း၊

(ဌဌ) ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်းမရှိခြင်းနှင့် ၎င်း၏စုစုပေါင်းရရန် ပိုင်ခွင့်တန်ဖိုးသည် စုစုပေါင်းပေးရန်တာဝန်ထက် လျော့နည်းနေကြောင်း၊

(ဍဍ) မြီစားများအတွက် ကြွေးမြီသက်သာခွင့်ပြုသည့် လူမွဲစာရင်းခံယူခြင်းဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ လုံခြုံရေးအရ အပ်နှံခံရသူ၊ ပစ္စည်းထိန်းအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက အဆိုပါသက်သာခွင့်တောင်းဆိုသည့်အမှုများနှင့် ရင်ဆိုင် နေရကြောင်း၊

(ဎဎ) ဘဏ်သည် ရာဇဝတ်ပြစ်မှု လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် ၎င်းလုပ်ရပ်များအတွက် အသုံးချခံနေရခြင်းနှင့်၎င်းလုပ်ရပ်များ အတွက် လုံလောက်သော ကြိုတင်ကာကွယ် အရေးယူဆောင်ရွက်ချက်များ မပြုလုပ်နိုင်ကြောင်း၊

(ဏဏ) နိုင်ငံခြားဘဏ်တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ မိမိသဘောအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းလျက်ရှိကြောင်း သို့မဟုတ် ၎င်း၏ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်သည် မူရင်းနိုင်ငံ၌ ဖျက်သိမ်းခံရကြောင်း၊

(တတ) ဘဏ်သည်လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေး မကောင်းခြင်းကြောင့် ပေးရန် တာဝန်များကို ပြည့်မီစွာဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန်မသင့်ကြောင်း ဗဟိုဘဏ်က စဉ်းစားဆုံးဖြတ်ကြောင်း၊

(ထထ) ဘဏ်သည် လုပ်ငန်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ် သုံးနှစ် ဆက်တိုက် အရှုံးပေါ်နေကြောင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်က ပုဒ်မ ၉၅ အရ သတိပေးအကြောင်းကြားစာ ပေးပို့ခြင်းသည် ငွေအပ်နှံသူများ သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ပို၍အန္တရာယ်ဖြစ်နိုင်ကြောင်းဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာပေးပို့ခြင်းမပြုဘဲ ပုဒ်မ ၉၆ အရ ပြန်လည်တည့်မတ်သည့် အရေးယူဆောင်ရွက်မှုများဆက်လက်လုပ်ဆောင်နိုင်သည်။

**ဗဟိုဘဏ်၏ သတိပေးအကြောင်းကြားစာ**

၉၅။ (က) ဗဟိုဘဏ်က ဘဏ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၉၄ ပါ ပြဋ္ဌာန်းထားသော အခြေအနေများ ပေါ်ပေါက်တွေ့ရှိကြောင်း ဆုံးဖြတ်လျှင် ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာ ပေးပို့ရမည်။

(ခ) ဗဟိုဘဏ်က ထုတ်ဆင့်သည့် အကြောင်းကြားစာရရှိသည့်နေ့မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း ဘဏ်သည် မိမိ၏ ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်သို့အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြုလုပ်မည့် လုပ်ငန်းစီမံချက်တွင်-

(၁) ဖြစ်ပေါ်ခဲ့သော ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အစီအစဉ်အသေးစိတ်ကိုဖော်ပြ၍ တင်ပြရမည်။

(၂) သက်ဆိုင်ရာ ဘဏ်ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ပါရှိရမည်။

(၃) ချွတ်ယွင်းအားနည်းချက်များ သို့မဟုတ် နှောင့်နှေးမှုများကို ပြီးပြည့်စုံသည်အထိ အရေးယူဆောင်ရွက်ရေးစီမံချက်ကို ပြုလုပ်မည့်အချိန်ကာလကို ဖော်ပြရမည်။

(၄) အရေးယူဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့သောစနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရှင်းလင်းချက်ပါရှိရမည်။

(ဃ) ဘဏ်က လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရာတွင် နောက်ဆုံးအခြေအနေများ သို့မဟုတ် လိုအပ်သော အခြားအစီရင်ခံစာများပါ တင်ပြရမည်။

(င) ဘဏ်က တင်ပြရမည့်လုပ်ငန်းစီမံချက်ကို သတ်မှတ်သည့်အချိန်ကာလအတွင်း တင်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တင်ပြလာသော လုပ်ငန်းစီမံချက်ပြည့်စုံမှုမရှိဟု ဗဟိုဘဏ်က ဆုံးဖြတ်လျှင်ဖြစ်စေ၊ ဘဏ်ကတင်ပြထားသော လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်လျှင်ဖြစ်စေ ဗဟိုဘဏ်သည် ပုဒ်မ ၉၆ အရ ဘဏ်အား ပြန်လည် တည့်မတ်စေရန် အရေးယူဆောင်ရွက်မှုပြုရမည်။

**ဘဏ်များ ပြန်လည်တည့်မတ်ရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၉၆။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၉၅၊ ပုဒ်မခွဲ (က) အရ ဘဏ်အား သတိပေး အကြောင်းကြားစာ ထုတ်ပြီးဖြစ်လျှင်ဖြစ်စေ သို့မဟုတ် ပုဒ်မ ၉၄ ပါပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍

အကျုံးဝင်လျှင်ဖြစ်စေ အောက်ဖော်ပြပါ အရေးယူမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည် -

( ၁ ) ဘဏ်အား လုပ်ငန်းဆောင်ရွက်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက် အမျိုးအစား တစ်ခုခုတွင် ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

( ၂ ) ဘဏ်အား ဥပဒေကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် စိတ်ချလုံခြုံမှုမရှိသော သို့မဟုတ် ခိုင်မာမှန်ကန်မှုမရှိသော လုပ်ထုံးလုပ်နည်းများကို ရပ်စဲရန် သို့မဟုတ် ရှောင်ကြဉ်ရန် ညွှန်ကြားခြင်း၊

( ၃ ) ဘဏ်အား ဗဟိုဘဏ်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အရေးယူ ဆောင်ရွက်မှုပြုလုပ်ရန် ညွှန်ကြားခြင်း၊

( ၄ ) ပုဒ်မ ၉၁ အရ ဘဏ်အားစစ်ဆေးမှုပြုနေသည့်ကာလအတွင်းဖြစ်စေ၊ စစ်ဆေးပြီးနောက် ဖြစ်စေ ဗဟိုဘဏ်က အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(ကက) ဘဏ်နှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ရန်လိုသည့် ကိစ္စတစ်ရပ်ရပ်အတွက် ဘဏ်ဒါရိုက်တာအဖွဲ့အား အစည်းအဝေးခေါ်ယူရန် ဘဏ်အား ညွှန်ကြားခြင်း၊

( ခခ ) ဘဏ်၏ တာဝန်ခံအရာရှိတစ်ဦးအား အဆိုပါစဉ်းစားဆုံးဖြတ်ရန် ကိစ္စရပ်တစ်ခုခုအတွက် ဗဟိုဘဏ်နှင့်ညှိနှိုင်းဆွေးနွေးခြင်း၊

( ဂဂ ) ဒါရိုက်တာအဖွဲ့ သို့မဟုတ် ကော်မတီအစည်းအဝေးကိစ္စများနှင့် စပ်လျဉ်းသည့် နို့တစ်စာများ၊ အခြားဆက်သွယ်ရေးကိစ္စရပ်များကို ဗဟိုဘဏ်က သတ်မှတ်သည့် အရာရှိတစ်ဦးဦးထံသို့ စာဖြင့်ရေးသား အကြောင်းကြားရန် ဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ ညွှန်ကြားခြင်း၊

(ဃဃ) ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ၎င်း၏ အရာရှိများ၊ လုပ်ငန်းခွဲများ၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီရင်ခံစာများကို လေ့လာရန် ဗဟိုဘဏ်က ၎င်း၏အရာရှိတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက် ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးခြင်း၊

( ငင ) စစ်ဆေးမှုပြုလုပ်နေချိန်တွင်ဖြစ်စေ၊ စစ်ဆေးမှုပြုလုပ်ရာမှဖြစ်စေ ထုတ်ဖော်ကြေညာသည့် ဘဏ်၏ ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများကို ဗဟိုဘဏ်က သတ်မှတ်ထားသော အချိန်အတွင်းပြုလုပ်ရန် ဘဏ်အား ညွှန်ကြားခြင်း။

( ၅ ) ထည့်ဝင်ပြီး မတည်ငွေရင်းတိုးမြှင့်ခြင်းကို အစုရှယ်ယာအသစ်များ ထုတ်ဝေ ရောင်းချခြင်းဖြင့်ဖြစ်စေ၊ ထုတ်ဝေပြီး အစုရှယ်ယာမှ မပေးသွင်းရသေးသောအပိုင်းကို ပေးသွင်းရန် တောင်းခေါ်၍ဖြစ်စေ တိုးမြှင့်ရန် ညွှန်ကြားခြင်း၊

(၆) ဘဏ်၏ မတည်ငွေရင်း လုံလောက်မှုအချိုး သို့မဟုတ် ငွေကြေးလွယ်ကူမှု အချိုးတို့ကို မြှင့်တင်ခြင်း သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခြားသော ကန့်သတ်ချက်များ သို့မဟုတ် စည်းကမ်းချက်များကို ပိုမိုထားရှိ ဆောင်ရွက်ရေး အတွက် ဘဏ်အား ညွှန်ကြားခြင်း၊

(၇) ဘဏ်၏ လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရပ်ဆိုင်းစေခြင်း၊

(၈) အစုရှယ်ယာဝင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် အပါအဝင် အခွင့်အရေးများအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရပ်ဆိုင်းခြင်း၊ ထို့ပြင် ဘဏ်၏ အစုရှယ်ယာဝင်အား အမြတ်ငွေ ခွဲဝေမှုကိုဖြစ်စေ၊ ငွေထုတ်ယူခွင့်ကိုဖြစ်စေ တားမြစ်ခြင်း၊

(၉) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိအား ရာထူးမှ ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခွင့်ကို အမြဲတမ်းပိတ်ပင်ခြင်း၊

(၁၀) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အရာရှိနှင့် ဝန်ထမ်းတို့၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်တားမြစ်ခြင်း၊

(၁၁) ဘဏ်၏ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိများအား ပေးရမည့်ခံစားခွင့် (စီမံ ခန့်ခွဲမှု စရိတ်နှင့် အထူးချီးမြှင့်ငွေအပါအဝင်) ကို ကန့်သတ်ခြင်း၊

(၁၂) ဘဏ်အား အပ်နှံငွေလက်ခံခြင်းနှင့်ငွေထုတ်ချေးခြင်း၊ ကြိုတင်ချေးငွေပေးခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းတို့အပေါ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများ ပြုခြင်း၊

(၁၃) ဘဏ်အား အုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရန်၊ ဌာနတွင်း ကြီးကြပ်ခြင်းအစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုစနစ်များကို တိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(၁၄) ဘဏ်၏ လုပ်ငန်းပမာဏကို လျှော့ချခြင်း၊ ပြည်တွင်းပြည်ပရှိဘဏ်များ၊ ဘဏ် ရုံးခွဲများ တိုးချဲ့ခြင်းကို ကန့်သတ်ခြင်း သို့မဟုတ် ဘဏ်ခွဲများ၊ ဘဏ်ရုံးခွဲများ ပိတ်ရန် ညွှန်ကြားခြင်း၊

(၁၅) အရည်အသွေးမပြည့်မီသော ရရန်ပိုင်ခွင့်များအတွက် လျာထားမှုကို တိုးမြှင့်စေခြင်း၊

(၁၆) ဘဏ်၏ အစုရှယ်ယာဝင်များက ထုတ်ချေးထားသည့် ချေးငွေအတွက် အရင်း ပြန်ဆပ်ခြင်း သို့မဟုတ် အတိုးပေးခြင်းကို တားမြစ်ခြင်း၊

(၁၇) နိုင်ငံတော်ပိုင်ဘဏ်များမှအပ ဘဏ်၏အရာရှိ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာတစ်ဦးဦးကို ဗဟိုဘဏ်က အမိန့်စာဖြင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း၊ နိုင်ငံတော်ပိုင် ဘဏ်များဖြစ်လျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊

(၁၈) ဗဟိုဘဏ်က အမိန့်စာဖြင့် ဒါရိုက်တာအဖွဲ့အား ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းနှင့် ဘဏ်အားထိန်းချုပ်မှုပြုပြီး ဘဏ်အား အုပ်ချုပ်စေရန် ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသူ အုပ်ချုပ်သူအားခန့်အပ်၍ လုပ်ငန်းလည်ပတ် လုပ်ကိုင်စေခြင်း၊

(၁၉)ဇဟိုဘဏ်က အမိန့်စာဖြင့် ဘဏ်အား စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ်မှ ပယ်ဖျက်ပေးရန် လျှောက်ထားစေခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၇) တို့အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိကို ရာထူးတာဝန်မှ ထုတ်ပယ်ရန်အဆိုပြုအမိန့်နှင့်စပ်လျဉ်း၍ ဇဟိုဘဏ်သို့ ဖြေရှင်းချက်ပေးရန် ဘဏ်အား သင့်လျော်သောအခွင့်အရေးပေးရမည်။ သို့ရာတွင် ဇဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉)၊ (၁၇) နှင့် (၁၈) တို့အရ အမိန့်ထုတ်ဆင့်ရာတွင် နှောင့်နှေးသည့်ကိစ္စတွင် ဘဏ် သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးမည်ဟု ခိုင်လုံသော အထောက်အထား ရရှိပါက အမိန့်စာကို ချက်ချင်းထုတ်ဆင့်နိုင်သည်။ ထို့အပြင် အမိန့်စာထုတ်ပြီး မကျေနပ်ချက်ကို တင်ပြစေရေးအတွက် အတတ်နိုင်ဆုံး အခွင့်အရေးပေးရမည်။

( ဂ ) ဇဟိုဘဏ်သည် တင်ပြလာသည့် မကျေနပ်ချက်မှာ မှန်ကန်ကြောင်း သုံးသပ်ရရှိလျှင် ထုတ်ဆင့်ခဲ့သည့် အမိန့်စာကို စည်းကမ်းချက်များသတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဇဟိုဘဏ်က ကာလတိုးချဲ့ခြင်းကို နောက်ထပ် အမိန့်စာဖြင့် ထုတ်ဆင့်ခြင်းမပြုလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ဆင့်သော အမိန့်သည် တရားဝင်သက်တမ်း နှစ်နှစ်ထက် မပိုစေရ။

( င ) ဇဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်ထားသော အုပ်ချုပ်သူက ဘဏ်၏ ထိန်းချုပ်ကွပ်ကဲမှုတာဝန်ကိုယူပြီးနောက် ဇဟိုဘဏ်သည် လက်တွေ့ဖြစ်နိုင်ခြေ ရှိသည့် အချိန်ကာလတွင် အစီရင်ခံစာကို အစိုးရအဖွဲ့သို့ ပေးပို့ရမည်။ ထို့နောက် နှစ်စဉ် အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။

( စ ) ဇဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ထားသော အမိန့်စာကို အချိန်မရွေး အမိန့်စာဖြင့် ပယ်ဖျက်နိုင်သည်။ ထို့အပြင် ပယ်ဖျက်သည့် အမိန့်စာတွင် ဇဟိုဘဏ်က လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ၊ ပူးတွဲ၊ နောက်ဆက်တွဲ သို့မဟုတ် သဘောအားဖြင့် အကျိုးဆက်ဖြစ်ပေါ်လာမည့်အချက်များပါရှိစေရမည်။

(ဆ) ဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ရာထူးမှ ထုတ်ပယ်ခြင်းခံရလျှင် အမိန့်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ ရာထူးတာဝန်မှ ရပ်စဲရမည်။ ယင်းနောက်ပိုင်း အဆိုပါဘဏ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ မည်သည့်နည်းဖြင့်မျှ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

( ဇ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိ တစ်ဦးဦးအား ထုတ်ပယ်ခြင်းသည် အလုပ်ခန့်သည့် စာချုပ်တွင် မည်သို့ပင် ပါရှိစေကာမူ

ရာထူးမှထုတ်ပယ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ပြီး တရားဝင်ဖြစ်စေရမည်။ ထို့ပြင် အလုပ်ထုတ်ပယ်ခံရသူ မည်သူမျှ အလုပ်ထုတ်ပယ်ခြင်းအတွက် လျော်ကြေးတောင်းဆိုပိုင်ခွင့် မရှိစေရ။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်ခွဲများနှင့်လည်း သက်ဆိုင်စေရမည်။

(ည) နိုင်ငံခြားဘဏ်၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဆောင်ရွက်ချက်များနှင့်ပျက်ကွက်မှုများ အားလုံးသည်လည်းကောင်း၊ ထိုနိုင်ငံခြားဘဏ်၊ ဘဏ်ရုံးခွဲ၏ လုပ်ငန်းဆိုင်ရာ အခြားကိစ္စများသည်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်မှုတွင် တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် မှတ်ယူရမည်။

(ဋ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဘဏ်၏ မတည်ရင်းနှီးငွေနှင့်ရရန်ပိုင်ခွင့်များ၏ တန်ဖိုးကို ဗဟိုဘဏ်က ထုတ်ပြန်သည့်စည်းမျဉ်းများတွင် သတ်မှတ်သည့် စံသတ်မှတ်ချက်များနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း ဖြစ်သည်။

## အခန်း (၁၄)

## အုပ်ချုပ်သူခန့်ထား၍စီမံခန့်ခွဲခြင်း

### အုပ်ချုပ်သူခန့်ထားခြင်း

၉၇။ (က) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ဗဟိုဘဏ်၏ အမိန့်ဖြင့် အုပ်ချုပ်သူများကို ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အလို့ငှာ ဘဏ်တွင်အုပ်ချုပ်သူအဖြစ် ခန့်ထားမည့်သူမှာ သင့်မြတ်လျော်ကန်၍ အရည်အချင်း ပြည့်မီသူဖြစ်ရမည်။

(ဂ) အုပ်ချုပ်သူသည် ဆောင်ရွက်ရမည့်အရည်အချင်း ပျက်ယွင်းလာသည့်အခါဆက်လက်ဆောင်ရွက်ရန် သင့်လျော်သောအုပ်ချုပ်သူအား ဗဟိုဘဏ်က အချိန်မရွေး အစားထိုးခန့်ထားရမည်။

(ဃ) အုပ်ချုပ်သူတစ်ဦးအား ခန့်ထားရာတွင် အုပ်ချုပ်သူခန့်အပ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း ၂၄ လ ထက် မကျော်စေဘဲ ခန့်ထားရမည်။ အဆိုပါ သက်တမ်းကို နောက်ထပ် ၂၄ လ ထက်မကျော်စေဘဲ တစ်ကြိမ် ဆက်လက်သက်တမ်းတိုး ခန့်ထားနိုင်သည်။

(င) အုပ်ချုပ်သူသည် ဗဟိုဘဏ်က တာဝန်ပေးသည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည့်အပြင် လစာစရိတ်ခံစားပိုင်ခွင့်ကို ဗဟိုဘဏ်ထံမှ ရရှိစေရမည်။

(စ) အုပ်ချုပ်သူ ခန့်ထားခြင်းအတွက် အုပ်ချုပ်သူလစာငွေ အပါအဝင် ဗဟိုဘဏ်၏ ကုန်ကျစရိတ်အားလုံးကို အုပ်ချုပ်သူခန့်ထားရန် လိုအပ်သောဘဏ်က ကျခံစေရမည်။

(ဆ) ဗဟိုဘဏ်သည် အုပ်ချုပ်သူများကို ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို အမိန့်စာဖြင့်ပြုလုပ်ရမည်ဖြစ်ပြီး ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း ဆုံးဖြတ်ချက်၏ အကြောင်းရင်းကို ဖော်ပြရမည်။

**အုပ်ချုပ်သူခန့်ထားခြင်းကို ပြန်လည်သုံးသပ်ခြင်း**

၉၈။ (က) ဘဏ်အတွက် အုပ်ချုပ်သူခန့်ထားမှုအပေါ် ဗဟိုဘဏ်က အုပ်ချုပ်သူ ခန့်ထားမည် ဖြစ်ကြောင်း ဆုံးဖြတ်ချက်ပြုသည့်ရက်မှ အလုပ်လုပ်ရက် ငါးရက်အတွင်း ဘဏ်၏ ဒါရိုက်တာအဖွဲ့က အဖွဲ့အစည်း၏ကိုယ်စား ဗဟိုဘဏ်သို့ စာဖြင့် ကန့်ကွက်စာ တင်နိုင်သည်။

(ခ) အလုပ်လုပ်ရက် ငါးရက်အတွင်း ကန့်ကွက်စာမတင်လျှင် ဘဏ်သည် အုပ်ချုပ်သူ ခန့်ထားခြင်းကို သဘောတူသည်ဟု မှတ်ယူရမည်။

(ဂ) ဗဟိုဘဏ်သည် သတ်မှတ်သည့်အချိန်အတွင်း ကန့်ကွက်လွှာကိုရရှိပါက ပြန်လည်သုံးသပ်ပြီး အုပ်ချုပ်သူခန့်ထားခြင်းကို အတည်ပြုခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့ကို အကြောင်းအကျိုး စာဖြင့်ဖော်ပြ၍ ဆုံးဖြတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပြုလုပ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။ ထို့ပြင် ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌထံ ဆုံးဖြတ်ချက်ကို ချက်ချင်း ပေးပို့ရမည်။

(င) အုပ်ချုပ်သူအားခန့်အပ်ခြင်းကို ရုပ်စဲပါက အုပ်ချုပ်သူသည် ဘဏ်အပေါ် ထိန်းချုပ်ကွပ်ကဲမှုကို ဆောလျင်စွာပြန်လည်ပေးအပ်ရန်နှင့် အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ၊ စာရင်းစာအုပ်များနှင့်မှတ်တမ်းများကို ဘဏ်၏တာဝန်ပေးအပ်ခြင်းခံရသော မန်နေဂျာထံ ချက်ချင်း ပြန်ပေးရမည်။

**ထိန်းချုပ်ကွပ်ကဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ**

၉၉။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူအား ခန့်ထားသည့်အခါထိုအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိနှင့် အရာရှိများသည် ဘဏ်၏ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အသိအမှတ်ပြုစာရင်းစစ်ဆေးချက်အပါအဝင် ကိစ္စရပ်မှန်သမျှကို အုပ်ချုပ်သူအား တင်ပြရမည်။ ထို့အပြင် ဘဏ်၏စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို အုပ်ချုပ်သူအား ပံ့ပိုးဖြည့်ဆည်းပေးရမည်။

(ခ) အုပ်ချုပ်သူသည် ဘဏ်နှင့်စပ်လျဉ်းသော စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို ထိန်းချုပ်ကွပ်ကဲသည့် တာဝန်ဆောင်ရွက်ရမည်။ ထို့အပြင် ဘဏ်၏အမည်ဖြင့် ဘဏ်ကိုယ်စား ဘဏ်၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းကိစ္စရပ်များကို အုပ်ချုပ်သူခန့်အပ်သည့် အမိန့်စာတွင် သတ်မှတ်ကာလအထိ ဖြစ်စေ၊ အမိန့်အား မပယ်ဖျက်မီအထိဖြစ်စေ ဆောင်ရွက်ရမည်။

(ဂ) ထိုအမိန့်စာ တည်မြဲနေသမျှ ကာလပတ်လုံး တည်ဆဲဥပဒေအရ သို့မဟုတ် အခြားနည်းဖြင့် ဘဏ်နှင့် ၎င်း၏ ဒါရိုက်တာများ ကျင့်သုံးနိုင်သော အခွင့်အာဏာများနှင့် လုပ်ပိုင်ခွင့်များ၊

ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းများနှင့်သင်းဖွဲ့မှတ်တမ်းများအရ အဖွဲ့အစည်း၊ ၎င်း၏ဒါရိုက်တာနှင့် အစုရှယ်ယာပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များကို အုပ်ချုပ်သူသို့ အခွင့်အာဏာအပ်နှင်းစေရမည်။

(ဃ) အမိန့်စာအတည်ဖြစ်နေသည့် ကာလတစ်လျှောက်လုံးတွင် ဘဏ်၏ မည်သည့် ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိမျှ အုပ်ချုပ်သူက တာဝန်ပေးသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးသည့် ကိစ္စမှအပ ဘဏ်နှင့်စပ်လျဉ်းသော အလုပ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

(င) အုပ်ချုပ်သူကစာဖြင့် အတည်ပြုချက်ပေးသည့်ကိစ္စမှအပ မည်သည့်ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိကိုမျှ လစာစရိတ်ခံစားခွင့်မရှိစေရ။

**အုပ်ချုပ်သူ၏ ပြုပြင်ရေးဆောင်ရွက်ချက်များ**

၁၀၀။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အုပ်ချုပ်သူသည် ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် ဘဏ်အားပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်တွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ မည်သည့် အစိတ်အပိုင်းကိုမဆို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(ခ) ဘဏ်၏ ရရန်ပိုင်ခွင့်များကို အခြားဘဏ် သို့မဟုတ် ဥပဒေအရဖွဲ့စည်းသော အဖွဲ့အစည်းသို့ ဗဟိုဘဏ်က သတ်မှတ်ပေးသော စည်းကမ်းချက်အတိုင်း ရောင်းချခြင်း၊

(ဂ) ဘဏ်၏အရာရှိများ၊ ဝန်ထမ်းများကို အလုပ်မှရပ်စဲခြင်း သို့မဟုတ် ၎င်းတို့ကို အစားထိုးခန့်ထားခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ပိုင်ဘဏ်များမှ ပုဂ္ဂိုလ်များဖြစ်လျှင် သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း၊

(င) အုပ်ချုပ်သူက ဘဏ်တစ်ခုသည် အခြားဘဏ်နှင့်ပူးပေါင်းရန် လိုအပ်သည်ဟု စဉ်းစားဆုံးဖြတ်သည့်အခါ ပူးပေါင်းရန်အစီအစဉ်ကို ဆောင်ရွက်ခြင်း၊

(စ) မတည်ငွေရင်းကို တိုးမြှင့်ခြင်းနှင့် အစုရှယ်ယာပိုင်ရှင်သစ်များသို့ ရောင်းချခြင်းနှင့် ဒါရိုက်တာအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ဘဏ်ကို ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဆ) ငွေအပ်နှံသူများအကျိုးငှာ အုပ်ချုပ်သူက စဉ်းစားချင့်ချိန်သည့် နည်းလမ်းအတိုင်း ဘဏ်ကို ပြန်လည်တည်ထောင်ခြင်း၊ အကျိုးအမြတ်မရှိနိုင်သော လုပ်ငန်းများကို ပိတ်သိမ်းခြင်းအပါအဝင် ဘဏ်ကိုဖြစ်စေ၊ ၎င်း၏စီမံအုပ်ချုပ်မှုအဖွဲ့ကိုဖြစ်စေ ပြန်လည်ဖွဲ့စည်းခြင်း၊

(ဇ) ဘဏ်ကို ပြန်လည်ထူထောင်ရန် ဗဟိုဘဏ်က အတည်ပြုပေးသည့် အခြားနည်းလမ်း ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူ၏ အစီရင်ခံစာ**

၁၀၁။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူခန့်ထားသည့် သတ်မှတ်ကာလအတွင်း ဘဏ်၏ အုပ်ချုပ်သူသည် ထိုအဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေနှင့် အနာဂတ်ရည်မှန်းချက်များအတွက် အစီရင်ခံစာတစ်စောင်ကိုပြုစုပြီး ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) အုပ်ချုပ်သူသည် ၎င်း၏အစီရင်ခံစာတွင် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ရရှိနိုင်သည့် ရရန်ပိုင်ခွင့်များပမာဏပါရှိစေရမည်။

(ဂ) အစီရင်ခံစာတွင် အဆိုပြုအောက်ပါအရေးယူဆောင်ရွက်မှုအစီအစဉ်ကို ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များ ပူးတွဲပါဝင်စေရမည် -

(၁) အရေးယူဆောင်ရွက်မှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရာ၌ ဘဏ်သို့ ပြန်လည် အပ်နှံရမည့် အစီအစဉ်၊

(၂) ဤဥပဒေ အခန်း (၁၅) အရ ဘဏ်ကို ပြန်လည်ထူထောင်မှုအစီအစဉ်၊

(၃) ဤဥပဒေ အခန်း (၁၇) အရ မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီအစဉ်၊

(၄) ဘဏ်၏ လိုင်စင်ကိုဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်နှင့်

(၅) ဘဏ်အနေဖြင့် လူမွဲစာရင်းခံယူမှုစတင်ရန် ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူအဖြစ်မှရပ်စဲခြင်း**

၁၀၂။ (က) အုပ်ချုပ်သူအဖြစ် ခန့်ထားခြင်းကို အောက်ပါတို့အနက် စောရာကာလ၌ ရပ်စဲစေရမည်-

(၁) အုပ်ချုပ်သူအား ခန့်အပ်မှုတွင်ဖော်ပြထားသည့် အချိန်ကာလ သို့မဟုတ် ထပ်တိုး အချိန်ကာလ ကုန်ဆုံးသည့်ရက်၊

(၂) ဗဟိုဘဏ်က ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

(၃) တရားရုံးက ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

(ခ) အုပ်ချုပ်သူသည် ခန့်ထားမှုရပ်စဲသည့်ရက်မှ အလုပ် လုပ်ရက် ၂၀ ရက်အတွင်း အုပ်ချုပ်သူအဖြစ်ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၁၀၃။ အုပ်ချုပ်သူက စီမံခန့်ခွဲရမည့်ကာလအတွင်း ဗဟိုဘဏ်သည် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းအား ငွေကြေးလွယ်ကူမှု ယာယီလျော့နည်းခြင်းကို ဖြည့်ဆည်းရန် စည်းကမ်းချက် သတ်မှတ်၍ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှုပြုနိုင်သည်။

## အခန်း (၁၅)

## ဘဏ်အား ပြန်လည်ထူထောင်ခြင်း

### ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်နိုင်မှု

၁၀၄။ (က) ဗဟိုဘဏ်သည် ဘဏ်အား အုပ်ချုပ်သူ၏ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ထားရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာဘဏ်၏ ငွေစာရင်းများကို စာရင်းစစ်ခြင်း သို့မဟုတ် စာရင်းစစ်ဆေးစေခြင်း ပြုလုပ်ရမည်။

(ခ) ဗဟိုဘဏ်သည် အုပ်ချုပ်သူနှင့် စာရင်းစစ်တို့၏ အစီရင်ခံစာကိုအခြေခံ၍ အောက်ပါ အရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည် -

(၁) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ပြုလုပ်သည့်ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ရာထူးရပ်ဆိုင်းထားခြင်းမှ ကင်းလွတ်စေနိုင်သည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့အား ရပ်ဆိုင်းထားသော ဘဏ်၏လုပ်ငန်းများကို ပြန်လည်ပြုလုပ်စေခြင်း၊

(၂) ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ထုတ်ပယ်ပြီး ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ရေးအတွက် သင်းလုံးကျွတ်အထွေထွေအစည်းအဝေး ကျင်းပရန် ညွှန်ကြားခြင်း၊

(၃) မတည်ငွေရင်းလျှော့ချရန် ဆောင်ရွက်ခြင်းအပြင် ဆုံးရှုံးခဲ့သော သို့မဟုတ် ရရန်ပိုင်ခွင့်အဖြစ် မသတ်မှတ်နိုင်သော အစုရှယ်ယာတန်ဖိုး၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ပြင်ဆင်သတ်မှတ်ခြင်း၊

(၄) ဗဟိုဘဏ်က လိုအပ်၍သတ်မှတ်ပေးသည့် တန်ဖိုးဖြင့် အစုရှယ်ယာ အသစ်များကို ရောင်းချပေးခြင်းဖြင့် လက်ရှိအစုရှယ်ယာရှင်များ၏ ပါဝင်မှုကို လျှော့ချခြင်း၊

(၅) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းပေးပါရန် လျှောက်လွှာတင်ခြင်း။

(ဂ) ပုဒ်မ ၉၆ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်များကို ထိခိုက်မှုမရှိစေဘဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ -

(၁) ဗဟိုဘဏ်သည် အများပြည်သူသိရှိရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည်-

(ကက) ဘဏ်၏အစုရှယ်ယာရှင်တစ်ဦးဦးကို ၎င်း၏အစုရှယ်ယာအား လွှဲပြောင်းစေခြင်း သို့မဟုတ် သင့်မြတ်လျော်ကန်မှုရှိသည့်ပုဂ္ဂိုလ်အား ရောင်းချစေခြင်း ပြုနိုင်သည်။

(ခခ) ဗဟိုဘဏ်က သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ လွှဲပြောင်းစေနိုင်သည်။

(ဂဂ) ပုဒ်မ ၁၈၇ နှင့်အညီ ဗဟိုဘဏ်ကသင့်လျော်သည်ဟု ယူဆသည့် ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသောဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းထံ လွှဲအပ်နိုင်သည်။

(၂) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူပြီး ဆောင်ရွက်ခွင့်ရှိသည် -

(ကက) ဘဏ်၏ စီးပွားရေးလုပ်ငန်းကို ထိန်းချုပ်နိုင်ရန် ဘဏ်၏ အစုရှယ်ယာ များကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခြင်း၊

(ခခ) ဘဏ်၏ခိုင်မာတည်ငြိမ်ရေးအတွက်ဖြစ်စေ၊ ငွေရေးကြေးရေးစနစ် တစ်ရပ်လုံး၏ တည်ငြိမ်ရေးအတွက်ဖြစ်စေ ဘဏ်သို့ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေဖြင့် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း၊

(ဂဂ) ဘဏ်၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို ရယူနိုင်ရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ ထည့်ဝင်သော မတည်ရင်းနှီးငွေဖြင့် ဘဏ်အသစ်အား တည်ထောင်ခြင်း။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မှန်ကန်သင့်လျော်သော အရေးယူဆောင်ရွက်မှုကို ဆုံးဖြတ်ပြုလုပ်ရာတွင် ဗဟိုဘဏ်သည် နောက်ဆုံးစာရင်းစစ်အစီရင်ခံစာနှင့် အုပ်ချုပ်သူက တင်ပြသော အစီရင်ခံစာတို့ကို အလေးအနက်ထည့်သွင်း စဉ်းစားရမည်။

(င) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မည်သည့် အရေးယူမှုကိုမျှ ဘဏ်အား ကျေနပ်မှု မရှိကြောင်းပြသရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးမပေးဘဲ ချမှတ်ခြင်း မပြုရ။ သို့ရာတွင် နှောင့်နှေးခြင်းကြောင့် ဘဏ် သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူမြီရှင်များ သို့မဟုတ် ယေဘုယျအားဖြင့် အများပြည်သူ ထိခိုက်စေမည်ဟု ဗဟိုဘဏ်က ထင်မြင် ယူဆလျှင် ချက်ချင်းအရေးယူနိုင်ပြီး မကျေနပ်ချက်များ တင်ပြရေးအတွက် ယင်းအခွင့်အရေးကို အမြန်ဆုံး ဖြစ်နိုင်သမျှ အခွင့်အရေးပေးပြီး ဆောင်ရွက်နိုင်သည်။

(စ) အဆိုပါကျေနပ်မှုမရှိကြောင်း အကျိုးဆက်အဖြစ် ဗဟိုဘဏ်က အရေးယူထားချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ဆ) ဗဟိုဘဏ်သည် ဤပုဒ်မ အလို့ငှာ ဘဏ်ကို ရယူပိုင်ဆိုင်ရန် အလားအလာရှိသူအား ဘဏ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို ပေးနိုင်သည်။ သို့သော် ထိုသတင်း အချက်အလက်ရရှိသူသည် လျှို့ဝှက်ထိန်းသိမ်းထားရမည်။ ထိုသတင်းအချက်အလက် များအား ဘဏ်ကို ရယူပိုင်ဆိုင်ခြင်းအတွက်သာ အသုံးပြုရမည်။

**အစုရှယ်ယာပိုင်ဆိုင်သူ၏ အခွင့်အရေး**

၁၀၅။ (က) ဤအခန်းပါ ကိစ္စရပ်အလို့ငှာ ဘဏ်ပိုင်ရှင်၏ ကိုယ်စားလှယ်ကသာ ဗဟိုဘဏ်၏ အရေးယူမှုအပေါ် ကျေနပ်မှုမရှိကြောင်း ဗဟိုဘဏ်သို့ တင်ပြခွင့်ရှိသည်။

(ခ) ပိုင်ဆိုင်သူများ၏ကိုယ်စားလှယ်အဖြစ် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်နိုင်သည်-

(၁) ဘဏ်၏ ပိုင်ရှင်များက အများဆန္ဒဖြင့် ဘဏ်၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း ခံရသူ၊

(၂) ဘဏ်၏ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌရာထူး ဆောင်ရွက်နေသူ သို့မဟုတ် ထိုသူက ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာလွှဲအပ်ခြင်းခံရသူ။

(ဂ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်လိုပါက ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ဗဟိုဘဏ်၏ ကြေညာချက်ကို ရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဘဏ်၏ ပိုင်ရှင်များက ကန့်ကွက်စာ တင်နိုင်သည်။

(ဃ) ကန့်ကွက်သောစာကို ဗဟိုဘဏ်က သတ်မှတ်အချိန်အတွင်း လက်ခံရရှိခြင်းမရှိပါက ပိုင်ရှင်များက သဘောတူညီသည်ဟု မှတ်ယူရမည်။

(င) ဗဟိုဘဏ်သည် သတ်မှတ်သည့် ၁၄ ရက် အတွင်း ကန့်ကွက်စာရရှိပါက ကန့်ကွက် တင်ပြချက်ကို ပြန်လည်သုံးသပ်ကာ မိမိ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမိန့်အားပယ်ဖျက်ခြင်း သင့်လျော်သလို ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မိမိ၏ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက် ဖော်ပြရမည်။

(စ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ဘဏ်၏ပိုင်ရှင်များ၏ ကိုယ်စားလှယ်ထံ ချက်ချင်း ပေးပို့ရမည်။

(ဆ) ဗဟိုဘဏ်၏ အရေးယူမှုအားလုံးသည် ဗဟိုဘဏ်က ပယ်ဖျက်ခြင်းမပြုသမျှ တရားဝင် အတည်ဖြစ်စေရမည်။

(ဇ) ဗဟိုဘဏ်က ထုတ်ပြန်သော အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ဆုံးဖြတ်ချက် အမိန့်စာသည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

**မတည်ငွေရင်းလျှော့ချခြင်းနှင့် အစုရှယ်ယာများ ပယ်ဖျက်ခြင်း**

၁၀၆။ (က) ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း ဆုံးရှုံးခြင်းဖြစ်စေ၊ ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်လျှင်ဖြစ်စေ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားပြီး ထိုမှတစ်ဆင့် ဘဏ်၏ အဆိုပါမတည်ငွေရင်းဆုံးရှုံးမှု သို့မဟုတ် ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်မှုတို့ကို ပယ်ဖျက်ခြင်းပြုပြီး မတည်ငွေရင်းကို လျှော့ချခြင်း ပြုနိုင်သည်။

(ခ) ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ) နှင့် (ဂဂ) တို့အရ အခြားသူသို့ လွှဲပြောင်းထားပြီး ဖြစ်လျှင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားရမည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အရ ဘဏ်၏ ကျန်အစုရှယ်ယာ မတည်ငွေရင်းကို ပယ်ဖျက်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ပုဒ်မခွဲ (က) အရ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချရန်အမိန့်ကို ထုတ်ပြန်သည့်အခါထိုသို့ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အစုရှယ်ယာရှင်များက လာရောက် ပေးသွင်းခြင်းမပြုပါက ဗဟိုဘဏ်သည် အဆိုပါပေးသွင်းခြင်းမပြုသည့်တန်ဖိုးကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်၏ အစုရှယ်ယာမတည်ငွေရင်းကို ပုဒ်မခွဲ (က) အရ လျှော့ချခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) အရ အစုရှယ်ယာများကို ပယ်ဖျက်ခြင်းပြုသည့်အခါ ဗဟိုဘဏ်သည် ဘဏ်၏ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့ကိုဖြစ်စေ ပြောင်းလဲပြင်ဆင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားရန် ဘဏ်အား တောင်းဆိုနိုင်သည်။

**အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ**

၁၀၇။ ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် အားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ အခြားသောငွေရေးကြေးရေးအဖွဲ့အစည်းသို့ ပုဒ်မ ၁၀၄ အရ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုရာတွင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် အမိန့်ထုတ်ပြန်ကြေညာရမည်။ ယင်းအမိန့်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၁၀၈။ အပြီးအပိုင်အပ်နှင်းခွင့်ရရှိသူသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အမိန့်နှင့်သက်ဆိုင်သည့် ဘဏ်၏ အပြီးအပိုင်အပ်နှင်း ရရှိသည့် ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရယူရာတွင် လွှဲပြောင်းပေးသူအဖွဲ့အစည်း၏ ငွေအပ်နှံသူများနှင့် မြီရှင်များ၏ အကျိုး သို့မဟုတ် အများပြည်သူအကျိုး ဖြစ်သည်ကို ခိုင်လုံစွာ ဆုံးဖြတ်နိုင်ခြင်း၊

(ခ) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ရာတွင် လုပ်ကိုင်နိုင်စွမ်းရည်ရှိခြင်း၊

(ဂ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် လက်ရှိပေးရန် တာဝန်ကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းက ဗဟိုဘဏ်က ချမှတ်သော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူညီခြင်း။

**အပြီးအပိုင် အပ်နှင်းသည့် အမိန့်၏ အကျိုးသက်ရောက်ခြင်း**

၁၀၉။ (က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အပြီးအပိုင် အပ်နှင်းရရှိသည့် အမိန့်တွင် သက်ဆိုင်ရာ နေ့ရက်မှ စတင်အကျိုးသက်ရောက်ရာတွင် -

(၁) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်သို့ ပြောင်းလဲပေးသော အခွင့်အရေး အားလုံးနှင့် အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ ရယူရာတွင် အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ရရှိခြင်းသည် ပြီးမြောက်ခြင်းမရှိစေကာမူ လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းက ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို သက်ဆိုင်ရာတရားဝင်မှတ်ပုံတင်စာအုပ်အသီးသီးတွင် ရေးသွင်းချက်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်း၏ အမည်သို့ပြောင်း၍ အစားထိုးပြီး ဖြစ်စေရမည်။ သို့သော် ထိုသို့အမည်ပြောင်းခြင်းမရှိစေကာမူ အပြီးအပိုင် အပ်နှင်း ရရှိသည့်အမိန့်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းသို့ အကျိုးသက်ရောက်ပြီး ခံစားပိုင်ခွင့်များ ရရှိ စေရမည်။

(၃) ဗဟိုဘဏ်က ဤဥပဒေအရ သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ထုတ်ပြန်သော အမိန့်ပါစည်းကမ်းချက်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းက လိုက်နာရမည်။ ထိုအဖွဲ့အစည်းသည် ထိုသို့လိုက်နာမည့်အကြောင်း စာဖြင့်သဘောတူညီချက် ပေးရမည်။

(၄) လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းအား ထုတ်ပေးထားသော လိုင်စင်ကို ရရန်ပိုင်ခွင့် အပြီးအပိုင် အပ်နှင်းသည့် အမိန့်နှင့်အညီ ထိုအဖွဲ့အစည်းကို အပ်နှင်းသည့် ခံစားခွင့်များ အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ပြုပြင်ရမည်။

(၅) လွှဲပြောင်းပေးသော အဖွဲ့အစည်းက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်းအပ်နှင်းပြီးလျှင် ဗဟိုဘဏ်သည် လွှဲပြောင်းပေးသော အဖွဲ့အစည်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၀၇ အရ ထုတ်ဆင့်သော ရရန်ပိုင်ခွင့်အပ်နှင်းသည့် အမိန့်တွင် ဗဟိုဘဏ်က အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာနေ့ရက်မှစ၍ အောက်ပါတို့ အကျိုးသက်ရောက်စေရမည် -

(၁) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသို့ အပ်နှင်းလွှဲအပ်သည့် ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ်

လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများသည် လွှဲပြောင်းပေးသော အဖွဲ့အစည်းသို့ သဘာတူခွင့်ပြုသောနေ့ရက်မှစ၍ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အပ်နှင်း၍ ရရှိသော ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ထိုသို့အပ်နှင်းခြင်းမပြုမီက ရှိခဲ့သော အရေးယူဆောင်ရွက်ချက်များနှင့် စွဲဆိုချက်များမှာ လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းက စွဲဆိုသော သို့မဟုတ် ၎င်းအဖွဲ့အစည်းအပေါ် စွဲဆိုသော အရေးယူမှုများနှင့်စွဲဆိုချက်များဖြစ်သည်ဟု မှတ်ယူ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ဤပုဒ်မအလို့ငှာ -

(၁) သက်ဆိုင်ရာနေ့ ဆိုသည်မှာ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသော ပိုင်ဆိုင်ခွင့် အပြီးအပိုင်အပ်နှင်းသည့်အမိန့် ထုတ်ပြန်သည့်နေ့ကို ဆိုသည်။

(၂) တရားဝင်မှတ်ပုံတင်ခြင်းများ ဆိုသည်မှာ နိုင်ငံတော်၏ ဥပဒေအရ တည်ထောင်သည့် မှတ်ပုံတင်ဌာနတွင် လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တွင် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ရပိုင်ခွင့်မှတ်တမ်းများအရ အကျိုးခံစားမှုများ၊ ပိုင်ဆိုင်မှုများ၊ လွှဲပြောင်းခြင်းများ မှတ်ပုံတင်ခြင်းကို ဆိုသည်။

**အခွန်နှင့်အခများ**

၁၁၀။ ဤဥပဒေအခန်းပါပြဋ္ဌာန်းချက်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်လွှဲပြောင်းမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အခွန်နှင့်အခကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

**ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်အားရပ်ဆိုင်းထားခြင်း**

၁၁၁။ (က) ဤအခန်းပါ လုပ်ပိုင်ခွင့်များအပြင် ဗဟိုဘဏ်သည် ဘဏ်၏ အကျိုးအတွက်ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားနှင့်စုဆောင်းငွေများကို ကာကွယ်ရန်ဖြစ်စေ၊ ငွေကြေးစနစ်တည်ငြိမ်ရန်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် အများပြည်သူသိရှိနိုင်ရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည် -

(၁) အမိန့်တွင် ဘဏ်၏ ဘဏ်လုပ်ငန်းအားလုံး သို့မဟုတ် အချို့အဝက်ကို လုပ်ကိုင်ခွင့် တားမြစ် ပိတ်ပင်ခြင်း၊

(၂) ဘဏ်အား ဘဏ်လုပ်ငန်းနှင့်ဆက်နွှယ်သော လုပ်ငန်းတာဝန်များအားလုံး သို့မဟုတ် အစိတ်အပိုင်းကို ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) အရ တားမြစ်ထားသော ကာလအတွက် အကျိုးသက်ရောက်မှုရှိစေရန် ထိုတားမြစ်သည့်ကာလအတွင်း ဤဥပဒေအရ ထုတ်ပေးသည့် ဘဏ်၏ လိုင်စင်အား ရပ်ဆိုင်းထားခြင်း၊

( ၄ ) အထက်ပါပုဒ်မခွဲများပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှာ ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများ၊ စာအုပ်များနှင့် စာတမ်းအမှတ်အသားများကို ဗဟိုဘဏ်က ထိန်းချုပ်ကွပ်ကဲခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းအပါအဝင် မရှောင်လွှဲနိုင်သော အကျိုးသက်ရောက်မှုများ၊ နောက်ဆက်တွဲကိစ္စများအတွက် သတ်မှတ်ခြင်း။

( ခ ) အခါအားလျော်စွာ ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော အမိန့်ကိုပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။ ထိုသို့လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် သို့မဟုတ် တရားမျှတမှုမရှိလျှင် ပုဒ်မခွဲ (က) အရ နောက်ထပ် အမိန့်ကို ထုတ်ဆင့်နိုင်သည်။

( ဂ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် အမိန့်နှင့် ပုဒ်မခွဲ (ခ) အရ နောက်ထပ် ထုတ်ပြန်သော အမိန့်ကို ရုပ်သိမ်းနိုင်သည်။ ထို့ပြင် ဗဟိုဘဏ်သည် လိုအပ်သည်ဟု ထင်မြင်လျှင် အဆိုပါအမိန့်တွင် လိုအပ်သော ညွှန်ကြားချက် သို့မဟုတ် ဆက်နွယ်သော နောက်ဆက်တွဲ သဘောသဘာဝရှိသည်များကို ထည့်သွင်းထုတ်ပြန်နိုင်သည်။

## အခန်း (၁၆)

## ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဇယားဝင်အဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်း

၁၁၂။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ထူထောင်နိုင်သည်။

## အခန်း (၁၇)

## ဘဏ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဘဏ်အားလုပ်ငန်းဆောင်ရွက်ခြင်းမှဆန္ဒအလျောက် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ကြိုတင်အတည်ပြုချက်

၁၁၃။ (က) ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မရှိဘဲ ဘဏ်တစ်ခု၊ လက်ရှိ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တစ်ခုအား ဆန္ဒအလျောက်ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် မည်သူမျှ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားခွင့် မရှိစေရ။

( ခ ) အောက်ပါအချက်များအား ကျေနပ်မှုမရှိလျှင် ပုဒ်မခွဲ (က) အရ အတည်ပြုချက်အား ဗဟိုဘဏ်က ခွင့်မပြုရ-

( ၁ ) စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ကြွေးမြီများအားလုံးကို ပြန်လည် ပေးဆပ်နိုင်စွမ်းရှိပြီး ငွေအပ်နှံသူများနှင့် မြီရှင်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည် ပေးဆပ်နိုင်ခြင်း၊

(၂) ဘဏ်လုပ်ငန်း အစုရှယ်ယာရှင်များ၏ အစည်းအဝေးတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာပိုင်ရှင်များ၏ လေးပုံသုံးပုံထက်မနည်း ကိုယ်စားပြုထားသည့် သဘောတူညီချက်တစ်ခုအရ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်အား ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အတည်ပြုပြီးဖြစ်ခြင်း။

(ဂ) အစိုးရအဖွဲ့၏ အတည်ပြုချက်မပါဘဲ ပြည်တွင်းလိုင်စင်ရ နိုင်ငံတော်ပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအား ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်း၏ စီမံအုပ်ချုပ်သူက စာဖြင့် ရေးသားထားသည့် တောင်းဆိုချက်မပါဘဲ နိုင်ငံတော်အတွင်း ပြည်ပငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဌာနခွဲအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။

## ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စည်းကမ်းချက်များ

၁၁၄။ (က) ပုဒ်မ ၁၁၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ အရ အတည်ပြုချက်တစ်ခုအား ဗဟိုဘဏ်မှ ခွင့်မပြုသေးမီ အဆိုပါဆန္ဒအလျောက်လုပ်ငန်းရပ်စဲမည့် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ပါတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်-

(၁) ဘဏ်တွင် အပ်နှံထားသည့်ငွေများကို ငွေအပ်နှံသူများသို့ ပြန်လည်ထုတ်ပေးပြီး ဖြစ်ရမည်။

(၂) ဤဥပဒေအရ ပေါ်ပေါက်သည့်ငွေရေးကြေးရေးပေးရန်တာဝန်များနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ အားလုံးကို ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ယင်း၏ ယုံမှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ၎င်းထံတွင်ရှိသည့် ငွေနှင့် အခြားပစ္စည်းများ အားလုံးကို ပြန်လည်ပေးအပ်ပြီး ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်ချက်များအပြင် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်သည်-

(၁) ဆောင်ရွက်နေဆဲ လုပ်ငန်းအားလုံးအား ဖျက်သိမ်းပြီး ဖြစ်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရန်ဖြစ်သည့် ဆောင်ရွက်ဆဲစီးပွားရေးလုပ်ငန်းများ အားလုံးအား ဖျက်သိမ်းပြီး အစီအစဉ်တကျ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်မှုရှိစေမည့် လိုအပ်သည့် အခွင့်အာဏာကိုသာလျှင် ကျင့်သုံးရမည်။

(ဂ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်နှင့် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သည့် အစီရင်ခံစာများ စာရွက်စာတမ်းများ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စီမံချက်အပါအဝင် အခြားသော သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်နှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တို့ထံသို့ ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်တစ်ခုသည် ပုဒ်မ ၁၁၃ နှင့် ဤပုဒ်မပါ လိုအပ်ချက်များအား မဖြည့်ဆည်းနိုင်လျှင် ဗဟိုဘဏ်သည် ဤဥပဒေ ပုဒ်မ ၉၇ အရ အုပ်ချုပ်သူတစ်ဦးအား ခန့်အပ်ရမည်။

**မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အကြောင်းကြားခြင်း**

၁၁၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ဖျက်သိမ်းခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့အတွက် အောက်ပါအတိုင်း အကြောင်းကြားစာ ပေးပို့ရမည် -

(၁) ဗဟိုဘဏ်မှ ပုဒ်မ ၁၁၃ အရ အတည်ပြုချက် လက်ခံရရှိပြီး ၁၄ ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရန်၊

(၂) ငွေအပ်နှံသူများအားလုံးနှင့် အခြားမြီရှင်များအပြင် အခြားနည်းအားဖြင့် ဘဏ်တွင် ယုံမှတ်အပ်နှံထားသည့် ငွေနှင့်အခြားပစ္စည်းများကို ပြန်လည်လက်ခံရယူရမည့် သူများ၊ လုံခြုံမှုအရ အပ်နှံထားသည့်သေတ္တာကို ငှားရမ်းထားသူများ သို့မဟုတ် ယုံမှတ်အပ်နှံထားသူများထံသို့ ပေးပို့ရန်၊

(၃) ဘဏ်မှ ငွေချေးယူထားသော မြီစားများကို မိမိတို့၏ ချေးယူငွေများအား အမြန်ဆုံး ပြန်ဆပ်နိုင်ရေး အကြောင်းကြားစာ ပေးပို့ရန်၊

(၄) နိုင်ငံတော်အတွင်း အများပြည်သူသိရှိနိုင်ရန် သတင်းစာတွင် တစ်ကြိမ် ထုတ်ပြန် ကြေညာရမည်။

(၅) ဘဏ်လုပ်ငန်း အဓိကနေရာနှင့် အခြားရုံးများရှိ အများမြင်သာသည့် နေရာတွင် ကြေညာထားရန်၊

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းသည့် အကြောင်းကြားစာတွင်ပါရှိရမည့် သတင်း အချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်ပေးရမည်။

(ဂ) ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးဦးထံ အကြောင်းကြားစာ ပေးပို့ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသို့ ပြုလုပ်ရန် လက်တွေ့မကျကြောင်း၊

(၂) ထိုပုဂ္ဂိုလ်သည် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အခြားသောနည်းဖြင့် လုံလောက်သည့် သတိပေးစာ ရရှိပြီးဖြစ်ကြောင်း။

**မြီရှင်များ၏ အခွင့်အရေးများ**

၁၁၆။ (က) ဖျက်သိမ်းခြင်း သို့မဟုတ် ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား စတင်ရန် အတည်ပြုချက်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်တစ်ခု၏ ငွေအပ်နှံသူ

သို့မဟုတ် အခြားသော မြီရှင်သို့ ပေးချေရမည့် တောင်းခံမှုများအားလုံးအား တောင်းခံခွင့်များ သို့မဟုတ် ဘဏ်တွင် ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်း ပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအား ထိခိုက်နစ်နာစေခြင်း မရှိစေရ။

(ခ) ဥပဒေနှင့်အညီ တောင်းခံမှုများအား ချက်ချင်းပေးရမည်ဖြစ်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်းများအား ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အမြင့်ဆုံးကာလအတွင်း ပိုင်ဆိုင်ခွင့်ရှိသူ ပိုင်ရှင်ထံ ပြန်လည်ပေးရမည်။

**လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် ရရန်ပိုင်ခွင့်များအား ခွဲဝေခြင်း**

၁၁၇။ (က) ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးစီးပါက အဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်သည် စာရင်းစစ်ဆေးပြီး ရှင်းတမ်းတစ်ခုနှင့် ပြင်ပစာရင်းစစ်၏ ထင်မြင်ချက်ပါဝင်သော အတည်ပြုပြီး ဘဏ်ကလက်ခံသည့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာ တစ်စောင်ကို ပြင်ဆင်၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းစစ် ထင်မြင်ယူဆချက်တွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) စာရင်းများသည် ပြည့်စုံမှန်ကန်စွာရေးဆွဲ ပြုစုထားကြောင်း၊

(၂) ဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာသည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ပြည့်စုံမျှတ၍ သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း၊

(၃) ပြင်ပစာရင်းစစ်သည် စာရင်းရှင်းလင်း ဖျက်သိမ်းမည့်ဘဏ်ထံမှ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက် တောင်းခံရာတွင် လက်ခံရရှိသည့် သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထားကြောင်း၊

(၄) ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း။

(ဂ) လက်ရှိစာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မ ၁၁၄ တွင် ရည်ညွှန်းထားသည့် အတိုင်း ၎င်း၏ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်များအားလုံးကို ပုဒ်မခွဲ (က) အရ တင်ပြရမည့် အထောက်အထားများအပေါ် အခြေခံထားသည်ဟု ဗဟိုဘဏ်က ယူဆလျှင် -

(၁) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်၏ လိုင်စင်အား ဖျက်သိမ်း၍ ဤဥပဒေ ပုဒ်မ ၁၁၅ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းမှုအား အကြောင်းကြားရမည်။

(၂) ဘဏ်သည် ရရန်ပိုင်ခွင့်အမှန်ရှိသော ပိုင်ရှင်များအား ၎င်းတို့၏ ရရန်ပိုင်ခွင့်များကို ၎င်းတို့ ရရှိရမည့် အချိုးအတိုင်း ခွဲဝေပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ဖော်ပြပါကိစ္စရပ်များ မဆောင်ရွက်မီ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ ခွဲဝေမှုများကိုမပြုလုပ်ရ-

(၁) တရားရုံးကဆုံးဖြတ်သတ်မှတ်ချက်အရ ပေးချေရမည့် သို့မဟုတ် ပြန်လည်ပေးရမည့် ငွေများ သို့မဟုတ် အခြားပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားနေသည့် တောင်းခံမှုများကို ဖြည့်ဆည်းရန် လုံလောက်သော ငွေကြေးအား ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၂) ငွေအပ်နှံသူများအားလုံး၊ အခြားမြီရှင်များ သို့မဟုတ် ရန်ပုံငွေများတောင်းခံခြင်း မပြုရသေးသည့် ပုဂ္ဂိုလ်များအား ပေးရန်ရှိသည့် ရန်ပုံငွေများကိုပေးရန် ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၃) ပုဒ်မ ၁၅၂ ကို လိုက်နာဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့်ငွေများနှင့် အခြားပစ္စည်းများကို ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အဆိုပါပုဂ္ဂိုလ်များသို့ ခွဲဝေနိုင်မှုမရှိခြင်း။

(င) ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်များမှ ကုန်ကျစရိတ်၊ တောင်းခံငွေနှင့် အသုံးစရိတ်အားလုံး ဦးစားပေး ပေးချေရမည်။

(စ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီရင်ခံစာနှင့် စာရင်းစစ်ထားသည့် စာရင်းရှင်းတမ်းများအတွက် အတည်ပြုကြောင်း သတိပေးစာတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်ထံမှ လက်ခံရရှိသောအခါ စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ယင်းသတိပေးစာအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဆ) ပုဒ်မခွဲ (စ) အရ ထိုကဲ့သို့ အတည်ပြု သတိပေးစာအား ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံတွင် ကုမ္ပဏီအမည်အား စာရင်းမှ ပယ်ဖျက်ရမည်။

(ဇ) ပုဒ်မခွဲ (စ) အရ သတိပေးစာ ထုတ်ပြန်သည့်အချိန်မှစ၍ ဘဏ်သည် တရားဝင်ဖျက်သိမ်းပြီးဖြစ်ရမည်။

(ဈ) ပုဒ်မခွဲ (ဆ) အရ ဘဏ်တစ်ခုအား ဖျက်သိမ်းခြင်းသည် ဘဏ်၏ ပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားသောအရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သို့မဟုတ် ဤဥပဒေအရပေးရန် တာဝန်ရှိသည်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် အဆိုပါပေးရန် တာဝန်ကို ဘဏ်အား တရားဝင်ဖျက်သိမ်းမှု မပြုရသေးသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်မှု ရှိစေရမည်။

**မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၁၈။ ဗဟိုဘဏ်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဘဏ်တစ်ခုခုအား မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ရမည်-

(က) ဘဏ်သည် ပေးချေရန် အချိန်စေ့ရောက်သည့် ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊

(ခ) ဘဏ်လုပ်ငန်း၏ မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်က ထိန်းသိမ်းထားရှိရသည့် အနည်းဆုံး မတည်ငွေရင်း၏ ထက်ဝက်အောက် လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဂ) ဘဏ်၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုးအောက် လျော့နည်းနေခြင်း သို့မဟုတ် ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်း မရှိဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဃ) ပုဒ်မ ၉၇ အရ ခန့်ထားသည့် အုပ်ချုပ်သူက ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန် အကြံပြုခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်**

၁၁၉။ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံပိုင်ဘဏ် မဟုတ်သည့် ပြည်တွင်းဘဏ် တစ်ခုအတွက် ဘဏ်ပိုင်ဆိုင်သူများက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ထားခြင်းမရှိပါက ဘဏ်ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရာထူးအား လက်ရှိဆောင်ရွက်နေသူ သို့မဟုတ် ၎င်းက အခွင့်အာဏာ အပ်နှင်းထားသည့် ကိုယ်စားလှယ်၊

(ခ) နိုင်ငံပိုင်ဘဏ်တစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်းဘဏ်က အခွင့်အာဏာအပ်နှင်းခြင်း ခံရသူ၊

(ဂ) နိုင်ငံခြားဘဏ်တစ်ခု၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏လက်ထောက်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၂၀။ ဗဟိုဘဏ်သည် ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်းအား ပယ်ချခြင်း**

၁၂၁။ ဘဏ်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား လျှောက်ထားသည့်စာသည် အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ပယ်ချနိုင်သည်-

(က) ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ (က) နှင့်သက်ဆိုင်သည့် အကြောင်းအချက်များ မပါရှိခြင်း၊

( ခ ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် လိုအပ်သောအထောက်အထားများ လျှောက်လွှာတွင် ပူးတွဲ တင်ပြမှုမရှိခြင်း၊

( ဂ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြသည့် စာတမ်းအမှတ်အသား သို့မဟုတ် အထောက်အထားသည် မှားယွင်းကြောင်း ထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်းနှင့်ဥပဒေအရ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ လျှောက်လွှာတွင် ပူးတွဲမပါရှိခြင်း၊

(ဃ) ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်သည် ဗဟိုဘဏ်၏ သဘောတူညီချက်ဖြင့် လုံလောက်သော ငွေကြေးရန်ပုံငွေကို ဘဏ်အနေဖြင့် မတည်ရင်းနှီးငွေအဖြစ် ချက်ချင်း ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြနိုင်ခြင်း၊

( င ) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်တစ်ခုအတွက်ဖြစ်ပါက ဘဏ်၏ ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

( စ ) လျှောက်လွှာသည် ဥပဒေ၏ အခြားသော လိုအပ်ချက်တစ်ရပ်ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ခြင်း**

၁၂၂။ ဘဏ်တစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

**ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်း**

၁၂၃။ (က) ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ရယူ၍ ဘဏ်၏ မြီစား၊ မြီရှင်တစ်ဦးဦး၏ တောင်းဆိုလွှာများအပေါ်တွင် ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

( ခ ) စာရင်းရှင်းလင်းချက်များကို ဆန့်ကျင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအရ မဖြစ်စေရ။

**ဦးစားပေးရမည့် ပေးချေမှုများ**

၁၂၄။ ဘဏ်၏ ရရန်ပိုင်ခွင့်များကို အောက်ပါဦးစားပေးအစီအစဉ်အရ မြီရှင်များအကြား ခွဲဝေပေးရမည်-

(က) အာမခံဖြင့်ကြွေးမြီများ၊

( ခ ) လူမွဲစာရင်းခံယူရာတွင် ကုန်ကျငွေနှင့်စရိတ်အားလုံး၊

(ဂ) ကြွေးမြီသက်သေခံလက်မှတ်များပုံစံဖြင့် မဟုတ်ဘဲ အပ်နှံငွေနှင့်ပတ်သက်၍ တောင်းခံမှုများ၊

(ဃ) စီမံခန့်ခွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဗဟိုဘဏ်သို့ ပေးရန်ရှိသော ပေးရန်တာဝန်များ စာရင်းအရ ဘဏ်၏ ပေးရန်တာဝန်များ၊

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက်မပိုသော အချိန်ကာလတစ်ခုထိ ပေးရန်ရှိသော နိုင်ငံတော်နှင့် ပြည်တွင်းအခွန်အခများ၊

(စ) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကိစ္စရပ်ပြုလုပ်ရန် အဆုံးအဖြတ်ပေးသောနေ့အထိ ပေးရန်ရှိသော ဘဏ်၏ ဝန်ထမ်းများသို့ ပေးရန် လစာငွေများ၊

(ဆ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊

(ဇ) ပုဒ်မခွဲ (က) မှ (စ) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

## နယ်စပ်ဖြတ်ကျော် ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိခြင်း

၁၂၅။ (က) စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်စုစုပေါင်းကို ပြည်တွင်းနေထိုင်သူနှင့် ပြည်တွင်းနေထိုင်သူ မဟုတ်သူ မြီရှင်များ တန်းတူအခွင့်အရေး ရရှိအောင် ဆောင်ရွက်ရန်အလို့ငှာ -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းသည့် ဘဏ်သည် နိုင်ငံခြားတိုင်းပြည်တွင် လုပ်ငန်းခွဲရှိလျှင် ထိုနိုင်ငံရှိ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။

(၂) စာရင်းရှင်းလင်း ဖျက်သိမ်းသည့် ဘဏ်၏ မြီရှင်တစ်ဦးသည် နိုင်ငံခြားတိုင်းပြည်တွင် ထိုသူ၏ တောင်းခံလွှာအပေါ် တစ်စိတ်တစ်ပိုင်းပေးချေမှု ရရှိထားလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်လုပ်ဆောင်ရာတွင် ကျသင့်သော ကုန်ကျစရိတ်များနှင့်အတူ ပေးချေမှုအတွက် ထိုသူတောင်းခံလွှာ၏ လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

(၃) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆောင်ရွက်သော စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း ဆောင်ရွက်မှုတွင် နိုင်ငံခြားဘဏ်ခွဲသည် နိုင်ငံခြားတွင် ကြွေးမြီများ မည်သည့်အတိုင်းအတာအထိ အပြည့်အဝ ပေးဆပ်နိုင်ခြင်းရှိသည်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံခြားဘဏ်ခွဲသည် ၎င်း၏လုပ်ငန်း အဓိကဆောင်ရွက်သောနိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းလျှင် နိုင်ငံခြားဘဏ်ခွဲအနေဖြင့် မြန်မာနိုင်ငံတွင် အပ်နှံသူများနှင့်ထိုနိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များအကျိုးစီးပွားအတွက် အကြံဉာဏ်များ

ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲ၏ အဆိုပါရရန်ပိုင်ခွင့်များကို ထိုနိုင်ငံရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ နိုင်ငံခြားဘဏ်ခွဲ၏ တောင်းဆိုချက်ဖြင့် လွှဲပြောင်းရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ အခွင့်အာဏာပေးနိုင်သည်။

(ခ) နိုင်ငံခြားဘဏ်ခွဲ၏ ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ၏ တောင်းခံလွှာများ၊ ပေးရန်တာဝန်များကို ခုနှိမ်ခြင်း သို့မဟုတ် အသားတင်ခြားနားခြင်း ဆောင်ရွက်နိုင်ခွင့် မရှိသကဲ့သို့ နိုင်ငံခြားဘဏ်ခွဲကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်လည်း ပါဝင်ခွင့် မပြုရ။

(ဂ) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် ၎င်းဘဏ်ခွဲကို ပိုင်ဆိုင်သည့် နိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များ၏ တောင်းခံလွှာများအတွက် ပြည်ပရရန်ပိုင်ခွင့်များရယူခြင်း၌ မြီရှင်များ၏အခွင့်အရေးများကို ကန့်သတ်ခြင်းမရှိစေရ။

၁၂၆။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုသတ်မှတ်နိုင်သည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ၊

(ဂ) နောက်ဆုံး ငွေပေးချေခြင်း၊ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်းစနစ်များ၊

(ဃ) ခုနှိမ်ခြင်းနှင့် အသားတင်ခြားနားခြင်း လုပ်ငန်းစဉ်များ၊

(င) ဖြန့်ဝေခြင်းအတွက်လုပ်ငန်းစဉ်များ၊

(စ) နိုင်ငံခြားဘဏ်ခွဲနှင့်သက်ဆိုင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်၊

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုရပ်စဲခြင်း။

၁၂၇။ (က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ကုမ္ပဏီများ လူမွဲခံယူခြင်းနှင့်သက်ဆိုင်သော အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ဤအခန်းတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဘဏ်တစ်ခုအား အကျိုးသက်ရောက်ခြင်းမရှိစေရ။

(ခ) ဘဏ်တစ်ခုအတွက် အပြီးသတ်အမိန့် သို့မဟုတ် ထိန်းသိမ်းသူခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်အသနားခံစာကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထား တင်ပြရမည်။

## အခန်း (၁၈)

## အီလက်ထရောနစ် ငွေကြေး၊ အီလက်ထရောနစ် ဘဏ်လုပ်ငန်းနှင့် မိုဘိုင်းဘဏ်လုပ်ငန်း

၁၂၈။ အီလက်ထရောနစ်ငွေကြေး ဆိုသည်မှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ ကတ်ထုတ်ဝေသူ အပေါ် တောင်းခံနိုင်သည့် ငွေကြေးတန်ဖိုးကို ဆိုသည် -

(က) ကတ်တစ်ခုခုအပါအဝင် ငွေကြေးတန်ဖိုး သိုမှီးထားသော အီလက်ထရောနစ် ကိရိယာ၊

(ခ) လက်ခံရရှိသည့် ငွေကြေးတန်ဖိုးထက်မပိုသည့် ထုတ်ပေးရန်ငွေပမာဏ၊

(ဂ) ကတ်ထုတ်ဝေသူအပါအဝင် အခြားပုဂ္ဂိုလ်များက ငွေပေးချေမှု နည်းလမ်းအဖြစ် လက်ခံခြင်း။

**အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ဝေခြင်းနှင့်ဆိုင်သောကန့်သတ်ချက်များ**

၁၂၉။ (က) မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်နှင့် မကိုက်ညီလျှင် အီလက်ထရောနစ် ငွေကြေးကို ဖြစ်စေ၊ ချေးငွေတိုကင်ကိုဖြစ်စေ အများပြည်သူသို့ ထုတ်ပေးခြင်းမပြုရ -

(၁) ဘဏ်တစ်ခုခုဖြစ်ခြင်း၊ သို့မဟုတ်

(၂) ၎င်း၏ရည်ရွယ်ချက်အတွက် ဗဟိုဘဏ်က မှတ်ပုံတင်ပြုလုပ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း။

(ခ) အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်အတွက် သုံးစွဲနိုင်သည့်ကာလနှင့် ၎င်းကို မည်သို့ပြန်လည်ပေးဆပ်မည်ဟူသော စည်းကမ်းသတ်မှတ်ချက်များပါရှိသည့် အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ပေးသူနှင့် လက်ခံသူတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ထုတ်ဝေနိုင်သည်။

**အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ကြပ်မတ်ကွပ်ကဲခြင်း**

၁၃၀။ ဗဟိုဘဏ်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးက အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို အများပြည်သူထံ ထုတ်ပေးခြင်းမပြုနိုင်မီ ဗဟိုဘဏ်ထံတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စည်းကမ်းချက်များ၊ လိုအပ်ချက်များနှင့် ဗဟိုဘဏ်က ယင်းမှတ်ပုံတင်ကို ဖျက်သိမ်းရမည့် သို့မဟုတ် ဖျက်သိမ်းနိုင်သည့် အခြေအနေကို သတ်မှတ်နိုင်သည်။

(ခ) အီလက်ထရောနစ် ငွေကြေးအသုံးပြုသူများ၏ ငွေကြေးလုံခြုံရေး၊ စာရင်းရေးသွင်းချက်နှင့်သတင်းပေးပို့ချက်များ အပါအဝင် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်နိုင်သည်။

(ဂ) အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို ထုတ်ပေး၊ လက်ခံအသုံးပြုသည့် ပုဂ္ဂိုလ်များအကြား စာချုပ်စည်းကမ်းချက်များ၊ အစီအစဉ်များနှင့် ငွေပေးချေမှု လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) အီလက်ထရောနစ် ငွေကြေးလုပ်ငန်းကို စစ်ဆေးမှုလွယ်ကူစေရန် အီလက်ထရောနစ် ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူများအပေါ် စည်းမျဉ်းများ သတ်မှတ်နိုင်သည်။

၁၃၁။ အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူတစ်ဦးဦးသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

**အီလက်ထရောနစ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ**

၁၃၂။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်တွင် အင်တာနက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ မိုဘိုင်း ဘဏ်လုပ်ငန်းနှင့်အခြားအီလက်ထရောနစ် ဘဏ်လုပ်ငန်းများပါဝင်သော အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများအတွက် စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ တည်ထောင်ဖွဲ့စည်းရေး အတွက် ခွင့်ပြုပေးနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အတွက် လိုအပ်သောစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

(၁) ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုကို အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ယုံကြည်မှုလျော့နည်းစေနိုင်သည့် စနစ်ဆိုင်ရာဆုံးရှုံး နိုင်ခြေများနှင့် အခြားဆုံးရှုံးနိုင်ခြေများကို လျော့နည်းပပျောက်စေရန်၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ၎င်းတို့၏ အခွင့်အရေးနှင့်တာဝန်များကို ပညာပေးရေးနှင့် အကာအကွယ်ပေးရေးအတွက် အဖွဲ့အစည်းများအား အားပေး တိုက်တွန်းရန်၊

(၃) အသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများထံ အီလက်ထရောနစ်ဝန်ဆောင်မှုများ မှတစ်ဆင့် ထိရောက်ပြီး ဆုံးရှုံးနိုင်ခြေနည်းပါးသည့် ငွေပေးချေမှုနှင့် ငွေကြေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၄) အဖွဲ့အစည်းများသည် အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန်၊

(၅) အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများ ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ စည်းကမ်းချက် များနှင့် လုပ်ငန်းစဉ်များသတ်မှတ်ရန်။

## အခန်း (၁၉)

## ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု စနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

**ငွေပေးချေမှုစနစ်မူဝါဒ**

၁၃၃။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်၏ငွေပေးချေမှု မူဝါဒအကောင်အထည်ဖော်ရေးကို စနစ်တကျ စီစဉ်ဖော်ထုတ်ခွင့်၊ ချမှတ်ကျင့်သုံးခွင့်နှင့် စောင့်ကြပ်ကြည့်ရှုခွင့် လုပ်ပိုင်ခွင့်များရှိသည်။

(ခ) လုံခြုံမှုနှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် တိုးမြှင့်ဆောင်ရွက်ရေးတွင် ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနှင့်ဖြစ်စေ၊ အဆင့်တူအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာ ပြည်တွင်းပြည်ပအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရမည်။

**ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်များ**

၁၃၄။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ရှိသည် -

(က) ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန်၊

(ခ) ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသော ငွေချေးသက်သေခံလက်မှတ် စာရင်းများရှိ ငွေချေးသက်သေခံလက်မှတ်များအား စာရင်းရှင်းလင်းရေး ဆောင်ရွက်ရန်၊

(ဂ) အများပြည်သူထံ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့်အခြားငွေပေးချေမှု စာချုပ်စာတမ်းပုံစံဖြင့် ထုတ်ပေးသူများအား စည်းမျဉ်းများသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်းကို ဆောင်ရွက်ပေးရန်။

၁၃၅။ ဗဟိုဘဏ်သည် အောက်ပါတို့ကို တည်ထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းရုံး ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန် လိုအပ်သော လုပ်ငန်းတည်ထောင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စည်းရုံးဖွဲ့စည်းမှု၊ လုပ်ငန်းမြှင့်တင်မှု၊ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် အကူအညီပေးမှုများပြုနိုင်ပြီး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုနိုင်သည် -

(က) ပြည်တွင်းငွေကြေးဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ငွေပေးချေမှုများပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်းများအတွက် စာရင်းရှင်းလင်းခြင်းနှင့် ပေးချေမှုစနစ် သို့မဟုတ် အခြားအစီအစဉ်များ၊

(ခ) ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းခြင်းအတွက် စနစ်တစ်မျိုးမျိုးနှင့်ငွေချေးသက်သေခံလက်မှတ် လဲလှယ်ခြင်းအတွက် အခြားအစီအစဉ်များ၊

(ဂ) စာရင်းရှင်းလင်းခြင်းနှင့်ပေးချေမှုကို ငွေကြေးတစ်ခုမှ အခြားငွေကြေးတစ်ခုဖြင့် ပြုလုပ်ခြင်းနှင့် လဲလှယ်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ခြင်းကို ငွေကြေးတစ်မျိုးမှ အခြားငွေကြေးတစ်မျိုးဖြင့် ပြုလုပ်သောစနစ် သို့မဟုတ် အခြားအစီအစဉ်များ။

၁၃၆။ (က) ငွေပေးချေမှုအဖြစ်အသုံးပြုသော ချက်လက်မှတ်များနှင့် အီလက်ထရောနစ်နည်းလမ်းများအပါအဝင်အခြားနည်းလမ်းများကို စာရင်းရှင်းလင်းရန်အလို့ငှာ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) များကို လိုအပ်သည့်နေရာများတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းရေးစနစ် (clearing and settlement system) နှင့် စာရင်းရှင်းလင်းရေးအဖွဲ့များ (clearing houses) နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ

ဆောင်ရွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်အခွင့်အာဏာရှိသည်-

(၁) ဆုံးရှုံးမှုမျှဝေကျခံခြင်း (loss-sharing mechanism) အပါအဝင် ဗဟိုမှပြန်လှန်စာရင်းရှင်းလင်းသူ (Central counter - party) အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ငွေရေးကြေးရေးရရန်ပိုင်ခွင့်များကို ထိန်းသိမ်းပေးသူအဖြစ်လည်းကောင်း သို့မဟုတ် စာရင်းရှင်းလင်းရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ခုလုံးကို ဆောင်ရွက်ခြင်း၊

(၃) စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) မှဖြစ်စေ၊ ပါဝင်ဆောင်ရွက်သူမှဖြစ်စေ၊ ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူမှဖြစ်စေ အပ်နှံငွေများလက်ခံခြင်းနှင့် အတိုးပေးချေခြင်း၊

(၄) ပါဝင်ဆောင်ရွက်သူများအား နေ့ချင်းငွေကြေးလိုအပ်ချက်ပမာဏ ဖြည့်ဆည်းပေးခြင်း။

## စာရင်းရှင်းလင်းခြင်းသဘောတူညီချက်စာချုပ်များ၏ တရားဝင်တည်ရှိမှု

၁၃၇။ ဗဟိုဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသားတင်ရှင်းလင်းခြင်း သဘောတူစာချုပ်တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ဗဟိုဘဏ်မှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းမှဖြစ်စေ ထိုသဘောတူစာချုပ်အား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ရမည်။

၁၃၈။ ပေးချေခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ပံ့ပိုးသူတွင် ငွေကြေးဝန်ဆောင်မှုပံ့ပိုးပေးသူ၊ ငွေပေးချေမှုစာချုပ်စာတမ်းထုတ်ဝေသူများနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်း ဆောင်ရွက်သူများ ပါဝင်သည်။

## စာရင်းရှင်းလင်းခြင်းဆိုင်ရာ နည်းဥပဒေများ တရားဝင်တည်ရှိမှု

၁၃၉။ (က) စာရင်းရှင်းလင်းရေးအဖွဲ့ ပါဝင်ဆောင်ရွက်သူများ၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များသည် စာရင်းရှင်းလင်းရေးစနစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

(ခ) ပေးချေမှုတစ်ခုအတွက် အာမခံထားသည့် အပေါင်ပစ္စည်း သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းလင်းရေးစနစ်တွင်ဖြစ်ပေါ်သည့် ပေးရန်တာဝန်ရှိမှုကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သူ၊ စာရင်းရှင်းလင်းရေးအဖွဲ့၊ ဗဟိုပြန်လှန် စစ်ဆေးရေးအဖွဲ့ဝင်များ သို့မဟုတ် ဗဟိုဘဏ်၏ အခွင့်အရေးနှင့်သက်သာခွင့်များသည် လူမွဲစာရင်းခံယူခြင်း တရားစွဲဆိုခြင်းကြောင့် ထိခိုက်မှုမရှိစေရ။ ထို့ပြင် ဆိုင်းငံ့ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အာမခံပစ္စည်းနှင့်စပ်လျဉ်း၍ မြီရှင်၏ကျင့်သုံးနိုင်သည့် အခွင့်အရေးနှင့်သက်သာခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်း**

၁၄၀။ (က) အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ဖြင့် ထုတ်ယူမည့် ငွေပေးချေမှုအတွက် ဘဏ်သို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ချက်လက်မှတ် တင်ပြနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချက်လက်မှတ်ကို အီလက်ထရောနစ်နည်းဖြင့်တင်ပြရာတွင် ဘဏ်သည် အခြားဘဏ် သို့မဟုတ် စာရင်းရှင်းလင်းရေးအဖွဲ့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးသူ တတိယပုဂ္ဂိုလ်မှတစ်ဆင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ ယင်းဝန်ဆောင်မှုပေးသူကို ဘဏ်၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူရမည်။

(ဂ) ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ကို တရားရုံး တစ်ရုံးရုံးတွင်တင်ပြသည့် ချက်လက်မှတ်စာရွက်နှင့် တူညီသည်ဟု အသိအမှတ်ပြု လက်ခံရမည်။

(ဃ) ရန်ပုံငွေလွှဲပြောင်းခြင်းကို ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက်လက်မှတ် (truncated cheque) ဖြင့် တစ်ကြိမ်အစားထိုးပြီးလျှင် မူရင်းချက်လက်မှတ်ကို ထပ်မံ၍ လွှဲပြောင်းခြင်းမပြုနိုင်။

၁၄၁။ ဗဟိုဘဏ်သည် ငြင်းပယ်သည့် ချက်လက်မှတ်များ၊ ချက်လက်မှတ်ပုံရိပ်နှင့် ကိုင်တွယ်၍ရသည့် ချက်လက်မှတ်ကို ဆက်လက်ထိန်းသိမ်းထားခြင်း၊ အီလက်ထရောနစ်တင်ပြခြင်းနှင့်စပ်လျဉ်းသည့် စနစ်များနှင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သလို သတ်မှတ်နိုင်သည်။

## အခန်း (၂၀)

## ချေးငွေဆိုင်ရာ သတင်းအချက်အလက်

**ချေးငွေသတင်းအချက်အလက်ဌာနနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၁၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

(ခ) ဗဟိုဘဏ်သည် နိုင်ငံတော်ရှိ ဘဏ်အားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှု မှတ်တမ်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်ခြင်းဖြစ်စေ၊ တည်ထောင်ခွင့်ကိုဖြစ်စေပြုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ငွေချေးပေးရန် ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့် စနစ်အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်း များသည် ချေးငွေသတင်းအချက်အလက်ဌာနသို့ တင်ပြသော သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများအား ကြပ်မတ်ကွပ်ကဲခြင်း**

၁၄၃။ (က) ဗဟိုဘဏ်သည် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဖယားဝင် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများတည်ထောင်ရန် လိုင်စင်ထုတ်ပေးရမည့်အပြင် ၎င်းတို့ကို ကြပ်မတ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်ရှိသည်။

(ခ) မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေ သတင်း အချက်အလက်ဌာနတစ်ခုကို တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

၁၄၄။ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

## အခန်း (၂၁)

## ကင်းလွတ်ခွင့်၊ အခကြေးငွေပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့အတွက် လုပ်ပိုင်ခွင့်

**အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း**

၁၄၅။ (က) သက်ဆိုင်ရာဘဏ်ထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီတစ်ရပ်အဖြစ် ပြန်လည် ရယူကောက်ခံခွင့်ရှိစေရမည်-

(၁) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ပေးချေရမည့် အခကြေးငွေတစ်ရပ်ရပ်၏ ငွေပမာဏ၊

(၂) ဘဏ်က အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ် တစ်ရပ်ရပ်-

(ကက) ခန့်အပ်သည့် စာရင်းစစ်၊

(ခခ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့် အုပ်ချုပ်သူ တစ်ဦး၊

(၃) ဤဥပဒေအရ ဘဏ်ကပေးချေရမည့် ငွေရေးကြေးရေးပြစ်ဒဏ်တစ်ရပ်ရပ်။

(ခ) ဤပုဒ်မအရ ပြန်လည်ရရှိမည့်ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

**ဘဏ်ပိတ်ရက်များ ကြေညာခြင်း**

၁၄၆။ (က) ဗဟိုဘဏ်သည် နေ့ တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတော်ရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၄၇။ (က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်၏ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

(၁) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ မရှိ၊

(၂) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၃) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(၄) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြင်း ရှိ မရှိ။

(ခ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်ချက် တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့်ကာလအတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆို ဆောင်ရွက်မှုရှိစေရမည်။

(ဂ) ဗဟိုဘဏ်ကပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ ပေးလျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ် ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင်သာ စတင် စွဲဆိုရမည်။

**အချို့သော လွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၄၈။ ဘဏ် သို့မဟုတ် ယင်းဘဏ်၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများနှင့် ရရန် ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၁၀၇ အရ ဘဏ်၏ အစုရှယ်ယာများ နှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက် သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရ ကင်းလွတ်ခွင့်ရရှိလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

## အခန်း (၂၂)

## အီလက်ထရောနစ် သက်သေခံချက်

**အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်း သက်သေခံထင်ရှားစေခြင်း**

၁၄၉။ သက်သေခံအက်ဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များပါရှိစေကာမူ အီလက်ထရောနစ်စာတမ်း အမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရောနစ်စာတမ်း အမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများ**

၁၅၀။ (က) အောက်ပါနည်းလမ်း တစ်ရပ်ရပ်နှင့်ညီညွတ်သော အီလက်ထရောနစ် စာတမ်းအမှတ်အသားကို အကောင်းဆုံး သက်သေခံချက်နည်းလမ်းအဖြစ် လက်ခံနိုင်သည်-

(၁) အီလက်ထရောနစ် စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

(၂) အခိုင်အမာ သက်သေထင်ရှားပြသထားသည်ဟု မှတ်ယူခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက် မတင်ပြ နိုင်သည့်ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသော စာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက် မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရောနစ်စာတမ်း အမှတ်အသားစာသည် အကောင်းဆုံး သက်သေခံနည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

**အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုခြင်း**

၁၅၁။ ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စတွင် မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါ အထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှားပြနိုင်သည်-

(က) အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူ ပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန်လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို ထိခိုက်မှုမရှိကြောင်းနှင့် သံသယရှိစေသည့် အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

(ခ) အီလက်ထရောနစ်စာတမ်းအမှတ်အသားကို တင်သွင်းလိုသောပုဂ္ဂိုလ်၏ အကျိုးစီးပွား နှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်က မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊

(ဂ) အီလက်ထရောနစ် စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသော ပုဂ္ဂိုလ်၏ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပုံမှန် နှင့် သာမန်လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြစ်ခြင်း။

**ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ**

၁၅၂။ (က) တရားရုံးတစ်ရုံးသည် အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင်မခံနိုင်ဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ် အရ ဆုံးဖြတ်ရန်အလို့ငှာ သက်သေခံချက်ကို အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်းတင်သော သို့မဟုတ် သိမ်းဆည်းသော လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့်ပတ်သက်မှု ရှိခြင်း၊ အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန် နည်းလမ်းနှင့်သက်ဆိုင်သောစံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

(ခ) အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြင့် ဖော်ပြသော သတင်းအချက်အလက်တွင် ကိန်းဂဏန်းအချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာ အစီအစဉ်များ၊ ကွန်ပျူတာညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံး နိုင်ရန် ထည့်ထားသော အချက်အလက်များ ပါဝင်သည်။

## အခန်း (၂၃)

## တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ

၁၅၃။ (က) ဘဏ်သည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော တောင်းခံခြင်းမရှိသေးသည့် စာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

(ခ) ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆလျှင် ပိုင်ရှင်က ထုတ်ယူခြင်းမရှိသောငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅၄။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၅၅။ (က) ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၁၅၇။ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် နစ်နာသော ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို နစ်နာမှုအတွက် ငွေကြေးကို ချက်ချင်းပေးလျော်ရမည်။

## အခန်း (၂၅)

## တားမြစ်ချက်များ

၁၅၈။ မည်သူမျှ လိုင်စင်မရှိဘဲ ဘဏ်အဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၅၉။ မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၆၀။ မည်သူမျှ လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြ လျှောက်ထားခြင်းမပြုရ။

၁၆၁။ အောက်ပါအဖွဲ့အစည်းများမှအပ မည်သူမျှ လိုင်စင် သို့မဟုတ် ဗဟိုဘဏ်က စာဖြင့်ကြိုတင် ခွင့်ပြုချက်မရရှိဘဲ မိမိလုပ်ငန်းအမည်တွင် ဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ် လုပ်ငန်းရှင် သို့မဟုတ် ဘဏ်လုပ်ငန်းဆိုသည့် စာသားများကို အသုံးမပြုရ-

(က) ဘဏ်၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊

(ခ) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊

(ဂ) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊

(ဃ) ဘဏ်လုပ်ငန်းလုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊

(င) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့် ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

၁၆၂။ မည်သည့်နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင် လက်မှတ် မရှိဘဲ ကိုယ်စားလှယ်ရုံးဖွင့်လှစ်တည်ထောင်ခြင်းမပြုရ။

၁၆၃။ မည်သူမျှ လိုင်စင်မရှိဘဲ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၆၄။ မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် စာဖြင့် ကြိုတင် ခွင့်ပြုချက်မရှိဘဲ ငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်း၊ အငှားချထားသည့်လုပ်ငန်း၊ ကြွေးမြီများ ဝယ်ယူ ကောက်ခံသည့်လုပ်ငန်း၊ ချေးငွေတိုကင်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းစသည့် စကားရပ်ကို လည်းကောင်း၊ ထိုသို့သဘောသက်ရောက်သည့် ဖော်ပြချက်တစ်ခုခုကိုလည်းကောင်း အသုံးမပြုရ။

၁၆၅။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက် မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမပြုရ။

၁၆၆။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ မိမိလုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်ဖော်ပြခြင်း၊ လိမ်လည်ကြော်ငြာခြင်း မပြုရ။

၁၆၇။ လိုင်စင်ရရှိသူသည် မိမိ၏လိုင်စင်ကို အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၁၆၈။ လိုင်စင်ရရှိသူသည် ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မိမိဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(ခ) အခြားဘဏ်၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊

(ဂ) အခြားဘဏ်တစ်ခုခုနှင့်ပူးပေါင်းခြင်း၊

(ဃ) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဝယ်ယူခြင်း၊

(င) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ၎င်း၏ ဘဏ်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ရောင်းချခြင်း။

၁၆၉။ မည်သည့် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင် ထုတ်ဝေသူမဆို ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကို သော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့်စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်ခြင်းမပြုရ။

၁၇၀။ မည်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနမျှ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူ စည်းမျဉ်းများကို ချိုးဖောက်ခြင်းသော်လည်းကောင်း၊ ချေးငွေဆိုင်ရာ သတင်းအချက်အလက် အစီရင်ခံသည့်စနစ်အရ လိုအပ်သော ချေးငွေသတင်းအချက်အလက် အမှန်များကို ပေးရန်ပျက်ကွက်ခြင်း သော်လည်းကောင်း မပြုရ။

## အခန်း (၂၆)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၇၁။ မည်သူမဆို ပုဒ်မ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၂၊ ၁၆၃၊ ၁၆၇ နှင့် ၁၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်း ခံရမည်။

၁၇၂။ မည်သူမဆို ပုဒ်မ ၁၆၁၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၉ နှင့် ၁၇၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သန်း ၁၀၀ ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၃။ (က) ဗဟိုဘဏ် ဥက္ကဋ္ဌသည် အစိုးရရှေ့နေ၏ စာဖြင့်ရေးသားသော သဘောတူညီချက်ဖြင့် ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော စည်းမျဉ်းအရ ပြစ်မှုတစ်စုံတစ်ရာကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု အကြောင်းအားလျော်စွာ သံသယရှိသူက ပြစ်မှုကို ဆက်လက်ကျူးလွန်သည့်ကိစ္စတွင် နေ့စဉ်ပေးရမည့် ဒဏ်ငွေ ရှိလျှင် ယင်းဒဏ်ငွေအပါအဝင် ဒဏ်ငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏကို လက်ခံခြင်းဖြင့် သတ်မှတ်ထားသော အချိန်အတွင်း အမှုများကို ကျေအေးရန် ကမ်းလှမ်း နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကမ်းလှမ်းချက်တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ပြီးနောက် မည်သည့်အချိန်တွင် မဆိုပြုလုပ်နိုင်သည့်အပြင် ကမ်းလှမ်းချက်တွင် သတ်မှတ်သည့်အချိန်အတွင်း သို့မဟုတ် ဗဟိုဘဏ် ဥက္ကဋ္ဌက တိုးမြှင့်ပေးသည့်အချိန်အတွင်း ကမ်းလှမ်းချက်ပါ ငွေပမာဏကို မပေးသည့်အခါ ပြစ်မှုအတွက် တရားစွဲဆိုမှုကို အချိန်မရွေးပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေပမာဏတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမှုနှင့်စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်ခြင်း မပြုစေရ။

(ဃ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထပ်မံကျူးလွန်သော ပြစ်မှုတစ်စုံတစ်ရာကို ကျေအေးရန် အခွင့်အာဏာ မဖြစ်စေရ။

(င) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်သို့ပေးရသည့် ဒဏ်ကြေးတစ်စုံတစ်ရာကို တစ်စုတစ်ပေါင်းတည်းပေးသွင်းရမည်။

၁၇၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၂၇)

## အထွေထွေ

၁၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အထူးကုမ္ပဏီ အက်ဥပဒေတို့ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၁၇၆။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် ဥပဒေအရ လိုင်စင်ထုတ်ပေးခဲ့သော ဘဏ်သည် ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ယင်း၏ ဘဏ်လိုင်စင်ကို ဗဟိုဘဏ်သို့ ပြန်လည်အပ်နှံ ရမည်။ ဗဟိုဘဏ်သည် လိုင်စင်ပြန်လည် အပ်နှံသောဘဏ်များသို့ ဤဥပဒေ ပုဒ်မ ၁၁ အရ လိုင်စင် အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးရမည်။

၁၇၇။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့တွင် ဘဏ်သည် အစုရှယ်ယာဝင်များ၏ စာရင်းတစ်ရပ်နှင့်အရေးပါသော ပိုင်ဆိုင်မှုတစ်ရပ်ကို ပိုင်ဆိုင်သူအသီးသီးအတွက် အကျိုးခံစားခွင့်ရှိသူနှင့်ယင်းတို့၏ ပိုင်ရှင်များဆိုင်ရာ အခြားသောသတင်းအချက်အလက်၊ အသေးစိတ်အနေဖြင့် ဗဟိုဘဏ်၏ တောင်းဆိုမှုအတိုင်း ဤဥပဒေအာဏာ သက်ရောက်သောနေ့မှ တစ်နှစ်အတွင်း ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၁၇၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အားလုံးသည် ဤဥပဒေနှင့်မဆန့်ကျင်ပါက ဗဟိုဘဏ်မှ အတိအလင်း ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုလျှင် ဆက်လက်အတည်ဖြစ်သည်။

၁၇၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၈၀။ လိုင်စင်သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်အတွက်ဖြစ်စေ၊ အခြားမည်သည့်ကိစ္စအတွက်ဖြစ်စေ လျှောက်ထားချက်တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ဗဟိုဘဏ်သို့ တင်သွင်းသည့် အယူခံတစ်ရပ်ရပ်နှင့် အကျိုးသက်ဆိုင်သည့်နေ့မတိုင်မီအနီးကပ်ဆုံးဖြစ်သော ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤဥပဒေနှင့်လိုက်လျောညီထွေဖြစ်သည့်ပြဋ္ဌာန်းချက်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤဥပဒေနှင့်ဆန့်ကျင်ပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ယင်းကိစ္စရပ်များအားလုံးပျက်ပြယ်သည် ဟု မှတ်ယူရမည်။

၁၈၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ လိုင်စင်ရသူတစ်ဦးက ၎င်းဥပဒေနှင့်အညီ ဘဏ်စာရင်းဖွင့်ထားသူတစ်ဦးဦး သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်သူ၊ မြီစား၊ မြီရှင် သို့မဟုတ် အခြားသူတို့နှင့်ဥပဒေအရ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်များ၊ ဆက်သွယ်ရောင်းဝယ်မှုများ အားလုံးနှင့်ဥပဒေအရ ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းများအားလုံးကို ဤဥပဒေနှင့်အညီ တရားဝင် ပြုလုပ်ချုပ်ဆိုခဲ့သည်ဟု မှတ်ယူရမည့်အပြင် အလားတူအကျိုးသက်ရောက်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးတည်ဆဲဖြစ်သည့် အဆိုပါရောင်းဝယ်မှုများနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အရ အခွင့်အရေးသို့မဟုတ် တာဝန်ရှိမှုတစ်ခုခုကိုလည်း ဤဥပဒေအရ ဆက်လက်တရားဝင် အတည်ဖြစ်သည်ဟုမှတ်ယူရမည်။

၁၈၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၈၃။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သော တာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရ သော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အရေးယူခြင်းမပြုရ။

( ခ )  ဗဟိုဘဏ်၏ တာဝန်ပေးချက်အရ ဆောင်ရွက်သူတစ်ဦးသည် တရားစွဲဆိုခံရပါက ယင်းသို့ တရားစွဲဆိုခံရခြင်းအတွက် ခုခံချေပရန် ကုန်ကျစရိတ်များကို ဗဟိုဘဏ်က ကျခံရမည်။

၁၈၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၈၅။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁၆/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ခု၊ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၂ အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများ ကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၂ အရပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့်အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။

## အခန်း(၂)
## ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြား နည်းလမ်းများဖြင့် လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်း အတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံ စာချုပ်များ ရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ် ငွေများဖြည့်တင်းရန်အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့်ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များ အားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းအရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၂။ ဇယား(၁)၊(၃)နှင့်(၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေ များထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက် များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ဖြစ်စေ၊ အထူးကိစ္စရပ်အဖြစ် လွှတ်တော်အတည်ပြုချက်ဖြင့် ကြိုတင် သုံးစွဲခွင့်ပြုသည့်နည်းလမ်းဖြင့်ဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက် နှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း လေးဆယ့်ငါးသိန်းထက် မပိုစေရ။

## အခန်း(၃)

## ပြည်ပအကူအညီရယူခြင်း

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၅။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂) ၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်း၊ အထူးကိစ္စအဖြစ် ကြိုတင်သုံးစွဲခွင့်ပြုသည့် နည်းလမ်းတို့ဖြင့်ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေ ခွင့်ပြုသည့် နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၆။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၇။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅)နှင့်(၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
## အခန်း(၁)
## ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ

လက်ကျန် အခြေအနေအရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်များကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ပြည်ပချေးငွေအပေါ် အတိုးပေးငွေမှလွဲ၍ ကျန်သာမန်အသုံးစရိတ်အားလုံးကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါ က မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၉ (က) တွင် ဖော်ပြထားသည့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် သာမန်အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင်ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

## အခန်း(၂)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၈)အရ ခွင့်ပြု ထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများ နှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ဂ) သာမန်သုံးငွေ၊ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊

ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်း တစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများ နှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများ ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဓ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (စ)ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း(၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂ ပုဒ်မခွဲ(စ)အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့်မိမိတို့၏ ငွေကြေး အင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်း ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲ ရာတွင်လည်းကောင်း ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့် ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦး ရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့် အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄

## သီးသန့်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄) စာတိုင်(၄) တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်း များကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာ တွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့်(၁၂)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်

လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း၊ ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာ တွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက်

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေး အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေ တို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ဖော်ပြရမည်။

၄၀။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူထည့်သွင်းဖော်ပြရမည်။

၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ

ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသော အစိုးရငွေချေး သက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင် အမြတ် လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ၂၂ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်   ၁  ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ   ၂၅   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ဤဥပဒေပုဒ်မ ၁၉ ပါ  လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံ သည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန် အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း(၂)
## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း(၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း(၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

## အခန်း(၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကိုကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၃ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | (င) စီးကရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ၅၆ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၉ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၁ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၉ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၁ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၄၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၁၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၃၈ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၈၈ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၁၃ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
| --- | --- | --- | --- |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၃၇၅ ကျပ် |
| | ( တ ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| | ( ထ ) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၆၀ % |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာကျပ် ၅၀ |
| | ( ခ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၅၀ |
| | ( ဂ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၂၅၀ |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၃၅၀ |
| | ( င ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၄၅၀ |
| | ( စ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၅၅၀ |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၆၅၀ |
| | ( ဇ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၇၅၀ |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( ဈ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၉၀၀ |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၁၀၀ |
| | ( ဋ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၃၀၀ |
| | ( ဌ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၅၀၀ |
| | ( ဍ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၇၀၀ |
| | ( ဎ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၉၀၀ |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာကျပ် ၃၀၀၀ |
| | ( တ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| | ( ထ ) ဝိုင်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်း ဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၅၀% |
| ၁၁။ | ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ် လက်မပတ်လည်နှင့် အထက်ကျွန်းနှင့် သစ်မာသစ်ခွဲသားများ။ | | ၂၅ % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာ အရိုင်းထည်များ။ | | ၂၀ % |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာ များ။ | | ၅ % |
| ၁၄။ | Double Cab 4 Door Pickup မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၂၅ % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက် လေယာဉ်ဆီ။ | | ၅ % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် ရောင်းရငွေအပေါ် သုညရာခိုင်နှုန်းဖြင့် အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များ နှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့။ | ၈% |
| (၂) | ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့် သစ်မာသစ်ခွဲသားများ။ | ၅၀% |
| (၃) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၂၀% |
| (၄) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့်လက်ဝတ်ရတနာများ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍ နှင့်ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာ ကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |

| | |
|---|---|
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနု ဆီဖတ်စသည့်ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုတ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၉ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၄၀ | ပုစွန်ဖွဲ့၊ ငါးပေါင်းမှုန့်။ |
| ၄၁ | ငါး/ပုစွန် စသည့်ရေထွက်ပစ္စည်းများကို အခြေခံထုတ်လုပ်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များ။ |
| ၄၂ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၃ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၄ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၅ | ချင်း။ |
| ၄၆ | ငါးပိအမျိုးမျိုး။ |
| ၄၇ | မန်ကျည်းမှည့်။ |
| ၄၈ | နိုင်ငံတော်အလံ။ |
| ၄၉ | စိပ်ပုတီးအမျိုးမျိုး။ |
| ၅၀ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၅၁ | ထင်းအစားထိုး လောင်စာတောင့်။ |

| | |
|---|---|
| ၅၂ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၃ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၄ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၅ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်တို့)။ |
| ၅၆ | ရေနံချေး။ |
| ၅၇ | ဆားအမျိုးမျိုး။ |
| ၅၈ | ကြက်ပေါင်စေး။ |
| ၅၉ | ကွမ်းသီး။ |
| ၆၀ | ဓာတ်မြေဩဇာ။ |
| ၆၁ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၆၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေး လုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၆၃ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၄ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။ |
| ၆၅ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၆ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၇ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ(ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့်ပစ္စည်းများအတွက်သာ)။ |
| ၆၈ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ(ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင် တင်သွင်းသည့် ပစ္စည်းများအတွက်သာ)။ |
| ၆၉ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံး ဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ)။ |
| ၇၀ | ဆေးဝါးကုန်ကြမ်းများ။ |
| ၇၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြု နိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံ အမျိုးမျိုး။ |
| ၇၂ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၃ | ကွန်ဒုံး (Condom)။ |
| ၇၄ | နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော် အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |

| | |
|---|---|
| ၇၅ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၆ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၇ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၉ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များ။ |
| ၈၀ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၈၁ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၈၂ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့် ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၈၄ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၅ | လေယာဉ် သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၆ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များ အပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပ ဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း)။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၄ | နာရေးဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၂၃ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေး ဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၈ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့်အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ )။ |

( င ) ပုဒ်မခွဲ(ဃ)ပါဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

( စ ) ပြည်တွင်းလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများ အားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း အတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

( ခ ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများ အတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း(၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများ အတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့် ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ် ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း ဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်း တစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်း ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေ ရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀၀,၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀၀,၀၀,၀၀၁ - ၁၀၀၀,၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀၀,၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်-

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| (၂) | ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁)နှင့်အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့်ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်းဝင်ငွေ ကျပ်သိန်း ၁၀၀ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့်ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင်ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှု အပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့်စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ**

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက် လိုင်စင်ခများ၊

( ဂ ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေများ၊

( င ) တံဆိပ်ခေါင်းခွန်၊

( စ ) မှတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

( ဇ ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

( ဈ ) ရေခွန်၊

(ည) တာတမံခွန်၊

( ဋ ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

( ဌ ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ )

( ဍ ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

( ဎ ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊

( ဒ ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း(၉)
## အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

၄၀။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့် အဖွဲ့အား လည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား ( ၁ )

## ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်

## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆- ၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၈၆,၉၃၉.၈၄၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀.၃၁၁ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၆၂၉,၉၂၉.၇၄၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅,၇၆၂.၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀,၀၀၀.၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်း လိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၈၁,၄၇၀.၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၇,၇၁၀.၀၀၀ |
| | ၇ | သတ္တုတွင်းဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၄၆၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက်လိုင်စင်ကြေး၊ | ၆၆၇.၇၉၁ |
| | ၉ | ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၀၀,၀၀၀.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၃၇၀,၄၃၄.၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၇၀,၄၃၄.၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၄၇၅,၀၀၀.၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၇၅,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၇,၃၈၄.၃၃၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁.၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃.၇၂၃ |

| အမှတ်စဉ် | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆- ၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၈၈၆.၂၆၅ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃.၈၅၅ |
| ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၃၀၃.၈၀၀ |
| ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၇၁၀,၆၁၃.၇၁၄ |
| ၈ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၉,၅၄၀.၀၀၀ |
| ၉ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၄၂,၅၉၅.၁၄၉ |
| ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူ သည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၀,၄၂၆.၃၂၀ |
| | | **စုစုပေါင်း** | **၆,၂၁၉,၇၅၈.၈၂၈** |

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင် စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂ တွင် –

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညို့နီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ထုံကုံး၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုးအုပ်စုဝင်ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ ပါဝင်သော ရတနာတန်းဝင် ကျောက်များ နှင့်သတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ခ) ၏ အောက်တွင် ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက် ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချော ထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာ အချောထည်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်းစသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ် ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဂ) ကို ပုဒ်မခွဲ (င) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

(ဃ) ပုဒ်မခွဲ (င) ၏ အောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(စ) **ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း** ဆိုသည်မှာ ကျောက်မျက် ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက် ရတနာပါဝင်သော ပစ္စည်းကို ဆိုသည်။"

( င ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မခွဲ (ဇ) တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

( စ ) ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည် –

"( ဈ ) **လိုင်စင်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေ အရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (ည) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုး ရမည်–

"(ည) **ရတနာခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ကျောက်မျက်ရတနာ အရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။"

( ဇ ) ပုဒ်မခွဲ (ည) ၏အောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"( ဋ ) **ဝန်ဆောင်ခ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက် ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက် ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူး ကျင်းပသော ကျောက်မျက် ရတနာပြပွဲများတွင် မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် ဤဥပဒေ နှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။"

( ဈ ) ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မခွဲ (ဋ) တို့ကို ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ) နှင့် ပုဒ်မခွဲ (ဏ)တို့ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ည) ပုဒ်မခွဲ (ဏ) ၏အောက်တွင် ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲ (ထ)၊ ပုဒ်မခွဲ (ဒ)၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲ (ပ)၊ ပုဒ်မခွဲ (ဖ)၊ ပုဒ်မခွဲ (ဗ)၊ ပုဒ်မခွဲ (ဘ) နှင့် ပုဒ်မခွဲ (မ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(တ) **အကြီးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏအရ စီးပွားဖြစ် ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ပါဝင်သော ၁၀ နှစ် အထိ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက် အကျယ်အဝန်း၊ တူးဖော်မည့်နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ ပါဝင်သော ငါးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဒ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်း အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပ ဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ပါဝင်သော သုံးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဓ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး သတ္တုတွင်း ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက် မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ တစ်နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(န) **လစ်လပ်လုပ်ကွက်** ဆိုသည်မှာ ကျောက်မျက်ရတနာတူးဖော်ရန် ခွင့်ပြုထားသော ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။

(ပ) **မြေအသုံးပြုခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့်တဲ၊ တန်းလျားများ ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက်လည်းကောင်း၊ မြေစာ ဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက် လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

(ဖ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

(ဗ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) အရ ထုတ်ပေးသည့် လုပ်ငန်းအတွက် လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(မ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃ တွင် –

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကုမ္ပဏီနှင့်သမဝါယမအသင်းများ" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ) ၏အောက်တွင် ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(င) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန်။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည် –

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန်ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေ အဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့်သက်ဆိုင်ရာ နယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာ ဆုံးရှုံးနိုင်ဖွယ်ရာ ရှိ မရှိနှင့်စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သောအခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေ ရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘော တူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့် အညီ လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့်အဆောက်အအုံများ၊ ပစ္စည်းများနှင့်စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုလျှင် အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့်ဖယ်ရှားခြင်းပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့်နစ်နာဆုံးရှုံးမှုအတွက်ကိုမျှ ပေးလျော်ရန် တာဝန်မရှိစေရ။”

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“၄–က။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့် နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာလူနေအိမ်များတိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။”

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင်ပါရှိသော “ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း” ဆိုသည့် စကားရပ်ကို “ခွင့်ပြုမိန့်ရရှိသူ” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော “အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ” ဆိုသည့်စကားရပ်ကို “အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင် ခွင့်ပြုရန် အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့်နေရာများကို အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။”

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၉။ သတ္တုတွင်းဝန်ကြီးဌာနသည် –

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ပြီးသော အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။”

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၁၁။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သတ္တုတွင်းဝန်ကြီးဌာနက အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူသည့်အခါ အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။”

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၁၂။ သတ္တုတွင်းဝန်ကြီးဌာနသည် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါသတ်မှတ်ချက်များနှင့်ညီညွတ်ပြီး ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။”

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂–က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် –

“၁၂–က။ သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။”

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် –

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာလုပ်ကွက်များ၏ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့် သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် ဈေးနှုန်းပြန်လည် သတ်မှတ်ပြီး

ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် သက်တမ်း တိုးမြှင့်ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"၁၃-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။"

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာဒေသ အတွင်းရှိမြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။"

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည် သတ်မှတ်ရမည်။

(ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော ဈေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပါရှိသော "လုပ်ကိုင်ခွင့်သက်တမ်း" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်သက်တမ်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-က တွင် ပါရှိသော "ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူက" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၁၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅–ခ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၁၅–ခ။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ရတနာနယ်မြေတွင် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိစေရန် လျှောက်ထားခွင့်ပြုနိုင်သည်။"

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅–ဂ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) ပါ "ပါမစ်" ဆိုသည့်စကားရပ်များကို "မြေအသုံးပြုခွင့်ပြုမိန့်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

၂၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာ ရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။"

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင် –

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများပြုလုပ်ခွင့် ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက် ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်း –

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့် ရှိသည်။

(၃) သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့်မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာ ပြပွဲများ ပြုလုပ်၍ ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့် ရှိသည်။

(၅) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ တည်ဆဲဥပဒေများနှင့်အညီ ရောင်းချခွင့်ရှိသည်။

(၇) ပြည်ပကျောက်မျက်ရတနာ ပြပွဲများတွင် တည်ဆဲဥပဒေနှင့်အညီ သွားရောက် ရောင်းချခွင့်ရှိသည်။"

၂၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၉။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ် လိုအပ်သောကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သောစက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။"

၂၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၂၀။ မည်သူမဆို ဆိုင်ခန်းဖွင့်လှစ်၍ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။"

၂၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။"

၂၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၃။ လိုင်စင်ရရှိသူသည် –

(က) ခွင့်ပြုမိန့်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာ ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ခွင့်များရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ပြုလုပ်ထားသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်း –

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။"

၂၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၆ တွင် –

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) ခွင့်ပြုမိန့်ရသူက ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ မိမိထံပြသသော ကျောက်မျက်ရတနာအရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ် အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊"

၂၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ အခန်း (၉) ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ရမည် –

**"အခန်း (၉)**

**ရတနာခွန်နှင့်ဝန်ဆောင်ခပေးဆောင်ခြင်း"**

၂၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၈။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။"

၃၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၉။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၀။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန် ပေးဆောင်ပြီးသော –

(က) ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

(ခ) ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၁ ကို ပယ်ဖျက်ရမည်။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၂ တွင် –

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ အောက်တွင် ပုဒ်မခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး ပုဒ်မခွဲငယ် (၄) ကို ပုဒ်မခွဲငယ် (၅) အဖြစ် ပြန်လည် အမှတ်စဉ်ရမည်–

"(၄) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင်များ ကိုယ်စားလှယ် (၃) ဦး"

(ခ) ပုဒ်မခွဲ (ခ) ၏အောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၃၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄ တွင် –

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ခ) ရတနာနယ်မြေ သတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက်အမျိုးအစား သတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅–က အရ အများသုံး မြေစာပစ်ရန် နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅–ခ ပါ လုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့်ပြုမိန့်အတွက် မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ သတ္တုတွင်းဝန်ကြီး ဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ဂ) ပုဒ်မခွဲ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဓ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာအချောထည်နှင့်လက်ဝတ်ရတနာ ဈေးကွက်ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်အား ကြီးမှူးကျင်းပစေခြင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင်

နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊”

(ဃ) ပုဒ်မခွဲ (ဇ) ၏ အောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(ဈ) ကျောက်မျက်ရတနာ ဈေးကွက်ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချရန် ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ဖွဲ့စည်းခြင်းနှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း။”

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော “စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာန” ဆိုသည့်စကားရပ်ကို “သတ္တုတွင်းဦးစီးဌာန” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ၏ အောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်၍ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မခွဲ (ဃ) နှင့် (င) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်–

“(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊”

၃၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ “စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာနမှ” ဆိုသည့်စကားရပ်ကို “သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း တစ်ခုခုမှ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၃၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ ကိုယ်စားစီမံအုပ်ချုပ်သူတစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း သတ္တုတွင်းဝန်ကြီး ဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

(က) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ရရှိသူအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း။”

၄၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၉ တွင်ပါရှိသော "တရားမဝင်" ဆိုသည့်စကားရပ်ကို "ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော "ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်းဒဏ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ် "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပုဒ်မ ၄၀ ၏ နောက်တွင် ပုဒ်မ ၄၀-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"၄၀-က။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ပြည်ပသို့ ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

၄၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၀ နှင့် ၄၁ တို့တွင်ပါရှိသည့် "ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနှစ်နှစ် အထိ "ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ရယူခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဖြစ်စေ လိုင်စင်မရရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်း။"

၄၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) နှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၄၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃-က။ မည်သူမဆို ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မြေအသုံးပြုခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၄၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "အသုံးပြုသည့်ယာဉ်" ဆိုသည့် စကားရပ်၏ နောက်တွင် "ယန္တရား"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည် ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက် နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။"

၄၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၇။ သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် ဤဥပဒေအရ ရရန်ရှိသော ငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရမည်။"

၅၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၉ ကို ပယ်ဖျက်ရမည်။

၅၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ် ရတနာပြုလုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းရောင်းချခြင်း လုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။"

၅၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၃ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၃။ ဤဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့်ကုမ္ပဏီ သို့မဟုတ် အသင်းကိုမဆို-"

၅၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့်ညွှန်ကြားချက်များကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ

( ၂၀၁၆ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ( ၁ )

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်–

(က) **စုပေါင်းပိုင်အဆောက်အအုံ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်း ပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံအဖြစ် ဆောက်လုပ်ထားသော ၆ ထပ်နှင့်အထက် ရှိသည့် အထပ်မြင့်အဆောက်အအုံကိုဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိသည့် စုပေါင်းပိုင်ပစ္စည်းနှင့် အိမ်ခန်းများလည်း ပါဝင်သည်။

(ခ) **စုပေါင်းပိုင်ပစ္စည်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် ဆက်စပ်လျက်ရှိသော အောက်ပါ ပစ္စည်းများ ပါဝင်သည်–

(၁) ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေ၊

(၂) ယင်းစုပေါင်းပိုင်မြေတွင် ဆောက်လုပ်ထားသော တစ်ဦးချင်းပိုင် အိမ်ခန်းများမှအပ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် စုပေါင်းပိုင်အဆောက်အအုံ၏ အစိတ်အပိုင်းများ၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊

(၃) စုပေါင်းပိုင်သူများ၏အကျိုးအတွက် အသုံးပြုရန်ဆောက်လုပ်ထားသော သို့မဟုတ် စီမံထားရှိသော အဆောက်အအုံများ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ နှင့်ပစ္စည်းများ၊ ဝင်းခြံ၊ ဥယျာဉ်နှင့် သစ်ပင်ပန်းမန်များ၊ ရေပေးရေး၊ အညစ်အကြေး စွန့်ပစ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးရေးဆိုင်ရာပစ္စည်းများ၊ လမ်းတံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ။

(ဂ) **စုပေါင်းပိုင်မြေ** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းတည်ရှိသော စုပေါင်းပိုင်သူအားလုံးက တည်ဆဲဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သည့် မြေနှင့်မြေ ကွက်လပ်တို့ကို ဆိုသည်။

(ဃ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(င) **တည်ထောင်သူ** ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံပြီး စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ဤဥပဒေအရထုတ်ပေးသော လုပ်ငန်းလိုင်စင် ရရှိသည့်

ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများ မပါဝင်။

( စ ) **စုပေါင်းပိုင်သူ** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်း သို့မဟုတ် အိမ်ခန်းများကို ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ကြောင်း အိမ်ခန်းမှတ်ပုံတင်လက်မှတ် ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင် လွှဲပြောင်းရရှိသူလည်း ပါဝင်သည်။

(ဆ) **မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုး** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်း အသီးသီးအတွက် လွှဲပြောင်းသည့်တန်ဖိုးအလို့ငှာလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက် လည်းကောင်း သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် တည်ထောင်သူက သတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုးကို ဆိုသည်။

( ဇ ) **အိမ်ခန်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် အမှုဆောင် အဖွဲ့၏ခွင့်ပြုချက်ဖြင့် အခြားနည်းသုံးစွဲရန် တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ ဆောက်လုပ်ထားသော အိမ်ခန်းကို ဆိုသည်။

( ဈ ) **အသင်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေအရထုတ်ပေးသော အသင်းမှတ်ပုံတင်လက်မှတ်ရရှိသည့် စုပေါင်းပိုင် အဆောက်အအုံအသင်းကို ဆိုသည်။

(ည) **အသင်းဝင်** ဆိုသည်မှာ အသင်းမှတ်ပုံတင်လက်မှတ်ရရှိသော စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

( ဋ ) **အမှုဆောင်အဖွဲ့** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်း စောင့်ရှောက်ရန်အလို့ငှာ စုပေါင်းပိုင်အသင်း၏ ဖွဲ့စည်းထားသော စုပေါင်းပိုင်အဆောက်အအုံ အမှုဆောင်အဖွဲ့ကို ဆိုသည်။

( ဌ ) **ယာယီအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စုပေါင်းပိုင်အဆောက်အအုံ ယာယီ အမှုဆောင်အဖွဲ့ကို ဆိုသည်။

( ဍ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

( ဎ ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများနှင့် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီတို့ကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနက ခန့်အပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိကိုဆိုသည်။

## အခန်း ( ၂ )
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြို့ပြနှင့် ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(ခ) အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(ဃ) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်။

## အခန်း ( ၃ )
## စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒေသအလိုက် အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေး ကော်မတီများကို အောက်ပါပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန် ပေးအပ်သော ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှတစ်ဦး | အဖွဲ့ဝင် |
| (စ) | မြန်မာနိုင်ငံဗိသုကာအသင်းမှတစ်ဦး | အဖွဲ့ဝင် |
| (ဆ) | မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တစ်ဦး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | အတွင်းရေးမှူး |
| (ဈ) | ဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | တွဲဖက်အတွင်းရေးမှူး |

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒေသအလိုက် အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းရမည်–

(က) နေပြည်တော် ကောင်စီဝင် ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်

(ဂ) နေပြည်တော်ကောင်စီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်

(ဃ) နေပြည်တော်ကောင်စီ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(င) ဦးစီးဌာနက တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူး တစ်ဦး အတွင်းရေးမှူး

(စ) ဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး တွဲဖက်အတွင်းရေးမှူး

၆။ စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဒေသအတွင်း ဝန်ကြီးဌာန၏မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြဒေသများတွင် ခေတ်မီအဆောက်အအုံများနှင့် စုပေါင်းပိုင် အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံများ တည်ဆောက်ရာတွင် ခေတ်မီတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအား လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ဃ) စုပေါင်းပိုင်အဆောက်အအုံများဆောက်လုပ်ရာတွင် သတ်မှတ်ဒီဇိုင်းပုံစံ စံချိန်စံညွှန်းနှင့် အညီ ဆောက်လုပ်စေရန် စစ်ဆေးကြပ်မတ်ခြင်း၊ အတိုင်ပင်ခံ အရည်အသွေး စစ်ဆေး ကြပ်မတ်ရေးအဖွဲ့များ ငှားရမ်းကြီးကြပ်၍ ဆောက်လုပ်စေခြင်း၊

(င) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဆောက်လုပ်ရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(စ) စုပေါင်းပိုင်အဆောက်အအုံများ၏ ဘေးကင်းစိတ်ချလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းစဉ်များအလိုက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) တည်ထောင်ဆောက်လုပ်ပြီးဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များ ချမှတ်၍ အမှုဆောင်အဖွဲ့များအား လိုအပ်သော ပံ့ပိုးကူညီမှုများပေးခြင်း၊

(ဇ) စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် တည်ထောင်သူ သို့မဟုတ် တည်ထောင်သူမရှိသည့်အခါ သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံ အမှုဆောင်အဖွဲ့က တင်ပြသော မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးကို စိစစ်၍ သဘောတူညီချက်ပေးခြင်း၊

(ဈ) အသင်း၏ ရန်ပုံငွေစာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ (က) စုပေါင်းပိုင်အဆောက်အအုံကဏ္ဍဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ခ) စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနပြုခြင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာဆည်းပူးခြင်းနှင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို အရေးယူဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုခြင်း။

## အခန်း (၅)

## မှတ်ပုံတင်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်ခြင်း

၈။ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။

၉။ တည်ဆောက်သူသည် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ရမည်။

၁၀။ စုပေါင်းပိုင်အဆောက်အအုံဆောက်လုပ်ရန် အလို့ငှာ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်လိုသည့် မြေသည်−

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူနေအိမ်ရာအဖြစ် ဆောက်လုပ်ခွင့်ရှိရမည့်အပြင် ပိုင်ဆိုင်ခွင့် လွှဲပြောင်းနိုင်သော မြေအမျိုးအစား ဖြစ်ရမည်။

(ခ) မြေလက်ရှိပိုင်ဆိုင်သူက သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စုပေါင်းပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးပြီး ဖြစ်ရမည်။

(ဂ) မြို့ပြစီမံကိန်းအရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သတ်မှတ်ထားသည့် အချက်များနှင့်အညီ ဖြစ်ရမည်။

(ဃ) မြေဧရိယာ အနည်းဆုံး စတုရန်းပေ ၂၀၀၀၀ နှင့်အထက် ရှိရမည်။

၁၁။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် သတ်မှတ်အထပ်အရေအတွက်၊ အိမ်ခန်းအရေအတွက်၊ လုံလောက်သော ယာဉ်ရပ်နားရန်နေရာနှင့် စုပေါင်းပိုင်သူများအသုံးပြုရန် စီမံ ထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် ယင်းအဆောက်အအုံနှင့်ပစ္စည်းများ၏ နည်းပညာအဆင့်အတန်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အပါအဝင် လိုအပ်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားရမည်။

၁၂။ (က) ဤဥပဒေအာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အအုံ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် ပုဒ်မ ၉ နှင့် ၁၀ တို့နှင့်အညီ မှတ်ပုံတင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထား ရမည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားသည့် စုပေါင်းပိုင် အဆောက်အအုံကို ဤဥပဒေအရ မှတ်ပုံတင်ပေးနိုင်ရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လိုအပ်သည့်အချက်များကို ပြင်ဆင်ဆောင်ရွက်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၃။ (က) စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်သူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထား သည့် အနည်းဆုံး မတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က)အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လုပ်ငန်းလိုင်စင်ကြေးပေးဆောင်စေပြီး

စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။ သို့မဟုတ် သတ်မှတ်ချက်များနှင့် မညီညွတ်ပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းဆို နိုင်သည်။

(ဂ) တည်ထောင်သူသည် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီသို့ လျှောက်ထားနိုင်သည်။

၁၄။ (က) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်လိုပါက စုပေါင်းပိုင် မြေနှင့်အဆောက်အအုံတစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ၊ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင် ပစ္စည်းများနှင့် မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က) အရ တင်ပြလျှောက်ထားချက်အပေါ် ခွင့်ပြုချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ တည်ထောင်သူသည် −

(က) ပုဒ်မ ၁၄ အရ ထုတ်ပေးသော ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသား များအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့် ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် နိုင်ငံတော်ကိုယ်စား အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့တစ်ခုခုက ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုထားသော မြေတစ်ခုခုအပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံကို ဤဥပဒေနှင့်အညီ တည်ထောင် ဆောက်လုပ်နိုင်သည်။

## အခန်း (၆)
## မှတ်ပုံတင်ခြင်း

၁၆။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည်။

(ခ) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

(ဃ) စုပေါင်းပိုင်မြေကို မူလပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် အမည်လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဆောင်ရွက်ရမည်။

၁၇။ စုပေါင်းပိုင်မြေအဖြစ် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသောမြေသည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၈။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကိုလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင်လက်မှတ်များကို တည်ထောင်သူအား ထုတ်ပေးပြီး အိမ်ခန်းမှတ်ပုံတင်လက်မှတ်မိတ္တူကို ထိန်းသိမ်းထားရမည်။ တည်ထောင်သူသည် ယင်းအိမ်ခန်းများကို ပုဒ်မ ၂၀ အရ လွှဲပြောင်းသည့်အခါ အိမ်ခန်းလက်ခံရရှိသူသို့ သက်ဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းပေးရမည်။

၂၀။ မှတ်ပုံတင်ထားသော အိမ်ခန်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သည့်အခါ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်–

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

(ခ) ရောင်းချခြင်း၊

(ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏ အမိန့် သို့မဟုတ် ဒီကရီအရ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းနှင့် လွှဲအပ်ခြင်း။

၂၁။ (က) တည်ထောင်သူသည် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင် ရမည်။

(ခ) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းကို လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ် ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၂၂။ ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင် သည့်အခါ–

(က) လွှဲပြောင်းလက်ခံရရှိသော စုပေါင်းပိုင်သူသည် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများကို သီးခြားမှတ်ပုံတင် စာအုပ်ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၃။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်း ပြီးနောက် လွှဲပြောင်းသည့်စာချုပ်စာတမ်းကို သတ်မှတ်သည့် ကာလထက်ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သော ဒဏ်ကြေးကိုလည်း ပေးဆောင် ရမည်။

## အခန်း ( ၇ )
## တည်ထောင်သူများ၏ အခွင့်အရေးနှင့် တာဝန်များ

၂၄။ တည်ထောင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပူးတွဲတည်ထောင်သူ ခန့်အပ် ဆောင်ရွက်နိုင်ခြင်း၊

(ခ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်မပြီးမီ အိမ်ခန်းများကို ကြိုတင်ရောင်းချနိုင်ခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသား များအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခြင်း။

၂၅။ တည်ထောင်သူ၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ခြင်း၊

(ခ) သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) စုပေါင်းပိုင်မြေကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ စုပေါင်းပိုင် အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(င) စုပေါင်းပိုင်အဆောက်အအုံတည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံ တစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(စ) ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ခြင်း၊

(ဆ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ခွင့် ရရှိပါက စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(ဇ) ပူးတွဲတည်ထောင်သူနှင့် သက်ဆိုင်သော အကြောင်းအရာများကို စီမံခန့်ခွဲရေးကော်မတီသို့ အကြောင်းကြားခြင်း၊

(ဈ) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် စတင်ရောင်းချသည့်အချိန်တွင် မှတ်ပုံတင် အရာရှိထံ အကြောင်းကြားခြင်း၊

(ည) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် နိုင်ငံခြားမှတရားဝင်ငွေလွှဲပို့သော နိုင်ငံခြား ငွေဖြင့်သာ ရောင်းချခြင်း၊

(ဋ) စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်စေရန်လည်းကောင်း၊ သတ်မှတ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းများ ပြည့်စုံစွာပါရှိစေရန်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဌ) စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်း အတွက် တည်ဆဲဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း။

## အခန်း (၈)

## စုပေါင်းပိုင်သူများ၏ အခွင့်အရေးနှင့် တာဝန်များ

၂၆။ စုပေါင်းပိုင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ အိမ်ခန်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံ ရရှိသူ အမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ပြီးသည့်အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား တည်ဆဲဥပဒေနှင့်အညီ ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား တည်ဆဲဥပဒေနှင့်အညီ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်း ထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသား များအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(င) အိမ်ခန်းကို ဘဏ်တွင် ပေါင်နှံခွင့်ရှိသည်။

(စ) အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏အတွင်းပိုင်းကို စုပေါင်းပိုင် အဆောက်အအုံ၏မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များရှိသည်။

(ဆ) အသင်း၏ ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဇ) စုပေါင်းပိုင်မြေကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာရေးနာရေးကိစ္စအတွက် ယာယီ အသုံးပြုခွင့်ရှိသည်။

(ဈ) အသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အသင်းသား စုံညီအထူး အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခုအတွက် မဲပေးခွင့်၊ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့် ရှိသည်။

၂၇။ စုပေါင်းပိုင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိ၏မူလ အချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့်အိမ်ခန်းကို အငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်း ခံရသူနှင့် သီးခြားသဘောတူညီချက်မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

( ခ ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ သန့်ရှင်းရေးနှင့် လုံခြုံရေးစနစ် ကောင်းမွန်စေရေး အတွက်လည်းကောင်း စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

( ဂ ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့်ထားခြင်း ပြုပါက အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များ နှင့်အညီ အမှုဆောင်အဖွဲ့သို့ ကြိုတင်အသိပေးရမည်။

( င ) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့်ဖြစ်စေ၊ အိမ်ခန်းကိုအပေါင်ခံ၍ လက်ရောက် ရယူထားသူကြောင့်ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူကြောင့်ဖြစ်စေ စုပေါင်းပိုင် အဆောက်အအုံ သို့မဟုတ် စုပေါင်းပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

( စ ) မိမိ၏ အိမ်ခန်းအတွင်းပိုင်းကို အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အမှုဆောင်အဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် အိမ်ခန်းကို အခြားနည်းသုံးစွဲခြင်း ပြုနိုင်သည်။

## အခန်း (၉)

## စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်း

၂၈။ စုပေါင်းပိုင်အဆောက်အအုံ တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို မိမိတို့၏ဆန္ဒအလျောက် ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်လိုလျှင် အသင်း၏အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသား စုံညီအထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၉။ (က) အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၈ အရ ချမှတ်သော သဘောတူဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

( ခ ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် တင်ပြချက်ကိုစိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ဂ ) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်သူများသိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၃၀။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက်မိတ္တူနှင့် အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီအထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် မိတ္တူတို့ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

( ခ ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် လိုအပ်သော ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရမည်။

၃၁။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင်အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရာတွင် လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း ယင်းစုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လုံခြုံရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူဖယ်ရှားနိုင်သည်။

၃၂။ (က) စုပေါင်းပိုင်အဆောက်အအုံသည် ဘေးအန္တရာယ်ရှိသောအဆောက်အအုံအဖြစ် သက်ဆိုင်ရာက သတ်မှတ်လာလျှင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဖြိုဖျက်ရမည်။

(ခ) ထိုသို့ ဖြိုဖျက်ခဲ့သည့် စုပေါင်းပိုင်မြေအပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံအဖြစ် ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် အခြားနည်းအသုံးပြုခြင်းများကို သတ်မှတ်သည့်နည်းလမ်းများ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက် တစ်ခုခုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၀ အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက် ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့အသီးသီးအတွက် ထိုပြစ်မှုတွင်ပြဋ္ဌာန်းထားသော အများဆုံး ချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၆။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံ ယာယီကြီးကြပ်မှုအဖွဲ့ နှင့်အသင်းဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ စီမံခန့်ခွဲရေးကော်မတီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနမှ တာဝန်ခံဆောင်ရွက်ရမည်။

၃၈။ မှတ်ပုံတင်အရာရှိသည်−

(က) ပုဒ်မ ၂၃ အရ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)အရ အချိုးကျ သတ်မှတ်ထားသည့် ရန်ပုံငွေကို ထည့်ဝင်ရန် သုံးလထက်မနည်း ပျက်ကွက်လျှင် သို့မဟုတ် ထည့်ဝင်ရန် ငြင်းဆန်လျှင် ပျက်ကွက်သူထံမှ ယင်းရန်ပုံငွေကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်–

(က) **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ တာဝန် ထမ်းဆောင်ခဲ့သူကို ဆိုသည်။

(ခ) **ကိုယ်ရံတော်** ဆိုသည်မှာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန် ပြည်ထဲရေးဝန်ကြီး ဌာနက ခန့်အပ်သူကို ဆိုသည်။

(ဂ) **လုံခြုံရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ရံတော် ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေး ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီး နောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုများ နှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ် ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

## အခန်း (၃)

## နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း

၄။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေး အတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူ တစ်ဦးကို ကိုယ်ရံတော်အဖြစ် ညှိနှိုင်းခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏ လစာနှင့်စရိတ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင် မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က) အရ အကြောင်းကြားလျှင် ကိုယ်ရံတော် အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)အရ ကိုယ်ရံတော် အဖြစ်မှ ရပ်စဲပါက နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏ နေရာတွင် ကိုယ်ရံတော်တစ်ဦး ဖြည့်စွက်ခန့်ထားရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က) အရ အမည်စာရင်း တင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူကို လည်းကောင်း၊ ယင်း၏ နေအိမ်နှင့်ပရိဝုဏ်ကို လည်းကောင်း ကာကွယ်စောင့်ရှောက်ရန် လုံခြုံရေးအဖွဲ့ကို သတ်မှတ်ချက်များ နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌ သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ် စောင့်ရှောက်ရမည်။

## အခန်း (၄)
## နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ဆောင်ရွက်ချက်အပေါ်အကာအကွယ်ပေးခြင်း

၁၀။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။

## အခန်း (၅)
## အထွေထွေ

၁၁။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း (၃) အရ လုံခြုံရေးအကာအကွယ် ပေးခြင်းကို နိုင်ငံတော်သမ္မတရာထူးသက်တမ်း ကုန်ဆုံးသည့် နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းရွှေ့နေရာချထားခြင်း ပြုနိုင်သည်။

၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီး ဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုလိုသည်။

(ခ) **အတိုင်ပင်ခံပုဂ္ဂိုလ်** ဆိုသည်မှာ အခန်း (၂) ပါရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုလိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ (က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊

(ဂ) ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

## အခန်း (၃)

## တာဝန်ပေးအပ်ခြင်း

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက် ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

## အခန်း (၄)

## တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များ

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များပေးရမည်။

(ခ) အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။

(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့်အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(င) အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

## အခန်း (၅)

## အထွေထွေ

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၂၈ ။)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော်  ၁၀  ရက်

( ၂၀၁၆ ခုနှစ်၊ မေလ  ၃၁  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉။)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ် နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲဥပဒေနှင့်အညီ အစားထိုးရွေးကောက် တင်မြှောက်ပြီး ဖြစ်ရမည်။'

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“**၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ် နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက် တင်မြှောက်ပြီး ဖြစ်ရမည်။**”**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ် နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲဥပဒေနှင့်အညီ အစားထိုးရွေးကောက် တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်